# ဥမ္မာဒန္တီပျို့

မဟာမင်းလှမင်းခေါင်ကျော်

ဆိုသည်။

ဦးတင်နှင့်ဦးဘိုးဖြူ

ကြီးကြပ်ပြင်ဆင်သည်။

ဦးသိန်းဟန် အမှာစာရေး၍ ဦးဝန် ခက်ဆစ်ဖြေသည်။

၁၉၆၇

မြန်မာနိုင်ငံသုတေသနအသင်း

ရန်ကုန်မြို့

www.kelasa.org

၁၉၆၄ ခုနှစ်တွင် စာစဉ်သစ်အဖြစ် ပဌမအကြိမ်နှိပ်သည်။

www.kelasa.org

ဥမ္မာဒန္တီ

ဤမိန်းမမှန်၊ အလှလွန်လည်း၊
အတန်မကြာ၊ အနိစ္စာတွင်၊ ဇရာမရဏံ၊ နိယတံနှင့်
ဓုဝံမချွတ်၊ ဖြစ်ရလတ္တံ့။
အပိုဒ် ၁၉။

သုတေသနအသင်း စာစဉ်သစ်

(၁)

# ဥမ္မာဒန္တီပျို့

မဟာဝမင်းလှမင်းခေါင်ကျော်

www.kelasa.org

# မာတိကာ


၁။ ။နိဒါန်း .... .... .... ဣ

၂။ ။အမှာစာ .... .... .... ဍ

၃။ ။ဥမ္မာဒန္တီပျို .... .... .... ၁

၄။ ။ခက်ဆစ်အဖြေ .... .... .... ၁၀၅

၅။ ။ရုပ်ပုံများ .... .... .... ၂၂၀

၆။ ။ရာသီစုအညွှန်း .... .... .... ၂၂၉

၇။ ။ကျမ်းကိုးစာရင်း .... .... .... ၂၃၃

၈။ ။ဆွေးနွေးခန်း .... .... .... ၂၄၁

www.kelasa.org

# နိဒါန်း

သိရိသဗ္ဗမင်္ဂလံ*။ ။မာဂဓ အဘိဓာန် အဖွင့်တွင်။ ။ဗဟာ ဝုဍ္ဎိယံ။ ဥ ။ ဗဟာတိ ဝုဍ္ဎိ ။ ဂစ္ဆတီတိ ဗဟု။ ။ဟူ၍ လာသည်ကို ထောက်ရှု၍။ ဗဟုသဗ္ဗ မင်္ဂလာ အဖြာဖြာ အမြောက်အမြားကို။ မျိုးခြားမျိုးတူမရွေး။ ဆွေးနွေး စုံစမ်း စုဆောင်းမှု ပြုလေ့ရှိသော။ သုတေသန အသင်းက ဒုတိယပုံနှိပ်မည်ဖြစ်သော ဥမ္မာဒန္တီပျို့သစ်နှင့် စပ်၍ သိသင့်သိအပ်သော အညွှန်းနိဒါန်းကား ဤသို့တည်း။

ဥမ္မာဒန္တီဇာတ် မူလရင်းမြစ်မှာ ခုဒ္ဒကနိကာယ် အဝင်အပါ ပါဠိဇာတ် ပါဠိတော်မှာ လာရင်းတည်း။ ။ရင်းအဋ္ဌကထာကို သျှင်ဗုဒ္ဓ ဃောသ စီရင်သတည်း။ ရင်းအဋ္ဌကထာနိသျကို စီရင်သော ပုဂ္ဂိုလ်ကျော် ၂ ပါးရှိသတည်း။ ထို ၂ ပါးတွင် တပါး

---

* သိရိသဗ္ဗမင်္ဂလံဟူသည်မှာ။ ။သည်နေရာတွင်။ အောက်ပါ (သိရိ) ၏ အနက် (ခုနစ်) ချက် ရှိသမျှ အလုံးစုံ။ ကုံလုံပြည့်ဝ စေခြင်းငှာ။ သမာဆန္ဒ။ အာသီသ ပင်တည်း။

သိရိ (၇) ချက် ဟူသည်ကား။ မြတ်စွာဘုရားက စပြီးလျှင်။ ရှင်ဘုရင်စသော ဘုန်းပညာ ပါရမီသမ္ဘာရှိ သူတို့ကို။ ဘွဲ့ဆိုမြဲရှိသော။ သိရိ (၇) မျိုး ပင်တည်း။ (၁) တင့်တယ်ခြင်း။ (၂) အစိုးရခြင်း။ (၃) ပညာရှိခြင်း။ (၄) ဘုန်းရှိခြင်း။ (၅) ကြီးပွားခြင်း။ (၆) ကျော်စောခြင်း။ (၇) စည်းစိမ်ရှိခြင်း စသော (၇) မျိုး တည်း။

သိရိအနက် ၂၄ ချက်ရှိရာ။ ဆိုင်ရာသာ ယူရမည်။ ပါဠိအလို။ သိရိဟုဘတ်ရမည်။ မြန်မာက (သီရိ) ဟူ၍၎င်း။ (သရေ) ဟူ၍၎င်း။ ပြောင်း၍ ရေးကြ ခေါ်ကြသတည်း။ ခုနစ်ရေးထုံးကို (ခ) မျက်နှာမှာကြည့်။

ကား ငယ်မည် ဦးရောင်း ဘွဲ့မည် ကဝိန္ဒာဘိသဒ္ဓမ္မဝရသီရိဓဇ မဟာဓမ္မရာဇဂုရု ဟူ၍၎င်း။ ကဝိန္ဒာဘိဝံသသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူ၍၎င်း။ ဘွဲ့ ၂ ထပ်ခံရသော မင်္ဂလာဘုံကျော် ကျောင်းတော်တွင် သီတင်း သုံးသော ၁၁၄၇ ခု သာသနာပြု ၁၂ ပါးအပါ ဆရာတော်ပေတည်း။

၎င်းပြင် တပါးကား။ ၁၁၄၉—ခုတွင် သာသနာပြုအပ်ခြင်း ခံရသော။ ငယ်မည် ဦးမြတ်နေ။ ဘွဲ့မည် ဥာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့။ လူထွက်ပြီးနောက် မင်းတိုင်ပင် ခန့်ထားသည့်အခါ မဟာဇေယ သင်္ကြံဟူ၍၎င်း။ မဟာဓမ္မ သင်္ကြံ ဟူ၍၎င်း။ ဘွဲ့ကြီးများဖြင့် ချီးမြှင့်ခြင်းခံရသော ပုဂ္ဂိုလ်ပေတည်း။

၎င်းပြင်။ ၎င်းအဋ္ဌကထာပါဠိ အလာအတိုင်း။ မြန်မာဘာသာ စကားပြေနှင့်။ ဥမ္မာဒန္တီဇာတ်။ ဝတ္ထု ပြုစု စီရင်သော

---

ခုနစ်ဟူ၍ ရေးထုံးကား။ ။တောင်ငူ ဇေယရန္တမိတ်ဆို ရတု။ ။ခုနစ်ခွေလျှင်။ ပုရစ်ပြေစင်။ စုလစ်ရွှေစင်။ ။ဟူ၍၎င်း။ ။၎င်းပြင် ညာယစန္ဒသတ်ပုံကျမ်းပြု ညောင်ကန် ဆရာတော်ရေးသော သက်ပုန်းသက်ပြက် တွက်နည်းဗေဒင်လင်္ကာတွင်။ ရောက်သက်တည်ပြု။ နံရောရှု၍။ ခုနစ်ဘာဂ။ သေသသက်ပုန်း ဟူ၍ လာသည်။ ။အသင်္ချေယထိ ရေတွက်နည်း ဗေဒင်လင်္ကာဟောင်းတွင်။ ။တော့နှော့သုံးလေး။ မဝေးထိုနောက်။ ငါးခြောက်မှတ်မှု။ ခုနစ်ရှစ်ကိုး။ ။ဟူ၍လာရှိသည်။ နငယ်တွင် ဟထိုးမပါဘဲ။ (နှစ်)ဟူ၍ ရေးရသော အထောက်ထားများကား။ ။ဇနကပျို့တွင်။ ။ရတနာခုနစ်၊ ဥစ္စာနှစ်ကို။ ။ဟူ၍၎င်း။ ။တောင်ငူဆိုရတုတွင်။ တိမ်ညွန့်ညိုနှစ်။ မြပုရစ်တည်။ ခုနစ်မည်ရပ်။ ဟူ၍၎င်း။ ။၁-စဥ့်ကူးမင်း နားတော်သွင်း ဧချင်းတွင်။ ။သုံးဆယ်စိုးပြစ်။ ။ခနောက်နှစ် နှစ်တွင်။ ခုနစ်နန်းထဲ။ ။ဟူ၍၎င်း။ ။အသီးသီး လာရှိသည်။

www.kelasa.org



ပုဂ္ဂိုလ်လည်း ၂ ပါးတည်း။ ထို ၂ ပါးတွင် တပါးကား။ ၎င်းအဋ္ဌကထာနိဿယကို စီရင်သော မင်္ဂလာဘုံကျော် ကျောင်းတော်တွင်။ သီတင်းသုံးသော ငယ်မည် ဦးရောင်း။ ညောင်ကန် ဆရာတော်ပေတည်း။ ၎င်းဆရာတော် စီရင်သော စကားပြေ ဝတ္ထုကျမ်းဂန် များလည်း များစွာရှိပေသတည်း။ သို့ရာတွင်။ ယခုနိဒါန်း၌ တိုက်ရိုက်မဆိုင်သည်များကို ချန်ထားခဲ့သတည်း။

တပါးကား။ အလောင်းမင်းတရား လက်ထက်တွင် ထင်ပေါ်ကျော်စောသော။ မုံတိုင်ပင် ဆရာတော်ပေတည်း။ ထိုဆရာတော်လည်း။ ဥမ္မာဒန္တီဇာတ် ဝတ္ထုပါသော။ ပဏ္ဏာသနိပါတ်ဇာတ်ဝတ္ထုမှစ၍။ အဘိဓမ္မ မေဓာဒီပနီ။ သုံးပုံတံချူ။ သုံးပုံအိတ်ထောင့် စသည်များကိုလည်း ရေးသားပြုစုပေသတည်း။

ဥမ္မာဒန္တီပျို့ စပ်ဆိုသော ပုဂ္ဂိုလ် များမှာလည်း ၂ ဦးရှိသတည်း။ လက်ဦး ဥမ္မာဒန္တီပျို့ဟောင်းကို စပ်ဆိုသူမှာ။ ညောင်ရမ်း ဆယ်ဆက် မင်းတို့အခါက။ အဝမြို့နေ ငယ်မည် ဦးဘူးကလေး။ ဘွဲ့မည် နေမျိုးနန္ဒမိတ်။ ရာထူး အတွင်းဝန်ထောက် အရာနှင့် ထမ်းရွက်ဆဲတွင်။ ထိုပျို့ကိုစပ်ဆိုသတည်း။ ဥမ္မာဒန္တီပျို့ဟောင်းဟု ပျို့စာရင်းများတွင် ရေးသား ပါရှိသတည်း။ ဥမ္မာဒန္တီပျို့သစ် စပ်ဆိုသူမှာ။ ဘွဲ့ ၅ ရပ် ရသူတည်း။ ထိုဘွဲ့ ၅ ရပ်တွင်။ မဟာမင်းလှ မင်းခေါင်ကျော် ဟူသော နောက်ဆုံး ဘွဲ့ခံ ငယ်မည် ဦးရွှန်းသည် ၁၂၁၀ - ပြည့်နှစ်။ အမရပူရမြို့တွင်။ စပ်ဆိုသော ဥမ္မာဒန္တီပျို့သစ် ဖြစ်သတည်း။

ထိုစာဆိုပုဂ္ဂိုလ်၏ အတ္တုပ္ပတ္တိ စကားကို သီးခြား ရေးသား ဖော်ပြလိုက်သတည်း။

ယခုနိဒါန်း၏ အဆုံးတွင်ကြည့်လျှင်။ တွေ့မြင်နိုင်သတည်း။

ဥမ္မာဒန္တီ ဇာတ်ပျို့ ၂ - စောင် စလုံး၏ ရည်ရွယ်ချက် အကြောင်းမှာ အောက်ပါ အချက် - ၂ - ချက်ပင်တည်း။

ပထမ။ စိတ်၏ အနာကို ပညာဖြင့် ကုမခြင်းသာ။ ရောဂါ အနာပျောက်ကင်းခြင်း။

ဒုတိယ။ ကုန်းတိုက်သူတို့ စကားကို။ မဆင်ခြင် မစဉ်းမစား ဘဲ ယုံမှားလိုက်နာသူတို့မှာ။ များစွာ အကျိုးယုတ်လေ့ရှိ တတ်ခြင်း များပင်တည်း။

ရင်းပြင် ဥမ္မာဒန္တီပျို့သစ်ကို။ နှစ်သက်ကြခြင်း အကြောင်း မှာ။ ကဗျာအစပ်အဆို လိုရာထိမိခြင်း။ ထီးနန်းလွတ်ရုံး သုံးစွဲ နည်းဝေါဟာရများကို။ ကြည်ညိုဖွယ်ရှိသေစွာ လိုက်နာစပ်ဆိုခြင်း။ ပေါရာဏ ကထာများကို။ အကျဉ်းသုံး၍ စုရုံးပြုံး စပ်ဆိုနိုင်ခြင်း။

ဆရာကျော် ဆရာမြတ်တို့ အလေးအမြတ် ပြုအပ်သော သတ်ပုံ သတ်ညွှန်း ခွဲထားသတ်ထုံး ၂ မျိုးစီပါ။ နောင်လာ နောက်သားတို့ မှတ်သားနားလည် ကြစေရန်၊ မှန်ကန်စွာ စပ်ဆိုခြင်းများ ပင်တည်း။



ယင်းသို့ဖြစ်၍။ သုတေသန-သုတသန္နိစ္စယ။ သုတဂဝေသီ ပုဂ္ဂိုလ်တို့သည် ထိုပျို့ကို ကြည်ညိုစွာ လိုက်နာ သင်ကြား ကြသောအခါ။ လိုက်နာသူတိုင်း။ သုတေသီတို့နှလုံးအိမ်တွင်။ ဆိတ်ငြိမ်သည့်ဂူမ်းကဲ့သို့။ ရွှမ်းရွှမ်းပီတိ။ ဇောဘဝင်ငြိုခွင့်ရသဖြင့်။ ပီတိရသ။ ခံစားရ၍။ နာမ်အာဟာရပြည့်ဝစွာနှင့်။ သဒ္ဓါသတိ။ အသိဉာဏ်ပါ။ ၃ - ဖြာ ၃ - ပုံပြည့်စုံရာသော။ ဥမ္မာဒန္တီပျို့ သစ်ဖြစ်ပေသတည်း။

နိဒါန်းပြီးပြီ။

(ပုံ) ပုဂံ ဦးတင်။

၁၉ - ၃ - ၃၁။

www.kelasa.org

## ဥမ္မာဒန္တီပျိုသစ်ကိုစပ်ဆိုသော ပုဂ္ဂိုလ်၏ အတ္ထုပ္ပတ္တိ။

ယယ်မည်ကား ဦးရွှန်းတည်း။ ဦးရွှန်း၏ ဘွားရာဇာတိကား။ အဝမြို့တွင်းမှာ ဘွားသတည်း။ ၎င်း နောက် အမရပူရမြို့။ နန်းတော်အနောက်တောင်ထောင့်။ ရွှေလင်းပင် ဘုရားအနီးမှာ အာဝါသ ပြုလုပ်၍ အမှုတော်ထမ်းရသတည်း။ ထိုဦးရွှန်းမှာ ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်လက်ထက် ဘွဲ့ ၅-ရပ်ဖြင့် ချီးမြှင့်သည်ကို ခံရသတည်း။

ထိုဘွဲ့၅-ရပ်တွင် နောက်ဆုံးဘွဲ့မှာ။ မဟာမင်းလှ မင်းခေါင်ကျော်ဟူ၍ ခံယူရသတည်း။

ရာထူးကား။ ဆီးမီးခုံရွာ။ သာထွန်းရွာ။ နေနန်းရွာ။ မြစ်ကိုင်းရွာများကို ရွာစား သနားတော် ခံရကာ။ ပညာရှိအရာ ခန့်ထားသည်ကိုလည်း ခံရသတည်း။

၎င်းပြင်။ လက်ရှိဘက်မှာလည်း။ လိမ္မာ ကျွမ်းကျင် သတ္တိဗျတ္တိ ရှိသောကြောင့်။ ပုဂံမြို့ဝန်အရာ။ ပုဂံစီရင်စုအတွင်း။ သင်းသေနတ်ဗိုလ် အရာများကို။ ခန့်ထား သူကောင်း ပြုသည်ကို ခံရသူလည်းဖြစ်။ ပညာရှိမျိုး။ ရိုးရာဆင်းသက် အပ်သော အင်္ဂုလိကာ အမတ်မျိုးလည်း ဖြစ်ပေသတည်း။

၎င်းဦးရွှန်း၏ အဘကား။ လေးထပ် ရွှေကျောင်းကြီးနှင့်တကွ။ ဘုရားကြီး ဒါယကာ။ သူရမန္တဘွဲ့ခံ လွှတ်တော် အမိန့်တော်ရပေတည်း။ ၎င်းဦးရွှန်း၏ ဘိုးကား။ အဝဆင်ဖြူရှင်



လက်ထက်တွင်။ အနောက်ဘက် တိုက်ဝန်။ ပုခန်းကြီး မြို့စား မင်းကြီး မဟာရာဇသင်္ကြံပေတည်း။

ရတနာပူရ စတုတ္ထမြို့တည်။ ဘကြီးတော် မင်းတရား နန်းကဆင်းတော်မူပြီးနောက်။ ရွှေဘိုမင်းတရား လက်ထက်သို့ ရောက်သည်အခါမှာလည်း။ မဟာမင်းလှ မင်းခေါင်ကျော်ဘွဲ့နှင့် ပညာရှိစာဆိုအရာနှင့်တကွ သားမယား အခြွေအရံများပါ။ ဝတ်စားနေထိုင်ရေးအတွက်။ ဆက်လက် သူကောင်း ပြုသည်ကို ခံရသတည်း။

ရွှေဘိုမင်း၏ သားတော် ပုဂံမင်း လက်ထက် မှာလည်း။ ရွှေဘိုမင်းနည်းပင်။ ချီးမြှင့် သူကောင်းပြုသည်ကို ခံရသတည်း။

ထိုဦးရွှန်း၏ ဘွားနှစ်ကား ကျွတ္တိကာ နှစ်အမည်ရှိသော ၁၁၂၇-ခုနှစ် ဘွားတည်း*။ ၎င်းဇာတာသည်။ အတ္ထုပ္ပတ္တိမှာ ပါသော်လည်း။ ယခု နိဒါန်းဝယ် ကျယ်လွန်းအံ့စိုး၍ ချန်ထားခဲ့သတည်း။

၎င်းဦးရွှန်း ကွယ်လွန်သော နှစ်မှာ။ သေချာစွာ မသိနိုင်။ စပ်ဆိုင် ဆီလျော်ရာ ယူလိုက ၁၂၁၁-ခုနောက်မှ ကွယ်လွန်သည်ဟူ၍ ယူနိုင်သော သဘောလမ်းဖြောင့် တန်းသတည်း။

---

* မိုလ်ကြီးဘသောင်းရေး စာဆိုတော်များ အတ္ထုပ္ပတ္တိ မျက်နှာ ၅၀၆-တွင် ၁၁၄၄-ခုနှစ် ဖွားကြောင်း ဆိုသည်။ (စာတည်း။)

www.kelasa.org

အကြောင်းမူကား။ စာဆို ပညာရှိများ စာရင်းအတွင်း။ ပုဂံမင်း လက်ထက်မှာသာ။ ဦးရွှန်းအမည်ပါရှိ၍။ ပဋ္ဌမ သင်္ဂါယနာတင် မင်းတရားကြီး လက်ထက်။ ပညာရှိ စာဆိုသူတို့။ စာရင်းတွင်။ ဦးရွှန်းအမည်ကို ရှာ၍ မတွေ့ဖြစ်သတည်း။ ၎င်း ပုဂ္ဂိုလ် ပြုစုသော စာမည် စာအင်္ဂါ စာပြီးနှစ် စာခေါင်းချီ များမှာ။ အောက်ပါ ဇယားအတိုင်းပင်တည်း။

| စဉ် | အမည်။ | အုပ် | စာပြီးနှစ် | စာခေါင်းချီ |
|---|---|---|---|---|
| ၁ | တောင်ငူဆို ရတုအဖြေ | ၉ | ၁၁၉၅ | တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့၏ |
| ၂ | ဘကြီး တော်၏ သားတော် နားတော်သွင်း | ၂ | ၁၁၉၆ | မင်္ဂလာ လျံထိန်၊ လေးရောင်ရှိန်ထက်၊ ဝတိန်ရွှေဘုံ။ |
| ၃ | ၎င်း သမီးတော် ဧချင်း | ၂ | ၁၁၉၆ | မင်္ဂလာလျံရောင်၊ ခုနစ်တောင်နှင့်။ |
| ၄ | မဟာ သုတသောမပျို့ | ၆ | ၁၂၀၁ | သခြေ ၄-တန်၊တာသိန်းလွန်၍၊သူမှန်အထွတ်။ |
| ၅ | မဟော်ဥမင်ခန်းပျို့ | ၇ | ၁၂၀၂ | လောက မိပတိ၊ မုနိ ထွတ်ခေါင်၊ ငါးမာန်အောင်လျှင်။ |
| ၆ | မဟော်ပြဿနာခန်းပျို့ | ၄ | ၁၂၀၃ | မဟာ ကရုဏာ၊ သည်း ထန်စွာဖြင့်၊ ကမ္ဘာပြုမှီး။ |

www.kelasa.org



| စဉ် | အမည် | အုပ် | စာပြီးနှစ် | စာခေါင်းချီ |
|---|---|---|---|---|
| ၇ | သရဘင်္ဂပျို့ | ၄ | ၁၂၀၄ | လောကဝိဒူ၊သဗ္ဗညုဟု၊ သုံးလုထွတ်တင်။ |
| ၈ | အာယုဒီဃ ဆေးကျမ်းလင်္ကာ | ၁ | ၁၂၀၅ | ရတနာသုံးပါး၊ ရှိညွှတ်တွားလျက်။ |
| ၉ | မဟာသာမဝေဒဋီကာ | ၁ | ၁၂၀၅ | ရတနာထွတ်ထား၊မြတ်သုံးပါးကို။ |
| ၁၀ | တတက်ပြသတ်ပုံ | ၁ | ၁၂၀၆ | အောင်ဆုမင်္ဂလာ၊ထွန်းလင်းဖြာပိမ့်။ |
| ၁၁ | ဘုရားတိုင်အတွက်ရတု | ၁ | ၁၂၀၇ | ပိုဒ်စုံ (၁၀) |
| ၁၂ | အဘိဓမ္မတ္ထသင်္ဂြိုဟ်ဘုံစိတ်အကျဉ်းရတု | ၆ | ၎င်း | ၎င်း (၆) စုံ။ |
| ၁၃ | ဂါမဏိစန္ဒပျို့ | ၂ | ၁၂၀၈ | နိလပီတ၊ လောဟိတ သား၊ ထွန်းပတောက်ထိန်။ |
| ၁၄ | မဟာဇနကပျို့ | ၆ | ၁၂၀၉ | ပတ္တမြား ထွတ် ခေါင်၊ ဦးထိပ် တောင်ထက်လေးရောင် မွှေခွန်း။ |
| ၁၅ | ဥမ္မာဒန္တီပျို့ | ၄ | ၁၂၁၀ | မင်္ဂလာဗျာဒိတ်၊အောင်နိမိတ်ဖြင့်၊ ဘိသိက်ကြက်သရေ။ |
| ၁၆ | ဓမ္မဇပျို့ | ၃ | ၁၂၁၁ | ဣဿရိယ၊ ပယတ္တက၊ ဓမ္မယသ၊ ကာမသိရီ။ |

ဦးရွှန်း၏ အတ္ထုပ္ပတ္တိတွေ့မိသမျှသော်ပြချက်ပြီးပြီ။ (ပုံ) ပုဂံဦးတင်၊ ၁၉-၃-၃၁။

# အမှာစာ

ပျို့သည် အများအားဖြင့် နိပါတ် ဇာတ်ဝတ္ထုများမှ ဝတ္ထုတပုဒ်ကိုရွေး၍၊ လင်္ကာစပ်နည်းများဖြင့် သာယာ နှစ်သက်ဖွယ် ဖြစ်အောင်၊ သို့မဟုတ် ကဗျာ့အရသာခံစားနိုင်ကြအောင် ဖွဲ့ဆိုသော ကဗျာမျိုးဖြစ်သည်။ ထို့ကြောင့် ပျို့စာဆိုသည် ဝတ္ထု၏ အင်္ဂါသုံးရပ် ဖြစ်သော (၁) ဇာတ်လမ်း (၂) ဇာတ်လိုက် (၃) ကာလဒေသတို့ကို အထွေအထူးကြံစည်ဖန်တီးဖို့မလို။ အဆင်သင့်ရပြီးဖြစ်သည်ဟု ဆိုရာသည်။ (ဇာတ်လမ်း၊ ဇာတ်လိုက်၊ ကာလဒေသအကြောင်းတို့ကို ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်ထုတ် ဦးပုည၏ ဝတ္ထုလေးပုဒ် ပါ အမှာစာ၌ ကြည့်ပါလေ။) ဤဥမ္မာဒန္တီပျို့သည်လည်း ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ပဏ္ဏာသနိပါတ်မှ ဥမ္မာဒန္တီဝတ္ထုကို လင်္ကာ စပ်နည်းများဖြင့် ဖွဲ့ဆိုထားသော ကဗျာဖြစ်သည်။ ထိုပျို့တွင် ဇာတ်လမ်း၊ ဇာတ်လိုက်၊ ကာလဒေသတို့သည်လည်း ပဓာနအားဖြင့် မူလဇာတ်ဝတ္ထု၌ ပါရှိသည့်အတိုင်းပင်ဖြစ်သည်။

## ဥမ္မာဒန္တီဝတ္ထုအကျဉ်းချုပ်

(ဥမ္မာဒန္တီဝတ္ထုသည် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍၊ ဟောတော်မူသော ဇာတ်ဝတ္ထုဖြစ်သည်။ ဟောတော်မူသော အကြောင်းရင်းမှာ ရဟန်းတပါးသည် သာဝတ္ထိမြို့တွင် မိန်းမတဦးကိုမြင်သည်မှစ၍၊ ရာဂနှိပ်စက်အပ်သည်ဖြစ်သောကြောင့် ကမ္မဋ္ဌာန်းမစီးဖြန်းနိုင် ဖြစ်လေသည်။ မြတ်စွာဘုရားသည် ထိုအခြင်းအရာကို သိတော်မူသောအခါ၊ မကောင်းသောစိတ်အလိုကို တားမြစ်အပ်ကြောင်းပြလိုသဖြင့်၊ ဤဥမ္မာဒန္တီဇာတ်ဝတ္ထုကို ဟောတော်မူသည်။)

ဝတ္ထုအကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။ သိဝိတိုင်း၊ အရိဋ္ဌပုရမြို့၌၊ ဘုရားအလောင်းသည် သိဝိမင်း ဖြစ်စဉ် အခါက၊ ရှင်သာရိပုတ္တရာ

www.kelasa.org

အလောင်းသည် ထိုမင်း၏စစ်သူကြီး အဘိပါရက ဖြစ်သည်။ အရိုင့်ပမုခ်၌ တိရိစ္ဆာန် မည်သော သူကြွယ်တဦးရှိသည်။ ထိုသူကြွယ်သည် မိမိ၏သမီး ဖြစ်သောဥမ္မာဒန္တီကိုမင်းအားဆက်သလိုသဖြင့်၊ လက္ခဏာဖတ်ပုဏ္ဏားတို့ကို မိမိအိမ်သို့ လွှတ်၍၊ ဥမ္မာဒန္တီ၏ ကောင်းမြတ်သော လက္ခဏာ တို့ကို စုံစမ်းစေရန် မင်းအား လျှောက်ထားသည်။ ထိုအခါ သိဝိမင်းသည် လက္ခဏာဖတ် ပုဏ္ဏား တို့ကို သူကြွယ် အိမ်သို့ လွှတ်၍ ဥမ္မာဒန္တီ၏ ကောင်းမြတ်သော လက္ခဏာတို့ကို စုံစမ်းစေလေသည်။ သူကြွယ်အိမ်သို့ ရောက်လာကြကုန်သော ပုဏ္ဏားတို့သည် ဥမ္မာဒန္တီကိုမြင်လျှင်၊ ကိလေသာ ဖြင့်ယစ်မူး သတိလစ်၍ ကာယိန္ဒြေ ပျက်ကြလေသည်။ ဥမ္မာဒန္တီသည် ထိုအခြင်းအရာကို မြင်သောအခါ၊ ပုဏ္ဏားတို့ကို အိမ်မှနှင်ထုတ်စေသည်။ ပုဏ္ဏားတို့သည် အရှက်ရသဖြင့်၊ မင်းကြီးထံ၌ ဥမ္မာဒန္တီသည် သူယုတ်မာ မဖြစ်ကြောင်း မဟုတ်မမှန် တင်လျှောက် ကြကုန်သည်။ ထို့ကြောင့် မင်းကြီးသည် ဥမ္မာဒန္တီကို နန်းတော်သို့ မယူမဆောင် နေလိုက်လေသည်။ ဥမ္မာဒန္တီသည် ထိုအကြောင်းကို ကြားသောအခါ၊ သိဝိမင်းကြီး၌ ရန်ငြိုး ဖွဲ့လေသည်။ ထို့နောက် အဖ သူကြွယ်သည် ဥမ္မာဒန္တီကို အဘိပါရက စစ်သူကြီးအား ပေးလေသည်။

တန်ဆောင်မုန်းလသာတင်ကျင်းပချိန်တွင်၊ အဘိပါရကသည် ဥမ္မာဒန္တီကို ခေါ်၍၊ သိဝိမင်းကြီးသည် မြို့တော်ကို လှည့်လည်မည်ဖြစ်ကြောင်း၊ မင်းကြီးသည် အိမ်တံခါးသို့ရောက်လာလျှင်၊ ဥမ္မာဒန္တီသည် မိမိ၏ကိုယ်ကို မပြသင့်ကြောင်း ဥမ္မာဒန္တီကို သတိပေးလေသည်။ သို့ရာတွင် မင်းကြီး သည် ရထားဖြင့် မြို့တော်ကိုလှည့်လည်၍ ဥမ္မာဒန္တီ၏အိမ်တံခါးသို့ရောက် လာသောအခါ ဥမ္မာဒန္တီသည် လေသွန်တံခါး၌ရပ်ကာ၊ ကိုယ်ကိုပြလျက်၊ မင်းကြီးဆီသို့ ပန်းတို့ကို ပစ်ကြဲလေသည်။ သိဝိမင်းကြီးသည် ဥမ္မာဒန္တီကို မြင်လျှင်မြင်ချင်း၊ ကိလေသာဖြင့် ယစ်မူး၍၊ ပန်းကြဲသော ဥမ္မာဒန္တီ အကြောင်းကို ရထားထိန်း သုနန္ဒအား မေးတော်မူသည်။ ထို့နောက် နန်းတော်သို့ ပြန်လေသည်။

www.kelasa.org



သိဝိမင်းကြီးသည် တိုက်ခန်းသို့ဝင်ပြီးနောက်၊ အိပ်ရာ၌ လဲလျောင်း ကာ ဥမ္မာဒန္တီကို အစွဲအလမ်းကြီး၍ မြည်တမ်းလေသည်။ ထိုအကြောင်း ကို မှူးမတ်တို့သည် အဘိပါရက စစ်သူကြီးအား ကြားကြကုန်သော အခါ၊ စစ်သူကြီးသည် မှူးမတ်တို့ဆိုတိုင်း ဟုတ်မဟုတ် စုံစမ်း၍၊ ဟုတ်၏ ဟု သိသည်နှင့် တပြိုင်နက်၊ မင်းချင်းတဦးကိုခေါ်၍၊ လူတို့၏ ပူဇော်ရာ ဖြစ်သော အခေါင်းရှိသည့် သစ်ပင်၌ ဝင်ရောက် ပုန်းကွယ် နေစေလို ကြောင်း၊ မိမိကိုယ်တိုင်လာ၍ မင်းကြီးယောင်ယမ်း မြည်တမ်းခြင်း၏ အကြောင်းရင်းကိုမေးသောအခါ၊ မင်းကြီးသည်ဥမ္မာဒန္တီကိုတပ်စွန်းခြင်း ရှိသောကြောင့် ဖြစ်၏ဟူ၍၎င်း၊ ဥမ္မာဒန္တီကို မင်းကြီးမရလျှင် မင်းကြီး သည် အသက်ရှင်ဖွယ်ရာမရှိဟူ၍၎င်း၊ ဥမ္မာဒန္တီကိုမင်းကြီးအား ဆက်သစေ လို၏ဟူ၍၎င်း၊ နတ်ယောင်ဆောင်၍ ဟောစေလိုကြောင်း စကားသွင်း လေသည်။ ထို့နောက် စကားသွင်းထားသည့်အတိုင်း၊ နတ်တု နတ် ယောင်ဆောင်သော မင်းချင်းက ဟောသောအခါ၊ အဘိပါရကသည် နတ်တုနတ်ယောင်၏ စကားကို မှူးမတ်တို့အား သိစေ၍၊ နန်းတော်သို့ သွားလေသည်။ ထိုနောက်မင်းကြီးအား ထိုအကြောင်းကို လျှောက်၍ ဥမ္မာဒန္တီကို ဆက်လေသည်။

သိဝိမင်းကြီးသည် အဘိပါရက၏ စကားကို ကြားသည်နှင့်တပြိုင်နက် မိမိယောင်ယမ်း မြည်တမ်းသည်ကို နတ်တို့ပင်သိကြလေပြီဟု သတိဖြစ်၍ အရှက်ကြီးစွာရလေသည်။ ဥမ္မာဒန္တီကိုလည်း ငြင်းပယ်လေသည်။ အဘိ ပါရကသည် အကြောင်းအမျိုးမျိုးပြ၍ ဥမ္မာဒန္တီကို လက်ခံသင့်ကြောင်း လျှောက်ပါသော်လည်း လျှောက်သည့် အခါတိုင်း မင်းကြီးသည် ငြင်းပယ်လေသည်။ နောက်ဆုံး၌ အဘိပါရကသည် လက်လျှော့၍ မင်းကြီးကို ချီးကျူးလေသည်။ တဖန် အဘိပါရကသည် မင်းကြီးထံမှ တရားတောင်းပြန်ရာ မင်းကြီးသည် ဖြောင့်မှန်သော တရားတို့ကို ကျင့်ထိုက်ကြောင်း ဟောတော်မူလေသည်။ ဤကား ဥမ္မာဒန္တီဇာတ်ဝတ္ထု အကျဉ်းချုပ်ဖြစ်သည်။

## ဥမ္မာဒန္တီပျိုပါ အခန်းများ။

ဤပျို့စာစောင်၌ ခက်ဆစ်အဖြေ ပါပြီးဖြစ်ရာ ခက်ဆစ် အဖြေကို လေ့လာ၍ဖတ်လျှင် ဥမ္မာဒန္တီဇာတ်ဝတ္ထု အကြောင်းကို အလွယ်တကူ နားလည်နိုင်ကြရာသည်။ သို့ရာတွင် စာသင်သားတို့သည် ထိုပျို့၏ကဗျာ့ ဂုဏ်ရည်တို့ကိုလည်း လေ့လာကြရန် ကျန်ပေသေးသည်။ ထို့ကြောင့် ရှေးဦးစွာ ပျို့၌ဇာတ်လမ်း စီစဉ်ထားပုံကို အလွယ်တကူ မှတ်မိနိုင်စိမ့်သောငှာ အောက်ပါအတိုင်း အခန်း ၂၀ ခွဲ၍ပြလိုက်သည်။

(၁) ကိလေသာကြောင့် ကမ္ဘင္ဘာန်း မစီးဖြန်းနိုင်သော ရဟန်း တပါးကို အကြောင်းပြု၍၊ ဥမ္မာဒန္တီဇာတ်ကို ဟောခန်း။ (အပိုဒ်-၁)

(၂) သီဝိမင်းနှင့် သီဝိမင်း၏ စစ်သူကြီး အဘိပါရကတို့ အကြောင်း။ (၂ နှင့် ၃)

(၃) သီဝိတိုင်း၊အရိဋ္ဌပုရပြည်ကိုဖွဲ့ဆိုသောအခန်း။ (၄မှ ၈ အထိ)

(၄) ဥမ္မာဒန္တီကို ဖွဲ့ဆိုသော အခန်း။ (၉ နှင့် ၁၀)

(၅) ဥမ္မာဒန္တီကို သီဝိမင်းအား အဖသူကြွယ်က ဆက်မည်ဟု လျှောက်ရာ ပုဏ္ဏားတို့လာ၍ စစ်ဆေးခန်း။ (၁၁ မှ ၁၃ အထိ)

(၆) တန်ဆောင်မုန်းလ သဘင် ကျင်းပချိန်၌ သီဝိမင်းသည် ရထားစီး၍ မြို့ကိုလှည့်ရာ ဥမ္မာဒန္တီကို မြင်တော်မူခန်း။ (၁၄ မှ ၁၉ အထိ)

(၇) သီဝိမင်းသည် ဥမ္မာဒန္တီအကြောင်းကို ရထားထိန်းအား မေးတော်မူ၍ ရထားထိန်းက ဖြေခန်း။ (၂၀ မှ ၂၅ အထိ)

www.kelasa.org



(၈) သီဝိမင်းသည် နန်းတော်သို့ချက်ချင်း လှည့်ပြန်၍ ပြာသာဒ် မြင့်တွင် ဥမ္မာဒန္တီကို တသ မြည်တမ်းခန်း။ (၂၆ မှ ၃၇ အထိ)

(၉) သီဝိမင်း၏ အလွမ်းအဆွေးကို အဘိပါရက စစ်သူကြီး သိသောအခါ မယားဥမ္မာဒန္တီကို မေး၍ ဥမ္မာဒန္တီက ဖြေခန်း (၃၈ မှ ၄၄ အထိ)

(၁၀) သီဝိမင်းသည် ဥမ္မာဒန္တီ၏ ရူပါရုံကြောင့် မြည်တမ်းကာသာ နေတော်မူသောအခါ ပြည်သူတို့သည် မင်းကြီးအတွက် ပူပန်ကြခန်း။ (၄၅ မှ ၄၈ အထိ)

(၁၁) အဘိပါရကသည် မင်းကြီးကို ကယ်လိုသဖြင့် မင်းချင်း ယောကျ်ား တယောက်ကို နတ်အယောင် ဆောင်စေ၍၊ အဟောခိုင်းခန်း။ (၄၉ မှ ၅၃ အထိ)

(၁၂) အဘိပါရကသည် ဥမ္မာဒန္တီကို မင်းကြီးအား ပဌမအကြိမ် ဆက်ရာ မင်းကြီးအရှက်ရ၍ ဥမ္မာဒန္တီကို ငြင်းပယ်ခန်း။ (၅၄ မှ ၆၁ အထိ)

(၁၃) ပျော်ရွှင်တော်မူပြီးမှ ပြန်လည်သနားတော် မူအပ်ကြောင်း အဘိပါရကသည် မင်းကြီးအား လျှောက်၍၊ ဥမ္မာဒန္တီကို ဒုတိယအကြိမ် ဆက်ပြန်ရာ၊ မင်းကြီးက မိမိ၏မကောင်း မှုကို အများသိကြတော့မည် ဖြစ်ကြောင်း၊ နောင်တမလွန် ဘဝ၌ ငရဲကျမည်ဖြစ်ကြောင်း၊ တခဏမျှလူဖြစ်လာခိုက်တွင် မဂ်လမ်းကိုသာ လိုက်တော့မည် ဖြစ်ကြောင်း ပြော၍ ဥမ္မာ ဒန္တီကို ငြင်းပယ်ခန်း။ (၆၂ မှ ၆၈ အထိ)

(၁၄) အဘိပါရကသည် ဥမ္မာဒန္တီကို ဒါနအဖြစ် လှူလို၍ ကွာပေး အံ့လျှောက်ကာ ဥမ္မာဒန္တီကို တတိယအကြိမ် ဆက်ပြန်ရာ မင်းကြီး ငြင်းပယ်ခန်း။ (၆၉ မှ ၇၇ အထိ)

(၁၅) အများပြည်သူတို့က အပြစ်တင်ကြလျှင် ခံယူပါဆုံလျှောက်၍ အဘိပါရသည် ဥမ္မာဒန္တီကို စတုတ္ထအကြိမ် ဆက်ပြန်ရ မင်းကြီး ငြင်းပယ်ခန်း။ (၇၀ မှ ၈၁ အထိ)

(၁၆) ဥမ္မာဒန္တီကို လှူပါနီး လိုကြောင်း အဘိပါရကသည် ထပ်မံလျှောက်သား၍ ဥမ္မာဒန္တီကို ဆက်ပြန်ရ မင်းကြီးသည် အဘိပါရကကို မြိမ်းခြောက်ခန်း။ (၈၂ နှင့် ၈၃ အထိ)

(၁၇) အခြိမ်းအခြောက်ခံရသော အဘိပါရကသည် ရေမြေရှင် မင်းတို့၏စိတ်ကို ဆင်ခြင်ခန်း။ (၈၄ မှ ၈၈ အထိ)

(၁၈) မင်းကြီးက တရားဟောခန်း။ (၈၉ မှ ၉၅ အထိ)

(၁၉) အဘိပါရကသည် မင်းကြီးကို ချီးကျူးပြန်၍ မင်းတို့ကျင့်အပ်သော တရားတို့ကို ကျင့်တော်မူရန် တိုက်တွန်းခန်း။ (၉၆ မှ ၁၀၂ အထိ)

(၂၀) ဇာတ်ပေါင်းခန်း။ (၁၀၃ မှ ၁၀၈ အထိ)

## ဥမ္မာဒန္တီပျို့၏ ကဗျာ့ဂုဏ်ရည်

နိပါတ်ဇာတ်ဝတ္ထုကို ပျို့ဖွဲ့လေ့ရှိသော ပျို့စာဆိုသည် အထက်က ဆိုခဲ့သည့်အတိုင်း မိမိဖွဲ့သော ပျို့အတွက် ဇာတ်လမ်းကိုရင်း၊ ဇာတ်လိုက်ကိုရင်း၊ ကာလဒေသကိုရင်း၊ မူလဇာတ်ဝတ္ထုမှ ရပြီးဖြစ်သည်၊ ထိုအချက်တို့၌ ပျို့စာဆို၏ တာဝန်ကသည် ရပြီးဖြစ်သော ဇာတ်လမ်း၊ ဇာတ်လိုက်၊ ကာလဒေသတို့ကို တန်ဆာဆင်ရန်ဖြစ်သည်။ အဖွဲ့ထည်ကို အပြောက်အမွမ်းဖြစ်အောင် ပြုသကဲ့သို့ဖြစ်သည်။ အဖွဲ့ထည် ဟူသော စကားနှင့် အပြောက်အမွမ်းဟူသောစကားတို့သည် ယောဘုယျအားဖြင့် ပန်းပုဆရာတို့၏ လက်သုံးစကားများ ဖြစ်သည်။ အချို့သော ဘုရားစာန်ဆောင်း ကျောင်းတို့၌ သစ်သားမှာတုရုပ်၊ သစ်သားထောင့်တုရုပ်တို့ကို မြင်နိုင်

www.kelasa.org



သည်၊ အချို့တုရုပ်များသည် အရပ်ကနုတ်မပါသော တုရုပ်များဖြစ်၍၊ ထိုတုရုပ်မျိုးကို အဖွဲ့ထည်တုရုပ်ဟု ခေါ်တတ်ကြသည်၊ အချို့တုရုပ်များသည် အရပ်ကနုတ်ပါသော တုရုပ်များ ဖြစ်၍ ထိုတုရုပ်မျိုးကို အပြောက်အမွမ်းတုရုပ်ဟု ခေါ်တတ်ကြသည်။ (ပျို့စာဆိုအဖို့မှာ မူလဇာတ်ဝတ္ထုသည် အဖွဲ့ထည်ဖြစ်သည်။ ပျို့စာဆိုကောင်းသည် ထိုအဖွဲ့ထည်ကို အပြောက်အမွမ်းဖြစ်လာအောင် ဖွဲ့ဆိုတတ်သည်။ )

နိပါတ်ဇာတ်ဝတ္ထုကို ဖွဲ့သောပျို့တွင် အပြောက်အမွမ်း သဘောကို အဘယ်မှာတွေ့နိုင်သနည်း၊ အဓိကအားဖြင့်၊ ဆိုခဲ့သော ဇာတ်လမ်း၊ ဇာတ်လိုက်၊ ကာလဒေသတို့၌ တွေ့နိုင်သည်။ အရေးကိစ္စတခုခုနှင့်ကြုံလာသဖြင့် ဖြစ်ကြ၊ ပျက်ကြ၊ ပြုမူကြသော ဇာတ်လမ်း၏ သဘာဝ၌ တွေ့နိုင်သည်။ ဖြစ်အောင်၊ ပျက်အောင် ပြုမူနေကြသော ဇာတ်လိုက်တို့၏ သဘာဝ၌ တွေ့နိုင်သည်၊ ရှိနေသော ကာလဒေသ၏ သဘာဝ၌ တွေ့နိုင်သည်။ စိတ်ကူးဉာဏ်ရှိသော၊ စေတနာရှိသော၊ ပတ်ဝန်းကျင်လောကကို မြင်တတ်ကြားတတ်သော စာဆိုသည် ထိုသဘာဝတို့ကို သတိပြုတတ်၍ ဆင်ခြင်ဆုံးဖြတ်တတ်၍ နှစ်သက်ဖွယ် ဖြစ်အောင်ကြံစည် ဖန်တီး တတ်သည်၊ ထိုသို့ကြံစည် ဖန်တီးတတ်သဖြင့် စာဆို၏စိတ်မှဖြစ်ပေါ် လာသော အရာတို့သည် ပျို့တွင် အပြောက်အမွမ်း ဖြစ်လာ ကြရသည်၊ တပန် စာဆိုသည် ထိုအပြောက်အမွမ်း တို့ကို နှစ်သက်ဖွယ် ဖြစ်အောင်လည်း ဆိုတတ်သည်။ ဝါ၊ ရေးပြတတ်သည်၊ နှစ်သက်ဖွယ်ဖြစ်အောင်ဆိုခြင်း၊ ရေးပြခြင်း ဆိုသည်မှာ စကားကိုမြပြစ်အောင်ပြုတတ်ခြင်း၊ အနက်ကို ဆန်းကြယ်အောင် ပြုတတ်ခြင်းတို့ ဖြစ်သည်။

ထို့ကြောင့်၊ စာသင်သားတို့သည် ပျို့ကိုလေ့လာသောအခါ၊ မူလဇာတ်လမ်းသည်ရင်း၊ မူလ ဇာတ်လိုက်သည်ရင်း၊ မူလ ကာလဒေသသည်ရင်း အဖွဲ့ထည်ဘဝမှ အပြောက်အမွမ်းဘဝသို့ မည်သို့မည်ပုံ ရောက်လာသည်

သည်ကို လေ့လာသင့်ကြသည်။ ထို့နောက် စကားပြေဖြစ်ခြင်း ရှိမရှိ၊ အနက်အဆန်းကြယ်ခြင်းရှိမရှိကို လေ့လာသင့်ကြသည်။ စကားကိုစွဲ၊ အနက်ကိုစွဲတို့ကိုလေ့လာသောအခါ စကားတန်ဆာ သို့မဟုတ် အသံ တန်ဆာဟု ခေါ်သော **သဒ္ဒါလင်္ကာရ**ကိုရင်း၊ အနက်တန်ဆာဟု ခေါ်သော **အတ္ထာလင်္ကာရ**ကိုရင်း အနည်းအကျဉ်းမျှ နားလည်ထားပြီး ဖြစ်သင့်ကြသည်။

ဥမ္မာဒန္တီပျို့သည် မူလဇာတ်ဝတ္ထု၏ အလိုအတိုင်း၊ မကောင်းသော စိတ်ကို ထားမှုမှာအပ်ကြောင်း ပြလိုသဖြင့် ဥမ္မာဒန္တီချောပုံ လှပုံကိုရင်း၊ သီဝိမင်းကြီး စိတ်အလိုလိုက်မှားပုံကိုရင်း၊ အဘိပါရကာစစ်သူကြီးရှန်လှတ် တတ်ပုံကိုရင်း အဓိကအားဖြင့် အသုံးပြု၍ နောက်ဆုံး၌ သီဝိမင်းကြီး သတိတရားရကာ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်ပုံသို့ ရောက်အောင် ဖွဲ့ဆို ထားသော ပျို့ဖြစ်သည်ဟု ဆိုနိုင်သည်။ ချစ်ခင် နှစ်သက်ဖွယ် (သိင်္ဂါရရသ) ဖြစ်အောင်ရင်း၊ သနားဖွယ် (ကရုဏာရသ) ဖြစ်အောင်ရင်း၊ အားထက်ချီးကျူးဖွယ် (ဝီရရသ) ဖြစ်အောင်ရင်း၊ ဖိုင်ကျင်း ဖွဲ့၍ နောက်ဆုံး၌ ငြိမ်းအေးသော သန္တရသသို့ ရောက်သည်အထိ ဖွဲ့ဆို ထားသောပျို့ ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

ဥမ္မာဒန္တီပျို့ကို အကြောင်းပြု၍ ဇာတ်လမ်း၊ ဇာတ်လိုက်၊ ကာလဒေသ ဆိုင်ရာ အပြောက်အမွမ်း အချို့ကိုရင်း၊ အရေး အသား ဆိုင်ရာ**သဒ္ဒါလင်္ကာရ**၊ **အတ္ထာလင်္ကာရ**အချို့ကိုရင်း၊ ပုံစံအဖြစ်ဖြင့် တင်ပြလိုပါသည်။ စာသင်သားတို့သည် နောင်အခါတွင် မိမိတို့ ကိုယ်ပိုင် ဉာဏ်ဖြင့်လေ့လာ နိုင်ကြရန်ဖြစ်သည်။

### ဇာတ်လမ်း

မူလဇာတ်ဝတ္ထုတွင် ဥမ္မာဒန္တီကို စွဲလမ်းသဖြင့် သီဝိမင်းကြီးသည် ယောင်ယမ်း မြည်တမ်းကာသာ နေသောအခါ၊ အဘိပါရကသည် မင်းကြီး၏အသက်ကို ကယ်ရန် ဥပါယ်တံမျဉ်သုံး၍ ဆောင်ရွက်ကြောင်း

www.kelasa.org



ဆိုခဲ့သည်။ ပျို့တွင် ထူးလာသည်မှာ တိုင်းသူပြည်သားများကပါ မင်းကြီး အတွက် ပူပန်ကြသဖြင့် မြန်မာတို့ဓလေ့ဘာသာ အလိုက် ဝိုးမင်းမေးမြန်း ခြင်း ပြုတတ်ကြပုံကို ထပ်လောင်း၍ ဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။ ထိုအဖြစ် အပျက်သည် ဇာတ်လမ်းဆိုင်ရာ အပြောက်အမွမ်းတခု ဖြစ်သည်ဟု ဆိုသင့် သည်။ ၄၅ မှ ၄၈ အထိ ဖြစ်သော အပိုဒ်များကို လေ့လာကြည့်ရန် ဖြစ်သည်။

### ဇာတ်လိုက်

မူလဇာတ်ဝတ္ထု (ဆောင်ကန်) တွင် ဥမ္မာဒန္တီ၏ ရုပါရုံကို မြင်သဖြင့် သီဝိမင်းကြီးတုန်လှုပ်ချင်သလိုလိုဖြစ်သောသဘာဝကို မင်းကြီး၏အမေး၌ အောက်ပါအတိုင်း တွေ့နိုင်သည်။

> “ရထားထိန်းသုနန္ဒ၊ နီသောအဝတ်ဖြင့် ပြီးသော တံတိုင်းဖြင့် ခြံရံလျက်ရှိသောအိမ်သည်ကား၊ အဘယ်သူ၏ အိမ်ပေနည်း။ ထိုအိမ်ထက်၌ လေသွန်ပြူတင်းဝ၌ ရပ်လျက် တည်နေသော အကြင်အမျိုးသမီးသည် ဝေးသောကောင်းကင်ပြင်၌ မီးလျှံကဲ့သို့ ဝင်းဝင်းထင်၏။ ထိုအမျိုးသမီးသည် အဘယ်မည်သော မိန်းမနည်း၊ ရထားထိန်းသုနန္ဒ။ အကြင်ပြူတင်းဝ၌ ရပ်လျက် နေသော အမျိုးသမီးသည် တောင်ထိပ်ဖျား၌ မိုးလျှံရောင်ကဲ့သို့ ထင် ထင်ဝင်း၏။ ဤပြူတင်းပေါက်ဝ၌ ရပ်လျက်နေသော အမျိုးသမီး သည် အဘယ်သူ၏သမီးသည် ဖြစ်လေသနည်း။ ဤမိန်းမသည် အဘယ်သူ၏ချွေးမသည် ဖြစ်သနည်း၊ အဘယ်သူ၏မယားသည် ဖြစ်သနည်း။ ဤမီးလျှံတမျှ ထိန်ဝင်းသော မိန်းမသည် သိမ်း ဆည်းသောသူ မရှိသေးသော မိန်းမလော၊ ထိုသို့မဟုတ်မူကား သိမ်းဆည်းသော သူသည်တည်း ရှိပြီလော၊ ဤအရပ်၌ သာချင် ထိုအကြောင်းကို ငါသည်မေးတော် မူအပ်သော အမောင်ရထား ထိန်းသည် ငါ့အား လျင်စွာတင်လျှောက်လော့။”

မျိုးတွင်ထုံးလာသည်မှာ တမ်းကပ်လာသော၊ စိတ်အလို လိုက်လာသော၊ လွမ်းချင်ဆွေးချင်ဖြစ်လာသော လူ့စားမျိုး၏ သဘာဝကို ထည့်လာခြင်းဖြစ်သည်။ ရှေ့လာမည့် အခန်းများတွင် သီဝိမင်းသည် အချစ်ကြောင့် ယောင်ယမ်းမှုမြတ်တမ်း၍ အိုမြေ့လှုပ်ရမည့် အမူအရာများကို ဖွဲ့ရဦးမည်ဟု ထိုသသယ်ရသဖြင့် ဇာဆိုဦးရှင်းသည် ကနဦးကပင် လိုချင်တပ်မက်သော သဘာဝကိုမင်းကြီးအဖွဲ့၌ အစပျိုးခဲ့သည်ဟု ယူနိုင်သည်။ ထိုသဘာဝသည် ဇာတ်လိုက်ဆိုင်ရာ အပြောင်အလွမ်းတခု ဖြစ်သည်ဟု ဆိုသင့်သည်၊ ၂၀ မှ ၂၂ အထိဖြစ်သော အပိုဒ်များကို လေ့လာကြရန် ဖြစ်သည်၊

ကာလဒေသ

မူလဇာတ်ဝတ္ထုတွင် သီဝိမင်းကြီး၏နေပြည်တော်ကို အရိဋ္ဌပုရမြို့ဟူ၍ သာဆိုခဲ့သည်။ မျိုးတွင် ထုံးလာသည်မှာ ထိုမြို့ကိုရဲ့ရာ၍ ဇာဆိုဦးရှင်း၏ ခေတ်က မြန်မာတို့သိနေကျ၊ မြင်နေကျ ဖြစ်သော မြန်မာနေပြည်တော်၏ အသွင်အပြင် အမူအရာတို့ကိုင်း၊ ကြီးကျယ်ခမ်းနားသော အမူအရာတို့ကိုရင်း ထည့်သွင်း လာခြင်းဖြစ်သည်။ ထိုအမူအရာတို့သည် ကာလဒေသဆိုင်ရာ အပြောင်အလွမ်းတခုဖြစ်သည်ဟု ဆိုသင့်သည်။ ၄ မှ ၀ အထိ ဖြစ်သော အပိုဒ်များကို လေ့လာကြရန် ဖြစ်သည်။

သဒ္ဒါလင်္ကာရ

( ဇာဆိုကောင်းတွင် စိတ်ကူးဉာဏ် ရှိသည်၊ ဝေဟာရရှိသည်၊ဖြစ်တတ်သော မျက်စိ ရှိသည်၊ ကြားထတ်သောနား ရှိသည်၊ သတိပြုတတ်၍ ဆင်ခြင်ဆုံးဖြတ်တတ်သောဉာဏ် ရှိသည်။ ထိုရေည်အချင်းတို့ကြောင့် ဇာဆိုကောင်းသည် ဆိုရာ၊ ရေးရာ ရလာတတ်သည်၊ ဆိုရာ၊ ရေးစရာ ရ၍၊ ဆိုချင် ရေးချင် ဖြစ်၍၊ ဆိုခြင်း ရေးခြင်းကို ပြုသောအခါ၊ စကားပြေပြစ်အောင် ဆိုတတ် ရေးတတ်သည်၊ အနက် ဆန်းကြယ်

www.kelasa.org



အောင် ဆိုတတ်ရေးတတ်သည်။ဤသို့ဖြင့် ကဗျာ၊ ဝတ္ထု၊ပြဇာတ်စသော ရသစာပေသည် ကမ္ဘာ့စာပေသမိုင်းတွင်၊ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်မှစ၍ ယနေ့တိုင် ထွန်းကားလာခဲ့သည်။ ထိုအခါ ဇာဆိုကောင်းတို့နှင့် စိတ်နှလုံးချင်း တူကြသော သဟဒယ ပုဂ္ဂိုလ်တို့ သည်လည်း၊ ဝါ၊ အလင်္ကာ ဆရာတို့သည်လည်း၊ ဝါ၊ စာပေ ဝေဖန်ရေးဆရာတို့သည်လည်း ပေါ်လာကြသည်။ ထိုပုဂ္ဂိုလ်တို့သည် ရသစာပေ အမျိုးမျိုးကို လေ့လာပြီးနောက်၊ အကောင်း အညွှန့် တိုက်ကိုရွတ်၍ ဤကားအကောင်း။ ထိုကားအညွှန့် စသည်ဖြင့် စည်းကမ်း သတ်မှတ် ခဲ့ကြသည်။ ဤသို့ဖြင့် ဇာတ်လမ်း၊ ဇာတ်လိုက်၊ ကာလဒေသဆိုင်ရာ စည်းကမ်းများသည်ရင်း၊ စကားပြေပြစ်မှု၊ အနက် ဆန်းကြယ်မှုဆိုင်ရာ စည်းကမ်းများသည်ရင်း ပေါ်လာကြရပြန်သည်၊ စာသင်သားတို့သည် ထိုအချက်ကို ရှေးဦးစွာ သဘောပေါက်ထားရှိလိုသည်၊

ဤအမှာစဉ်မျိုးအတွက်၊ စကားပြေပြစ်မှု ဆိုင်ရာ စည်းကမ်းစု ဖြစ်သော သဒ္ဒါလင်္ကာရ မှ စည်းကမ်း သုံးခုကိုသာ ဖော်ပြလိုသည်။ ဤသုံးခုကို သိထားလျှင်ပင်၊ စကား ပြေပြစ်မှုအတွက် အကောင်းအညွှန့်ကို စာသင်သားတို့ ချိန်ဆနိုင်ကြမည်ဟု ယူဆသည်၊

(က) ဇာဆိုကောင်းသည် စကားနှစ်လုံးကိုဖြစ်စေ၊ နှစ်လုံးထက်ပိုသောစကားတို့ကိုဖြစ်စေ ကျစ်လစ်သိပ်သည်းစွာ ဆက်စပ်၍၊ အဓိပ္ပာယ်သစ်ရှိသော စကားသစ်ကို ဖန်တီးတတ်သည်။ ထိုစကားမျိုးကို နာရဖတ်ရလျှင် စိတ်မျက်စိ၊ စိတ်နားတို့၌၊ မြင်ယောင် ကြားယောင်ဖြစ်လာ၍၊ ပရိသတ်သည် နှစ်သက်ခြင်း ဖြစ်သည်၊ ထိုအခါ အဓိပ္ပာယ် ကြွယ်ဝလာသော ထိုစကားမျိုးကို သြဇာရှိ မြောက်သည်ဟု အလင်္ကာဆရာတို့က သတ်မှတ်ခဲ့ကြသည်။ ဥပမာဒဏ္ဍိမျိုတွင် မြ + ညောင် + ရိပ် ဟူသောစကား၊ ကြက်ခွပ် + လျှပ်မြက် ဟူသောစကား၊ ကြက်မျှ + မကျ ဟူသောစကားတို့သည် သြဇာရှိမြောက်သော စကားများဖြစ်သည်ဟု ဆိုနိုင်သည်၊ မြညောင်ရိပ်ဟု ဆိုရာတွင် လာမန်အားဖြင့် မြကဲ့သို့ စိမ်းသော

ညောင်ပင်၏ အရိပ်ဟူ၍ ဆိုခြင်းဖြစ်သည်၊ ဤတွင် မြေတလင်း၊ ညောင်တလုံး၊ ရိပ်တလုံး၊ ပေါင်းသုံးလုံးကိုသာယူ၍ ဆက်စပ်လိုက်ရာ ဆို၍ကောင်းလာသည်၊ စကားကျစ်လစ်လာသည်၊ ဆို၍ကောင်းလာခြင်း၊ စကား ကျစ်လစ်လာခြင်း ရှိသောကြောင့်လည်း စိတ်မျက်စိ၌ မြင်ယောင်ယောင် ဖြစ်လာရာ အဓိပ္ပာယ် ကြွယ်ဝလာသည်။ ထို့ကြောင့် မြေညောင်ရိပ် ဟူသော စကားသည် ခြေဇာကုတ် မြောက်သည်ဟု ဆိုထိုက်သည်။

(၁) စာဆိုကောင်းသည် အများသိလွယ်သော စကားတို့ကိုသုံး၍ ထိုစကားတို့ကို ဝါကျဖြစ်အောင် ဖွဲ့သောအခါ အများနားလည်လွယ်အောင် ဝါကျဖွဲ့တတ်သည်။ တဖန် အဆိုအမိန့်တခုအတွက် ဝါကျသုံးလေးခုကို စီစဉ်ရာတွင်လည်း အဓိပ္ပာယ် ပေါ်လွင်အောင်၊ အကျိုးသင့် အကြောင်းသင့် ဖြစ်အောင် စီစဉ်တတ်သည်။ ဤသို့သော ဝါကျမျိုးကိုရင်း၊ ထိုသို့သော ဝါကျအစီအစဉ်မျိုးကိုရင်း နာရ၊ ဖတ်ရလျှင် ပရိသတ်သည် နှစ်သက်ခြင်းဖြစ်သည်၊ ထိုအခါ ထိုဝါကျမျိုးကိုရင်း၊ ထိုဝါကျ အစီအစဉ်မျိုးကိုရင်း အလင်္ကာဆရာတို့က ပသာဒဂုဏ်မြောက် သည်ဟု သတ်မှတ်ခဲ့ကြသည်။

ဥမ္မာဒန္တီပျို့တွင် အပိုဒ် ၂၁ သည် သိလွယ်သောစကားကို သုံး၍ ဝါကျဖွဲ့ရာ၌ရင်း၊ အဆိုအမိန့်တခုအတွက် ဝါကျငါးခုကို အကျိုးသင့် အကြောင်းသင့် စီစဉ်ရာ၌ရင်း၊ ပသာဒဂုဏ်မြောက်သော အပိုဒ်ဖြစ် သည်ဟု ဆိုနိုင်သည်၊ ထိုအပိုဒ်၌ သုံးစွဲထားသော စကားများသည် အများအားဖြင့် သိလွယ်သော စကားများသာ ဖြစ်သည်၊ တဖန် ဝါကျ ဖွဲ့ပုံတွင် အနက်အဓိပ္ပာယ် သိနိုင်ရေးအတွက်၊ ခဲခဲယဉ်းယဉ်း ချန်ကျော်၍ ကောက်ယူ ရသည် မရှိ၊ နောက်မှ ရှေ့သို့သော်ရင်း၊ ရှေ့မှ နောက်သို့ သော်ရင်း၊ အလယ်မှ ဖောက်၍ သော်ရင်း ခဲခဲယဉ်းယဉ်း ကောက်ယူ ရသည် မရှိ၊ ကတ္တားပုဒ်နှင့် ကြိယာပုဒ်တို့သည် နီးကပ်သဖြင့် အဓိပ္ပာယ်

www.kelasa.org



သည် သိလွယ်သည်၊ ထို့ပြင် ကတ္တားပုဒ်ကို အထူးပြုသော နာမဝိသေသနပုဒ်စုသည် ကတ္တားပုဒ်နှင့်ရင်း၊ ကြိယာပုဒ်ကို အထူးပြုသော ကြိယာ ဝိသေသန ပုဒ်စုသည် ကြိယာပုဒ်နှင့်ရင်း နီးကပ်သဖြင့်လည်း အများ နားလည်လွယ်သည်။

ဥဒါဟရုဏ်ကား (၁) "စစ်ရေးမက်ရေး၊ ရန်သူတောကြောင့်၊ အပြေးအလွှဲ။ သွေ့ပျိုးကွဲသော၊" ဆိုသော နာမဝိသေသန ပုဒ်စုသည် "ပြည်ထဲနေရာ" ဆိုသော ကတ္တားပုဒ်ကို တဆက်တည်း အထူးပြုထား သည်၊ ထို့နောက် "ပြည်ထဲနေရာ" ဆိုသော ကတ္တားပုဒ် နောက်တွင် "ခက်သည့်သာတည့်" ဆိုသော ပဓာနကြိယာပုဒ်သည် တဆက်တည်း လိုက်လာသည်ကို တွေ့နိုင်သည်။ (၂) "အစာအစား။ ထွားထွား မြည့်ကြွေ၊ ရှားပါးလေ၍။" ဆိုသော ကြိယာ ဝိသေသန ပုဒ်စုသည် "ဘေးကျေပျောက်စေ။ တော်မှတ်ကဲလျှင်" ဆိုသော ကြိယာဝိသေသနပုဒ်စု ကို အထူးပြုပြီးနောက် ထိုဒုတိယ ကြိယာ ဝိသေသနပုဒ်စုသည်ရင်း "ပြည် ထဲရေးထက်" ဆိုသောကြိယာဝိသေသန ပုဒ်သည်ရင်း "ပမ်းရေးကော်၏" ဆိုသည်တွင် "ခက်၏" ဆိုသော ကြိယာပုဒ်ကို နီးကပ်စွာ အထူးပြုထား သည်ကို တွေ့နိုင်သည်။ ကျန် ဝါကျသုံးခု၌လည်း အထက်ပါအတိုင်း အရေးအဖွဲ့ ရှင်းနေကြသည်ကို တွေ့ရသည်။

တဖန် ထိုအပိုဒ်၌ပင် ဥမ္မာဒန္တီကို ဆင်စဉ်က မကောက်မယူ နေလိုက်မိသဖြင့် သိမ်းမင်း အဆွေးကြီးဆွေးပုံ အဆိုအမိန့်တခုအတွက် ဝါကျငါးခုကိုစီစဉ်ထားပုံသည်လည်း တခုကိုတခု အထောက်အပံ့ ပေး၍ မြှင့်တင်ထားဘိသကဲ့သို့ ဖြစ်၍ ထူးခြားခြင်းရှိနေသည်ကို တွေ့နိုင်သည်၊ အဓိပ္ပာယ်အရာတွင် ပဌမဝါကျသည် ဒုတိယဝါကျကို မြှင့်တင်ခဲ့သည်၊ ဒုတိယဝါကျသည် တတိယဝါကျကို တဆင့်တက်၍ မြှင့်တင်ခဲ့သည်။ ထို့နောက် ဝါကျသုံးခုမှ သိမ်းကျုံး ယူဆောင် လာခဲ့သော အဓိပ္ပာယ် သုံးခုသည် စတုတ္ထဝါကျတွင် ဆုံမိသကဲ့သို့ဖြစ်၍ လွှမ်းရေးသည် အခက်

သုံးခုအနက် အခက်ဆုံးဖြစ်ကြောင်း စာဆိုက ဆိုခဲ့သည်။ ထို့နောက် ထိုအဆိုကို ပဥ္စမဝါကျတွင် ဖူးစာရေးနတ်က ဖူးစာမရေး နေခဲ့ခြင်းနှင့် ဆက် ပေးလိုက်သည်ဖြစ်ရာ ထိုအဆိုသည် ပြီးပြည့်စုံသော သဘောသို့ ရောက်၍ သိဝိမင်း အဆွေးကြီး ဆွေးပုံသည် ရုတ်ခြည်း ထင်ပေါ် လာသည်။ အာသိန်သုံးဆင့် တက်ပြီးနောက် ခေါင်းလောင်းပုံ တည်၍ ခေါင်းလောင်းပုံပေါ်တွင်ဖောင်းစေ့ကိုင်း၊ကုက်ချေဘူးကိုင်း၊ထီးကိုင်း တင်လိုက်သည်နှင့် ဘုရားဟု ထင်ရသည်။ (စာသင်သားတို့သည် ဆိုခဲ့ သည့်အတိုင်း အဆိုအမိန့် ထူးခြားသော၊ ဝါ၊ မဓုရတာဂုဏ်မြောက်သော အရေးအသားမျိုးကို စကားပြေ၌လည်း တွေ့နိုင်သည်။ တွေ့လျှင် သဒ္ဒါ စည်းကမ်း၊ ဝါကျဖွဲ့ထုံးစည်းကမ်းတို့နှင့် ညှိ၍ အထက်ပါအတိုင်း ခွဲစိတ် လေ့လာဝေဖန်လျက် အဆိုအမိန့် အရေးအသား ပြေပြစ်မှုသဘောကို သင်ပြနိုင်သည်။ သင်ပြနိုင်အောင် ဆရာကြီး ဦးဖေမောင်တင် စီရင် ရေးသားသော မြန်မာသဒ္ဒါကျမ်း၊ မြန်မာဝါကျဖွဲ့ထုံးကျမ်းတို့ကို လေ့လာ နိုင်ကြလျှင် ကောင်းသည်၊ တပည့်များအတွက်မှာကား၊ ဆရာကြီးပင် စီရင်ရေးသားသော အလယ်တန်း ကျောင်းသုံး မြန်မာသဒ္ဒါ ဟူ၍၎င်း၊ မြန်မာသဒ္ဒါနှင့် အသုံးအနှုန်း ဟူ၍၎င်း သဒ္ဒါစာအုပ်များ ရှိကြပြီး ဖြစ်သည်။ ဤကား စကားချပ်။)

(ဂ) စာဆိုကောင်းသည် နားကောင်းရှိသူ ဖြစ်သဖြင့် ဆို၍ ကောင်းအောင် စကားတို့ကို သုံးတတ်သည်၊ ဆို၍ကောင်းသော စာတို့တွင် တခါတရံ သံတူ အက္ခရာ တို့ကို အသင့်အတင့် ထပ်ကာ ထပ်ကာ သုံးသည်ကို တွေ့ရတတ်သည်၊ တခါတရံ ဌာန်တူ အက္ခရာ အမျိုးမျိုးကို အသင့်အတင့် နီးကပ်စွာ ထား၍ သုံးသည်ကို တွေ့ရ တတ်သည်။ ထိုသို့သော သုံးပုံမျိုးကို ရွတ်ဆိုပြသဖြင့် နားဖြင့်ကြားရလျှင် ပရိသတ်သည် နှစ်သက်ခြင်း ဖြစ်သည်။ ထိုအခါ ထိုသို့သော သုံးပုံ မျိုးသည်၊ ဝါ၊ အရေးအသားသည် မဓုရတာဂုဏ် မြောက်သည်ဟု အလင်္ကာဆရာတို့က သတ်မှတ်ခဲ့ကြသည်။

www.kelasa.org



ဥမ္မာဒန္တီပျို့တွင် "ရွှေရောင်လျှံဝင်း၊ ရွှေမှိုတ်တွင်းဦး၊ ရွှေလင်းပင်ရွှေ" (နိဂုံး-အပိုဒ် ၇) ၌ အသံတူဖြစ်သော "ရွှေ" ကို အသင့်အတင့် ထပ်ကာ ထပ်ကာ သုံးထားရာသုတိသာ၍မဓုရတာဂုဏ်မြောက်သည်ဟုဆိုနိုင်သည်။ ထိုအပိုဒ်တွင် "ရွှေ" သည် အသံသက်သက် အတွက်သာ အသုံးကျသည် မဟုတ်။ အမရပူရရွှေမြို့တော်အတွင်းရှိ ရွှေလင်းပင်ဘုရားကို ရည်ညွှန်း၍ ဆိုခဲ့သဖြင့် အနက်အတွက်လည်း အဆင်ပြေသည်၊ တဖန် ရွှေလင်း ပင်သည် ရွှေသက်နှံရှိသော စေတီ ဖြစ်နိုင်သောကြောင့် အဆင်ပြေ ပြန်သည်။

တဖန် "စစ်မြေပြင်ဝယ်၊ ဘုရင် တယောက်။ ငါ ဆိုးမြောက်၍၊ ပြိုင်ဘက်မရှိ၊ တောစာသိသည်။ အဘိပါရက၊ တွင်နာမ" (အပိုဒ် ၆၃) တွင် နှုတ်ခမ်းရပ် ဩဋ္ဌဇဌာန်၌ ပါကြသော "ပ" ဆိုင်ရာ "ပြင်"၊ "ပြိုင်"၊ "ပါ" တို့သည်၎င်း၊ "ဘ" ဆိုင်ရာ "ဘု"၊ "ဘိ" တို့သည်၎င်း၊ "မ" ဆိုင်ရာ "မြေ"၊ "မြောက်"၊ "မ" တို့သည်၎င်း အသင့်အတင့် နီးကပ်စွာ တည်ရှိနေကြသည်ဖြစ်ရာ နှုတ်ခမ်းသံတို့သည် နီးကပ်နေကြ သည်ဟု သိအပ်သည်၊ ထိုအခါ ဆိုသူအဖို့လည်း သက်သာ၍ နာသူ အဖို့လည်း သုတိသာသည်ဟု ဆိုသင့်သည်။ စမ်း၍ဆိုကြည့် နားကြည့်ပါ။ ထို့ကြောင့် အထက်ပါ အရေးအသားသည် မဓုရတာဂုဏ်မြောက်သည်ဟု ဆိုနိုင်သည်၊ စာသင်သားတို့သည် ဆက်လက်၍ လေ့လာနိုင်ကြစိမ့် သောငှာ ဌာန်ငါးမျိုးကို အလင်္ကာကျမ်းမှ နုတ်၍ အောက်ပါအတိုင်း ပြလိုက်သည်။ မြန်မာစကားနှင့် သင့်အောင် ဆင်ခြင်ပါ။

၁။ အ၊ အာ၊ က၊ ခ၊ ဂ၊ ဃ၊ င၊ ....လည်ချောင်းရပ် (ကဏ္ဌဇဌာန်)
၂။ ဣ၊ ဤ၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ယ....အာခေါင်ရပ် (တာလုဇဌာန်)
၃။ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ ရ၊ ဠ၊ ............ လျှာသိပ်ရပ် (မုဒ္ဓဇဌာန်)
၄။ တ၊ ထ၊ ဒ၊ ဓ၊ န၊ လ၊ သ ............ သွားအရပ် (ဒန္တဇဌာန်)
၅။ ဥ၊ ဦ၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ ............ နှုတ်ခမ်းရပ် (ဩဋ္ဌဇဌာန်)

ၔ .... လည်ချောင်းအာစောက်ရပ် (ကဏ္ဌတာလုဋ္ဌာန်)
ဩော .... လည်ချောင်းနှုတ်ခမ်းရပ် (ကဏ္ဌောဋ္ဌဋ္ဌာန်)
ဝ ........................ သွားနှုတ်ခမ်းရပ် (ဒန္တောဋ္ဌဋ္ဌာန်)

**အတ္ထာလင်္ကာရ**

အထက်ကဆိုခဲ့သော **ဩဇဂုဏ်၊ ပသာဒဂုဏ်၊ မဓုရတာဂုဏ်** တို့သည် စကားနှင့်ရင်း၊ ဝါကျနှင့်ရင်း၊ ဆိုသံနှင့်ရင်း သက်ဆိုင်ကြသည်။ ထိုဂုဏ်တို့သည် အသစ်ဖြစ်လာသော၊ ဝါ၊ ကြွယ်ဝလာသော အဓိပ္ပာယ်ရအောင် စကားတို့ကို ဖြတ်တောက်၍ ပြန်လည် ဆက်စပ်တတ်ခြင်း၊ ရှင်းအောင် ဝါကျဖွဲ့တတ်ခြင်း၊ အဆိုအမိန့်ထက်မြက်အောင် ဝါကျတို့ကို စီစဉ်တတ်ခြင်း၊ သုတိသာအောင် အသံတို့ကို စီစဉ်တတ်ခြင်းတို့ဖြစ်ရာ ထိုဂုဏ်တို့သည် အသံတန်ဆာဂုဏ်၊ စကားတန်ဆာ ဂုဏ်တို့သာ ဖြစ်သည်ဟု ဆိုသင့်သည်။

(အသံဖြင့်တန်ဆာဆင်သည်၊ စကားဖြင့် တန်ဆာဆင်သည်ဟု အချို့ ဆိုကြသည်ကို တွေ့ရသည်။ ထိုသို့ဆိုပါက အသံဖြင့်၊ စကားဖြင့်တန်ဆာ ဆင်နိုင်ရန် တစုံတခုသောအရာ ရှိသေးလေဟန် ဆိုရာရောက်နိုင်သည်။ စင်စစ်မှာ အသံဖြင့်တန်ဆာဆင်ခြင်းမဟုတ်၊ အသံ**ကို**သာ တန်ဆာဆင်ခြင်း ဖြစ်သည်။ စကားဖြင့် တန်ဆာဆင်ခြင်းမဟုတ်၊ စကား**ကို**သာ တန်ဆာဆင်ခြင်း ဖြစ်သည်ဟု ဆင်ခြင်ရာသည်။ သို့မှသာ အထက်ပါ ဂုဏ်သုံးပါး၏ သဒ္ဒါလင်္ကာရ သဘောကို အသိဖြောင့်မည်။ အသိဖြောင့်မှသာ ရသစာပေကို သင်ပြခြင်း၊ ဝေဖန်ခြင်း ပြုကြရာ၌ အကောက်အယူ ဖြောင့်မည်။ ဝါ၊ ရသစာပေ၌ ထိုအရာကား **အကြောင်းအရာ(CONTENT)**၊ ထိုအရာကား **ပုံသဏ္ဌာန် (FORM)** ဟူ၍ ခွဲခြားနိုင်မည်။ အကြောင်းအရာဆိုသည်မှာ အခြားမဟုတ်၊ စာဆိုသည် မိမိ၏ စေတနာ နှင့် စိတ်ကူးဉာဏ်တို့အစွမ်းဖြင့် သတိပြုမိလာသောပတ်ဝန်းကျင်လောက

www.kelasa.org



ကို ဆိုလိုသည်။ ပုံသဏ္ဌာန် ဆိုသည်မှာ အခြားမဟုတ်၊ စာဆိုသည် အကြောင်းအရာကို မိမိ၏စေတနာနှင့် စိတ်ကူးဉာဏ်တို့ အစွမ်းဖြင့်ပင် ဆစ အလယ် အဆုံး အညီအညွတ်ဖြစ်အောင် ဖန်တီးဖွဲ့စည်းပြီးနောက်၊ မိမိ၏စေတနာနှင့် စိတ်ကူးဉာဏ်တို့ အစွမ်းဖြင့်ပင် မိမိ၏ စိတ်၌ရှိနေသော ထိုအဖွဲ့အစည်းကို စကားပြေပြစ်အောင်၊အနက်ဆန်းကြယ်အောင် ရှပ်လုံးဖော် တတ်သော စွမ်းရည်သဘောကို ဆိုလိုသည်။ ကောင်းသော ရသ စာပေတိုင်း၌ ပတ်ဝန်းကျင် လောကသည် အကြောင်း အရာ အဖြစ်ဖြင့်ရင်း၊ စွမ်းရည်သဘောသည် ပုံသဏ္ဌာန်အဖြစ်ဖြင့်ရင်း အံကျ ဖြစ်နေကြသည်ကို တွေ့နိုင်သည်။ ဤကားစကားချပ်)။

ယခုဆိုလတ္တံ့သော အတ္ထာလင်္ကာရသည် စကားနှင့်ရင်း၊ ဝါကျနှင့်ရင်း၊ အသံနှင့်ရင်းမဆိုင်။ စာဆို၏စိတ်၌ ရှိနေသော အကြောင်းအရာ အဖွဲ့အစည်းကို ဖော်ရာတွင် နှစ်သက်ဖွယ် ဖြစ်အောင် ဖော်အပ်သော အနက်နှင့်သာ ဆိုင်သည်။ အနက်ကို တန်ဆာဆင်ခြင်းသာ ဖြစ်သည်။ အနက်ကို တန်ဆာဆင်ခြင်း ဆိုသည်မှာ၊ စာဆိုရာတွင် ကိစ္စတခုအတွက် ဆိုလိုရင်း အနက်ကို ရိုးရိုးမဆို။ တိုက်ရိုက်မဆို။ ဆန်းကြယ်ခြင်း ရှိလာအောင် သွယ်ဝိုက်၍၊ သို့မဟုတ် အရိပ်အခြည်ပြ၍ ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ထိုသို့သော ဆိုခြင်းမျိုးကို **ဝင်္ကဝုတ္တိအလင်္ကာ** ဟုလည်း ခေါ်ကြသည်။ ဝင်္ကဝုတ္တိအလင်္ကာ အများအပြား ရှိသည့်အနက်၊ အလင်္ကာကျမ်းဆရာသည် သုံးဆယ့်ငါးမျိုးကိုသာ အထင်အရှား သတ်မှတ်ခဲ့သည်။ ထိုသုံးဆယ့်ငါးမျိုးအနက် ဥမ္မာဒန္တီပျို့အဖို့၊ အများသိ အများသုံးဖြစ်သော **ဥပမာအလင်္ကာ** နှင့် **ရူပကအလင်္ကာ** နှစ်ခုကိုသာ ဖော်ပြလိုသည်။

ဥပမာအလင်္ကာနှင့် ရူပကအလင်္ကာ တို့သည် အထူး အဆန်း မဟုတ်ချေ။ လူတိုင်းလိုလိုပင် စကားဆိုရာ၌ သုံးစွဲ တတ်ကြသော စကားများ ဖြစ်ကြသည်။ သဘောမှာ၊ လူတိုင်းပင်အကောင်းအဆိုးကို

ခံစားတတ်၍၊ သဘောကျလျှင်၊ သဘောကျကြောင်းဖြစ်သော သက်ရှိသက်မဲ့တို့၏သဘာဝကို မှတ်တတ်ကြသည်။ သဘောမကျလျှင် သဘောမကျကြောင်းဖြစ်သော သက်ရှိသက်မဲ့တို့၏ သဘာဝကို မှတ်တတ်ကြသည်။ ထို့နောက် စကားဆိုကြသောအခါ၊ သက်ရှိသက်မဲ့ တခုကို သဘောကျသည်ဖြစ်လျှင်၊ သဘောကျခဲ့ဘူးကြောင်းဖြစ်သော အခြားသက်ရှိသက်မဲ့တခု၏ သဘာဝနှင့် နိုင်းခိုင်း၍သော်၎င်း၊ ထပ်တူပြု၍သော်၎င်း ဆိုတတ်ကြသည်၊ သဘောမကျလျှင် သဘောမကျခဲ့ဘူးကြောင်းဖြစ်သော အခြားသက်ရှိသက်မဲ့တခု၏ သဘာဝနှင့် နိုင်းခိုင်း၍သော်၎င်း၊ ထပ်တူပြု၍ သော်၎င်း ဆိုတတ်ကြသည်။ ထိုအခါ နားထောင်ကြားသူသည် စိတ်၌ မြင်ယောင်ကြားယောင် ဖြစ်လာ၍၊ နှစ်သက်ခြင်းဖြစ်သည်။

(က) နိုင်းခိုင်း၍ ပေါ်သော အနက်တန်ဆာအတွက် ဥဒါဟရုဏ်သည် ဤသို့ဖြစ်နိုင်သည်။ ရေသည်သာမန်အားဖြင့်အေးမြသောသဘာဝ ရှိ၍ သဘောကျစရာဖြစ်၏ဟု မှတ်ထတ်ကြသည်၊ ပန်းသည်လည်းသာမန် အားဖြင့် မွှေးကြိုင်သော သဘာဝရှိ၍ သဘောကျစရာဖြစ်၏ဟု မှတ်တတ်ကြသည်။ မိဘဆရာသမားတို့သည်၊ တပည့်သားမြေးများ လာရောက် ကန်တော့ကြသည်ကို မြင်သောအခါ၊ တပည့်သားမြေးတို့အား ရေကဲ့သို့အေးပါစေ၊ ပန်းကဲ့သို့မွှေးပါစေဟု ဆုပေးတတ်ကြသည် မဟုတ်ပါလော။ ထိုအခါ မိဘဆရာသမားတို့ အဖို့မှာ၊ တပည့်သားမြေးများသည် သဘောကျအပ်သော သူများသာဖြစ်ရာ၊ ထိုတပည့် သားမြေးများကို၊ မိမိတို့ သဘောကျခဲ့ဘူးကြောင်းဖြစ်သော ရေ၏သဘာဝ၊ ပန်း၏သဘာဝတို့နှင့် နိုင်းခိုင်း၍ ဆုပေးလိုက်ခြင်းဖြစ်သည်ဟု ယူသင့်သည်၊ ဤတွင် မိဘဆရာသမားတို့သည်၊ "ချမ်းသာရွှင်လန်းကြပါစေ" ဟုသာ ဆိုလျှင်၊ ထိုအဆိုအမိန့်၌ အနက် သာမန်မျှသာ ပါနိုင်သည်။ ရေနှင့်နိုင်းခိုင်း၍၊ "ရေကဲ့သို့"ဟု၎င်း၊ ပန်းနှင့်နိုင်းခိုင်း၍၊ "ပန်းကဲ့သို့" ဟု၎င်း ဆိုလိုက်သော အခါ၌မူကား၊ နားထောင်ကြားသူသည် သူ့စိတ်၌ အေးမြသောရေကို ထိတွေ့လိုက်ရသယောင်ယောင်၊ မွှေးကြိုင်လန်းဆန်း

www.kelasa.org



သော ပန်း၏ရနံ့ကို ရှူရှိုက်လိုက်ရသယောင်ယောင် ဖြစ်နိုင်၍ နှစ်သက်ခြင်း ဖြစ်ဖွယ်ရှိသည်။ ထိုအခါ ယခင် အနက် သာမန်သည် ထူးခြားဆန်းကြယ်လာသည်ဟု ဆိုသင့်သည်။ ထိုသို့ ထူးခြားဆန်းကြယ်လာခြင်းသည် အဘယ့်ကြောင့်နည်း၊ နိုင်းခိုင်းသောနည်းဖြင့် အနက်ကို တန်ဆာဆင်လိုက်ခြင်းကြောင့် ဖြစ်သည်ဟု၊ ဒါ ဥပမာအလင်္ကာကြောင့်ဖြစ်သည်ဟု ဆိုရသည်။ ထို့ကြောင့် ဥပမာအလင်္ကာဟု ဆိုရာ၌၊ အရာတခုအကြောင်းကို ဆိုသောအခါ၊ သဘာဝတူရှိသည်ဟု ထင်သော အခြားအရာတခုနှင့် နိုင်းခိုင်း၍ ဆိုခြင်းဖြစ်သည်ဟု ယူရသည်၊ ထို့ပြင် ထိုသို့ဆိုရာတွင်၊ ကဲ့သို့၊သို့၊ နှယ်၊ လို၊ သဖွယ်၊ အလား၊ မခြား၊ နှင်းနှင်း စသောအနိုင်းပြ ပုဒ်တို့ ပါတတ်သည်ကိုလည်း၊ သတိပြုရသည်။ ထိုပုဒ်တို့ကို ဥပမာဇောတက ဟု အလင်္ကာကျမ်း၌ ခေါ်သည်။

စာဆိုကောင်းသည် သဘာဝကို မြင်တတ် ကြားတတ်သူလည်း ဖြစ်သည်၊ အမြင်အကြားကို အကြောင်းပြု၍ အာရုံခံစားမှုကာဆင့် သိတတ်သူလည်း ဖြစ်သည်။ အသိကို အကြောင်းပြု၍ ဖန်တီး တတ်သူလည်း ဖြစ်သည်။ အနိုင်းအနိုင်း ပြုရာတွင် အပ်စပ်သည်၊ မအပ်စပ်သည်ကို ချိန်တတ်သူလည်း ဖြစ်သည်။ ထို့ကြောင့်သူ၏ ဥပမာအလင်္ကာတွင် အမြင်ထူး၊ အကြားထူးလည်း ပါမည်။ အသိထူးလည်း ပါမည်၊ ဖန်တီးမှု အထူးလည်း ပါမည်။ အပ်စပ်ခြင်းလည်း ရှိမည်ဖြစ်လျှင် ထိုဥပမာ အလင်္ကာသည် ထက်မြက်သည်ဟု၊ ဝါ၊ ဆန်းကြယ်သည်ဟု ဆိုနိုင်သည်။ ဥပမာအလင်္ကာ အချို့သည် အသုံးခံရဖန်များခဲ့သဖြင့် ထုံထိုင်းနေတတ်ကြသည်။ သူ့မျက်နှာသည် လပြည့်ဝန်းကဲ့သို့ တင့်တယ်၏ ဟူသော နိုင်းခိုင်းပုံသည် ရိုးလှပြီဟု ထင်သည်၊ ဥမ္မာဒန္တီပျို့တွင် ဥပမာအလင်္ကာ အများအပြား ပါသည်ဖြစ်ရာ အရိုးနှင့်အဆန်းတို့ကို ခွဲခြား၍ လေ့လာကြရန်ဖြစ်သည်။ လေ့လာကြရာတွင် သဘာဝ အမြင်ထူးသော်၎င်း၊ သဘာဝ အကြားထူးသော်၎င်း၊ ပါမပါ၊ သဘာဝ အသိထူး ပါမပါ၊ ဖန်တီးမှု

အထူးပါမပါ၊ အဝ်စပ်ခြင်းရှိမရှိတို့ကို လေ့လာ၍ အဆုံးအဖြတ်ပေးနိုင်ရန် အားထုတ်သင့်ကြသည်။ အောက်ပါတို့ကို အစမ်းလေ့လာကြည့်ကြပါ။

အပိုဒ် ၁–တွင် ဥမ္မာဒန္တီဇာတ်ကို မြတ်စွာဘုရား ဟောတော်မူသည်ကို "ရေနှင့်ကြာနှယ် သင်းသင်းတည်း။"ဟု ဆိုခဲ့သည်။

အပိုဒ် ၂–တွင် သီဝိမင်းကြီးသည် မိမိ၏သားတော်အား သိဝိမင်းဟု ပင် အမည်ပေးသည်ကို "ရွှေနှင့်မြနှယ် ဝင်းဝင်းတည်း။"ဟုဆိုခဲ့သည်။

အပိုဒ် ၁၂–တွင် ပုဏ္ဏားတို့ကို ညွှတ်ခံနေခိုက် ဥမ္မာဒန္တီ ထွက်လာ သည်ကို "ကြေးမုံမှန်ဝ၊ နေရောင်ပြသို့"ဟု ဆိုခဲ့သည်။

အပိုဒ် ၁၄–တွင် သီဝိမင်း မြို့ကိုလှည့်ရန် ရထားစီး၍ ထွက်လာ သည်ကို "ဝေဿဝဏ၊ ဤန္ဒနတ်မင်း၊ ဆက်လာဘိသို့"ဟု ဆိုခဲ့သည်။

အပိုဒ် ၁၇–တွင် မြို့အလှည့် ထွက်လာသော သီဝိမင်းကို ပြည်သူတို့ ဖူးမြော်ကြသည်ကို "နေသွားရာကို၊ နေကြာတွေ၊ လှည့်ကာမူသို့"ဟု ဆိုခဲ့သည်။

(ခ) ရူပကအလင်္ကာသည်လည်း အခြေခံအားဖြင့် ဥပမာအလင်္ကာ ကဲ့သို့ နှိုင်းခိုင်းခြင်းပင် ဖြစ်သည်။ သို့ရာတွင် ဥပမာအလင်္ကာကဲ့သို့ တိုက်ရိုက်နှိုင်းရိုင်း ရှိုးခြင်းမဟုတ်၊ အရာတခု အကြောင်းကို ဆိုသော အခါ သဘာဝတူရှိသည်ဟု ထင်သောအခြားအရာတခုနှင့် ထပ်တူပြု၍ ဆိုခြင်းဖြစ်သည်။ ထပ်တူပြု၍ ဆိုခြင်းဖြစ်သောကြောင့် ကဲ့သို့ စသော အနှိုင်းပြ ပစ္စည်းမပါတော့ချေ။ အနှိုင်းပြပစ္စည်း မပါသော်သည်း မြင် ယောင်ယောင်၊ ကြား ယောင် ယောင် ဖြစ်အောင် ပြုရာတွင် ဥပမာ အလင်္ကာထက် ပို၍ထက်မြက်သည်ဟု ဆိုကြသည်။ အရိပ်အမြည် ပြရုံဖြင့် အကောင် ထင်စေတတ်သောနည်း ဖြစ်သည်ဟု ဆိုသင့်သည်။ သူ့မျက် နှာသည် လပြည့်ဝန်း ကဲ့သို့ တင့်တယ်၏ဟု ဆိုမည့် အစား "ကဲ့သို့" ကို ဖြုတ်၍ သူ့မျက်နှာသည် လပြည့်ဝန်းတည်းဟု သော်ရင်း၊ သူ့ မျက်နှာလဝန်းဟုသော်ရင်း ဆိုသောဆိုနည်းဖြစ်သည်။ ရူပကအလင်္ကာ



နှံလည်း ဥပမာအလင်္ကာမှာ ကဲ့သို့ပင် အရိုးနှင့်အဆန်းတို့ကို ခွဲခြား၍ လေ့လာကြရန် ဖြစ်သည်။ လေ့လာကြရာတွင် သဘာဝအမြင် ထူးသော် ရင်း၊ သဘာဝအကြားထူးသော်ရင်း ပါမပါ၊ သဘာဝအသိထူး ပါမပါ၊ ဖန်တီးမှု အထူး ပါမပါ၊ အဝ်စပ်ခြင်းရှိမရှိတို့ကို လေ့လာ၍ အဆုံးအဖြတ် ပေးနိုင်ရန် အားထုတ် သင့်ကြသည်။ ဥမ္မာဒန္တီပျို့တွင် ရူပကအလင်္ကာ တို့သည် ဥပမာအလင်္ကာ တို့လောက် မများချေ။ အောက်ပါတို့ကို အစမ်း လေ့လာကြည့်ကြပါ။

အပိုဒ် ၁၅ တွင် မြခေသ့်ဆီသည် သိင်္ဂီရွှေခွက် ၌သာ တည်သည် ဟူသော ဆိုရိုးစကားကို အကြောင်းပြုလျက် စာဆိုသည် သီဝိမင်းကို ခြင်္သေ့ဆီနှင့်ရင်း၊ ဥမ္မာဒန္တီကို သိင်္ဂီရွှေခွက်နှင့်ရင်း ထပ်တူပြုလိုသဖြင့် "စောရဲ့ဘန်းဟေ့။ ရှေ့ရှုမှုသည်။ ခြင်္သေ့ဆီပက်၊ မှန်ပါလျက်နှင့်။ ရွှေခွက်သိင်္ဂီ၊ မယ်ဒန္တီကို"ဟု ဆိုခဲ့သည်။

အပိုဒ် ၂၉ တွင် အချစ်မေတ္တာကို အဆုံးအခွောင်နှင့် ထပ်တူပြုလို သဖြင့် "မျက်စိတည့်တည့်။ ကြည့်သော့ဒါဝယ်။ မျက်လုံးနယ်နှင့်။ ရွှေသွယ်ရှုရုံ။ သူရယ်ပြုံးသည်၊ ချစ်တုံးမြှားလေသလော၊"ဟု ဆိုခဲ့သည်။

အပိုဒ် ၆၄ တွင် အမုန်းစိတ်ဖြစ်လာကြမည်ကို သစ်ပင်စိုက်ခြင်းနှင့် ထပ်တူပြုလိုသဖြင့် "မုန်းပင်စိုက်ကာ။ ထိုသူမှာ၌၊ မကြာမျက်မှောက်။ သေအေးရောက်လျက်"ဟု ဆိုခဲ့သည်။

ဥမ္မာဒန္တီပျို့ကို လေ့လာကြရာတွင် ဆင်ခြင်အပ်သော ဇာတ်သမိုင်း ဆိုင်ရာ အပြောက်အမှန်း၊ ဇာတ်လိုက်ဆိုင်ရာ အပြောက်အမှန်း၊ ကာလ ဒေသဆိုင်ရာ အပြောက်အမှန်း တို့ကိုင်း၊ သက်ဆိုင်ရာ သင်္ချိုင်းကော်ရ၊ အဘွာ လင်္ကာရတို့ကိုင်း ပုံစံအဖြစ်ဖြင့် ဆိုခဲ့ပြီ၊ စာသင်သားတို့သည် ဓက်ဆစ်အမြေ၏ အကူအညီဖြင့် ပျို့ကို ဖတ်ရှု၍ နှစ်သက်ခြင်း (ရသ) ဖြစ်စေ၍၊ ပတ်ဝန်းကျင်လောကကို မြင်တတ် ကြားတတ် သတိပြုတတ် အောင်၊ ဥာဏ်ရင့်သန်အောင် အားထုတ်ကြပါကုန်။ ။

# ဥမ္မာဒန္တီပျို့

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၁

မင်္ဂလာဗျာဒိတ်။ အောင်နိမိတ်ဖြင့်။ ဘိသိက် ကြက်သရေ။ ရွှန်းရွှန်းဝေလျက်။ ရွှေပလ္လင်ထိပ်။ မြညောင်ရိပ်တွင်။ မာရ်နှိပ်ဇေယျာ။ ငါးကြိမ်ဖြာ၍။ သစ္စာငှုရင့်။ လေးခိုင်ပွင့်သော်။ အောက်နှင့်အထက်။ ဘဝဂ်ဝိစိ။ နို့သိသတင်း။ တေဇော်မြင်းလျက်။ ထုတ်ချင်းစကြဝဠာ။ ဟင်းလင်းသာတိ။ ဗြဟ္မာနတ်ရမ့်။ ပဲ့ထင်ထပ်မျှ။ ဖးအလပ်မတည်။ ကျော်စောလည်၍။ သုံးမည်လူနတ်။ ရှိခိုးညွတ်သည်။ အထွတ်မုန်ကင်း။ တရားမင်းကား။ သောင်းတွင်းသပြေ။ မြေအလယ်ပိုင်း။ တိုင်းကောသလ။ နာမတွင်ဖိ။ သာဝတ္ထိမည်။ လွန်ပြောစည်သား။ ရွှေပြည်သာခေါင်။ ရွှေမြို့တောင်ဝယ်။ ရွှေရောင်ဝင်းဝင်း။ ရွှေရိပ်လင်းလျက်။ မုန်ကင်းတုရင်။ မွှမ်းဖြင့်သီးသီး။ ရှုမငြီးသည်။ ကျောင်းကြီးမြတ်မွန်။ ဇေတဝန်၌။ ဗိမာန်တာရာ။ ကြယ်တာကာနှင့်။ သော်တာရွှေလ။ နှိုင်းမမျှအောင်။ ထွန်းပသော့နှယ်။ သဏ္ဍာလယ်တွင်။ ထက်ဝယ်ဖွဲ့ခွေ။ ရောင်ခြောက်တွေလည်း။ ညိုရွှေနီစက်။ တခဲနက်ဖြင့်။ ပြိုးပြက်ဖြူရောင်။ မုနေဆောင်၍။ အခေါင်တင့်တယ်။ ရှုမောဖွယ်နှင့်။ သပ္ပါယ်လှစွာ။ စံပယ်ခါဝယ်။ ကလျာဉ္ဇပ။ မိန်းမလှကို။ လမ်းမှမြင်မိ။ တပ်စိပ်ငြိသော်။

ဗိုလ်



www.kelasa.org

ဝိရိယလွှတ်။ ကျင့်ဝတ်ကမ္မဋ္ဌာန်း။ ဝီးဖြန်းလက်လျော့။ နှလုံး
ပေါ်၍။ မျော့တော့ဘိန်ခြောက်။ ရောဂါရောက်လျှင်။
စိတ်နောက်သောအား။ လုစိတ်ပါးလျက်။ ဘုရားမြတ်စွာ။
သာသနာတွင်။ ဆန့်ကျင်ညှိုးမြှန်။ မရှုင်လန်းသား။ ရဟန်း
တပါး။ ဖြစ်ကြောင်းလေ့ဘးကို။ စကားစပ်မှု။ အလျဉ်းမြှု၍။
ဗန္ဓုပရမေ။ သုံးလူဆွေလျှင်။ နိဒေဝသန။ စသည်ဂါထာ။ အသဒိ
လာသော။ ဥမ္မာဒန္တီ။ ဇာတ်သိင်္ဂီကို။ ဝန်းညီသတ်ာ။ ရှိသေ
စွာနှင့်။ ပန်ထွာတာရု။ နာစေရှု၍။ ခရုသင်းစစ်။ လက်ယာရစ်မှု။
ပွတ်သစ်ရောင့်နွယ်။ သွားတော်ဝယ်လည်း။ လေးဆယ်လုံးသီ။
ပုလဲသီသို့။ စိန်စီရွှေကြုတ်။ သိင်္ဂီမုတ်က။ ထုတ်ဖော်သဖြင့်။
နှုတ်တော်ဖွင့်သည်။ ။ရေနှင့်ကြာနွယ် သင်းသင်းတည်း။

၂

ကာမဘာဝ။ ပဋိသန္ဓေ။ မာနဒိဋ္ဌိ။ အစရှိသော။ ညစ်ကျုံ့
ဆယ်စဉ့်*။ သံယောဇဉ်*ကို။ ယှာဉ်လက္ခဏာ။ စကြာသုံမြင်။
စိန်သန်လျက်ဖြင့်။ ခုတ်ဖျက်ပယ်တွင်။ ရှင်းရှင်းစင်သည်။ မြတ်
သည်္ဗမျှား။ တပည့်သားတို့။ ရှည်လျားကာလ။ ရှေးဘဝ၌။
မိန်းမသိရှိ။ လှခေါင်ထိကို။ မြင်မိရာတွင်။ တပ်စိတ်ဝင်၍။ မရှင်
ညှိုးမြှန်း။ ဉာဏ်ရဟန်းသို့။ ပင်ပန်းစွာလှ။ ဥမ္မတ္တဖြင့်။ ငါမှရောဂါ။
ဖြစ်ခြင်းရာကို။ နာလေ့စေရေ။ အတိတော်၌။ သပြေမြိုင်။
ဇမ္ဗူဒိပ်တွင်။ တံဆိပ်ခတ်ပိုင်း။ ရွှေသမိုင်းနှင့်။ တိုင်းကားသိဗိ။
နှံ့သိကြော်ကြား။ စည်ပင်သာလျှင်။ ကျေးရွာခိုင်။ နိုင်ငံ
များတွေ။ ထိမ်ခြေပြည့်သိပ်။ ပွဲဆိုင်ရှေးနား။ လယ်ယာ

www.kelasa.org



ကန်ချောင်း*။ ဘုရားကျောင်း*နှင့်။ လမ်းကြောင်း*စရပ်။
မစ္ဆာပ်သဘင်။ တွင်းပြင်ပတ်လည်။ ကုန်သည်ရောင်းဝယ်။
သူကြွယ်သဌေး။ နှယ်ရှေးစည်လျှောက်။ ရွှေငွေကျောက်လည်း။
လောက်လောက်လုံလုံ။ ထည်မျိုးစုံမှု။ တောင်ပုံမြင့်ပျား။
လွန်ပေါ်များ၍။ ဝတ်စားတန်းဆာ။ လိုရာမတာ။ သာမော
လှသား။ အရိဋ္ဌမည်။ ထိုရွှေပြည်ကို။ ဆယ်ရည်နက်စုံ။ ရာဇဓမ်နှင့်။
တရုံမယွင်း။ သိဝိမင်းသည်။ သတင်းနံ့ကျော်။ မင်းပြု
သော်တည်း။ ထိုရော်ကာလ။ တောင်နန်းမတွင်။ ဘုရား
အလောင်း။ သူတော်ကောင်းလျှင်။ ကိန်းအောင်းပျော်မွေ့။
ဆယ်လစေ့သော်။ ချမ်းမြေ့သာယာ။ ဖွားမြင်ခါဝယ်။ မင်းလျာ
ဇာတိ။ သားတုန်းရှိကို။ သိဝိမည်ပင်။ မွေးဘခင်လည်း။
တိုင်းနွှင်ပတ်ရံ။ စိုးစိမ့်ကြံ၍။ နာမံထပ်ဆင့်။ ရာခံမြင့်သည်။ ။
ရွှေနှင့်မြနွယ် ဝင်းဝင်းတည်း။

၃

အရိဋ္ဌပုရ။ တွင်နာမနှင့်။ ဌာနသာစည်။ မင်းနေပြည်ကို။
ပတ်လည်သီဒါ။ ဝန်းရံကာသို့။ ဘေးလာရန်ဆီး။ စစ်သူကြီးဟု။
ဝေနီးကျော်ကြား*။ အမတ်အားလည်း။ ယောကျ်ား*ဇာတိ။
ဖွားသည်ရှိသော်။ အဘိပါရက။ နာမမည်ပင်။ မှည့်ခေါ်တွင်၏။
တိုင်းရှင် ပိုင်ကား*။ မင်းကြီး သားနှင့်။ စကား* ကူးသန်း။
ချစ်ရည်စွန်းလျက်။ ခင်ပွန်း မိတ်ဆွေ။ ဖြစ်ကြလေက။ နှစ်ရေ
သက်ရောက်*။ တဆဲ့ခြောက်တွင်။ နှစ်ယောက်*တူပင်။ အတတ်
သင်ဖို့။ ဘခင်တို့အား။ ပန်ကြား၍သော်။ နောက်ပါခေါ် လျက်။

ပြည်ကျော်နဂိုရ်။ တက္ကသိုလ်ဝယ်။ လူဗိုလ်သင့်ရာ။ သွားလေပါ၍။ ဒိသာပါမောက်*။ ဆရာမှောက်*သို့။ ရောက်လတ်သော့ခါ။ တဆရာတည်း။ ဆရာနည်းကို။ ကပ်ဆည်းရှိညွတ်။ သင်ကြမှတ်၏။ အတတ်ပညာ။ ရသောခါ၌။ ဆရာထံမှ။ ပြန်ခဲ့ကြသော်။ မိဘတို့အား။ တတ်ကြောင်း များကို။ ဖော်ကြားပြက။ အားပါးရ၍။ အဘကိုယ်စား။ မင်းမြှောက်ထားလျှင်။ ပြည်သား ပြည်သူ။ ဆုယူ မဆိတ်*။ ကြည်ဖြူ စိတ်*ကြောင့်။ ဘိသိက် ကျူးရင့်။ ရိပ်ဖြူ ဆင့်သည် ။ ။ နေနှင့်လနှယ် လင်းလင်းတည်း။

၄

ရွှေပြည်ပူရ။ အရိုင္ခ၌။ ပြင်ပရန်မီး။ ကာရံဆီးသား။ မြို့ကြီးဆိုင်းဆိုင်း။ ထန်းပြိုင်းပြိုင်းတည့်။ တန်တိုင်းခြံ့ ခြံ့*။ ခိုင်ကြံ့ကြံ့* ထက်။ ခံ့ခံ့မောက်မို။ သူရဲးခိုသည်။ လူဗိုလ်ကွယ်လောက်။ လက်နက်ပေါက်နှင့်။ အမြောက် ရထား။ ဆွဲးသွားနိုင်အောင်။ မြို့ထိပ်ခေါင်ဝယ်။ လွဲးရှောင်စရာ။ ခန့်တာကျယ်ဝေး။ သူရဲးပြေးမှ။ ဖွေးဖွေးရောင်လက်။ တံခါးထက်တွင်။ သုံးဆက်မြင့်ဖြိုး။ လည်ပေါ် မိုးလျက်။ ပြအိုးတန်ဆောင်း။ မတင့်တောင်းတည့်။ ကျုံးမြောင်းနက်ကျယ်*။ မြို့ပြင်ဝယ်မူ။ ဆန်းကြယ်*စီရင်။ တုံးခမောင်းတင်လျက်။ မြင်းဆင်ကတုတ်။ ခြောင့်ခလုတ်လည်း။ နုတ်ခိုက်ကိုပင်။ ခုတ်လိုက်နှင်လိမ့်။ ပစ္စင်ပြင်နား။ မြင်းရထားနှင့်။ တံခါးရွက်ပြိုင်။ တုရိုင်တိုင်ကား။ ပေါက်ခိုင်တံစို။ အစွယ်တိုနှင့်။ မုန်ယိုတန်မဲ့။ အားကုန်နှဲ့လည်း။

www.kelasa.org



တိမ်းငဲ့စောင်းပင်း။ မရှိလျှင်းတည့်။ ပြည်တွင်း၌မှာ။ရတနာမျိုး။ ရှာတည့်မိုးသို့။ အဖိုးထိုက်စွာ။ ရေကန်ကြာနှင့်။ အစာအစား။ ကျီစဲ့ထား၍။ လေးပါးစစ်အင်။ ပြည့်စုံလင်လျက်။ မြင်းဆင်ရထား။ ခြေသည်များလည်း။ ပြည်သားအိမ်ခြေ*။ လက်နက်စေတနှင့်။ ဗိုလ်ခြေ*ဝှန်ချောက်*။ မြဲးစောင့်ရှောက်၍။ အင်ခြောက်*မည်ထူး။ တံခါးမှူးမှ။ ကျေးဇူးမြင့်ကြွယ်။ မှူးကြီးငယ်၌။ ရည်ရွယ်ဆုံးဖြတ်။ စီရင်တတ်သား။ အမတ်ခေါင်ထိ။ ပညာရှိနှင့်။ ပြည်ကြီးတန်ဆောင်။ ထွတ်မင်းခေါင်တွင်။ ပြည်ထောင်ဖက်ချင်း။ မိတ်ဆွေမင်းမူ။ အခင်းရှိခါ။ ကိုယ့်တွက်တာသို့။ ညီညာဆောင်ပို့။ အင်မချို၍။ မြင်းမိုရ့် အောက်ဝယ်။ စုံလောက်ပတ္တမြား*။ သုံးလုံးကြားက။ နတ်များ*ရန်စစ်။ လာသည်ဖြစ်လည်း။ ကသစ်ဘုန်းခေါင်။ ပြိုင်တိုင်းအောင်သို့။ မြှောင်မြှေပေါ်။ ဖက်မမြော်၍။ ဇေယော်ထပ်ဆင့်။ ဝေရော်လွှင့်သည်။ ။ မြေနှင့်ဖဘုးနှယ် စင်းစင်းတည်း။

၅

ပြည်ကြီးအင်္ဂါ။ ပြည့်စုံစွာထွင်။ သဒ္ဓါသီလ။ သုတာစာဂါ။ ပညာဟိရိ။ ဩတ္တပ်ရှိသည်။ သိဝိတိုင်းသူ။ လူတို့မူလည်း။ မြတ်ယူဖြောင့်ဖြောင့်။ တရားစောင့်သား။ မင်းကောင့်းလက်ထက်*။ ဩဇာတက်*သည်။ နှယ်မြက်ဆေးဖော်။ နိုင်ငံတော်၌။ ကြုံသော်ဖြစ်၍။ စိတ်ချမ်းမြေ့နှင့်။ ပျော်မွေ့လှစွာ။ ဥပမာကား။ ရောဂါဥပဒ်။ ဘေးမဲ့လွတ်လျက်။ အဝတ်အစား။ သားမယားက။ ဆွေဝါးမချို။ ချစ်သူတို့နှင့်။ နှစ်လို့တုံတုံ။ မိုးနေလုံသည်။

ရိပ်မြို့ကောင်းလှကျက်။ ကိုယ့်အိမ်ထက်တွင်။ နှစ်သက်သာယာ။
နေရာပါသို့။ သဏ္ဍာဝါဘွား။ ချမ်းသာပွားလျှင်။ မြတ်ဖျားအထွတ်။
သုံးပါးဂုဏ်ကို။ မချွတ်မလွဲ။ သဒ္ဓါကဲ၍။ ပြည်ထဲပြည်ပ။
စိုက်ရံသည်။ မြို့ပြရွာကျေး*။ တုတ်ခွန်ရေးလည်း။ ငွေကြေး*
အလှူ။ မလှူခံစေရ။ ထုံးစံကျ၍။ ချမ်းမြေ့ငြိမ့်။ ထိုးနှယ်
စိမ့်သော်။ သိမ့်သိမ့်လိုက်ကျော်။ နိုင်ငံတော်သို့။ ချမ်းခေါ်
ခသာဓုတ။ ဆောက်လုပ်မှုလည်း။ ပြည်သူပြည်သား။ လွန်မျော်
ပါ။လျက်။ ပြန်သွားမရှိ။ ချုပ်ကိုင်ဖို့သို့။ ဘုမ်ပါလ။ မြတ်မေ့
ကြောင့်။ ဂြိုဟ်တာရ။ လမ်းပြောင့်သာလျှင်။ ဝါတ်ာဒေဝ။
မယိန္ဒလည်း။ ကာလချိန်တန်။ ရွာသွန်းဟန်ကြောင့်။ မန်းမန်
သစ်သီး။ ခိုင်လုံးဖြိုးလျက်။ ကောက်ကြီးမှုရင်း။ မသိမ်ဖျင်းပီ။
ဟင်းသီးဟင်းရွက်။ သြဇာတက်က။ ပျားမြက်ချိ၍။ သမင်
မှဲ့သို့။ အရှေ့အနောက်။ တောင်နှင့်မြောက်မှ။ ထက်အောက်
ညာကြ*။ လူမျိုးတော့လည်း။ မကျေ*ပြောပ။ နိုင့်ကြလျှင်။
အရိဋ္ဌနန်လိုင်း။ သီဝိတိုင်းဟု။ သမိုင်းမည်ညွှန်း။ ဇမ္ဗူကျွန်းတွင်။
ပေါ်ထွန်းသပြင့်။ မော်ကွန်းပွင့်သည် ။ ။ ပေနှင့်စာနှယ်
ကွန်းကွင်းတည်း။

၆

နက်သန်ဘုမ်။ တိုင်းသိရိတွင်။ သိဝိမင်းဖျား။ စောတရား၏။
သားတော်သိဝိ။ မင်းဖြစ်ပီသော်။ စစ်သူကြီးသား။ မပြားတူကူ။
ပေါင်းသက်ကြသည်။ ငယ်ကကျွမ်းကျင်။ မေတ္တာဝင်လျက်။
ချစ်ခင်စွာပီ*။ ပညာရှိသား။ အဘိ*ပါရက။ နာမကျော်ကြား*။

www.kelasa.org



ဆိုမေသာကျြား*ကို။ တိုင်းကားအုပ်ပြီး။ စစ်သူကြီးဟု။ ဓာဝနိုး
သီအောင်။ ခန့်ပြီးနောင်ထယ်။ ယှဉ်ခေါင်ဆယ်ဆင့်။ ထိုးစော်ချင့်*၍။
မင်းကျင့်*မကွာ။ မင်းပြုခါ၌။ တရားတွင်းပ။ နေနှင့်လမှ။
စသည်ဂြိုဟ်မြတ်။ ရှစ်ပါးနက်တို့။ နက္ခတ်စဉ်စီ။ သတ္တမီတွင်။
ရှေ့ဟက်မြောက်။ လမ်းမကောက်လျက်။ မျောက်ဆိပ်
တောင်ဝယ်။ အလယ်တည့်လှ။ လမ်းဦးကျအောင်။ ဥဘာ
အာနန်းချိန်။ ရထားဆိုန်းသည်။ ရှိန်းသမ်းကြောင်း။ ကြည့်၍
မောင်းသို့။ မစောင်းမတိမ်း။ မယိမ်းမပါး။ ရှေ့သွားနောက်ပြန်။
မပြန်မဆန်။ မပြေးမရပ်။ လွတ်လပ်တိုက်*။ နှိုင်ယ*နှင့်။ မကျွ
မျှလွှာ။ သိဟာစာဟု။ မှန်စွာမနွှား။ ပြောင့်ပြောင့်သွားသော်။
မိုးကာသမပင့်။ လုပ်ချိန်သင့်တွင်။ လယ်နှင့်ယာလျှောက်။
အဆောက်သင့်စွာ။ တော်အောင်ရှာ၏။ သြဇာမြေထက်*။
ပေါ်ဆီတက်*၍။ ချိုမြက်လှစွာ။ အရသာနှင့်။ အစာပေါ။
သန်ရေများကား။ မပွားညှိုင်ဂုဏ်။ ဖြိုးကျေးလက်၌။ သူပျက်
သူဆောင်။ မဝင်ရှောင်လျှင်။ အနောင်မထား။ ထောင်တန်း
အားလျက်။ မိုးသားမုတိမ်း။ စစ်မက်ငြိမ်း၍။ ဆယ်သိမ်းအောင်ရ။
ပေါ်များသုံ့သော်။ ကြည်ယံမေတ္တာ*။ စေတနာနှင့်။ သဒ္ဓါ*
ယူ၏။ အလှူရုံးသည်။ ။ပြည်ထဲသာယောင့် သာယာတည်း။

၇

ဝိဒေဟာဟု။ ရှုမည်ရှိ။ ပြည်မိခိဋ္ဌ။ နေမိမင်းမျိုး။ မဃ္ဃဒိုးမှ။
လမ်းရိုးမပျက်။ အဆက်ဆက်ဖြင့်။ တောထွက်ကျင့်ကောင်း။
စဉ်မပြောင်းသို့။ တသောင်းကျော်ဟိုး။ သိဝိမျိုးလည်း။

ဘေးဘိုးစဉ်လာ။ မင်းတကာပင်။ သဒ္ဓါသီလ။ ဒါနများစည်။
စာဂတည်၏။ ပြည်သူပြည်သား။ လူအများလည်း။ နွားလား
ဥဿဘ။ လမ်းဖြောင့်ကြွလျှင်။ နောက်ကပါသား။ ထိုနွား
များလည်း။ စဉ်လျားစိုက်စိုက်။ လမ်းဖြောင့်လိုက်သို့။ လူ့ဌ
ဝင်စစ်။ မကိုဋ်ဖြစ်သား။ သီဝိရာဇ်မင်း။ စောင့်ထိန်းခြင်းကြောင့်။
သတင်းနှစ်ခိုက်။ သုစရိုက်ကို။ ကိုယ်၌လက်စွဲ။ ကျင့်ဝတ်
မြဲးလျှင်။ ပြည်ထဲပြည်ပ။ ရှိသမျှ၌။ ရသဩဇာ။ လေးနက်
စွာကြောင့်။ ရောဂါမယှဉ်။ မှုခင်းကြဉ်လျက်။ ဝိညာဉ်
ရှည်လျား။ ရှိကြငြားသော်။ သမားကင်းဝေး။ ရွှေနေမရှိ။ ဓမ္မိ
ပိုင်စိုး*။ မူးမတ်မျိုးလည်း။ တန်ဆိုး*မစား။ ပစ်သည်မြားသို့။
တရားမတိမ်း။ ဧးဧးငြိမ်းလျှင်။ ခပ်သိမ်းပြည်သူ။ တောင်းဆု
ယူနှင့်။ ဗိုလ်လူများစွာ။ သတ္တဝါတို့။ နတ်ရွာလမ်းတွင်။ လျှုဒါန်း
ရှင်၍။ သဘင်ခံမြဲး။ ညံမစဲသည်။ ။စည်နှဲနှာသောင့်
နာသာတည်း။

၈

ပြည်ရေးပြည်ရာ*။ အဖြာဖြာတွင်။ ကြောင်းရာ*ရှိမူ။ နသာ
ရကို။ မပြုဖဲးကြဉ်။ ခုနစ်စဉ်လည်း။ မယှဉ်လုဘောင်။ မလောင်
ဒီသာ။ ဥက္ကာပြောင်ပျံ။ ငှက်သံစိနည်း။ တော်လည်းသကြိန်။
အဝမာန်နှင့်။ ပြိုင်ဟန်မလဲ့။ ဒိန်နက်သဲးတည့်။ နီရဲးတိမ်ထပ်။
ကြက်ခွပ်လျှပ်ပြက်။ ကိတ်ထွက်အမျိုး။ အခိုးတမ်းခွန်။ မညွန်
မပြု။ အာကာသ၌။ ဋ္ဌရုံသာ။ မြေလျှပ်မှာလည်း။ အင်္ဂါစနေ။
မြေနှင့်လိပ်ရှပ်။ မလှုပ်မရှက်။ ဆင်ဝက်တွင်သာ။ နေ့ငါးပြာ၌။

www.kelasa.org



ဘုမာနိမိတ်။ အတိတ်လုံးစုံ။ အကြောင်းကြုံ၍။ တောချုံ
မိုင်ကြား*။ ချောင်းနေစားသည်။ သစ်ကျား*ခြသေ့။
တရွှေရွှေဖြင့်။ ရွှေကြလွှတ်ကြောင်း*။ မြေအပေါင်းနှင့်။
မိကျောင်း*ငါးမန်း။ မကာန်းလိပ်ကျောက်*။ အဆိပ်ရောက်သား။
လူကြောက်*များစွ။ ကြမ်းကြုတ်လှသည်။ စက္ခုပါတ္တိ။ အဘာ
မိဂ။ ကုက္ကုရမှ။ စသည်သတ္တဝါ။ နတ်မိစ္ဆာကို။ သမာနတ်တို့။
လွှင့်လိုက်ပို့၍။ ရွှေမှိုရွှေပြည်။ ဝပြောစည်လျက်။ ပတ်လည်
အုတ်ကျုက်*။ ရွှာချင်းဆက်မျှ။ ကြက်*ပျံမကျ။ သာမော
လှသား။ မြို့ပြကျေးရွာ။ ဘေးမျိုးကွာ၍။ အစာအစား။
ပေါများသောတွက်။ ကျီးနှင့်ကြက်လည်း။ ဆင်းတက်နွဲးဖင့်*။
အိပ်တန်းပင့်*ထက်။ နေမြင့်နေမြင့်။ သိုက်ထဲးတွင်၌။ ချစ်ခင်
မြူပွဲး။ ရင့်ရှုန်းသည်။ ။ကြည်ကွဲးစာနောင့် စာနာတည်း။

၉

ပြည်လေးမျက်နှာ။ စည်ပင်စွာသား။ မဟာနဂရ။ အရိဋ္ဌပုရ
နာမတွင်ဖိ။ တိုင်းသိရိ၌။ တိရိဋ္ဌိဝစ္ဆ။ မည်ရတွင်ပြီး။ သဋ္ဌေး
ကြီး၏။ သျှီးရတနာ။ လှကညာကို။ ဥမ္မာဒန္တီ။ ဘွဲ့သိဂ်ီနှင့်။
နတ်မှိုသဏ္ဍာန်။ လှပဟန်မူ။ နိုင်းရန်မပြု။ မိုးအောက်သူတွင်။
ဇမ္ဗူမင်းစံ။ ရွှေပွတ်ခံသို့။ ရှိးတံရှိးဆစ်။ ပြေပြစ်ချောမော။
မှကြောစိမ်းစိမ်း။ ရှိမ်းရှိမ်းစိုစို။ လှသည်ကိုယ်၌။ ရှိုက်ဖိုကြီးငယ်။
အသွယ်သွယ်မူ။ တင့်တယ်စေမူ။ သိကြားထုသို့။ ညှံ့နှသားရေ။
မြဆံကေလည်း။ ဖြေသော်ပြန်တက်*။ ဖနောင့်ထက်*ဝယ်။
ကျီးနက်တောင်ပံ။ ပီတုန်းပျံသို့။ ဖိတ်လျှံရောင်ခြည်*။ တလံ

ရှည်လျက်။ရိပ်ခြည်*မမှိန်။ရုပ်ရည်ထိန်၍။ဒေဝိန္ဒရ။သိကြာသို့။
စံသီးနှုတ်တူ။ မြင်သသူတို့။ လူပုထုဇန်။ ပုဂ္ဂိုလ်မှန်မူ။ လျှင်မြန်
ခုန်မြောက်*။ သေရည်သောက်သား။ မျောက်*ဆိ ပမာ။
ယောင်ငါးရာကြောင့်။ ကာယိန္ဒြေ။ မှိန်မသေပဲ။ လက်ခြေ
အာပေါင်။ ချွန်းတောင်ဥာဏ်ရိုင်။ မချိတ်နိုင်၍။ ထိုင်ယောင်
ထယောင်။ ကတောင်ကချောက်။ စိတ်နောက်ကိုယ်ပါ။ ကိုးရာ
မရ။ ရူးအောင်လှသား။ ပညာမှုကား။ အလှူအနည်း။ တထည်
တည်းမျှ။ ပစ္စည်းလည်းသန့်။ စိတ်မတွန့်ပဲ။ ပေးစွန့်ပေတတ်။
ပုဂ္ဂိုလ်မြတ်အား။ ရှိညွတ်ကြည်ညို။ ရှေးကုသိုလ်ကြောင့်။ နဂို
တိုင်းပင်။ မပြုပြင်လည်း။ မြင်သူမိန်းမှိုင်။ ထိန်းမနိုင်သည်။ ။
ယိမ်းယိုင်ဗျာပေါင့် ဗျာပါတည်း။

၁၀

ထိုရောအခါ။ စောဥမ္မာ၌။ ရောင်ဝါရူပ။ နှိုင်းမမျှအောင်။
အလှကျူးကျော်။ ကုသိုလ်ဖော်၍။ မိန့်တော်မျာဒိတ်။
အကြောင်းဟိတ်မူ။ အတိတ်ကာလ။ ဗာရာဏဝယ်။ ကဿပ
မြတ်စွာ။ သာသနာတွင်။ ဥမ္မာဒန္တီ။ မဖြစ်မီက။ ဤသည့်တဝ။
ဆင်းရဲလှ၍။ သူများနည်းသာ။ ဝတ်ချင်ပါလည်း။ သပြာ
ဝယ်ရန်။ မရှိဟန်ကြောင့်။ စောကျန်သုံးနှစ်။ ခံသည့်ဖြစ်မူ။
ကာသည်ရ၍။ မြစ်ကရေမိုး။ ချိုးမြသန့်စွာ။ ဝတ်မှိုင်ဝှာကို။
ဝမ်းသာသောထွေ။ ပြကာနေသော်။ စုံခြေမှိုင်နန်း။ တောဝယ်
မြန်းသည်။ ရဟန်းတပါး။ သင်္ကန်းများကို။ ခိုးသွားညှို့ငှက်။
မောသောပျက်တို့။ (သုလက်ငွေကြေး*။ သူမပေးလျက်။

www.kelasa.org



ကတ်ကျေး*နှင့်ကိုက်။ ဖြတ်လုလိုက်သို့။ တော၌ယူချွတ်။
ဖက်ကိုဝတ်၍။ လွှတ်လိုက်သောခါ။ လုရပ်လာလျှင်။ ဥမ္မာ
မယ်လျှ။ မြင်ကာလဉ်။ ရှေးကငါ့အား။ လှူမည့်ငြားရှ၍။ ရှားပါး
စွာလှ။ ခုတဝဟု။ ဒါနသံဝေ။ ဖြစ်တုံလေသော်။ စိတ်စေတနာ။
ရွှင်ထက်စွာလျက်။ နောင်ခါသည်လို့။ ဆင်းရဲကိုယ်နှင့်။ ငြိုငြင်
တောင့်တ။ မရှိရအောင်။ မြဇမ္ဗူရာဇ်။ ရွှေပွတ်သစ်ဝယ်။
လျှပ်စစ်နွယ်သို့။ နိကာယ်ခေါင်ဖျား။ ရောင်ခြည်ပွားရှ၍။
ယောကျ်ားတကာ*။ မြင်သောခါ*၌။ တည်ရာမရ။ ရူးမူး
ကြအောင်။ လှပလိုကြောင်း*။ ဆုယူတောင်းလျက်။
တောကျောင်း*ပျော်မြန်း။ ဤရဟန်းကို။ ဝတ်ပန်းပုဆိုး။
လှူသည်ကျိုးကြောင့်။ ထက်မိုးဘုံမှာ။ ဝတိံသာဝယ်။ စံကာ
တဆက်။နတ်ကသက်မှ။ အရိဋ္ဌတွင်။ နေဥစ္စာ။ များစွာရွှေငွေ။
ကုဋေရှစ်ဆယ်။ ကြွယ်လတ်တုံပြီး။ သဌေးကြီး၏။ သမီးဖြစ်ခါ။
လမျက်နှာတွင်။သောကြာဥဒ္ဓေ။ ယှဉ်ပြိုင်စုသို့။ စက္ခုသောတ။
ဃာနဇိဝှာ။ ကေသာခြေဆုံး။ တကိုယ်လုံး၌။ ရွှေတုံးပွတ်သစ်။
ဇမ္ဗူရာဇ်သို့။ညစ်ကြေးဟူက။ မှုမလိမ်းကျံ*။ကျူမိုးလျှံလည်း။
နှိုင်းကြ*မမျှ။ လျှပ်ရောင်ပလျက်။) ခေါမရောမ*။ တိုင်းမှ*
ထွက်စုံ။ ကောတုမ္ဗရာဇ်။ ဖြစ်သည့်ပုဆိုး။ အဖိုးသိန်းထိုက်။
ကိုယ်၌မကွာ။ ဆင်ရပါ၍။ ရုပ်ဝါဟန်ပန်။ ဖက်မရန်တည့်။
သဏ္ဍာန်တင့်မော။ မြင်သူဇော*၌။ အဆော*တလျင်။ တပ်စိတ်
ဝင်*လျက်။ ဘဝင်*လွှန်ကျ။ ရူးအောင်လှ၍။ ပဥ္စကလျာ။
ခြောက်ပြစ်ကွာကို။ ဥမ္မာဒန္တီ။ နှုတ်သည်ဟု။ သိဂ်ပုံနှိပ်။

ရွှေတံဆိပ်နှင့်။ ရွှေချိပ်ရွှေမင်။ ရွှေလိပ်တင်သည်။ ။လှူရှင်
ခေါ်ကြ စရာတည်း။

၁၁

တရံရောခါ။ တနေ့မှာ၌။ ဥစ္စာကြွယ်ဖြိုး။ သဌေးကြီးသည်။
သို့မီးရတနာ။ စောဥမ္မာကို။ အိမ်ရာထောင်လောက်။ အရွယ်
ရောက်၍။ ချင့်ထောက်မျှော်က။ ငါးပါးစသည်။ မိဘတို့ဝတ်။
တရားမြတ်ဖြင့်။ မချွတ်စေမူ။ ခင်ပွန်းပြုဖို့။ ကြည့်ရှုလတ်သော်။
မျိုးဖော်ဆွေချင်း။ မတော်လျှင်းခဲ့။ အဆင်းရောင်ညီး။
ငါ့သို့မီးသည်။ မင်းကြီးမှုမူ။ တပါးသူနှင့်။ လူတွင်ဖြစ်သော်။
ကြည့်ရှုမျှော်လည်း။ မတော်သော့အား။ သူတပါးနှင့်။ ထိမ်းမြား
ခြင်းငှာ။ မထိုက်ရာဟု။ မင်းမှာဆက်မည်။ နှလုံးရည်လျက်။
ကြံစည်ပြီးသော်။ ရွှေနန်းတော်သို့။ သင့်လျော်ကာလ။ ဝင်ပြီး
မှလျှင်။ ခယရှိညွတ်။ ပရိသတ်နှင့်။ လျောက်ပတ်ရာက။ ရှိဦး
ချ၍။ ဘုရာ့ကျွန်တော်။ သမီးသော်ကား။ နှန်းဖော်ပြိုင်ဖက်*။
ဤမြေထက်တွင်။အဖက်*မမြင်။ လူခေါင်တင်ကို။ အသျှင်လိုက။
ဗြာဟ္မဏတို့။ ကြည့်ကြစေပြီး။ မင်းကြီးဘုန်းထူ။ လုပ်ကျွေးလူဖို့။
ယူတော်မူပါ။ လျှောက်သောခါ၌။ မဟာနရ။ လူမျှ့သနင်း။
သိဝိမင်းလည်း။ ဝမ်းတွင်းစိတ်ညီ။ ကောင်းလှပြီဟု။ ဤသို့
နှုတ်က။ မိန့်ပြီးမှလျှင်။ အားရဝမ်းသာ။ ကြည့်စိမ့်ငှာကို။
ကောင်းစွာစုံလင်။ ခန့်စီရင်၍။ သခင်ကြွယ်ရှေး။ ထိုသဌေး
သည်။ မနေးလျှင်ပြင်း*။ ပြန်လေလျှင်း၍။ မပျင်း*မရီ။
ဝေဖန်ချီလျက်။ မင်းကြီးပုဏ္ဏား။ ဆရာများတို့။ လာငြား

www.kelasa.org



သော့ခါ။ ကျွေးစရာကို။ ဂဏာန္တိပျား။ စီရင်ထားသည်။
ခမ်းနားတင့်တယ် လှစွာတည်း။

၁၂

သဌေးကိုယ်တွေ့။ လျှောက်ခဲ့၍လျှင်။ တနေ့ရောက်သော်။
ပုဏ္ဏားတော်တို့။ ခေါ်၍လျှင်တွေ့။ ကြည့်ကြချေဟု။ စေတော်
မူက။ ဗြာဟ္မဏတို့။ သွားကြအလျောက်။ အိမ်သို့ရောက်လျှင်။
ဝမ်းမြောက်ကြေးကြော်*။ ဆရာတော်ဟု။ ကျော်*အောင်
ဆုပေး။ သျှင်သဌေးလည်း။ ကျွေးမွေးလတ်သော်။ ပုဏ္ဏား
တော်တို့။ အဖော်တသင်း။ ညီခံတွင်း၌။ ထမင်းဂဏာ။
စားနေခါတွင်။ သော်တာပြည့်ဝန်း။ တိမ်ပုံစွန်းက။ ရှန်းရှန်း
ယုန်စက်။ ပေါ်လာထွက်သို့။ ပွိုးပြက်ရောင်ထင်။ တန်းဆာ
ဆင်လျက်။ အကြင်ရောခါ။ ထွက်၍လာသား။ ဥမ္မာဒန္တီ။
ဆင်းနတ်ပီ၍။ သိင်္ဂီရုပ်ပုံ။ ရှုပါရုံသည်။ ကြေးမုံမှန်ဝ။ နေရောင်
ပြသို့။ ပုဏ္ဏားမျက်စိ။ မြင်သည်ရှိသော်။ အာရမ္မဏိက*။ ဟဒ
ယမှ။ ရာဂ*လွှန်စိတ်။ စေတသိက်တို့။ ချွန်းချိတ်မရ။ ဆင့်နှယ်
ထ၍။ ပုဏ္ဏားခံတွင်း။ ထမင်းခွံလက်။ သတိပျက်လျှင်။
ခေါင်းထက်သို့ကျော်။ ကျောပေါ်သို့တက်။ လက်ကတီးရောက်။
မေးအောက်လည်ပင်း။ ဟင်းအလူးလူး။ ကိုယ်စီရှုး၍။ နမူး
နထိုင်း။ ဗိုင်းဗိုင်းခွေညွှတ်။ အချွတ်ချွတ်နှင့်။ တရွတ်တသီ။
ကိုယ်စီနည်းခြား။ အမှားမှားဖြင့်။ ပုဏ္ဏားတစု။ ရှက်ဖွယ်မှုကို။
ပြုကြသောခါ။ လက္ခဏာ၌။ ချင့်မှာသတိ။ မရှိသသူ။ ဖတ်မှု
ဘဇာ။မှန်နိုင်ရာလိမ့်။ စိတ်မှာထဲသို့။ နှုတ်ကဆိုလျက်။ လည်ကို

ငင်၍။ ထုတ်နှင်လိုက်သော်။ ပုဏ္ဏားတော်တို့။ ထိုရော်ကာလ။
ရှက်ကြသော့အား။ အငြိုးထားလျက်။ မိဖုရားစစ်။ မဖြစ်စိမ့်ငှာ။
လျှောက်စရာကို။ ပြန်တာခရီး။ တိုင်ပင်ပြီးမှ။ မင်းကြီးရှိရာ။
ဝင်ကြလာ၍။ အင်္ဂါယုတ်ကြောင်း*။ မယူကောင်းဟု။
ထိန်းကျောင်း*မဲ့ချုတ်။ ဒေါသယုတ်ကို။ မထုတ်မနှင်။ အဟုတ်
တင်သည်။ ။ဆင်ခြင်မထောက် မစာတည်း။

၁၃

ထိုသို့ပုဏ္ဏား။ မင်းကျိုးများ၌။ မထားမထောက်။ ဒေါသ
ပေါက်၍။ စိတ်နောက်ကိုယ်ပါ။ မဟုတ်ရာကို။ ညှာတာမရှိ။
လျှောက်ရှာဖိသော်။ မင်းကြီးစိတ်တွင်။ အဟုတ်ထင်လျက်။
မမြင်သော့အား။ ယုံမိမှား၍။ မိဖုရားဖို့။ အင်္ဂါချိုလျှင်။ ငါတို့
မင်းနှင့်။ မတော်သင့်ဟု။ စိတ်ချင့်ပြီးမူ။ ဆင်းနုတ်တုကို။ မယူ
လိုငှာ။ မိန့်လိုက်ရာတွင်။ ဥမ္မာဒန္တီ။ ဆင်းနုတ်ပိလည်း။ ကျမင်း
ကိုယ်သည်။ ရုပ်မတည်အောင်။ ရုပ်ရည်တို့ကို။ ပြလိုစိတ်မှာ။
ငိုးလေပါ၏။ ဥစ္စာကြွယ်ရှေး။ ဘသဌေးလည်း။ ပြည်ရေး
အပ်ပြီး။ စစ်သူကြီးက။ သိမ်းရတနာ။ မယ်ဥမ္မာကို။ သင့်ရာ
မှူးမတ်။ ပရိသတ်နှင့်။ တောင်းလတ်သော့အား။ ကျော်ထင်
ရှားအောင်။ စုလျားပိုက်သွင်း။ ပေးဆောက်နှင်းသည်။ ။
သတင်းနှံ့သိ ကြော်ငြာတည်း။

၁၄

မင်းနေဌာန။ ယင်းဒေသဝယ်။ ဝါလကျွတ်ပြောင်း။ကြွာကာ
နှောင်းသော်။ ဒေါင်းငှက်ကတွန်။ ဆောင်းလက်မှန်၌။ စွန့်က

www.kelasa.org



လည်းဝဲ။ တွန်ကြဆဲလျှင်။ ဝမ်းပဲ့ကကျေ့။ ချမ်းမြဲ့ထေ၍။
ချေကာလည်းဟောက်။ လေကာမြောက်နှင်။ နှင်းပေါက်မစဲ။
မိုးမစွေသား။ အပေတယ်*။ နေဝင်ယံ*တွင်။ ယုန့်စံဘိစက်။
ခုန်ပျံတက်၍။ ကျီးငှက်တာရာ။ ကြယ်နှင့်လာသော်။ တန်းဆာ
ဆင်ယင်။ နတ်သဘင်သို့။ မြို့ပြင်မြို့တွင်း။ မီးရောင်ဝင်းလျက်။
ဟင်းလင်းတံခါး။ ဖွင့်ကာထား၍။ ပြည်သားပြည်သူ။ လိုက်ဆူ
အုန်းအုန်း။ တန်ဆောင်မုန်းတွင်။ ခါန်ဆန်းသဘင်။ ပွဲကြီး
ဆင်လျက်။ ပျော်ရှင်ကြမြဲ။ ထိုသည့်ပွဲ၌။ စောရဲဘုန်းစည်။
မြို့ရှေ့ပြည်ကို။လှည့်လည်ရှုမျှော်။ ထွက်မည်ဆော်ဟု။မင်းကျော်
သိရှိ။ မိန့်တော်ရှိလျှင်။ အဘိပါရက။ နှာမတွင်ပြီး။ စစ်သူ
ကြီးလည်း။ ဇနီးအိမ်မှာ*။ စောဥမ္မာ*ကို။ ရာဇာထွက်တင်။
ထွက်လာလျှင်တည့်။ မမြင်စေနှင့်။ မြင်သဖြင့်မူ။ မင့်ဗျာခြေ။
တည်နေချုပ်ကိုင်။ မတတ်နိုင်ရာ။ သည်ကိုစာ၍။ အမှာစေ့ရေ။
ထားခဲ့ပေ၏။ သပြေတမတ်။ နှုရထွက်လည်း။ မင်းဝတ်
တန်းဆာ။ဆင်လျက်သာဖြင့်။ဗိုလ်ပါရံပြီး။ ရထားစီးလျက်။မငြိုး
ရှုဖွယ်။ နတ်တို့လယ်၌။ တင့်တယ်လှစွာ။ ဝေယန္တာ*က။ ကုန္တာ*
နတ်မင်း။ သက်လှာဆင်းသို့။ သန့်ရှင်းမြေချက်။ သဲပြုထက်တွင်။
သွန်ပက်ရေဖျန်း။ ပွင့်စုံပန်းနှင့်။ ကာရန်းဖြောင့်မတ်*။ ရာဇ
မှတ်*ဝယ်။ ပန်းသတ်ညောင်ရေ။ သပြေနီမြန်း။ ဒန်းကာဝေလျှံ။
အုန်းကြံငှက်ပျော*။ မြင်သူမောမျှ။ ပြော*၍မလွန်။ တင့်တယ်
ဟန်လည်း။ တမ်းခွန်ကုဏ္ဍား။ မုလေးပွားနှင့်။ မင်းသွား
တလျှောက်*။ လမ်းကိုရှောက်*လျက်။ ရွှေမှောက်ဘုန်းမော်။
ထွက်စံပျော်သည်။ ။မှူးတော်မတ်စု ရုံကာတည်း။

၁၅

ထုံးစံမသွေ။ သုံးရုံရွှေတို့။ ပဝေသဏီ။ စတေညီအောင်။
ရာသီမှာလျှင်။ တန်းဆာဆင်သား။ သဘင်ခါဝယ်။ ဥမ္မာမူလေ။
ခိုင်းစေယုံလောက်။ ကျွန်တယောက်ကို။ ရွှေမှောက်မင်းဖျား။
တို့အိမ်ပါးသို့။ ရောက်ငြားသောခါ။ ပြောလှည့်ပါဟု။ မှာ၍
စေ့ရေ။ စောင့်ချေစေ၏။ စိတ်နေအထဲး။ နှလုံးစွဲမူ။ စောရဲ
ဘုန်းဟေ။ ရွှေဂူမွေသည့်။ ခြသေ့်ဆီပက်။ မှန်ပါလျက်နှင့်။
ရွှေခွက်သီဂိ။ မယ်ဒန္တီကို။ မသိချင်ဟန်။ တုံ့လိုက်ပြန်သည်။
ယမန်ကာလ။ ရှေးဦးကလျှင်။ ပုဏ္ဏာ့ဇကား။ ယုံသော့အားဖြင့်။
မှားရှာပလေ။ မယ့်အနေကို။ သပြေဒီပ။ မကာလေတတ်။
လေးကျွန်းပတ်လျက်။ ရဟတ်စက်တွင်။ ရွှေရုပ်တင်၍။ ဘုရင်
ဘုန်းဝေ။ရှာပါချေ*ဟု။ လက်ခြေ*နှုတ်ဝယ်။ ဆိုသော့နှယ်ဖြင့်။
စံပယ်မှုလေး။ ကြိုင်ကြိုင်မွေးကို။ စံသွေးနီမောင်း။ ရွှေပန်း
တောင်း၌။ ပန်းကောင်းရွေးကြည့်။ ပန်းစုံထည့်လျက်။ ရွှေပြည့်
သခင်။ နတ်သျှင်ဘုန်းမော်။ လာလတ်သော်တည့်။ ကိုယ်တော်
နှလုံး။ ယူကျုံးမရ။ နောင်တကြီးစွာ။ ဖြစ်စိမ့်ငှာကို။ လည်မာ
ပြိုးပြက်။ စိန်ဘယက်နှင့်။ လက်ကောက်ပုလဲး။ အာနီခဲမှု။
ရဲရဲလျှံမောင်း။ နားတောင်းပတ္တမြား။ ဝတ်စားကောင်းစွာ။
တန်းဆာညီးညီး။ ဆင်ဝတ်ပြီးလျှင်။ အနီးရောက်က။ ရှုပ်ပုံ
ပြမည်။ ပွဲဝအတွင်း။ ရွှေပွဲတင်းက။ မင်းအလာချင့်။ စောင့်နေ
နှင့်သည်။ ။ ငါးဆင့်ဘုံသု ရောင်ဝါတည်း။

www.kelasa.org



၁၆

ဂိမ္မန်ဝသန်။ချိန်မှန်လွန်ကျူး။ဟေမန်ဦး၌။ပျော်မြူးကုန်ကြ။
ဝိစိတ္တကနှင့်။ သမယမှာ။ ပုဏ္ဏမာတွင်။ ဝလာမြူနှင်း။ ပလာ
ကင်း၍။ ရှင်းသည်ကာလ။ ကက္ကဋဟု။ သြရာသီ။ နက္ခတ်
ဆီက။ ဗဟိဋ္ဌကျော။ မနောမယ။ ဇောတဘုံတွင်း။ ငွေယှန်
လင်းသော်။ မင်းလမ်းတရှိ။ ပန်းအတိဖြင့်။ ဗဟိနိက။ အရင်း
စ၍။ ဝဿဘုံစိုး။ နတ်တို့နိုးလျှင်။ ရှေးရိုးထုံးရှည့်။ ဘေးတိုး
လှည့်*သို့။ သလည့်*သလွင်း။ သဲဖြူခင်းထက်။ မြင်းလည်း
လှလှ။ ရှုလည်းရှုလျက်။ ဝဝကြီးကြီး။ အစီးကောင်းမွန်။
နားကျူ ချွန်နှင့်။ မျက်ဆန် ဂယ်လောင်း။ ဆံလည်း
ကောင်း*သား။ ဦးခေါင်း*မြီးထောင်။ ပိတုန်းရောင်မူ။
အာပေါင်လက်ရောက်။ သုံးဆစ်မြှောက်၍။ နောက်လည်းပွပွ။
စာမြီကသို့။ ထကြွကျောက်ကန်။ ပျံမည်ဟန်နှင့်။ ဖွေ့ကြန်
သွေးမွေး။ ကောင်တူရွေးသည်။ မြင်းလေးစီးလှ။ ဇာနည်
ကသား။ ရထားတင့်ဟန်။ ဝေဇယန်လည်း။ မတန်လေအောင်။
ကျောက်ပြိုးပြောင်တွင်။ လရောင်မီးပွင့်။ ပန်သင့်၍။ နေမင်း
ဖန်စက်။ မြေဝယ်သက်သို့။ ပြိုးပြက်လျှံဝါ။ ရွှေစကြာထက်။
နရာဘုန်းကြွယ်။ ပျော်စံပယ်လျက်။ နိုကာယ်နတ်တူ။
ထွက်တော်မူသည်။ ။ပြည်သူ့ရှုကြ အုတ်အာတည်း။

၁၇

အထွေအထွေ*။ ရှုဖွယ်တွေ*လည်း။ ရွှေမြေတောင်ထွတ်။
လေးရောင်လွှတ်ဝယ်။ သုဒဿန။ ရွှေပြည်မဥ္ဇ။ သက္ကရာဇာ။

သုခမ္မာကို။ ထွက်ကာလတွင်။ နတ်သဘင်သို့။ ပုံပြင်မယွင်း။
ပြည်သူချင်းအို။ ပျော်ခင်းရောရှ*။ ဖော်ချင်းစု၍။ ကယု*
ကယင်။ တစုပြင်လျက်။ ပျော်ရွှင်သဖြင့်။ ပြည်လုံးတင့်သော်။
မင်းနှင့်မှူးမတ်။ ပရိသတ်အို။ ဝန်းပတ်လှည့်ကာ။ နေသွားရာကို။
နေကြာဘူ၍။ လှည့်ကာမှုသို့။ ပြည်သူမျက်နှာ။ မင်းသွားရာကို။
ဆယ်ဖြာလက်မြှောက်။ ရှိခိုးစောက်ဖြင့်။ ပေါက်ပေါက်ပန်းမွေး။
မုလေးစကား။ ခရားစံပယ်။ အလှယ်လှယ်နှင့်။ ပျံ့ကြွယ်
လိုင်ကြူ*။ ရနံ့တူသား။ ငွေကျူ*ရောင်ရိပ်။ သဲဖြူသိပ်၍။
မစိပ်မကျဲ*။ ဗိုလ်သူရဲနှင့်။ ပန်းကြဲ*လမ်းချက်။ ရထား
ထက်က။ မြေသက်သနင်း။ သိကြားမင်းသို့။ အိမ်ရှင်နီးစွာ။
ရောက်သော့ခါတွင်။ မှာ၍ထားသူ။ လာပြီဟူလျက်။ ပြောမှု
ဘုံခန်း။ လေသာနန်းကို။ လှစ်တွန်းပြီးခါ။ အရှက်လာတွင်။
နေဝါဖန်စက်။ ပေါ်လာထွက်သို့။ ရွှေလက်လှနှင့်။ အသာ
ဖွင့်*လျက်။ ပန်းပွင့်*ဆုပ်ကာ။ မယ်နံ့ကိုရှာဟု။ မျက်နှာချီချီ။
ဆိုသလိုဖြင့်။ မင်းကိုမာယာ။ ပစ်ကြဲခါတွင်။ နိမ္မာနရ။
ဘုံကစံသီး။ နတ်သမီးသို့။ ညီးညီးပြောင်ပြောင်။ လှကိုယ်
ရောင်နှင့်။ မင်းခေါင်ဘုန်းရှိ။ မြင်လိုက်မိသော်။ ပင်ထိကရုံး။
အလှဆုံးကို။ နှလုံးစိတ်တွင်။ သိမ်းချင်၍။ လူရှင်လက်ထိ။
တိုလိုက်မိလျှင်။ နွမ်းရှိညှိုးငယ်။ ဖြစ်သော့နှယ်သို့။ မင်းဝယ်
ကိုယ်လက်။ ရထားထက်မှာ။ ပျောင်းလျက်ခွေ၏။ မိန်းမော
ရှိသော်။ စစ်သူကြီးအိမ်။ ရိပ်ငြိမ်နေရာ။ ဘယ်မှာမသိ။ သတိ
မဲ့လျှင်*။ ရထားနှင်လည်း။ အလျင်*အမြန်။ မင်းဖြစ်ဟန်ကို။
အမှန်မုရ။ မသိရ၍။ ထင်ပ်လှသော့ခါ။ စိတ်ဗျာပါနှင့်။

www.kelasa.org



ဆိတ်စာရထား။ တန့်ကာနားသည်။ ။တိုင်းကားမလှည့်
နိုင်ပါတည်း။

၁၇

ဥမ္မာဒန္တီ။ ဆင်းသိင်္ဂီသည်။ စံမှိန်တ်မျှ။ လှမလှမူ။
ထောက်ဆစာနာ။ သိစရာကို။ ပညာနှိုင်းဆ။ သိကုန်ကြလော့။
နာမမည်ရ။ အာသက်ဟု။ ကြာမှဇာတိ။ ဘုံပျံ့မိနှင့်။ မဏိ
မေခလာ။ မည်သာတွင်ညီ။ ဗိုရဏီက။ စ၍နှိုင်းချိန်။
လေးရောင်ရှိန်ထက်။ ဝတိန်ဘုံထွတ်။ အနုတ်နုတ်တို့။ မန္ဒာတ်
သီရိ။ စောနေမိမ့်။ သာဓိနရ။ ဂုတ္တိလနှင့်။ ဇနကဟု။ နာမ
ပညတ်။ လူမင်းမြတ်တို့။ ဥပပါတ်ဖြစ်။ နတ်စင်စစ်ကို။ သစ်သစ်
ကိုယ်ထင်။ ကိုယ်စီပင်လျှင်။ ရှုပ်သွင်စူးစူး။ မြင်ကြဖူး၏။
ရှူးမှုးမှိုင်ဝေ။ သတိတွေအောင်။ စာပေမလာ။ မယ်ဥမ္မာမူ။
ဆရာပုဏ္ဏား။ လူအများနှင့်။ ဘုရားလောင်းစစ်။ သိဝိရာဇ်*ပင်။
မူးယစ်*တိမ်းမပ်။ ရာဂတပ်၍။ ရှုးသွပ်ရကြောင်း*။ ရွေးဇာတ်
ဟောင်းကို။ ရွှေကျောင်း*ကြီးထက်*။ သျှင်ပင်မြွက်၏။
နတ်ထက်*လှသူ။ တူမတူမူ။ ယူကြစေမည်။ ဆိုခဲ့သည်ကို။
ယုံကြည်စွန်းငြိ။ သက်ာရှိလျှင်။ ပါဠိအဋ္ဌကထာ။ ဋီကာနိသျ။
ဇာတကာ၌။ ကြည့်ကြလေပါ။ လူဘို့မှာ၌။ သမ္ဘာရင့်တည်။
ကုသိုလ်စည်သော်။ နတ်ပြည်မက။ ဗြဟ္မာ့ပြည်တိုင်။ မနေ
ပိုင်တည့်။ ဆိုင်သည့်ချာသား။ ရွာစားအမှု။ ပြုရသလို။ တို့လူ
ဗိုလ်၌။ ကုသိုလ်ခက်ဖြာ*။ နတ်ထက်သာသည်။ ။စိတ်ဖျာ*
ကြံ့ဖို့ အမှာတည်း။

၁၉

ရူပသဒ္ဒ*။ ဂန္ဓ*ရသာ။ ဖောဋ္ဌဗ္ဗာက။ ဓမ္မာလောကေ။ ဤလုမြေဥ္စ။ သဒ္ဓေတနာ။ မယ်ဥမ္မာကို။ အာသဝါစင်။ မဟုတ်လျှင်မူ။ မမြင်လေမှု။ မြင်ကြရလျှင်။ သရာဂစိတ်။ ရှေနယ်ဖိတ်*၍။ ဆိုပိဘ်*မဖြစ်။ တားဆီးမြစ်လည်း။ ဥပစ္ဆေတိ*။ သမာဓိ*ပင်။ မရှိနိုင်ရှောင်း။ သုဆုတောင်းသည်။ ပြည့်ကြောင်းထုတ်ဖော်*။ ရွှေကျောင်းပေါ်*၌။ ကိုယ်တော်ပွဲ့တွေ။ ကြုံသရွှေကို။ စုံစေ့ဘုရား။ ဟောမြွက်ကြား၍။ ယုံမှားသကာ။ မရှိရာပြီ။နာလေ့တထောက်။ ဇာတ်လမ်းရှောက်အံ့။ရွှေမှောက်သတိ။ ပျက်သည်သိလျှင်၊ သိရိကလျာ။ မယ်ဥမ္မာလည်း။ ပြုသာလေသောက်။ ပြုတင်းပေါက်ကို။ အရှောက်ပိတ်လျက်။ ကိုယ်ကိုဝှက်၍။ ဘဝဂ်တိမ်ခွင်။ လမင်းဝင်သို့။ မမြင်ရစေ။ လွှဲးတုံလေ၏။ စက်ရွှေဘုန်းမော်။ ရထားပေါ်က။ ထိုရော်ရာဇာ။ ဘုရားလျှာမူ။ စက္ခုယဘာန။ ပသာဒသည်။ ဥမ္မာ့ရုပ်ပုံ။ ရှုပါရုံနှင့်။ကြိုက်ကြုံတွေ့က။ အတိတာမှု။ စ၍မပြတ်။ ဥပဒ်ဌဘင်။ ဘဝင်မဆိတ်*။ စိတ္တ*က္ခဏ။ သတ္တရသာ။ တဒါရုံက။ ဘဝင်ကျအောင်။ သမထတွင်။ ကာသိုဏ်းခွင်ကို။ သျှင်ပင်ရသေ့။ မြင်ခလေ့သို့။ ရွှေတွင်ချည်းသာ။ ဇောဥမ္မာကို။ မြင်လာ သော့အား။ တပ်ဒိတ်များ၍။ ရထားထိန်းကို။ မေးလိုရာတွင်။ ဥပဇာတိ။ အမည်ရှိသား။ ပါဠိပုစ္ဆာ။ နှစ်ဂါထာဖြင့်။ ။ ဤမှာအစ ရှေးဦးပြတည်း။

www.kelasa.org



၂၀

(၅၃)* နိဝေသနံ ကဿ နုဒံ သုနန္ဒ၊
ပါကာရေန ပဏ္ဍုမယေန ဂုတ္တံ၊
ကာ ဒိဿတိ အဂ္ဂိသိခါဝ ဒူရေ၊
ဝေဟာယသာ ပဗ္ဗတဂ္ဂေဝ အစ္စိ။

(၅၈) ဓီတာ နွာယံ ကဿ သုနန္ဒ ဟောတိ၊
သုနိသာ နွာယံ ကဿ အဝထာသိ ဘရိယာ၊
အက္ခာဟိ မေ ခိပ္ပမေဝ ပုဋ္ဌော၊
အဝိဝါဟာ ယဒိ ဝါ အတ္ထိ။

မာဿဝါသဝ။ ပရိန္ဒမှု။ သဟာသာနေဗ္ဗ။ သက္ကနာမံ။ သုဇမ္ဗူတိ။ မည်ရှိခြောက်ပါး။ မြင်းမိုရ်ဖျားဥ္စ။ သိကြားမင်းကြီး။ မာတလိသို့။ သိဝိတိုင်းစံ။ ငါ့အထံဝယ်။ ဘုံပျံရထား။ နှင်တတ်ငြားသည်။ ချစ်သားလူထူး။ ရထားမှူး။ ။ပျော်မြူးထွေလာ။ သင်နှင့်ငါတို့။ ဗိုလ်ပါရံလျက်။ ရထားစက်နှင့်။ ထွက်တော်မူလျှင်။ မင်းလမ်းခွင်ဝယ်။ ငွေစင်ပြုဝင်း။ သလဲခင်းထက်။

* ဇာတကဋ္ဌကထာ၊ ပဉ္စမတွဲ၊ စတ္တာလီသနိပါတ်၊ ဇာတ်စဉ် ၅၂၃၊ ဥမ္မာဒန္တီဇာတကဝဏ္ဏနာ။ (ဆဋ္ဌသင်္ဂါယနာမူ) စာမျက်နှာ ၂၂၄ တွင်ပါရှိသော ဂါထာအမှတ်ဖြစ်သည်။ နောက်ဂါထာ အမှတ်များလည်း အလားတူပင်ဖြစ်သည်။

မှတ်ချက်။ စာမျက်လဲချက်များရှိသည်။ အလိုရှိပါက ယင်းဇာတကဋ္ဌကထာတွင် ကြည့်ရှုနိုင်ပါသည်။

ထုံသင်းရန့်။ တပျံ့ပျံ့ဖြင့်။ ဖျံ့ကြဖဝါး။ ရွှေပေဘ်များနှင့်။ ပွဲ့သွားလမ်းမှာ။ တန်တိုင်းကာလျက်။ ဂေဟာရိပ်ငြိမ်။ ဘယ်သုအိမ်လည်း။ မသိမ်မငယ်။ ကြီးကျယ်ဖိခြင်း။ ရွှေပြို့တင်းက။ နေမင်းရောင်ထိန်။ နိုင်းလာချိန်လည်း။ အသူရိန်နတ်။ သဗ္ဗကြတ်*သို့။ မြေကျတ်*တီးပြင့်။ နေကြာပွင့်နှယ်။ နေမင်းရောင်ခြည်*။ မြုပ်ပျောက်မည်တည့်။ (လျှပ်ခြည်*သက်တံ။ မီးနှင့်စံအံ့။ အလျှံတောက်တုန်း။ ပြိုင်လှာနှုန်းလည်း။ ပိုးစုန်းကြူးမျှ။ မီးရှူးတန်ဆောင်။ လျှပ်ခြည်မောင်လိမ့်။ ကိုယ်ရောင်ထင်ထင်။) ဝေးကမြင်လျှင်။ ဘဝင်ငြိမ့်ငြိမ့်။ အသည်းစိမ့်မျှ။ ဖိမ့်ဖိမ့်တုန်လျက်။ ငါ့အသက်ကား။ ပြေးထွက်သုဘောင်*။ သုဝယ်ပေါင်*သော်။ မင်းခေါင် ကိုယ်လက်။ သတိပျက်၍။ စုံမက်ခင်မှု။ သုဝယ်စုသည့်။ ဘယ်သုသမီး။ ရှုမငြီးမှု။ ယှဉ်မီးဆွေလင်။ ဘယ်သူပင်ဟု။ သိချင်လှမော။ ငါမင်းစောကို။ သဘောဟုတ်တိုင်း။ မဆုတ်ဆိုင်းနှင့်။ ပိုင်းပိုင်းခြားခြား။ ငါ့ချစ်သားသည်။ ထောက်ထားချင့်တွေး။ လျှောက်လတ်သေးလော့။ အရေးသုံးပါး။ အခက်များတွင်။ ငါကားခုတုံ။ ခက်ဆုံး ကြုံသည်။ ။မတ်ယုံမတွေး လေသလော။

၂၁

(စစ်ရေးမက်ရေး။ ရန်သူဘေးကြောင့်။ အပြေးအလွှဲ။ ဆွေချိုးကွဲသား။) ပြည်ထဲရေးရာ။ ခက်သည်သာတည့်။ (အစာအစား။ ထွားထွားမြည့်ကြေ*။ ရှားပါးလေ၍။ သေကျေ*ပျောက်စုံး။ တော်မှတ်ကဲးလျှင်။ ပြည်ထဲရေးထက်။ ဝမ်းရေး



ခက်၏။) (ထိုထက်မှာမူ။ ချစ်ခင်သူနှင့်။ အတူတကွ။ မပေါင်းရပဲ။ လွမ်းတပူဆွေး။ သူနှင့်ဝေးသော်။ ပြည်ထဲရေးနှင့်။ ဝမ်းရေးတို့ထက်။ လွမ်းရေးခက်၏။ အဖက်မရ။ ခက်သုံးဝမှ။ ဒုလ္လဘတွင်။ မဝင်ပါလျက်။ သည်အခက်ကား။ သုထက်လွန်ကျူး။ သာ၍ထူး၏။ ရှေးဦးဖွားစ။ ငါ့ကိုမသား။ သတ္တဘာဂ။ ဒေဝရာဇာ။ သူနှင့်ငါကို။ ။ဖူးစာမရေး လေသလော။)

၂၂

ရှေးသောအခါ။ သံသရာဝယ်။ ကမ္ဘာရှည်လျား။ ကာလများ၌။ ချားတလည်လည်။ ဘဝစည်၍။ လူပြည်နတ်ရွာ။ တိရစ္ဆာနှင့်။ ပြိတ္တာငရဲ။ သံသာဝဲးတွင်။ ဖောက်လဲးကြာဖိ။ နာနက်ဖြင့်။ ဂတိငါးမည်။ ဘုံသုံးတည်၌။ လှည့်လည်အောက်ထက်။ အဆက်ဆက်လည်း။ တက်သက်ဆုန်ဆန်။ တပြန်ပြန်နှင့်။ ဖန်ဖန်လှည့်လာ။ ဘဝမှာလျှင်။ (ဂင်္ဂါမြစ်မ။ သဲးလုံးမျှသား။ လောကထွတ်ဆင့်။ ငါးမာရ်လွှင့်တို့။ ပွင့်ကြလိုင်ကြူ။ တာဆုဆုတွင်။ ဆုယူဆုတောင်း။ ညောင်ရေလောင်းလျက်။ ပေါင်းရလို့ငှာ။ နှုတ်ဝယ်ဖြာ၍။ ဒါနအတူ။ ငါနှင့်သူသည်။ ။အလှူမပေး လေသလော။)

၂၃

ဤသို့ဘုန်းစည်။ နှုတ်ဝယ်မြည်လျက်။ ဆယ်ရှည်မင်း၍*။ ရာဂီဆံ*သို့။ သံတကျောကျော*။ မင်းလမ်းသာ၍။ (စကြာ*ဘုန်းတောက်။ ပြာသာဒ်အောက်တွင်။ နေရောက်ကြာနှယ်*။

www.kelasa.org

ဟင်းနုနယ်*သို့။ ညှိုးငယ်ခြေကာ။ သုန္ဒာကို။ ရာဇာမင်းဖျား။ မေးတုံငြားက။ စကားယဉ်မိန်း။ ရထားထိန်းလည်း။ ရှုစိန်းလမ်းကြောင်း။ မောင်းသည်ကာလ။ ပြူတင်းဝက။ တွင်းမရန်ဆီး။ စစ်သူကြီး၏။ ဇနီးသည်လျာ။ လှဥမ္မာကို။ ရာဇာမင်းကျော်။ မြင်လတ်သော်တည့်။ မူးမော်မချို။ တပ်စိတ်ငြိ၍။ သတိပျက်ခါ။ သိသည့်ငှာကြောင့်။ ဥမ္မာဒန္တီ။ ဤကားနာမ။ အဘသဒ္ဒေး။ ပြည်ရေးစီရင်၊ လင်စစ်သူကြီး။ ခြားသီးသိသာ။ သုန္ဒာက။ မဟာဇနိန္ဒ။ အာလုပ်ပြုလျက်။ ဥပေန္ဒ ဝဇီရာ။ ဥပဇာတိ။ မည်ရှိသည်သာ။ ဂါထာ နှစ်ဆင့်။ ဆန်းကိုဏ်းသင့်ဖြင့်။ ။ကျူးရင့်သံသာ လျှောက်လေပါတည်း။

၂၄

(၃၉) အဟဉ္စိ ဇာနာမိ ဇနိန္ဒ တေ၊
မာတျာစ ပိတျာစ အထောပိ အဿာ၊
တဝေဝ သော ပရိသော ဘူမိပါလ၊
ရတ္တိဒိဝံ အပ္ပမတ္တော တဝတ္တော။

(၄၀) ဝုဒ္ဓါစ ဖီတော သုဝဒ္ဒိတောစ၊
အမစ္စော တေ အညတရော ဇနိန္ဒ၊
တဿေဝ ဘရိယာ အဘိပါရကဿ၊
ဥမ္မာဒန္တီတိ နာမဓေယျေန ရာဇာတိ။

အင်ကြင်းနေဇော်။ ရှင့်မော်တော်ဟု။ အပြောကျယ်လျက်။ ဂဏန်းထွက်သည်။ စကြဝဠာ။ ယူဇနာတိ။ သချာအပေါင်း။ ရှစ်သောင်းလေးထောင်*။ အမြင့်ဆောင်သား။

www.kelasa.org



ကျောက်တောင်*ရစ်ပေ့။ မြင့်ကခွေ၍။ နေနှင့်လစက်။ အတွင်းဇက်၍။ ဆတက်မလွဲ။ ထမ်းပိုးကဲလျက်။ ပုလဲတတန်း။ ရွှေးတကန့်နှင့်။ သီးသန့်လေအောင်။ ရေနှင့်တောင်လည်း။ ပန်းမြောင်ရံထား။ ခုနစ်ခြားမှု။ နဂါးတသုန်။ ဂဠုန်တတန်။ ကုမ္ဘဏ်ယက္ခ။ ဂန္ဓဗ္ဗနှင့်။ ပဉ္စအာလိန်။ လေးရောင်ရှိန်ထက်။ ဝတိန်ပြည်မ။ စိုးပိုင်သသည့်။ သိကြားဆွေရှင်။ လူနတ်မင်း။ ။ ပြည်တွင်းပြည်ပ။ ပျော်မွေ့ကြသော်။ ခုန်ကမြူးကွန့်။ တိုင်းလုံးလန့်မျှ။ ပုစ္ဆန့်လက်သံ။ မိုးမြေညံလျက်။ အာလမ္ဗရ။ ဒိုဏ္ဍိမက။ ဝိဇယမည်။ အစတည်သား။ စည်ပည်းထွေထွေ။ ကျူးသံခြေနှင့်။ နှဲပြွေမှုရှိး။ တံပိုးခရာ*။ တူရိယာ*တီ။ တံမြှာတံရှည်။ မြှောက်စည်ဗုံမင်း။ ခရုသင်းမှု။ လင်းကွင်းစသည်။ တီးမှုတ်မြည်လျက်။ ရွှေပြည်သဘင်။ လှည့်ရာတွင်၌။ ရေစင်ထုံပျံ့။ ပန်းရနံ့နှင့်။ မင်းလမ်းအနီး။ တန်တိုင်းဆီးသား။ အိမ်ကြီးမောက်မောက်။ ပြူတင်းပေါက်က။ ပန်းမြှောက်ကြဲသူ။ လျှပ်ရောင်မှုလည်း။ မတူတန်ရာ။ နတ်ကလျာမူ။ ဥမ္မာဒန္တီ။ ဤသုဘခင်။ သဒ္ဒေးပင်တည့်။ လင်စစ်သူကြီး။ ဝေးနီးကျော်ဟိုး။ မိဘမျိုးလည်း။ ကြွယ်ဖြိုးအနက်။ ဤမြေထက်တွင်။ အဖက်မရှိ။ ကောင်းဇာတိကို။ သိ၏လုံးစုံ။ လျှောက်လေဟုံသည်။ ။ ရွှေငုံလက်တင် ကြာဖူးတည်း။

၂၅

ဤသို့ပုံ့ပျူး။ ရထားမှူးလည်း။ ရှိခိုးလက်စုံ။ ကြာပဒုံသို့။ ဥမ္မာဒန္တီ။ဤသုဘမိ။ တိရိဋ္ဌိဝဋ္ဋ။ လင်မှတွင်ပြီး။ စစ်သူကြီးတိ။

တိုင်းလုံးသိသား။ အဘိပါရက။ နာမည်သာ။ ထိုဥမ္မာကား။ ရုပ်ဝါဆင်းပြင်။ သုရုပ်သွင်ကို။ မြင်လျှင်ခဏ။ မတည်ပအောင်။ ရှုးကြရာတွင်။ ဥမ္မာဒန္တီ။ သည်နာမ။ ခေါ်ဆိုကြဟု။ တစမကြွင်း။ လျှောက်တုံလျှင်းသော်။ မင်းလည်းထိုခါ။ စောဥမ္မာကို။ ဂါထာဖွဲ့ဆို။ ချီးမွမ်းလို၍။ ။သံချိမိန့်တော် ရင့်ကျူးတည်း။

## ၂၆

(၆၁) အမ္ဘော အမ္ဘော နာမမိဒံ ဣမိဿာ၊
မတျာစ ပေတျာစ ကတံ သုသာဓု၊
တဒါ ဟိ မယှံ အပလောကယန္တီ၊
ဥမ္မတ္တကံ ဥမ္မာဒန္တီ အကာသိတိ။

တရာ့ငါးဆယ်။ မျှားကြွယ်ယူဇနာ။ ဝေယန္တာနှင့်။ စကြာပျံလွှား။ နတ်ရထားတွင်။ နတ်သားတဆောင်။ မြင်းယောင်ဆောင်ကို။ သင့်အောင်ဆော်နှိုး။ တံဖျာမိုးလျက်။ ဇက်ကြိုးအနည်း။ တစင်းတည်းသို့။ ရော့ရည်းမရှိ။ ညီအောင်ညှိ၍။ မာတလိနတ်။ သိကြားမတ်သည်။ နှင်တတ်သော့နှယ်။ ငါမင်းဝယ်လည်း။ နိုင်းဆွယ်ဖက်ကင်း။ လူတို့မြင်းကို။ အချင်းကုန်စင်။ စီးသွန်သင်၍။ ကောင်းအင်မြောက်မြား။ ကျော်ထင်ရှားသည်။ ဥာဏ်သွားမပြိန်း။ ရထားထိန်း။ ။ဤမိန်းမလှ။ ဖက်မရကို။ မြင်ကြသသူ။ အများလူပင်။ မေတ္တာဝင်လျက်။ ချစ်ခင်လေးမြတ်။ ဖြစ်စေတတ်၍။ သက်ပြတ်လုမျှ။ ရှိကုန်ရဟု။ သုဘ

www.kelasa.org



သေင္ဂို။ သုမိလည်းကောင်း။ မှည့်ကုန်ရှောင်းသည်။ အကြောင်းနာမ။ မှန်ပေစွတည့်။ ကောင်းလှပေ၏။ ငါ့ကိုကြည့်လော့။ ရှုးသည့်ခြင်းရာ။ ထိုဥမ္မာကို။ ယူပါစကား။ ပန်လျှောက်ကြား၍။ ငါ့အားရှေးက။ ဆက်ပူးကြ၏။ ပုဏ္ဏားမိစ္ဆာ။ မင်းဆရာတို့။ အင်္ဂါယုတ်ကြောင်း။ မယူကောင်းဟု။ မပေါင်းရအောင်။ မုသားဆောင်လျက်။ မင်းခေါင်ငါ့ကို။ ကျူးမလို၍။ ။လျှောက်ဆိုသဖြင့်။ ဝတိန်မြင့်ထက်*။ သုံးဆင့်တက်*သား။ ငါးဆက်ဘုံသူ။ စုံရည်တူကို။ မယူမိပါး။ လွဲကြီးလွဲသော်။ (ပြည်ထဲရေး*နှင့်။ ဝမ်းရေး*မက။ လွှမ်းရေးထလျက်။ စိတ်မှတွေတွေ။ မိုးနှယ်စွေသည်။) ။ရပ်နေမတည် နိုင်ပြီတည်း။

## ၂၇

လေသာပြူမြင်း။ ပြူတင်းဖွင့်*၍။ ။ပန်းပွင့်*ဆုပ်ကာ*။ ကြဲပြီးခါ*လျှင်။ ဥမ္မာဒန္တီ။ ဆင်းနတ်ပီလည်း။ မဟီတလ။ (နရအုပ်ဆောင်း။) တုန်လှုပ်ကြောင်းကို။ ရောင်ကောင်းလျှံဝင်း။ သိတုံလျှင်းက။ ပြူတင်းပိတ်ကာ။ ဝင်လေပါ၏။ ။(နရာတမှတ်။) လူများထွတ်လည်း။ မတ်ကြီးသာလျှင်။ သည်သဘင်နှင့်။ တိုင်းခွင်သည်ပြည်။ လျှောက်ပတ်သည်ဟု။ ငါမလည်လို့။ ပြန်တော့ဆို၍။ ထိုကာလျင်စွာ။ ပြန်ခဲ့လာမှ။ (ပါသာဒဆင့်။ ပြာသာဒ်မြင့်ထက်။) မင်းမင့်းမှန်ကူ။ တက်တော်မူ၍။ (မထူလျှောင်းလျက်။ သတိပျက်လျှင်။ အိပ်စက်မပျော်။ ယောင်ယမ်းခေါ်သည်။) ။နှုတ်တော်ဥမ္မာ ဒန္တီတည်း။

၂၈

ဥမ္မာဒန္တီ။ ဆင်းသိဂီကို။ သိဝိရာဇ်မင်း။ ရွှေပြုတင်း၌။ မြင်လျှင်းသည်မှ။ ဤကာစ၍။ တသမြည်တမ်း။ ခေါ်ယောင်ယမ်း၍။ ။အလွမ်းဂါထာ နှုတ်တော်ဖြာတည်း။

၂၉

(၆၂) ယာ ပုဏ္ဏမာယေ မိဂ မန္ဒလောစနာ၊
ဥပါဝိသိ ပုဏ္ဏရိ ကတ္တစဂိ၊
ဒွေ ပုဏ္ဏမာယော တဒဟု အမညာဟံ၊
ဒိသွာ ပါရာဝတ ရတ္တဝါသိနိံ။

ဘုရားပွင့်လျှာ။ ထိုရောခါဝယ်။ နိမ္မာနရ။ ဒေဝမိတ္တာ။ နတ်ကလျှာသို့။ ဥမ္မာဒန္တီ။ ဆင်းသိဂီ၏။ ကြန်ညီရုပ်ပုံ။ အလုံးစုံကို။ အာရုံမကင်း။ နှလုံးသွင်းကြောင့်။ အရင်းမသေ။ အညှန့်ဝေသား။ မြေမှုငုတ်ငုတ်။ ဆီးကိုခုတ်သို့။ ပုဂ္ဂိုလ်ခန္ဓာ။ နာမ်ရုပ်မှာ၌။ ငါးရာထောင်မီး။ နှိပ်စက်ကြီးသော်။ ခေါ်ယီးခေါ်ယောင်။ ကတောင်ကချောက်။ စိတ်နောက်မသာ။ မြည်တမ်းကာမူ။ ဥမ္မာဒန္တီ။ ဒေဝီမယ်လျှ။ ရှုမဝနှင့်။ နှိုင်းဆစရာ။ ကျွန်းလေးဖြာကို။ စကြာရှေ့တည်။ ရှာဖွေနှည်လည်း။ ပန်းမည်ချုံသာ။ မရရာတည့်။ ဝါတာမိဂ။ သမင်မသည်။ ကြောက်လှုမချီ။ တုန်လှုပ်ဖိလျက်။ မျက်စိတည့်တည့်။ ကြည့်သော့ခါဝယ်။ မျက်လုံးနှယ်နှင့်။ မှုဖွယ်စုံရုံး။ သူရယ်ပြုံးသည်။ ။ချစ်ထုံးဖွဲ့ရှာ လေသလော။

www.kelasa.org



မှစ်သောင်းလေးထောင်။ လေးထွေရောင်နှင့်။ မြင့်ခေါင်အစောက်။ နှစ်ပြန်အောက်ဝယ်။ ခုံလောက်ပတ္တမြား။ သုံးလုံးကြားတွင်။ နှုထွားပွင့်ဝတ်။ ဖြူဆွတ်ဆွတ်နှင့်။ သခွတ်နန်းပေါ်။ စံမြန်းပျော်သည်။ နတ်ကျော်ရင်နှစ်။ သွီးစစ်ကို။ ကသစ်ဘုန်းခေါင်။ ဥာဏ်ဖြင့်ဆောင်၍။ ရွှေတောင်ထိပ်တွင်။ နန်းညာတင်သား။ နတ်ရှင်သည်လျှာ။ သုဇာတာသို့။ ကေသာလောမာ။ နခါဒန္တံ။ မံသံတစော။ ချောမောပြေပြစ်။ ရှိုးဆစ်ရှိုးဆက်။ ခြေလက်နားနှာ။ ကိုယ်အင်္ဂါကို။ ပညာလူကုံ။ ဖယောင်းပုံနှင့်။ နိုတုံဇမ္ဗူ။ မြရည်ကူ၍။ သွန်းမူရုပ်ဝါ။ မတူရာသား။ ပဒုမ္မာပွင့်။ ရွှေကြာတင့်သို့။ ကိုယ်နှင့်တော်စွာ။ မယ်ဥမ္မာ၌။ မယ်နှင့်လိုက်အောင်။ သိန်းထိုက်အဖိုး။ ပုဆိုးခေါ်မြီး။ ရွှေဝတ်လဲ့လည်း။ နီရဲပန်းလုံ။ သက်တံရောင်လို။ ဖိတ်ဖိတ်စိုသား။ ခိုခြေအသွင်။ ဝတ်လျက်ပင်တည့်။ မြင်လျှင်လှုဆုံး။ ငါ့နှလုံးကို။ ။ယူကျုံးနှံ့ရှာ လေသလော။

တဆဲ့လေးထွေ။ ဝန်းရစ်ခွေသား။ ရေနှင့်ကားတောင်။ အလယ်ခေါင်တွင်။ လေးရောင်ခြည်လွှတ်။ မြင်းမိုရ်ထွတ်ဝယ်။ သုဒဿန။ အစိုးရသည်။ သိကြားသြဇာ။ နတ်သုဇ္ဇာကို။ တောမှာပျော်လေ့။ ကျင့်သိမ်မွေ့သည့်။ ရသေ့မြတ်အား။ လှူတုံငြားက။ တရားချင့်ထောက်။ မြတ်ရာကောက်၍။ လေးယောက်နှောင်းမွေး။ စားဦးပေးမှု။ ထုံမွှေးပွဲ့။ နတ်ပန်းရသည့်။

သိကြွားရင်လုံ။ ဝတိန်ဘုံ၌။ ရိပ်မြုံပျော်ပါး*။ စံဟုထားသား။ လေးပါး*ရောင်ညီး။ နတ်သွီးနှု။ အကြီးအာသာ။ သဒ္ဒါသိရှိ။ ဟိရိမိတ္တိ။နိုင်းညှိစရာ။မယ်ဥမ္မာကား။တန်းဆာဆင်လျက်။ ပြိုးပြိုးပြက်နှင့်။ ပန်းလက်ဆုပ်ကာ*။ကြဲးသောခါ*တွင်။ ပုဏ္ဏာတိထိ*။ ပန္နသိ၌။ ဆင္ဒီ*သုန်း၍။ ပြည့်သည်နေ့ဝယ်။ အရွှေပြုဗ္ဗာ။ မျက်နှာစာက။ သော်တာငွေစက်။ နှစ်ပြိုင်တက်၍။ ထွက်သည်သဏ္ဍာန်*။ ပန်းကြဲးဟန်နှင့်။ (ဆဒ္ဒန်*ဆင်ကျူး*။ သွင်းသောထုံးသို့။ ယူကျုံး*နောင်တ။ရပစေသား။ ငါ့အမှားကို။ မယ်ကားရှေးက။ ဝမ်းနည်းလှ၍။ ပြုလိုက်သလို။ စိတ်ထဲးသို၍။ ။ ငါ့ကိုနွဲ့ရှာ လေသလော။ )

၃၂

ပဋိသာန္ဓေ။ အဟိတ်နေ၍။ မြေ့၏အလား။ ဖြစ်တုံငြား လျက်။ ဖွားလတ်ဘုံဖိ။ ပဝတ္တိ၌။ သိရိမည်း။ နတ်အမျိုးတွင်။ မြေလျှိုးမိုးပျံ။ တေဇာလှံ၍။ ကမ္မဇိဒ္ဓိ။ ဟန်းနိုးရှိသား။ ဘုရိဒတ္တ။ တွင်နာမနှင့်။ နာဂသနင်း။ ပေးလိုက်လျှင်းသည်။ ခြင်းခြင်းနိုသား။ ပတ္တမြားကို။ ပုဏ္ဏားမယူ။ မှားသောတူဖြင့်။ လူတို့ထွတ်ထား။ ခင်းတရားလည်း။ ဘဘွားသင့်ေ။ ချစ်မြတ်လေးသား။ ရင်သွေးရတနာ။ စောဥမ္မာကို။ ဆက်လှာနှင်းအပ်။ ရှေးဦးလပ်၌။ တပ်ကြပ်ယူရာ။ မပယ်သာဟု။ စဉ်လာစကား။ ရှိလျက်သားနှင့်။ ထောက်ထားမရှိ။ မယူမိ၍။ ကြီးဖိနောင်တ။ ရသည်အတွက်။ သတိပျက်လျှင်။ အိပ်စက်မပျော်။ မြည်တမ်းသော်ကား။ ထိုရော်ကာလ*။ ပြူတင်းဝက။ (ရွှေလ*မင်းနှယ်။

www.kelasa.org



(ဥမ္မာမယ်လည်း။ ငါ့ဝယ်မျက်စိ။ နှလုံးချိလျက်။ ချစ်ဖိသော့နှယ်။ နှစ်သက်ဖွယ်နှင့်။ စံပယ်လျက်ပင်။ ကြည့်သည်ထင်သည်။ ။ ချစ်ခင်တဲ့ရှာ လေသလော။ )

၃၃

အိမ်ကြီးရှော။ ပြူလေသာက။ မာလာလက်ထဲး။ ယူကာကြဲးသည်။ (ပြိုင်တဲ့ယှဉ်ကြ။ စံမရသား။ (အလှနတ်လွန်။ ဥမ္မာမှန်ကား။) ဟောဝန်စုံကြော။ မြိုင်ခြေတောဝယ်။ တယောမိကျောင်း။ စောင်းနှင့်လိုက်မှို။ ဘခုန်သိလျက်။ (ကိန္နရီမ။မျက်ချိုလှနှင့်။ ရှင်ပျသံသာ။ ကိန္နရာ၏။ သည်းချာနူးအောင်။ နှလုံးဆောင်သို့။ မင်းခေါင်ယူကျုံး။ ငါ့နှလုံးကို။ မှိုအုံးခွေအောင်။ စုရုံးဆောင်၏။ ရွှေရောင်ပျံ့ပျူး။ ရွှေနှုဖူးနှင့်။ ကော့ဖြူးမျက်တောင်။ ရွှေမျက်မှောင်မှ။ ရွှေရောင်ဝင်းလျံ့။ ရွှေနှာတံတွင်။ သံပရာဖျား။ ရွှေရှက်နားလည်း။ ပြန့်ကားရွှေသွေး။ ရွှေလည်ရေး၌။ ရွှေကျေးလည်ရစ်။ ပေါ်စသစ်သို့။ ) သနစ်ကုန်စင်။ ရှုတိုင်းပင်လျှင်။ (ကောင်းအင်စုံစွာ။ (မယ်ဥမ္မာသည်။ (မာယာပန်းခွေး။) ငါ့ကိုပေး၍။ ။ကြင်ရေးသွဲ့ရှာ လေသလော။ )

၃၄

အထက်မြင့်ခေါင်။ ဥဒည်းတောင်က။ ရွှေရောင်လန်းလန်း။ ဇန်ဘုံနန်းလည်း။ တသန်းကွာဝယ်။ ကြက်သငယ်နှင့်။ ပြိုင်ဆွယ်သော်တာ။ ဝန်းသောခါတွင်။ စဉ်လာလက်သုံး။ ရှေးကထုံးဖြင့်။ မြို့လုံးမှောင်လွှင့်။ မီးရောင်ပွင့်သား။ သဘင့်ချိန်ခါ။ ထွက်စံရာ၌။

ဝေဟာဘုံခန်း။ လေသာနန်းကို။ လှစ်တန်းဖွင့်ကာ။ ပန်းကြဲလှာသော်။ စန္ဒာရွှေလ။ နှစ်ပိုင်ပဟု။ ငါ့စိတ်ဝယ်တိ*။ မှတ်ပေမီ၏။ ဣတ္ထိ*ကိစ္စ။ ဟူသမျှပင်။ ကောင်းစွပြည့်စုံ။ ကျေးဇူးပုံသား။ မယ်ဥမ္မာသည်။ ငါ့ဦးရှပ။ ဦးခေါင်းကလျှင်။ စရွှေ့စဉ်လျက်။ ညှံ့သည့်လက်နှင့်။ ။နှစ်သက်စေပါ လတ္တံ့နည်း။

၃၅

နိမ္မာနရ။ ဘုံကကျ၍။ ကြွလာသောလား။ ရှရှတွားလျက်။ ပတ္တမြားရည်ကောင်း။ ရွှေနားတောင်းလည်း။ နီမောင်းရဲရဲ။ အလျှံဝဲလျက်။ ပုလဲရောင်တောက်။ ဖွေးဖွေး ရောက်သား။ လက်ကောက်မှတ္တာ။ ထွန်းရောင်ပနှင့်။ လှသည်ကိုယ်ဝယ်။ လွှန်တင့်တယ်သား။ နှိုင်းဖွယ်တုလွတ်။ ပန်းလွှာဝတ်လျက်။ ရောင်လွှတ်ရှပ။ တုမရသား။ အလှထွတ်စွန်။ ဥမ္မာမွန်သည်။ ဟေမဝန္တာ။ လွန်သာယာသား။ မဟာတောင်က။ မာလုဝဟု။ မည်ရည့်သက်။ နွယ်သို့လက်နှင့်။ ဘယ်ရက်ခါနွယ်။ ငါ့ကိုတွယ်၍။ ။လည့်ဝယ်ဖက်ပါ လတ္တံ့နည်း။

၃၆

ခြေဖျားလက်ဖျား။ သားရေးတွင်။ ပတ္တမြားရည်ရှန်း။ ချိပ်ရည်စွန်းသို့။ သွန်းသွန်းသွယ်ဖြာ။ တင့်တယ်စွာနှင့်။ ကျီးအာနှိုင်းတမ်း။ ရွှေနှုတ်ခမ်းလည်း။ ကွမ်းပန်းမထိ*။ ပကတိ*ဖြင့်။ တင့်ဖိလွှန်ကဲ။ ရှမရဲသည်။ ပုလဲသျှံထွက်။ သွားဆုင်လက်နှင့်။ အောက်ထက်စုရှုံး။ ဝန်းကျင်လုံးသား။ လှဆုံးခေါင်ချုပ်။

www.kelasa.org



ရွှေရေမြှုပ်သို့။ လုပ်လုပ်လဲ့လဲ့။ မှတ်လျှင်ပဲ့မျှ။ နှိုင်းရှဲ့ရန်များ။ ဖက်မထားသျှက်။ ရေသားပဒုံ။ ကြာရွက်ပုံနှင့်။ မယ်ဥမ္မာသည်။ လာ၍စုးစုး။ သေသောက်ကြူးဘို့။ ယစ်မူးသေရက်။ သေညှိခွက်ကို။ မျက်နှာအပ်၍။ ကပ်လျက်မှေ့သို့။ ဘယ်နေ့သောခါ။ ငါ့ကိုလာ၍။ ။မျက်နှာကမ်းပါလတ္တံ့နည်း။

၃၇

ဇမ္ဗူမက။ လေးကျွန်းကျအောင်။ မရဖက်ရှာ။ မယ်ဥမ္မာကို။ ငါမြင်သည့်မှ။ ထိုကစ၍။ နေ့ညပတ်လုံး။ ခွေခွေနှံ့လျက်။ စက်အုံးဒိုကာ။ မပျော်ပါတည့်။ သပြာအောင်လုံး။ ဥဒ္ဒာရုံးသို့။ ရွှေတုံးလျှံညီး။ စစ်သူကြီး၏။ ဇနီးကြင်ဖက်။ ဥမ္မာသက်နှင့်။ တရက်ကာလ။ နှစ်ရက်မျှလျှင်။ ငါ့နန်းအိမ်မှာ။ ဖြစ်လာပါ၍။ ငါနှင့်မွေ့လျော်။ ပျော်ပြီးသော်မှ။ တိုင်းကျော်သိဝိရာဇ်။ မင်းလျှင်ဖြစ်ဟု။ အကြင်ဆုကို။ မေရှုထိပ်နင်း။ သိကြားမင်းသည်။ ဆုနှင်းငါ့အား။ ပေးလှာငြားအံ့။ ငါကားသျှင်လို။ တိုဆုကိုလှင်။ လိုပါချင်၏။ သို့စင်ထွေထွေ။ မြည်တမ်းလေသည်။ ။သံခြေမဆိတ် ကျွက်ညံ့တည်း။

၃၈

ဤသို့ထွေထွေ။ မြည်တမ်းလေသော်။ စောင့်နေအပါး။ မှူးမတ်သားဘို့။ ကြောင်းလျှား လျှောက်တင်။ စစ်ဘုရင်ကို။ အသျှင်အိမ်ပါး။ ဒွါရနားဘွင်။ မင်းဖျားဖြစ်ဟန်။ အကြောင်းပြန်က။ ထဲဥဒ္ဒာဇာ်ချင့်ပြီး။ စစ်သူကြီးသည်း။ ဇနီးသည်လျှာ။

လှဥမ္မာကို။ ရာဇာထွတ်တင်။ တို့အသျှင်သည်။ မြင်၍ထွေထွေ။
ဖြစ်ပလေလိမ့်။ စိတ်နေယူမိ။ အတပ်သိမှ။ မင်းကြီးရောဂါ။
ပျောက်စရာကို။ ပညာစီမံ။ ကုမည်ကြံ၍။ မင်းထံကသာ။
ထွက်ခဲ့လာသည်။ ။ခြင်းရာမေးမည် ထွက်သံတည်း။

၃၉

သော်တာဝန်းလျက်။ ထွန်းသည်ရက်တွင်။ ကြက်သငယ်နှ။
ပြိုင်လာစုသို့။ ဥဋ္ဋုစန္ဒော်။ ပြိုင်ယှဉ်သော်တီ။မြို့တော်ဝန်းကျင်။
တန်းဆာဆင်၍။ သဘင်ပတ်ရံ။ စည်မောင်းသံလည်း။ ညံညံ
အုန်းအင်း။ သဲဖြူခင်းလျက်။ ပြည်တွင်းပြည်ပ။ ပျော်မြူးကြ
သား။ ရွေးကဘာသာ။ စဉ်လာမလွဲ။ သဘင်ပွဲသို့။ စောရဲ
ဘုန်းဟော့။ ပျော်ရွှင်မွေ့သော်။ ရွှေအရောင်ပြာ။ စောဥမ္မာကို။
မြူသာပြင်ထွက်။ မြင်သည့်ရက်ဝယ်။ ကိုယ်လက်နှလုံး။ ယူကျုံး
ဆွတ်ဆွတ်။ သတိလွှတ်သော်။ အမတ်ရန်ဆီး။စစ်သူကြီး*လည်း။
ကျိုး*နှယ် ရိပ်ခြည်။ သိတတ်သည်နှင့်။ ကြံစည်မိကာ။ စောဥမ္မာ
ကို။ ရာဇာဘုန်းရှိ။ မြင်မိရာတွင်။ဖြစ်လိမ့်ထင်၍ ။အလျှင်အမြန်။
ပြန်ခဲ့ပြီးမှ။ အိမ်သို့ကျလျှင်။ မယ်လှဥမ္မာ။ စံနေရာဝယ်။ အသာ
ကြပ်ကြပ်။ ရွှေနားကပ်၍။ ပါးအပ်ပြီးခါ။ သာယာချိုလေး။
ချော့ကာမေးသည်။ ။တိုင်းရေးပြည်မှု ဆက်ဆံတည်း။

၄၀

မဏိမေခလာ။ မည်သာတွင်ထ။ အာသက်နှင့်။ အလှစံမှီ။
ဗိရဏီတို့။ မယ့်ဆီလာရောက်။ ပြိုင်လှာထောက်လည်း။ မယ့်

www.kelasa.org



အောက်တဆင့်။ မယ်ကတင့်လိမ့်။ မယ်နှင့်မယ်သာ။ နိုင်းစ
ရာသည်။ ဘယ်မှာမရှိ။ လှခေါင်ထိ*၍ ။ သမုတိ*နတ်။ နတ်ဟု
မှတ်သား။ သက်ပြတ်လုမျှ။ ချစ်မဝသည်။ နှမသည်လျှာ။
စောဥမ္မာ။ ။ဆုဇာထွတ်ထား။ တို့မင်းဖျားသည်။ တိုင်းကား
ရွှေပြည်။ သဘင်လည်၍ ။ ကြည့်သည်ကာလ။ နတ်မမျှသား။
အလှခေါင်ဆွေ။ မယ့်အနေကို။ ပြလေသလော။ လှရောင်ချော
သည်။ သဘောငါ့ကို။ သံချိုချိုဖြင့်။ ဆိုပါရိုးချိုး။ မယ်မငိုးနှင့်။
တီးတိုးသာသာ။ မေးသောခါ၌။ ဥမ္မာဒန္တီ။ ဆင်းသီဂိလည်း။
ဤသို့မကျန်။ဟုတ်တိုင်းပြန်သည်။ ။အမှန်သိစိမ့် နက်တံတည်း။

၄၁

မဟာနဂရ။ အရိဋ္ဌတွင်။ဘိုးဘစဉ်လာ။ဆက်နွယ်ဖြာလျက်။
သေနာပတိ*။ မတ်ခေါင်ထိ*ဟု။ ပြည်ကြီးဘန်ဆောင်။ ထွတ်
မင်းခေါင်နှင့်။ ညီနောင်တမျှ။ ချစ်ကြည်ကြ၍ ။ မိဘနှစ်ပါး။
ပေးထိမ်းမြားလျှင်။ ရှစားသျှက်ပင်။ စုံမက်ခင်လျက်။ လွန်းကြင်
ရွှေငှက်။ လည်ချင်းယှက်သို့။ တပြက်လျှပ်ဝယ်။ ချစ်မပြယ်
သည်။ သက်နှယ်ထင်ပြီး။ လင်မောင်ကြီး။ ။ရိုက်တီးဆော်နှိုး။
စည်အချိုးလည်း။ မြေမိုးနိမ့်နိမ့်။ ပြည်လုံးသိမ့်လျက်။ ခြိမ့်ခြိမ့်
သံဝါ။ ကြားသောခါ၌။ ဥမ္မာမယ်က။ ကြည့်ချင်လှ၍ ။ ပြူဝ
တံခါး။ ဖွင့်လိုက်ငြားတွင်။ ရထားခပေါ်မှာ။ ဆင်တန်းဆာနှင့်။
မျက်နှာငွေရှစင်။ ရှင်လည်းရှင်သား။ ရင်လည်း ကားကား။
ပါးလည်းပြုံ့ပြုံ့။ ဝမ်းပုံပုံနှင့်။ မျက်လုံးအကြည့်။ မယ်ဆီတည့်
လျှင်။ ရွှေမှည့်နီမြန်း။ တောင်းတွင်ပန်းနှင့်။ ကြဲဖျန်းကိုယ်ထိ*။

ပစ်လိုက်မိ၏။ သတိ*ကမူ။ ထိုသသူကို။ လူတွင်မူးမတ်။ မရှိသတ်လော။မင်းလေလောဟု။အဆောမယ်မှာ။ မသိပါတည့်။ လေသာပိတ်လျှင်။ ရထားရှင်လည်း။ ဤတွင်မနား။ ပြန်လေသွား၏။ မယ်အားဘယ်ကို။ အပြစ်ဆိုမည်။ ထိုမှတထူး။ မရှိမူးတည့်။ ကျေးဇူးသခင်။ မိမိလင်ကို။ ခေါ်ငင်သွေးဆောင်။ သေလေအောင်ဟု။ တောင်ပေါ်ကြီးက။ တွန်းလိုက်ချသား။ မိန်းမအသွင်။ မယ်ကိုထင်၍။ ။ဆွေလင်တွေးနှင့် အမေးထင့်။

၄၂

ထိုမှပြစ်ဆာ။ မယ်ဥမ္မာဒ္ဒီ။ ရှာလျှင်တမူ။ ပြစ်လျှင်ဟူက။ မူမျှမရှိ။ ဖြစ်တုံဒိလျက်။ မောင်ကြီးစိတ်စွဲ။ နှလုံးထဲက။ အလွဲကြံစည်။ ရှိသည်လိုလို။ အသည်းဖိုအောင်။ မယ့်ကို ပြစ်ဆာ။ မရှာပါနှင့်။ အမျာက်နှရီ။ မဒ္ဒီသမ္ဘူလ။ တော်လေးဝကို။ ရွေးကစကား။ ထင်ရှားလေပြီ။ မယ်ဒန္တီလည်း။ ဤတွင်တယောက်။ ငါးယောက်မြောက်အောင်။ လျှောက်၍တော်မှာ။ သွင်းသင့်ပါ၏။ ။ သီလာစက်ဝန်း။ ကမ္ဘာကျွန်းလည်း။ ဥဒါန်းမကျေ။ ထွန်းရစ်စေလိမ့်။ လေးထွေရောင်လင်း။ ရွှေတောင်မင်းမူ။ အရင်းမြစ်အောက်။ သုံးခုဆောက်သား။ ခုံလောက်တိမ်းသျှင်။ ယိမ်းသိမ့်ပင်တည့်။မယ့်တွင်သစ္စာ။ မယိမ်းပါ၍။ ။ မေတ္တာလေးဖင့် မနေးသင့်။

၄၃

သိဝိရာဇ်တိုင်း။ ရွှေသမိုင်းနှင့်။ ဝိုက်သိုင်းရံလည်။ ရိဋ္ဌပြည်တွင်။ ကိုးမည်အင်္ဂါ။ ပြည့်စုံစွာလျက်။ သိဒ္ဓါမြစ်ကြီး။ ကာရံ

www.kelasa.org



ဆီးသို့။ ရန်မီးတားသူ။ မယ့်ကိုပူအောင်။ မဍ္ဍူရွှေနှုတ်။ ဇမ္ဗူကြုတ်က။ ဖော်ထုတ်မယ့်မှာ။ အပြစ်ရှာသို့။ မေးလှာသော်လည်း။ ဖော်ရန်သည့်ပြင်။ မယ့်ကိုယ်တွင်ဌ်။ဆံမျှင်မျှမျှ။ အပြစ်ရအောင်။ ပြောပစရာ။ မရှိပါတည့်။ မယ့်မှာအထူး။ လင်ကကျူးလျှင်။ ညဦးကားရှေ။ ငွေကားသန်းခေါင်။ သောက်ရောင်ကြေးခွက်။ လင်ပန်းထက်မှာ။ ထည့်လျက်အမျှား*။ ပတ္တမြား*နှင့်။ မယ်အားပေးကာ။ ဖြားယောင်းလှာ၍။ ။ ဒေဝါရုံဝန်း။ ဝေယန်နန်းဝယ်။ စံမြန်းပါတော့။ သိကြားချော့လည်း။ မပြော့ပေဖူး။ မယ့်ကိုနှူး၍။ ။စိတ်ကူးတွေးချင့် မမေးနှင့်။

၄၄

ဤသို့နက်တံ။ နှုတ်ခြေင်နှင့်။ သံတခြည်းခြည်း*။ နာဖွယ်ချည်း*ဖြင့်။ နွဲ့လည်းနွဲ့လျက်။ မဆိုရက်အောင်။ ယွန်းဆက်ဘုံဆင့်။ ရွှေအိမ်မြင့်ထက်။ မင်းနှင့်ထိုက်တန်။ မင်းရာချန်သား။ သလွန်ကြာညောင်။ တိုက်ခန်းချောင်ဝယ်။ မယ်မောင်ရွှေငှက်။ လည်ချင်း ယှက်သို့။ ချော့လျက် မေးခါ။ စောဥမ္မာလည်း။ မင်းလာကာလ*။ ကိုယ်ရောင်လှ*ကို။ မပြပါနှင့်။ မှာခဲ့ဆင့်သား။ လင့်အာဏာဖျက်*။ ကိုယ့်ပြစ်တွက်ကို။ ပျောက်ပျက်*စိမ့်ငှာ။ ဆီးကြိုကာလျက်။ မာယာသွဲ့ငဲ့။ လှုရုံမဲ့၍။ ။ တွဲကာနွဲ့ကာ။ ချော့တဲ့လာအောင်။ မျက်နှာမချို။ ငိုသလိုနှင့်။ ကြာညိုနုံ့သင်း။ ရွှေခံတွင်းက။ ငြင်းကာခုံကာ*။ ပြောသောခါ*ဌ်။ သေနာပတိ*။ မတ်ခေါင်ထိ*လည်း။ မိမိသည်လျှာ။ စောဥမ္မာသည်။ ရာဇာထွတ်တင်။ တို့အသျှင်ကို။ မြင်အောင်ကေန်။ ပြသည်

မှန်၏။ ဥာဏ်ဖြင့်သိလည်း။ လောကီသုံးတမ်း။ မေတ္တာပြွမ်း၍။ ချစ်ကျွမ်းဝင်သူ။ လှည့်ပတ်ထူသော်။ မည်သူမပါ။ မရှိရာတည့်။ တဏှာညွန်သန်။ ရာဇ္ဇရှစ်ဘန်ကား။ ကျောင်းကန်ပျော်မွေ့။ သူတော်လေ့နှင့်။ ရသေ့ရဟန်း။ ကမ္မဋ္ဌာန်းကို။ စီးဖြန်းလက်လျော့။ စိတ်လက်ပေါ့၍။ သူတော့်ဘောင်မှ။ ခွာရှောင်စိုက်စိုက်။ ပုဆိုးပိုက်လျက်။ လိုက်လိမ့်အပြီး။ စစ်သူကြီးမူ။ မီးနှင့်ချိပ်သင်။ ဖြစ်ရာဘင်၌။ ပြစ်ဘင်မပွား။ ကိုယ့်မယားကို။ စကားပြက်ပြက်*။ မဆိုရက်သျက်။ ပျက်*စီးခဲ့ပြီ။ မယ်ဒန္တီကြောင့်။ မဟီတလ။ လူများဘဟု။ ကြံမှုစကား။ ဆိုခဲ့ထားမှ။ မင်းဖျားစံရာ။ ရွှေနန်းသာ*ဝယ်။ ပါသာ*ဒဆင့်။ ပြာသာဒ်မြင့်ထက်။ အသျှင့်ထံပါး။ ဆက်မည်သွားသည်။ ။စဉ်းစားမယုတ် မလွန်တည်း။

၄၅

ကွန်းပြောက်ရွှေနန်း။ ပြာသာဒ်ခန်းတွင်။ ခြူးပန်းရွှေစင်။ ရွှေတရင်တီ။ လက်တင်ရွှေသား။ ရွှေနရားနှင့်။ အုံးဘားသိဂီ။ ရွှေပန်းချီလျက်။ စာမြီဖိုမ။ ရင်ဆိုင်ကသို့။ ပူလွှရိပ်အောက်။ ငှက်ခြေထောက်သား။ မြကျောက်စီပြွန်။ ရွှေသလွန်ထက်။ ဥာဏ်ပညာကျယ်*။ ဘုရားနွယ်မူ။ လကြယ်*တိမ်ဝှက်။ မြေ့ဆိပ်တက်သို့။ လွမ်းချက်ပြင်းသော်။ ယောင်ယမ်းခေါ်၍။ မင်းကျော်ရွှေညွှတ်။ တသွတ်သွတ်ဖြင့်။ ကဘွတ်ရွှေနွယ်။ ဥမ္မာမယ်ကို။ နွတ်ဝယ်သလျက်။ တသက်သက်နှင့်။ စက်တော်မခေါ်။ ပွဲ့ဘော်မတည်။ စံပယ်သည်ကို။ ပြည်ကြီးပခုံး။ ပြည်လက်ရုံးသည်။ နှလုံးမသာ။ မြင်လတ်ရာတွင်။ ဥမ္မာကိုပင်။ အသျှင်မြတ်မွန်။

www.kelasa.org



တပ်စိတ်လွန်၍။ ပြင်းဝှန်ရောဂါ။ ခရောက်သည်ငှာကို။ ဥမ္မာမယ်အား။ မဆက်ငြားက။ မင်းဖျားဘုန်းစည်။ သက်မရှည်လိမ့်။ စိတ်ရည်မိလျှင်။ ကျေးဇူးရှင်*၌။ သက်ရှင်*စိမ့်ငှာ။ ပြုကောင်းရာဟု။ ချစ်စွာလွန်ငြား။ ကိုယ်မယားကို။ မင်းအားဆက်မည်။ နှလုံးတည်၍။ ကြံစည်စပ်ကြား*။ မဖောက်ပြားသည်။ ။ ယောကျ်ား*လူများ တမ်းခွန်တည်း။

၄၆

ရွှေပြည်အရိဋ္ဌ။ နန်းဌာနတွင်။ နရပတိ။ သိဝိရွှေမှောက်။ ရောဂါရောက်သော်။ ချင်ကြောက်များထူ။ စိတ်လက်ပူ၍။ ပြည်သူပြည်သား။ ဥာဏ်သွားအလျောက်။ တွေးထောက်နိမိတ်။ အဘိဘ်ပုံစံ။ နာခံစဉ်းစား။ ရှုကြငြားလည်း။ ဘုရားပုထိုး။ အခိုးမစည်။ မျက်ရည်မယို။ ရှစ်လုံးဂိုဟ်တို့။ နဂိုလမ်းကြောင်း။ မစောင်းမတိမ်း။ မယိမ်းမတိုက်။ မခိုက်လမ်းရိုး။ ရွှေတိုးနောက်သွား။ ကျားသို့ခြသေ့။ မရွေ့တုံပဲ။ အမြဲမနေ။ သွားထွေအမှန်။ တမ်းခွန်မပြု။ ခိုးမထတည့်။ နေကနှစ်စင်း။ လမင်းမှဏ္ဍ။ ယက္ခကိုယ်ဘင်။ ကောင်းကင်မှိုင်းဝေ။ မုန်တိုင်းလေနှင့်။ မြင်ရေညာစီး။ မြေကြီးဘောင်ထွတ်။ နတ်သိမ်းကမ်း။ အက်ခြမ်းပြိုကွဲ။ ကျောက်ခဲမိုးပျံ။ ပြောင်းစံကျောက်တည်။ မြတ်ရောင်ခြည်*နှင့်။ နတ်ချည်*လွင့်ဟန်။ မပြန်နေရိပ်။ ဇမ္ဗူဒိပ်ကို။ တံဆိပ်ထပ်မှန်း။ နိမိတ်ကျွန်းဟု။ တိတ်ညွှန်းသော်လည်း။ မမြော်မမြင်။ ရှိကြလျှင်တည့်။ လူတွင်ဖမ်းရိုး။ နရစိုး*နှင့်။ နတ်ဆိုး*ယက္ခ။ ဘူမဒေဝါ။ ပြိတ္တာတစ္ဆေ။ ဖမ်းလေသလော။ ရှမ်းယောမျိုးခြား။

သမားလူယုတ်။ စုန်းနှင့်ဖုတ်တို့။ မျက်ကြုတ်ကိုးတန်။ ငြိုးထား
ရန်ကြောင့်။ စိတ်မာန်အလိုက်။ မြေဩနံရုပ်။ နှံမြုပ်ပြုစား။
လေသလားဟု။ဘုရားနတ်ဝင်။ဗေဒင်ရုပ်ပုံ။မေးရာတုံသည်။ ။
ရွှေဘုံနန်းသူ ပူပန်တည်း။

၄၇

ထိုသို့ပုပင်။ မေးကြလျှင်တည့်။ ဗေဒင်သမား။ ဟူးရား
ခေါင်ထိ။ ပြည်မျက်စိတို့။ သိချင်လှမော။ ကြင်နာဇော*နှင့်။
ဇော*သိဝိရာဇ်။ တိုမင်းစစ်၌။ အချစ်လွန်စွာ။ စေတနာကြောင့်။
ကြမ္မာနှင့်ဘုန်း။ သုန်းမသုန်းကို။ သင်ပုန်းခင်းကာ။ ညှိုးမျက်နှာ
နှင့်။ ဇာတာကြည့်ရှု။ တွက်ချက်ပြုလည်း။ အာယုတော်စန်း။
ကဏ္ဍာခန်းမှ။ မရဏနှင့်။ ဗျာယအာရီ။ မှီသည်မရှိ။ ဓိပတိက။
ဓာတ်ပုညမှ။ စသည်မဏ္ဍိုင်*။ ဆယ်ပါးတိုင်*တို့။ ခိုင်၏ ကိုယ်စီ*။
စစ္စလီလည်း။ အောက်ဆီ*ပျော်မှူး။ မကူးမသန်း။ပြည့်စန်းမပြို။
နဂိုရ်ပီပီ။ ယာယီမထွက်။ ဂြိုဟ်ပျက်ဂြိုဟ်စား။ သက်ရောက်
များသည်။ ရှားမီးပါပ။ မကျအလျှင်း။ နဝင်းကောင်းချိန်။
ဂေါဝိန်နေရာ။ ဂေါစာမမြန်း။ လက်စန်းမစီး။ ခရီးသွားရာ။
နမဿာနှင့်။ ဖီလာမသင့်။ နှစ်ကိုချင့်လည်း။ ဂြိုဟ်နှင့်ဓာတ်နံ။
မြေခံတွင်းဆုံး။ အဖုံးမရှိ။ ပကတိ*မျှ။ ဝိမိ*နှစ်ပါး။
တာမစားလျက်။ ဘုရားလည်းပြု။ သမားကုနှင့်။ အာယုဒါယ။
ဒသာစ၍။ ဆတ္တစက်ကြီး*။ ဂြိုဟ်မစီးလျှင်။ ဓာတ်ကြီး*
ဆယ်ပါး။ ဝသောအားဖြင့်။ နံကြားထောက်မှ။ မကျန်
ရအောင်။ တွက်ဆသော်လည်း။ တော်သည်ချည်းပင်။ စံနည်း

www.kelasa.org



တအောင်။ ဒိဗ်စုံဆောင်လျှင်။ နားထောင်သသူ။ နိမိတ်ယူသား။
လူအသွယ်သွယ်။ ကြည့်ရှုကြယ်လည်း။ ရေဝယ်မိကျောင်း။
ပေါ်လျှင်းတောင်းသို့။ အောင်း၏ ရေထဲ။ ပျားငမ့်နှင့်။ ပျံ့ဝဲ
လင်းတ။ မကျနန်းဦး။ ဘီလူးရယ်ရှင်။ မမြင်ကြမူ။ တချို့
လူလည်း။ တံပူနှင့်အပ်။ ရေခွက်ခပ်၍။ အရုပ်အိမ်များ။
မြို့တံခါး၌။ စကားထွက်သံ။ နားရှက်ခံသည်။ ။နိုင်ငံတိုင်းသူ
ဆူပာန်တည်း။

ထိုသို့ဆူသော်။ သမားတော်ဟု။ အကျော်အစော။ ဇမ္ဗူ
ကြောဝယ်။ ဗိန္ဒောနှင့်ဓာတ်*။ ဆေးကျမ်းတတ်*တို့။ မင်းမြတ်
ဖြစ်လား။ ချစ်သနား၍။ ကုဇားလို့ငှာ။ တွေးတောရာသား။
ရောဂါထောက်မူ။ နေပူခံကြ။ ပါစကမှ။ အာဟာရမျိုး။
ရေချိုးမှားကြောင်း။ အညောင်းခံငြား။ ခရီးသွားလျှင်။ သစ်ပင်
တက်ဝုန်။ အိပ်လွန်သောခင်း။ ဆင်မြင်းလည်းစီး။ အသီးသီး
ကြောင့်။ ဓာတ်မီးဘေဇော။ အာပေါသွေးလေ။ သည်းခြေ
ငုပ်လျှံ။ တွေးဆကြံသော်။ ယာဥ်ပုံ့ရထား။ စီးကာသွား၏။
မခြားလှည်းနှင့်။ တူသဖြင့်လျှင်။ အသျှင့်ကိုယ်မှ။ ဝါယော
ကြွ၍။ သွေးကအိပ်ပြီ။ တွေးဆညီသော်။ ဤသည်ရောဂါ။
ပျောက်စိမ့်ငှာဟု။ ဒွါဒရာသီ။ နာရီမဟာ။ သမ္ဘာက။ ကမ္ဗဇရုပ်။
ပိုက်ထုပ်ကွန်ချာ။ ဓာတုဒီပဏီ။ ခေါ်ညီတွက်နှုန်း။ ရှုပွဂုဏ်းက။
စသည်တွက်ဖွဲ့။ ရေတွက်ခဲ့မူ။ နှစ်ဆဲ့လေးကျမ်း။ ရောပြွမ်း
သည်မှာ။ မဟာနာရီ။ ကွန်ချာသိဟု။ ဤသည်ကျမ်းမှာ။

မိပွဘယ်လာကို။ အာယုဒီဃ။ ပျိုချိုမြနှင့်။ နုရသုခိ။ လက်ခံရှိ၍။ ထုတ်ညှိဖော်ကာ။ ရက်ကိုစာသော်။ အာဂန္တုက။ ရက်တွင်ကျလျှင်။ နေ့စမိုးစ။ ဆောင်းသအင့်။ အစဖွဲ့မှ။ သုံးဆဲ့လေးရက်။ ဆေးပေးခက်ဟု။ ကျမ်းထွက်အလို။ သွေးချိုသွေးခါး။ ရှိသည့်များတွင်။ နှစ်ပါးရောသွေး*။ မညီသေး၍။ ချင့်တွေး* ထောက်သား။ စောင့်နေပြားသည်။ ။သမားတော်စု ကူညာဏ်တည်း။

၄၉

ဤသို့များဖြင့်။ လုပ်ယင်နှင့်။ ဗေဒင်ဟူးရား။ သမားမျက်ရှု။ ဘုရားပူသား။ သမုမရှု။ အများဟူက။ ပြည်သူဆူကြ။ ကြည်ဖြူလှ၍။ ရှုတပ်ဆွေး။ ကူကြမေးလည်း။ မတွေးကြမ်း။ အရေးရှိသော်။ မင်းကြီးရောဂါ။ ရောက်သည့်ဌာကို။ ခြင်းရာအဘတ်။ သိတံ့လတ်သည်။ အမတ်ကျွန်ရင်း။ ဓောရန်လင်းကာ။ ထမင်းဟင်းကျွေး*။ စည်းစိမ်ပေးသား။ စားကြေး*တင်ဖူး*။ သုကျေးဇူးကို။ ဆည်းပူး*ကြံ၍။ တစေ့စေ့နှင့်။ အောက်မေ့စရာ။ အဖြာဖြာ*၌။ စိတ်ဖျာ*ဉာဏ်ပုန်း*။ ပမာနှုန်းမူ။ မင်းဘုန်း* ကြီးသျှင်။ ရန်မီးမှုတိမ်း။ ဘေးခပ်သိမ်းသည်။ ခြိမ်းကာခြောက်ကာ။ ပျောက်ပျက်ရာ၏။ ပညာသာပေါင်း။ ဆရာကောင်းက။ မောင်းကာမဲ့ကာ။ တံဖျာမကူ။ တတ်သောဟူသို့။ ထိုတူမယုတ်။ သမားဟုတ်က။ မှုတ်ကာမန်းကာ။ ဆေးမပါလည်း။ မူရာအလျောက်။ သူနာပျောက်သို့။ ရွှေမှောက်ရောဂါ။ ပျောက်စရာကို။ ငါမှတမူ။ တခြားလူသည်။ ဘယ်သူသည်မှာ။

www.kelasa.org



မတတ်ရာဟု။ သည်လျှာသက်ပေါင်း။ ဆက်မည်ကြောင်းကို။ ။ ချက်ကောင်းဖွေရှာ ကြံလေပါတည်း။

၅၀

ပြည်တွင်းပြည်ပ။ နန်းခဘုံသူ။ နှလုံးပူလျှင်။ မဆူကျက်ကျက်*။ ကြောင့်ရှေကြက်*သို့။ မထွက်မဝင်။ သဘင်ဆိတ်ဆိတ်။ အလုံးဘိတ်*၍။ ထိတ်*လန့်လျက်သာ။ ရှိကြရာတွင်။ သေနာပတိ*။ မတ်ခေါင်ထိ*ကား။ မင်းကြီးရောဂါ။ ပျောက်စိမ့်ဌာ*ကို။ ငါ*မှတပါး။ ငါကားဖော်မြွက်။ မယားဆက်လည်း။ ရှက်စချင့်ဘွယ်။ မဖော်ဝယ်တိုက်ချိုက်။ မသိထိုက်ဟု။ မှတ်ပိုက်ပြီးမှ။ တယောက်သူကို။ လူမသိအောင်။ ခေါ်ဆောင်ပြီးမှ။ ဘယ်ဒေသတွင်။ ဘယ်သစ်ပင်၌။ ဝင်၍သင်ခေါင်း။ မအောင်းနှင့်လေပါ။ ငါတို့လာ၍။ ပူဇာသက္က။ ပြုပြီးခဲ့လျှင်။ နရထွတ်တင်။ တို့အသျှင်သည်။ သဘင်မလှည့်။ ပွဲမကြည့်ပဲ။ နေသည့်အနာ။ ဘယ်ရောဂါဟု။ ပြောပါနတ်သျှင်။ တို့မေးလျှင်တည့်။ သင်တို့မင်းမှာ။ ပြောစရာသည်။ ရောဂါမရှိ။ ဖြစ်တုံဖိ၏။ စပ်သူကြီးအား။ မယားလှုရှာ။ ဓေဝဥမ္မာကို။ မင်းမှာဆက်က။ မင်းကြီးရသျှင်။ ခဏလျှင်လျှင်။ ပျောက်လိမ့်ပင်ဟု။ အသင်နတ်ယောင်။ ဆောင်၍ဆိုပါ။ မှာပြီးခါလျှင်။ နာခံသသူ။ တယောက်လူလည်း။ မှတ်ယူစကား။ ခံဝန်သွားသည်။ ။ နေပြားသစ်ခေါင်း ဝင်ကာတည်း။

၅၁

ထိုသို့အကြံ။ ဥာဏ်စီမံ၍။ နိုင်ငံသိမ်းခြုံ။ ပြည်လုံးယုံသား။ ဘေးလုံ့ရန်ဆီး။ စစ်သူကြီးသည်။ အနီးအပါး။ မှူးမတ်များအား။ နတ်သားရှိရာ။ မင်းရောဂါကို။ ငါတို့သင်တို့။ မေးချေစို့ဟု။ ထိုသို့ခေါ်မှ။ ပူဇော်သက္ကာ။ ပြုစရာမူ။ သျှော်စွာသီးသီး။ ဆောင်ကြပြီးသော်။ သစ်ကြီးပင်အောက်။ လာကြမြောက်လျှင်။ ရောက်လတ်သောအခါ။ နတ်ဖို့ပါသား။ ပန်းဝါပန်းနီ။ စုံစီထွေလာ။ သြဇာများဖြင့်။ ကောင်းစွာတင်မှ။ အသျှင်နတ်မင်း။ တို့ရှင်ရင်း၌။ ကိုယ်တွင်းကိုယ်ပ။ ဆန္ဒဝတိ*။ ဗျာဓိ*ရောဂါ။ ဘယ်အနာကြောင့်။ စိတ်မှာမရှင်။ ပွဲသဘင်လည်း။ ကြည့်ချင်မရှိ။ ပျောင်းပျောင်းအိလုက်။ မချိမခံ။ စိတ်လှင့်ပျံ၍။ မခံ့ပွဲတော်။ စက်မပျော်အောင်။ ပေါ်သည်ခြင်းရာ။ ဘယ်ရောဂါဟု။ မဟာဒေဝ။ ရုက္ခသနင်း။ နတ်မင်းတို့အား။ သနားသောကြောင့်။ ကွယ်မထောင့်ပဲ။ ဖြောင့်ဖြောင့်သိရေး။ ပြောပါမေးသည်။ ။ ချင့်တွေးကုမ ချင်ပါတည်း။

၅၂

(မင်းနေဘုမိ။ တိုင်းသိဝိတွင်။ အခိကရ။ ကျော်ပေါက်ပြုလျက်။ တောဇပြင်းထိန်။ တန်ခိုးရှိန်ကြောင့်။ ဒေဝိန်တပါး။ လွန်ထင်ရှား၍။ ကျွဲနွားမြင်းဆင်။ လူရှင်ရှိတိုင်း။ အကိုင်းအခက်။ အရွက်အရိုး။ မချိုးကြဝံ့။ တိုင်းလုံးနှံ့အောင်။ ကြောက်ရွံ့တုန်ငြင်။ ပန်းမန်တင်သည်။ ကွန်းစင်ပျော်မှတ်။ ပင်နတ်မြတ်။) ။လူထွတ်ဘုရင်။ တို့သခင်ကား။ သင်နတ်

www.kelasa.org



တို့အား။ ရသာများနှင့်။ ဝတ်စားလှကြောင်း။ မတင့်တောင်းတီ။ ခေါင်းပေါင်းအင်္ကျီ။ ပန်းဆိုးနီဝယ်။ ကြယ်စီရွှေကြိုး။ ရွှေပွင့်ထိုး၍။ ပုဆိုးပန်းစစ်။ တကျွန်းဖြစ်လည်း။ တနှစ်တခါ။ အကောင်းရှာ၍။ သပြာတထောင်။ ကုန်အောင်ပသ။ သက္ကာရဖြင့်။ ဝေငှဖြန့်ချိ။ ကျေးဇူးသိအောင်။ ဗလိနတ်စာ။ ကျွေးမွေးပါ၏။ ခုမှာသျှင်နတ်။ ဆောဂါလွတ်အောင်။ ဆေးပတ်သကြား။ ပျားနို့သေးခု။ စတုမခု။ အုန်းလည်းဟူသား။ သြဇာများကို။ စားလည်းစားပါ။ ပန်းတို့မှာလည်း။ ဒေဝါနတ်မင်း။ ပန်ပါနှင်း၍။ လျှင်ပြင်းမနေး။ ပြောပါဒေးသော်။ ရှေးရှေးအဟောင်း။ သစ်ပင်ခေါင်းဘွင်။ အောင်းနှင့်သည့်လု။ နတ်စဉ့်ကူလည်း။ မပြုရုပ်သွင်။ သုအဆင်ကို။ မမြင်စေပဲ။ သစ်ခေါင်းသဲက။ နဲ့နဲ့နက်နက်။ အသံဖျက်၍။ အထက်ကာလ။ မှာသမျှကို။ နှုတ်ကမချို။ ဆိုတုံမြို၏။ သင်တို့မင်းမှာ။ ပြောစရာသည်။ ရောဂါမဂ္ဂို။ ပကတိပင်။ အဘိပါရက။ နာမတွင်ပြီး။ စစ်သူကြီး၏။ ဇနီးသိဂိ။ မယ်ဒန္တီကို။ ဤသည်မင်းအား။ ဆက်တုံငြားက။ လျှင်လျှားမရှည်။ ပျောက်လိမ့်မည်ဟု။ နှုတ်ခြည်မလို။ မှာတိုင်းဆို၍။ မပိုဆိတ်ဆိတ်။ အသံပိတ်သည်။ ။တိတ်တိတ်နေ၏. ထိုခါတည်း။

၅၃

သစ်ခေါင်းကလူ။ နတ်နှင့်တူအောင်။ ပြောသူနှုတ်ပိဘ်။ အသံဆိတ်၍။ တိတ်တိတ်နေကာ။ တတ်လိမ့်သွားသား။ သေနာပတိ*။ မတ်ခေါင်ထိ*လည်း။ မိမိမှုမူ။ တပါးသူကို။ စိတ်ယူ

ထဲးက။ မသိရအောင်။ လာကြဆိုပြီး။ ထိုမင်းကြီး၏။ အနီး
အပါး။ ဘယ်သူအားမျှ။ စောင့်စားရစ်ဖိ။ မမှာမိ၍။ မင်းကြီး
အမူ။ အတန္တုကား။ ကြက်ဥအတူ။ အဖူအနက်။ ထွက်မည့်
ဘယ်သို့။ မသိတို့ခဲ့။ သွားစို့နှုတ်က။ ခေါ်ပြီးမှလျှင်။ ကာလ
ထိုနောက်။ သစ်ပင်အောက်တွင်။ တယောက်မကျန်။ သိမ်း၍
ပြန်သော်။ လျှင်မြန်ခဏ။ သစ်ခေါင်းကလျှင်။ ဒေဝလုပ်သူ။
ရွက်ထပ်ဟူသား။ နှုတ်အမူဖမ်း။ လူလည်းလမ်းကို။ ခွဲးခြမ်း
တခြား။ ထွက်ကာသွားသည်။ ။လူများမသိအောင်သာတည်း။

၁၄

ထိုသို့လျှင်ထောက်။ သစ်ပင်အောက်က။ အရှောက်မကြာ။
ပြန်ခဲ့လာ၍။ ဘုံသာနန်းတွင်။ ဝင်ကြတုံပြီး။ စစ်သူကြီးလည်း။
အနီးအနား။ မင်းအပါး၌။ စောင့်စားနေမှတ်*။ ပရိသတ်နှင့်။
မှူးမတ်*တို့အား။ မကြားရအောင်။ လွှတ်ရာရှောင်ဟု။
သွေးဆောင်ခေါ်ငင်။ ထုတ်လိုက်နှင့်၍။ အသျှင်စံမြန်း။
ပြာသာဒ်ခန်းဝယ်။ ကာသန်းပိတ်ထား။ ထိုတံခါးကို။ မင်းကြား
ရုံသောက်။ လက်ဖြင့်ခေါက်လျှင်။ ရွှေမှောက်ဘုန်းရှိ။ မေး၍
သိသော်။ သတိရခိုက်။ နှလုံးပိုက်နှင့်။ ဖွင့်လိုက်ရာတွင်။ မတ်ကြီး
ဝင်၍။ အသျှင်ထံရင်း၊ မင်းနှင့်နီးနီး။ ချဉ်းကပ်ပြီးလျှင်။
မင်းကြီးရောဂါ။ ပျောက်မည့်ဌာကို။ ဗိုလ်ပါအများ။ ခေါ်ယူ
သွား၍။ နတ်သားစံခန်း။ သစ်ပင်နန်းဝယ်။ မေးမြန်းကြလျှင်။
ထိုသစ်ပင်က။ အသွင်ကိုယ်မျှ။ မမြင်ရလျှင်။ နှုတ်မှလူလို။

www.kelasa.org



နတ်ပြောဆိုထား။ ထိုသည့်ခြင်းရာ။ လျှောက်လိုဌာဖြင့်။ ။
ဂါထာဖော်ပြရှိဦးချတည်း။

၁၅

(၃၁) ဘူတာနိ မေ ဘူတပတိ နမဿတော။
အာဂမ္မ ယက္ခော ဣဒံ မေ တဒဗြဝိ။
ရညော မနော ဥမ္မာဒန္တျာ နိဝိဋ္ဌော။
ဒဒါမိ တေ တံ ပရိစာရယဿုတိ။

မင်းတို့ကျင့်ဝတ်။ ဆယ်ပါးမြတ်မှု။ သဿမေဓ။ သင်္ဂဟတိ။
အစရှိသည်။ အပရိဟာနိယ။ ဓမ္မကမ္မတာ။ ထုံးစဉ်လာကို။
မကွာသဖြင့်။ ညီအောင်ကျင့်၍။ တိုင်းနှင့်ပြည်သူ။ ချစ်ကြည်
ဖြူသည်။ လူများသနင်း။ တို့သျှင်ရင်း။ ) ။မင်းကြီးကိုယ်တော်။
ယခုပေါ်သည်။ ရောဂါတသန်။ နှိပ်စက်ဝန်ကို။ ကျွန်တို့
လဲးကာ။ ခံချင်ပါလည်း။ ဘယ်မှာကြံစည်။ မသိသည်ကြောင့်။
မေးမည်စေ့ဆော်*။ မှူးမတ်တော်တို့။ ပုဏ္ဏား*စရာ*။
လက်ဆောင်လျာ*မူ။ သြဇာကြိုင်မွှန်း။ နိဝါပန်းနှင့်။ နတ်နန်း
ကွန်းစင်။ ထိုသစ်ပင်တွင်။ အထင်ကရ။ ကျော်စောလှသား။ ရုက္ခ
နတ်အား။ ကျွန်တို့သွား၍။ တိုင်ကြားပုဏ္ဏား။ ပူပြီး
သော်လည်း။ ကိုယ်တော်အနာ။ ဘယ်ရောဂါဟု။ ပြောပါ
မေးလျှင်။ သံထင်ထင်နှင့်။ အသျှင်နတ်သား။ ပြောစကားမူ။
အခြားရောဂါ။ မရှိပါတီ။ ဥမ္မာဒန္တီ၊ ဆင်းသိဂီကို။ မို့၍ မင်းတွင်။
ရှုးသောသွင်သို့။ လိုချင်တပ်ချက်။ ရောဂါဖြစ်၏။ ။စစ်သူကြီးကား။

သင့်မယားကို။ မင်းအားဆက်ဖို့။ မှုသည်ရှိက။ မင်းကြီး ကိုယ်တွင်။ ရောဂါစင်လိမ့်။ နတ်သျှင်ရွှေခုန်း။ ထုတ်ဖော် ညွှန်းသည်။ ။နတ်ကွန်းသစ်ပင် ပေါ် ကတည်း။

၅၆

ထိုသို့နတ်သား။ ပြောစကားကို။ ကြားလျှင်ခဏ။ ဝမ်းသာ လှ၍။ ထခဲ့ပြီးသော်။ ကျေးဇူးတော်ကို။ ထောက်မျှော်ရှုလျက်။ လျှင်လျှင်ဆက်မည်။ စိတ်ကရည်၍။ လာသည်ကေန်။ ကျွန်ုပ် မှန်၏။ တိရစ္ဆာန်မျှ။ ချေးကာလဉ္ဇ။ ဘဝယုတ်လျက်။ ကိုယ်လုံး နက်သား။ ကျီးငှက်မျှမူ။ နှလုံးဖြူ၏။ သူ၏သခင်။ ကျေးဇူး ရှင်သည်။ စားချင်လိုဖို့။ အာသာဒှိက။ ပြည်းကြီးသနင်း။ ထမင်းဟင်းကို။ ချင်းအသေခံ။ ရအောင်ကြံ၍။ သူထံမကွာ။ လုလက်မှာ၍။ စွန့်ကာအသက်။ လုယူဆက်၏။ ကျီးထက် မြတ်သူ။ ကျွန်ုပ်လူကား။ မဖြူစိတ်စက်။ ဘဲ့ကြောင့်နက်အုံ့။ ကျွန့်လက်ရိုက။ သျှင်ပိုင်သ၏။ ပဥ္စပါပီ။ ကြန်မညီလျက်။ ဤသည်မိန်းမ။ ဖောဠ္ဌဗ္ဗကြောင့်။ တလစ်ပင်။ ဘုရင်နှစ်ပါး။ မိဖုရားဟု။ မြှောက်စားပြီးသော်။ လှည့်လည်ပျော်၏။ ကိုယ်တော်မှာကား။ ကျွန့်မယားကို။ စံစားသိုလွန့်။ စိတ်မတွန့် နှင့်။ ကျွန့်ဖွတ်ကျွန့်လိုင်။ ရွှေကြာရိပ်တွင်။ စက်အိပ်အတူ။ လုပ်ကျွေးသူဖို့။ ယူလော့ပိုင်ပိုင်။ တရားပြိုင်လည်း။ နိုင်သည် နက်တံ။ ရှေးထုံးစံသည်။ ။မြင်ခံသခင် တော်စွတည်း။



၅၇

ရွှေနန်းရိပ်မြုံ။ သလွန်ဘုံတွင်။ လက်စုံမြှောက်ပြီး။ စစ်သူ ကြီး*သည်။ ကျီး*၏ပမာ။ ကျေးဇူးရှာ၍။ ဥမ္မာဒန္တီ။ ဆင်းနတ် ပီကို။ ဤသို့လျှောက်ထား။ ဆက်တုံငြားသော်။ မင်းဖျားစိတ်စုံး။ နှလုံးထဲးက။ ခဲးမ မရော။ ကြေးမနှောသား။ ငွေကျောဟိရို။ အရှက်ဖိလျှင်။ သတိကပ်လှာ။ မယ်ဥမ္မာကို။ ငါကားတပ်ချစ်။ တဏှာယစ်၍။ ညစ်ညစ်ညမ်းညမ်း။ ဆိုယောင်ယမ်းလျက်။ မြည်တမ်းမိငြား။ ငါ့ဖြစ်လားကို။ နတ်များကစ။ သိကုန်ကြဟု။ သြတ္တပ္ပရှေ့။ ကြောက်လန့်တွေ့။ ကာမေသုစိတ်။ သံပြား ပိတ်သို့။ ချွန်းချိတ်မိသော်။ သံဝေတော်ကား။ မိုးပေါ် ရပ်သူ။ နတ်နှင့်တူသည်။ ဇမ္ဗူရောင်ဝါ။ ဆောဥမ္မာကို။ ငါယူချေသော်။ သူနှင့်ပျော်၍။ မွှေလျော်ချင်စိတ်။ သုဝယ်ဖိတ်က။ ဆိတ်လိမ့် ကုသိုလ်။ မယူလိုဟု။ ။ဆိုမြည်ဂါထာ မိန့်တုံပါတည်း။

(၇၂) ပုညာ၀ ဓံသေ အမရော န စမှိ၊
ဇနော၀ မေ ပါပမိဒဉ္စ ဇညာ၊
ဘူသော၀ တျဿ မနသော ဝိဃာတော၊
ဒတွာ ပိယံ ဥမ္မာဒန္တိံ အဒိဋ္ဌာတိ။

ကမ္ဘာဖက်လွတ်။ အာဒိဝင့်၌။ အာဘာဿရး။ ဘုံကလာသား။ ပြဟ္မာသူမတ်။ မင်းမြတ်စောထီး။ သစ်ပင်ကြီးသို့။ ပွားစီး တုံလျက်။ သားမြေးဆက်၍။ ကိုင်းခက်စဉ်ကာ။ မင်းညွှန့်



www.kelasa.org

ဖြာလျက်။ မဟာနဂရ။ အရိဋ္ဌကို။ ဒီပကျော်ဟိုး။ သီဝိမျိုးဟု။ အစိုးတရ။ မင်းပွဲကြလျှင်။ ဘလည်းတူပင်။ သင်လည်းငါနှင့်။ အပေါင်းသင့်၍။ ရှည်မြင့်ကာလ။ ငါမှစ၍သည်။ တွင်းပရန်ဆီး။ စစ်သူကြီး။ ။မငြီးရှုဖွယ်။ လျှပ်စစ်နွယ်သို့။ ကိုယ်ဝယ် ဆင်းရောင်။ တပြောင်ပြောင်နှင့်။ လှခေါင်ထွတ်ချာ။ စောဥမ္မာကို။ ငါ၌စင်စစ်။ အသင်ချစ်၍။ ရင်နှစ်အထဲ။ နှလုံး ခဲ၍။ ခွဲ၍ရက်စက်။ ကိုယ့်အသက်ကို။ ဆက်လတ်သော့လား။ သင်ဆက်ငြားလည်း။ ငါကားယူလျှင်။ သူနှင့်ပင်တည့်။ ရွှင်ရွှင် မြူးမြူး။ အထူးသူးဖြင့်။ မူးမူးယစ်ယစ်။ ချစ်ခင်သော့အား။ ကစားကျူးကျော်။ စိတ်မွေလျော်၍။ ပျော်လျက်နှင့်သာ။ ကာလကြာသော်။ သဒ္ဒါမထက်။ ကုသိုလ်ပျက်လိမ့်။ တွက်မိ သော့အား။ သင့်မယားကို။ ငါကားခုလျှင်။ မယူချင်ပြီ။ သင်သာထိုက်သူ။ သင်သာယူ၍။ ။အတူမွေလျော် လေပြန် တည်း။

ထိုသို့မင်းကြီး။ ဆိုတုံပြီးသော်။ တသီးနည်းနာ။ ထုံးပုံရှာ၍။ သေနာပတိ*။ မတ်ခေါင်ထိ*လည်း။ ခေါင်းမရှိသူ။ ပုဂ္ဂိုလ် ဟူလျက်။ အမှုကောင်းက။ ဦးခေါင်းရှိသူ။ လူခင်ပွန်းဝယ်။ သက်ကိုကယ်၍။ အစွယ်ကိုထုတ်။ ဆိပ်ကိုစုတ်ဟု။ မြွေယုတ်နှင့် ကျီး*။ ရန်သူကြီး*၏။ လည်သီးစုရုံး။ ခေါင်းနှစ်လုံးကို။ တုံးတုံး တိတိ။ ဖြတ်လိုက်ဖိ၍။ မိမိသခင်။ အသျှင်အသက်။ မထွက် ရအောင်။ ကျေးဇူးဆောင်၏။ မူးခေါင်မတ်ဖျား။ ကျွန်ုပ်အားမူ။



မယားတယောက်။ ဟုစလောက်လည်း။ ထောက်ထားတွယ်တာ။ မရှိပါတည့်။ ရဇ္ဇာနတ်ဘူ။ ယူတော်မူလော့။ လူမသိအောင်။ ဖုံးကွယ်ဆောင်လျက်။ ရောက်အောင်ဆက်ဆက်။ ရွှေနန်း ထက်သို့။ ဝက္ကာပို့အံ့။ ကျွန်တို့မယား။ သျှင်ပိုင်ကား၍။ ။ ကရားမလွှန် ပေတန်တည်း။

၆၀

ထိုသို့အခါ။ ယူစိမ့်ငှာကို။ သေနာပတိ။ ကျေးဇူးသိလည်း။ မင်းကြီးအပါး။ နှစ်သောက်ကြားမျ။ စကားနုနု။ တရားစု၌။ ထုံးဥပဒေ။ ရှာဖွေဆုံးဖြတ်။ ဓမ္မသတ်တွင်။ ကျွန်ုပ်ဖွတ်ကျွန်ုပ်လိပ်။ ထုံးစံရိပ်သို့။ စိပ်စိပ်ဖြာဖြာ။ လျှောက်ပြန်ပါသော်။ ဥမ္မာဒန္တီ။ စုံညီနတ်နှင့်။ အသင့်မယား။ ငါရငြား၍။ ငါ့အားကံလုံ။ ပြည့်စုံ လတ်သော်။ စိတ်မွေလျော်လျက်။ ပျော်ပျော်ပါးပါး။ နေတုံ ငြားက။ စည်ပွားဘဏ္ဍာ။ များသောခါ၌။ သံသရာဝဲ။ ညွန်တိုက် ထဲတွင်။ အမြဲတာရှည်။ ချွားနှယ်လည်လျက်။ သေ့ပြည် မအား။ ဆီဆုံနွားသို့။ ရှည်လျားဘဝ။ သံသာရဝယ်။ သုခ မတွယ်။ ဒုက္ခကြွယ်သား။ အပါယ်လူးလာ။ ခံစရာတီ။ ဥမ္မာဒန္တီ။ ဆင်းနတ်ပီနှင့်။ ဤသည်ဘဝ။ တခဏ၌။ ငါ့မှာကံလုံ။ မွေလျော် တုံ၍။ စုံစုံမက်မက်။ နေ့ဌသာတွက်ကြောင့်။ အသက်ခန္ဓာ။ တသက်လျှာသည်။ မကွာမကွေ့။ အမြဲနေလျက်။ မသေငါ့မှာ။ မရှိရာတုံ။ ဥမ္မာကိုမူ။ ငါယူသော်ကား။ လူအများလည်း။ ငါ့အားချီခြဲ။ ကဲ့ရဲ့လိမ့်မည်။ သင်တို့သည်လည်း။ ချစ်ရည် ဝင်စား။ ကိုယ့်မယားကို။ ကြည့်ငြားမမြင်။ ရှိရာတွင်၌။ ပန်းပင်

www.kelasa.org

ပူဆာ။ ဖြစ်ပေရာလိမ့်။ ကိုယ်မှာဒုက္ခ။ ဆင်းရဲရကို။ သူများ ကိုယ်မှာ။ လွန်ချမ်းသာနှင့်။ လဲ့ကာယူသော်။ ခွင့်မ လျှော်သည်။ ။သူတော်သဘော မမှန်တည်း။

၆၁

ရှေးကဆိုသား။ ဂါထာများမူ။ ခြားလျက်ကိုယ်စီ။ ကန့်၍ သိ၏။ ဤမှုကြွင်းသား။ ဂါထာများမူ။ စကားပုံပုတ်။ မင်းအမတ်တို့။ ရစ်ပတ်တုံလှည့်။ ချပ်ကာထည့်၍။ ဆိုသည့် ဂါထာ။ များပြားစွာကို။ လက်ာပျို့ဝယ်။ ဖတ်နာသွယ်အောင်။ နုတ်ပယ်ကောင်းစွာ။ ထားခဲ့ပါအံ့။ ဖတ်နာလိုသူ။ ဇာတ်ရင်း မူ၌။ ။ထုတ်ယူရှာဖွေ ကြည့်ပါလေတည့်။

၆၂

ဘဒ္ဒကမ္ဘာ။ ပေါ်ဦးခါတွင်။ ဖြဟ္မာနုရ။ သမ္ဘာ၏ ။ သားကမြေးမြစ်။ တက်သစ်နွယ်ရိုး။ နေနွယ်မျိုးဟု။ ဆက်စိုး စဉ်လာ။ မင်းညွန့်ဖြာသည်။ မဟာဇနက္ခ။ မြတ်ဒေဝ။ ။ မင်းဖျားထွတ်တင်။ တို့သခင်ဝယ်။ လျင်လျင်ရောဂါ။ ပျောက်စိမ့်ငှာကြောင့်။ ဥမ္မာမယ်လျှ။ နုတ်တမျှကို။ ဆက်သ ယခု။ ဤသို့ပြုသား။ အမှုတသွန်။ လျှိုဝှက်ဝန်မူ။ ကျွန်နှင့် အသျှင်။ နှစ်ပါးပြင်ကို။ ပေါ်လွင်တခြား။ သူတပါးတို့။ မကြား နိုင်ဖိ။ မသိနိုင်ရာ။ သို့ဖြစ်ပါ၍။ မကြာစေရ။ နှလုံးချလျက်။ စိတ်ကရှိတိုင်း။ မွေလျော်ပိုင်းကို။ ချင့်နိုင်းစိတ်တော်။ ရှင်မွေ လျော်၍။ ပျော်ဘော်မှုပြီး။ နှစ်သက်ငြီးသော်။ စစ်ကြီး

www.kelasa.org



ပိုင်ကား။ ကျွန်ုပ်အားလျှင်။ သနားကြည်ဖြူ။ ပေးတော် မူလော့။ ။ဘယ်သူမသိ နိုင်ရာတည်း။

၆၃

ထိုသို့အမတ်။ လျှောက်ပြန် လတ်သော်။ မင်းမြတ်တခါ။ မသင့်စွာဟု။ သေနာပတိ*။ မက်ခေါင်ထိ*ကို။ အဘိပါရက။ အာလုပ်ပြုလျက်။ မြွက်ဟတရား။ ဂါထာကြား၍။ ။စကား တုံ့ကာ မိန့်ပြန်ပါတည်း။

၆၄

စစ်မက်ရေးရာ။ ရှိသောခါ၌။ ပုညာလက်ရုံး။ နှလုံးနှင့်အား။ သည်နှစ်ပါးကို။ယုံစား၍ ပင်။စစ်မြေပြင်ဝယ်။ ဘုရင်တယောက်။ ငါချီးမြှောက်၍။ ပြိုင်ဘောက်မရှိ။ တေဇာညီသည်။ အဘိ ပါရက။ တွင်နာမ။ ။ပါပဖြစ်ထိုက်။ ဒုစရိုက်ကို။ စိတ်လိုက် မာန်အား။ ငါပြုငြားလည်း။ တခြားသတ္တဝါ။ မသိရာဟု။ စိတ်မှာစွဲးသူ။ အကြင်လူသည်။ ကွယ်ယူဖုံးလျက်။ ပုန်းရှောင် ဝှက်၍။ ကြောက်ရှက်မရှိ။ ပြုလိုက်မိလည်း။ မသိတယ်သို့။ ရှိနိုင် တို့အံ့။ မြင်းမိုရ့်တဖက်။ ဖုံးကွယ်ဝှက်၍။ ညှံ့သက်ဝေးဆာ။ သိမ်မွေ့စွာသား။ ပရမာနု။ မှုတခုကို။ သိမှုစေငါ။ မြင်စွမ်း လှသား။ ဒိဗ္ဗစက္ခု။ အတုမရှိ။ နတ်မျက်စိနှင့်။မြေကြီးထက်မှာ။ သတ္တဝါကား။ မြတ်စွာဘုရား။ တပည့်သားနှင့်။ နတ်များတစု။ မိမိပြုသည်။အမှုလျှိုဝှက်။ မကောင်းချက်ကို။ပြက်ပြက်ထင်ထင်။ သိကြမြင်လိမ့်။ မုန်းပင်စိုက်ကာ။ ထိုသူမှာ၌။ မကြာ

မျက်မှောက်။ သေဘေးရောက်လျက်။ မြွေအောက်အထဲး မြေကိုခွဲ၍။ ။ငရဲယူလိမ့် လျင်မြန်တည်း။

၆၅

စည်းစိမ်မရှည်။ ခဏတည်၍။ လုပြည်နေခိုက်။ စိတ်လိုလိုက်လျက်။ ပျော်ပိုက်သမှု။ လောဘစုနှင့်။ ဒုစရိုက်မှိုင်း။ မကြဉ်ဖဲ၍။ ငရဲကျမှု။ ကြိုက်ကြိုက်ဆူသား။ သံပူရည်ဖျန်း။ ခေါင်းကသွန်းလျက်။ နစ်မွန်းဖန်ဖန်။ အတန်တန်နှင့်။ သေပြန်ရှင်ပြန်။ ဖြစ်ဟန်မတည်။ ဆင်းရဲရှည်၍။ သံရည်ပူထက်။ လောင်ခြစ်ကျက်သား။ နရက်ငယ်စွ။ သဥ္စဝဍ္ဍ။ လူကအနှစ်။ ကိုးသန်းဖြစ်မှ။ တရက်ရ၏။ ။ လနှစ်ဖွဲ့ကာ။ နှစ်ငါးရာကို။ သင်္ချာ ခွဲးဝေ။ လူနှင့် ရေသော်။ ကုဋေ စုဆောင်း။ သိန်းခြောက်သောင်းနှင့်။ ဘောင်ပေါင်းနှစ်ဝ။ ဆင်းရဲရ၏။ ။ ထိုမှအောက်တွင်။ သံမြေပြင်ထက်။ မမြင်ရက်အောင်။ လက်နက်ခါးလှံ။ ဝန်းရစ်ရံ၍။ ။ မီးလျှံမောက်မောက်။ ပြောင်ပြောင်တောက်နှင့်။ နောက်ကပြေးခိုက်။ ရွှေးရှုးလိုက်သို့။ ရိုက်ခတ်ထိုးကာ။ ဟစ်ကြော်ငြာလျက်။ ကယ်ပါယူပါ။ တောင်းပန်ရှာလည်း။ မေတ္တာမဲ့ငြား။ မသနား၍။ ။ သံပြားထက်လှည်း*။ တုံးလုံးလည်း*က။ တစည်းသမား။ တမျဉ်းသားလျက်။ အလွှား လေးထောင့်။ ရှစ်မြှောင့်ဆဲ့ခြောက်။ ရောက်အောင်လွှာခုတ်။ ကာလသုတ်မှ။ သင်္ဃာတနှင့်။ ရောရုဝမှာ။ မဟာရောရုဝ။ တာပနတိုင်။ လေးဆလေးသ။ ကာလရှည်စွာ။ ဆင်းရဲကြာ၏။ ။ မဟာတာပန။ နှစ်ကိုဆလည်း။ မရနိုင်ဖိ။ အဝီစိမှ။ တိုင်ထိ

www.kelasa.org



ရှည်လျက်။ သည်နှစ်သက်ကား။ ကပ်ဝက်ကပ်ဆုန်း။ ခံ၍ ပြုန်းသည်း။ နပုန်းမိန်းမ။ မလှယုတ်မှာ*။ လုပြည်မှာ*၌။ ဖျားနာညှဉ်းဆဲ။ လွန်ဆင်းရဲလျက်။ မွဲးမွဲးတေတေ။ လက်ခြေချို့တဲ့။ မျက်နှာမဲ့၍။ ။ ကချွဲ့ကစောင်း။ ဖြစ်ပြန်ရှောင်း၍။ ။ မကောင်းယုတ်မာ။ ဆင်းရဲကြာလိမ့်။ ။ခံရာဖြစ်ကြောင့် ဆွေးအောင်တည်း။

၆၆

လုပြည်ခဏ။ ဖြစ်ကာလတွင်။ လောဘမလိုက်။ သုစရိုက်ကို။ ကိုယ်၌စောင့်က။ ကုသိုလ်ရလျှင်။ ဒုက္ခလက်မှန်။ လေးခုဝန်တွင်။ †သံသေဒဇ။ အဏ္ဍဇက။ ဂဗ္ဘသေယျ။ ဒုက္ခမည်မှတ်။ သုံးပါး လွတ်သည်။ ဥပပါတ်မည်။ ဒိဗ္ဗတိတ်စည်သား။ နတ်ပြည်ထက်မှာ။ တိဟိတ်ရှာ၌။ ချမ်းသာရှည်လျား။ မဆိုထားဘိ။ ခြောက်ပါး အစ။ နတ်ဌာနပင်။ မတာလိုရာ။ ပဒေသာကး။ ဩဇာသီးသီး။ စားမငြီးလည်း။ မီးနှင့်မချက်။ ပြည့်စုံလျက်တည့်။ တပျက်အကျို။ ထဘီပုဆိုး။ နတ်ဝတ်မျိုးလည်း။ မိုးမင်းသက်တံ။ ပြိုးပြက်လျှံသို့။ အနံ့အလျား။ အဆင်များ၌။ ယဉ်သွားနှင့်နတ်။ လက်ခတ်မမြည်။ ချားမလည်တည့်။ ဗိုင်းချည်ဝါဂွမ်း။ ဂျမ်းယက်ကွန်းနှင့်။ လိပ်လွန်းရစ်တံ။ မဆက်ဆံလျက်။ စိတ်ကြံတိုင်းကို။ ရွေးကုသိုလ်ကြောင့်။ ဆိုဆိုသမျှ။ လိုတိုင်းရ၏။ ။ ဒိဗ္ဗသောတ။ ဒိဗ္ဗစက္ခု။ ရသည်မှုလည်း။ မေရုခြားရာ။ ပြောသံသာနှင့်။ ပရမာ

† အမြိုတ်အစွန်။ ပဋိသန်။ သုံးတန်ဘွားရိုးမြဲ။ ။ (ကဝိလက္ခဏာသတ်ပုံ) ။

မြူရှိ။ ကြာမြင်သိ၏။ ဣဒ္ဓိဝိခ။ ဥဘက်တေဇလည်း။ ယဂ်က
ဆင်တိုင်။ ဖန်ဆင်းနိုင်၏။ မိန်းမှိုင်သူငယ်။ မျက်ကွယ်ဆွံ့အ။
ကုန်းကွအိုမင်း။ ဖျားနာကင်း၍။ ယဉ်မင်းဖော်လုပ်။ ရွှေရုပ်မမျှ။
မိန်းမလှမှ။ နိုင်းဆသော်တိ။ မျှောက်နှယ်ရှိသား။ လှဖိခေါင်ထွေ။
ပျိုရုံရွှေနှင့်။ ရေကန်ဥယျာဉ်။ ကြာမျိုးစဉ်လျက်။ ချိုချဉ်
သီးမှည့်။ သြဇာဆည့်၍။ အပြည့်ချည်းသာ။ နတ်မာလာလည်း။
ကြိုင်စွာလှိုန်စွ။ ပြည့်စုံလှသား။ ပတ္တမြားရည်ပွင့်။ ပြာသာဒ်
မြင့်ထက်။ ကျောက်နှင့်ရဲရဲ။ ရွှေရိပ်ထဲတွင်။ စည်နွဲ့သံကျူ။
တူရိယာမှု။ ပတ်သာစောင်းငြင်း။ ပွဲစုံခင်းလျက်။ နတ်မင်းတို့က။
ခံသုခကို။ နှစ်ရာငါးဆဲ့။ ခြောက်စိတ်ဖွဲ့၍။ နိုင်းရှဲ့လျှင်မှာ။
တစိတ်ငှာမျှ။ စကြာသနင်း။ လေးကျွန်းချင်းသည်။ မင်းမတူပါ။
နှစ်ငါးရာတိုင်။လူမှာတွက်ဆ။ ကိုးသန်းရ၏။ သည်ကအထက်*။
လေးဆတက်*၍။ ခြောက်ဆက်တိုင်အောင်။ ရှည်သက်
ဆောင်နှင့်။မိုးခေါင်မြင့်ဖျား။ ဗြဟ္မာများ၌။ ဆင့်ပွားရိပ်ငြိမ်။
ကုသိုလ်ကြိမ်သား။ စည်းစိမ်ချမ်းသာ။ ဆိုလျှင်ကြာလိမ့်။ ။
ကမ္ဘာရှစ်သောင်း လေးထောင်တည်း။

၆၇

ဤသို့အောက်ထက်။ စာနာတွက်လျှင်။ လူသက်လူအိမ်။
လူစည်းစိမ်ကား။မိုးတိမ်လျှပ်နှယ်။ ပုံသောကြယ်မျှ။ ကြာနှယ်
ရေခြောက်။ သေမီးတောက်သို့။ ပျောက်ပျက်လွယ်စွာ။ ထိုခန္ဓာ
ကြောင့်။(ငါ့ငှာငါ့အိမ်။ ငါ့စည်းစိမ်နှင့်။ ငါ့သိမ်ငါ့ကျောင်း*။
ငါ့ချောင်း*ငါ့ပြွန်။ ငါ့ကန်ငါ့ကြာ။ ငါ့ယာငါ့လယ်။ ငါ့နှယ်

www.kelasa.org



ငါ့ကျွန်း။ ငါ့အုန်းငါ့ထန်း။ ငါ့ကိုင်းကျွန်းဟု။)စောင်ရန်းတံခါး။
ပိတ်ပင်ထား*လျက်။ မြင်းတား*တန်တိုင်း။ ပရိဝိုင်းနှင့်။
ဝိုက်သိုင်းကာရံ။ လုံကြောင်းကြံ၍။ မြဲမြံခိုင်ခံ့။ မသေဖွဲ့သို့။
မဆဲ့ကျိကြ။ ပေါမျှားလှလည်း။ မရအားပါး။ ဥစ္စာပွားအောင်။
မျှားလေလိုလေ။ ထိုထွေထွေကား။ သေသည်ကာလ။ ပစ်ခဲ့ရ၏။
ပြိတ္တာဘုံခွင်။ တပ်စိတ်ငင်လိမ့်။ရှင်သည်ခါက*။ ဤဘဝလည်း။
ဒုက္ခ*ရန်ဘေး*။မျှားအောင်မွေးသို့။ မပေး*စွန့်ရက်။ ညောင်ပင်
ထက်ဝယ်။ ငှက်မယုတ္တ*။ မစ္ဆေတ္တ*လည်း။ အောက်သူငရဲ။
ယူလာဆွဲလိမ့်။ စွန့်ကြဲသိုက်မှု။ ချမ်းသာဟူသား။ ခြောက်ဆု
နတ်ရွာ။ ဗြဟ္မာမလွဲ။ စံရမြဲဟု။ ဆင်းရဲငြိမ်းချမ်း*။
ဤနှစ်လမ်းကို။ ခွဲခြမ်း*စိတ်ဖျာ။ ကြံစည်ရာ၏။ ခန္ဓာဖောက်ပြန်။
သေလွယ်ဟန်လည်း။နက်ဖန်သန်ဖက်။ သိမြင်ခက်၍။ကျွေးလက်
မဆန့်။ ခဏခန့်တွင်။ပစ်စွန့်နှစ်ပါး(ကံကတ္တားကား။ ဖွားအောင်
မခံ။ အမိန့်ကို။ ထရံနှယ်ပက်။ ဖောက်၍ထွက်သည်။ ရက်စက်
စိမ်းကား။ မြွေပွေးသားသို့။) တပါးမလာ။ ကိုယ်မှာအထဲ။
တပ်စိတ်စွဲသည်း။ ငရဲပြိတ္တာ။ ဖြစ်လေရာသည်။ ။ကြမ္မာ
နှစ်အောင့် ဘေးမြောင်တည်း။

၆၈

ဤသို့ထွေထွေ။ အောက်မေ့ချေသော်။ တွက်ရေမသာ။
သံသရာကား။ စကြာရဟတ်။ လေးကျွန်းပတ်သည်။ မန္ဒာတ်
ရာဇာ။ နတ်ဗြဟ္မာတို့။ ချမ်းသာသက်ရှည်။ စည်းစိမ်
သည်လည်း။ အတည်မမြဲ။ နေရိပ်ထဲ*၌။ တဲ*နှင့်ဂေရ။

ညွှံ့သည့်မျှဖြင့်။ ဒုက္ခသစ္စာ။ မုချသာတည့်။ သာယာနှစ်သက်။
ယပ်စုံမက်၍။ လှူရက်ဒါန။ စောင့်သီလကြောင့်။ ဥဒ္ဒစွန့်နှင့်။
ဒေါသဒိဋ္ဌိ။ ဝိစိကိစ္ဆာ။ ဖြစ်လေပါလျက်။ တဏှာသည့်ဝယ်။
အမြစ်တွယ်၍။ အပါယ်လူးလာ။ ခံရကြာလည်း။ ထိုမှာမငြီး။
မိုင်တောကြီး၌။ ခရီးမသိ။ လမ်းပျောက်ဖိသား။ မျက်စိ
လည်ကြ။ ဥမ္မတ္တသို့။ ဒုက္ခတိတော်။ ဆင်းရဲရေမှ။ သိန်းနေ
သန်းလောက်။ ကမ္ဘာချောက်မှ။ ရှေ့မှောက်တဆူ။ ပွင့်တော်
မူသား။ သုံးသူပန်းကုံး။ ရေတွက်ကျူးလျှင်။ သဲးလုံးမမှီ။
လွန်လေပြီတည့်။ ဤခုဘဝ။ ရှေးကိုဆလည်း။ ဒုက္ခလွတ်ရေး။
မမြင်သေးခဲ့။ ချင့်တွေးကုန်ကြ။ ဒုလ္လဘကို။ ရသည့်ခါတွင်။
ထွက်မြောက်ချင်မှု။ ချစ်သျှင်ထွတ်ဖျား။ ဟောမြွက်ကြားသည်။
တရားနေလ။ ထွန်းစဉ်ကလျှင်။ လောဘဒေါသ။ မောဟ
ပျောက်မှု*။ လုံ့လပြု၍။ သမ*ဒယ။ ဒုက္ခလည်းဟူ။ တဏှာ
ထူသား။ နတ်လူရိပ်ငြိမ်။ ဘုံနန်းအိမ်နှင့်။ စည်းစိမ်ဥစ္စာ။
မက်လျှင်ကြာလိမ့်။ တွယ်တာမရှိ။ မကပ်ငြိလျက်။ နိဗ္ဗာန်စက်။
နိဗ္ဗာန်ထက်ပို။ မဂ္ဂသစ္စာ။ ယာဉ်စကြာဟု။ ခုခါစိုက်စိုက်။
ဆိုက်လာခိုက်တွင်။ ကိုယ်၌ရှိက္ခာ။ အသင့်ပါအောင်။ ဒါနသီလ။
ခဝါချ၍။ လက္ခဏပိုင်း။ မဂ္ဂတိုင်းကို။ ။ညွှတ်ကိုင်းရှိုင်းမှမ်း
ရအောင်တည်း။

၄၉

ဤသို့ဖြစ်ချက်။ သံသာစက်၌။ နာနက္ခတ္တိက။ ကမ္မသတ္တိ*။
ကျေးဇူးထိ*သည်။ ဝိပါက်စေတသိက်။မဋ္ဌိဿန္တ။ ကဋ္ဌတ္တာဖြင့်။

www.kelasa.org



လူးလာစုန်ဆန်။ အပြန်ပြန်နှင့်။ အမြန်မနေး။ တဏှာ
သေးလျက်။ တစ်လေးငါးဝ။ ဝေါကာရတွင်။ ဒုက္ခရှည်လျား။
ရဟတ်ချားသို့။ ရှိရှားနှမ်းလျှ။ ပန်းမောလှသည်။ ဒုက္ခမထင်။
ဘင်ပုပ်တွင်၌။ မြူးရှင်ပျော်ပိုက်။ ပိုးလောက်ကိုက်*သို့။
နှစ်ခြိုက်*မိုက်မဲ။ တိုးသာလှဲ၍။ ငရဲဒုက္ခ*။ ဆင်းရဲရနှင့်။
နတ်က*စည်းစိမ်။ ခဏကြိမ်သား။ လူအိမ်လူသက်*။ ရိပ်ကာ
မြွက်၍။ နှစ်သက်*မပါ။ မိန့်ပြန်ရာတွင်။ မဟာအမစ္စ။
သေနက်လည်း။ သံမြသာသြဘင်း။ ဂါထာပြောင်း၍။ ။
ယူကြောင်းဘဖန် လျှောက်တုံပြန်တည်း။

၅၀

အရိုင္ခမည်။ ထိုရွှေပြည်ကို။ ပတ်လည်ရံပြီး။ သီဒါဆီးသို့။
မတ်ကြီးစကား။ ဟန့်ဖိတားလျက်။ မင်းဖျားဘုန်းမော်။
မြစ်ထာသော်လည်း။ ပေါင်းဖော်ကြရင်း။ မင်းနှင့်ကျွမ်းဝင်။
ချစ်ခင်သောလျှောက်။ ကျေးဇူးထောက်လျှင်။ ရောက်သည့်
ရောဂါ။ ပျောက်စိမ့်ငှာကို။ အာသာကြီးစွ။ ဆက်ချင်လှ၍။
ရှေးကသူတော်။ ပညာကျော်လည်း။ ဗိုလ်ခေါ်ဘဏီ။ ဆဲ့ရှစ်
လီနှင့်။ နဒီစီးဝင်။ သမုဒ်ပြင်ဝယ်။ ကောင်းကင်ဝေနောက်။
မှန်တိုင်းချောက်က။ ဘောင်လောက်ပြိုင်းပြိုင်း။ ကြည့်လေ

† မြစ်ထာ ဆိုသည်ကား။ ပိတ်ပင်သည် ဆိုလိုသည်။ ။ရွှေဟသာမင်းပျို
နာလိုကြောင်းကြောင့်– ချီ အပုဒ်တွင်။ ။စောလောင်းမြစ်ထာ။ လိုမပါသော်။
မတာကိုယ်ချင်း။ ဟူ၍ ငှင်း။ ။ဘေးမှကွယ်ကာ။ သက်ချင်းတာ၍။ မြစ်ထာ
ဆုံးမ။ ။ဟူ၍ ငှင်း ဆို၏။

တိုင်းဘင်။ လှိုင်းအထပ်ထပ်*။ ကမ်းမှာကပ်သို့။ ဆင်တပ်* မြင်းတပ်*။ အထပ်ထပ်*နှင့်။ ဖြူလှပ်ရိပ်အောက်။ ရာ့တယောက် တို့။ ထုတ်ချောက်ပတ်လည်။ ရံသောပြည်ဝယ်။ နတ်ရည်စံသီး။ မင်းသမီးကို။ ရကြီးရအောင်။ သက်စွန့်ဆောင်၍။ မင်းခေါင် သျှင်အား။ ဆက်သည်များကို။ မင်းဖျားသခင်။ သုအချင် လည်း။ စိတ်ရွှင်ဝမ်းသာ။ ယုကုန်ပါ၏။) ခုမှာမူကား။ ကျွန်ုပ် အားမူ။ တဖုံးလျော်လျက်။ ကိုယ်ပိုင်နက်ကို။ ဆက်ပါ သော့ကြောင့်။ စိတ်မနှောင့်ပဲ။ ဖြောင့်ဖြောင့်ဘုန်းလူ။ ယူတော် မူလော့။ ထိုတူအရေး။ မကြိုက်သေးလျှင်။ (ရှေးသောကာလ။ ကေသရဟု။ သားများ့သနင်း။ ခြသေ့်မင်းသည်။ ကိုယ်တွင်းပူဆာ။ ထိုတဏှာကို။ သက်သာလို၍။ ရှောဂုမွေသား။ ခြသေ့်ငယ်မ။ ရှိရာ ကြွလျက်။ ရှင်ပပျော်မှုး။ စံပယ်ဖူး၏။) ကျေးဇူးသခင်။ ထိုအသွင်ဖြင့်။ ကြိုက်လျှင်မူကား။ အသျှင်သွား၍။ ခံစား မည်ကြောင်း*။ သျှောက်ပြန်ရှောင်းသည်။ ။ဆယ်ချောင်း* လက်မြှင့် ထိပ်စွန်တည်း။

၄၁

ဇနီးနှနတ်။ တဖန်မှတ်လော့။ ကောင်းမြတ်များစွာ။ ရှိတုံ ပါလည်း။ သုမှာမပို*။ (သုတချို့ကား။ ကိုယ်ဖို့*ကောင်းရာ။ ဘတ်စားပါ၍။ များစွာသိမ်း။ မလိုချင်ကြောင်း*။ ထားမကောင်း လျှင်။ ကျောင်း*ကိုပိုလေ*) ဆိုသောတွေ့ဖြင့်။ ပလေ*ပေါ်ပျက်။ နှစ်သက်ကို။ သုလက်သို့ပါး။ လှူပါငြားလည်း။ တွက်စား ဆေးလေး။ ကျွန်ကိုပေးသို့။ သေးကွေးငယ်စွ။ ကုသိုလ်ရသား။

www.kelasa.org



ဒါနဒါသ။ ကိုယ်မှမခြား။ ဆင်ဝတ်စားကို။ နည်းများမဟုတ်။ မယုတ်မမြတ်။ အလတ်ကိုမူ။ ပေးကမ်းလှူသည်။ ကိုယ်တူ မခြား။ ခင်ပွန်းများကို။ ပေးငြားသော့နှယ်။ ကုသိုလ်ဝယ်လည်း။ မငယ်မဝ။ အလတ်ရသား။ (ဒါနသဟာယ)။ ထိုမှတတန်။ ပညာ ဝန်ကား။ အလှန်ကောင်းစွာ*။ ရသောခါ၌။ များစွာ*ခေါင်ထိ။ အကျိုးရှိအောင်။ မိမိကိုယ်တွက်။ မသုံးရက်၍။ နှစ်သက် အလှန်။ စေနာသန်လျက်။ နိဗ္ဗာန်နတ်ရွာ။ ရောက်လိုငှာဖြင့်။ လှူကာပေးမူ။ ထိုသသူအား။ အတူမရှိ။ မြတ်ခေါင်ထိ၏။ မိမိ သခင်။ အသျှင်တို့လက်။ ကိုယ်နှစ်သက်က။ ဆက်သည်တမျိုး။ လှူကြေးချသား။ (ဒါနသာမိ)။ ကျော်ကိတ္တိ*သည်။ ။ခေါင်ထိ* မြတ်၏ ကေနတ်တည်း။

၄၂

ဒါနသာမိ။ မြတ်ခေါင်ထိ*ကို။ ပဏ္ဍိ*သုတော်။ ကောင်းကျိုး မျှော်သို့။ ခုသော်အခါ။ ကျွန်ုပ်မှာလည်း။ ကြင်နာမသက်။ မစုံ မက်၍။ ဆက်သည်အရာ။ မဟုတ်ပါတည့်။ ဥမ္မာဒန္တီ။ သိင်္ဂီ ရွှေရုပ်။ လှခေါင်ချုပ်ကို။ ကျွန်ုပ်စိတ်မှာ။ နှစ်သက်ပါ၍။ ဥမ္မာ ကလည်း။ ထိုနည်းမပြား။ ကျွန်ုပ်အားသျှင်။ စိမ်းကားမပစ်။ အလွန်ချစ်၏။ သို့ဖြစ်သော်သည်း။ ကိုယ်ဘော်အသျှင်။ ပုဂ္ဂိုလ် တွင်၌။ ဘုရင်ကေဆာင်။ မြတ်သည်ဖြစ်၍။ နှစ်သက်လှန်း။ မေတ္တာပျိုးသား။ (သည်မျိုးသည်းမှန်။ သည်ရှန်လည်းတွင်။ သည်ပင်လည်းမည်။ ဆွေသည်လည်းသင်း။ သည်ရှင်းသည်လျှာ။ စောဥမ္မာကို။ မြတ်ပါသူအား။ ဆက်ရငြားမူ။ ဆင့်ပွားနှောင်ဖန်။

တမှုလွန်၍။ အမှန်ဖြင့်ချည်း။ လွန်ပေါပည်းလျက်။ နတ်လည်း နတ်ကျော်။ လူသော်လူမြတ်။ ဖြစ်ရတတ်လိမ်။ စိတ်မှတ် ယုံကြည်။ ဆက်ပါသည်ကြောင့်။ နတ်ပြည်ဆိုလှူ။ မြည့်စေ ဟူ၍။ ယူတော်မူပါ။ ထိုဥမ္မာတွင်။ လင်ရှိသော့အား။ ကြည်ရွှောင်ရှားလျက်။ အများရှေ့တွင်။ အပြစ်တင်၍။ ခုပင် မကြာ။ ကျွန်ုပ်ကွာအံ့။ ပြီးခါတမူ။ ယူလေ့မင်းခေါင်။ နောက်နောင်စုံမက်။ မနှစ်သက်က။ နန်းထက်မထား။ ကျွန်ုပ် အားလျှင်။ သနားတော်မူ။ ကျွန်ုပ်ယူအံ့။ ဗိုလ်လူချီခဲ့။ ကဲ့ရဲ့ စရာ။ မရှိပါသည်။ ။ပြစ်ဆာကင်း၏ နောင်ဖန်တည်း။

၄၇

ဤသို့တရား။ လျှောက်ထားနှင့်။ မယားသက်နှံ။ သနားခံ၍။ သံတခြေးခြေး*။ ရွှေငွေချေး*သို့။ မင်းခရီးမင်းရာ။ ခက်နှယ် ဖြာ*လည်း။ တံဖျာ*ခြောက်ခြမ်း*။ မပါတိမ်းလျက်။ ကြိမ်း*မောင်းချုံမျှ။ မပျောင်းပျ*အောင်။ ညွှန်ပြ*ပေကတ်။ ဆရာမြတ်သို့။ အမတ်လျှောက်ထား။ ဆက်လှူငြားသော်။ မင်းဖျားသကြံနှံ*။ ပြောင်းကြွဟန်ဖြင့်။ မကျွန်*ရွှေနှုတ်။ တဖန် ထုတ်၍။ မြတ်ယုတ်ဖြာဖြာ*။ ပေးသနားဒါကို။ ရွှေဖျာ*ဆင်စွယ်။ ခင်းသော့နှယ်သို့။ မိပ္ပာယ်အပြား။ ဖွင့်ကာကြား၍။ ။ တရားလျှော်ခင်း ကျင်းပါတည်း။

၄၈

မဟာနဂရ။ အရိဋ္ဌဝယ်။ ပြည်မပြည်တွင်း။ အခင်းခင်းကို။ မယွင်းရမှု။ ပြီးအောင်ပြုသည်။ ပြည်သူရန်ဆီး။ မတ်စောထီး။ ။

www.kelasa.org



မိုက်ကြီးလေးဝ။ နိုင်းမမျှသား။ ဂန္ဓမှောင်ထဲး။ သံသာဝဲးတွင်။ မြင့်မြဲးရှည်ကြာ။ လူသုံးဖြာဘို့။ ဥစ္စာပေါများ၊ ရှိတုံငြားက။ သုအားစွန့်ကြဲး။ ပေးလှူရဲးလည်း။ ပွဲးတခြိမ့်ခြိမ့်။ ခေစက် စိမ့်မျှ။ သိမ့်သိမ့်လှိုက်ဆူ။ ကျော်အောင်လှူ*သား။ လှူ*လည်းတတည်။ နတ်ပြည်ရိပ်ငြိမ်။ လုစည်းစိမ်နှင့်။ နန်းအိမ်တောင့်တ။ လှူကြွေးချသား။ လှူကတသွယ်။ အပါယ် လူးသာ။ နတ်ရွာစုန်ဆန်၊ အတန်တန်၌။ ဖန်ဖန်သေရ။ ဆင်းရဲး စွပဟု။ သုခအမှန်။ ပြည်နိဗ္ဗာန်ကို။ လျင်မြန်တောင့်တ။ လှူတာဝလည်း။ ဟီနဒါန။ မဇ္ဈိမက။ ပဏီတဟု။ ဒါနသုံးပါး။ ကျော်ထင်ရှား၏။ အလားတူစွ။ သုံးပါးမှလည်း။ ဒါနဒါသ။ သဟာယမှ။ ဒါနသာမိ၊ ကျော်ကိတ္တိ၌။ ရှိသည်ဝတ္ထု*။ ပေါင်းချုံးစုက။ စတု*နှင့်ဆ။ ဒသတုံမူ။ မြတ်သည်ဟူ၍။ လူတွင် ထွန်းပေါ်။ တရားဟျော်သည်။ သူတော်လှူဒါန်း။ ကျောင်း သင်္ကန်းနှင့်။ ဆွမ်းပန်းဆေးမူ။ လေးပါးဟူ၏။ ရူပသဒ္ဒါ*။ ဂန္ဓာ*ရသ။ ဖောဋ္ဌဗ္ဗမှ။ ဓမ္မလည်းဟူ။ ခြောက်ပါးမူတည်း။ အလှူတခန်း*။ ကျောင်းသင်္ကန်း*နှင့်။ ဆွမ်းပန်းနှံ့သာ။ အိပ်ရာ ယာဉ်စီး။ ဆီမီးဆွန်းပေါ်။ အဖျော်ရေကောင်း။ နံ့သာ ပျောင်းဟု။ ပေါင်းသော်ဆယ်ခု၊ သုံးမျိုးစုမူ။ ကုသိုလ် ဟူသည်။ ။အလှူမှန်၏ မှတ်ဖွယ်တည်း။

၄၉

အလှူမပီ*။ တရားဖီ*သည်။ ပန်းချီကချေ။ သေ ဥဿဘ။ မိန်းမလည်းဟူ။ ငါးပါးမူကား။ အလှူမဝင်။ ကုသိုလ်ပြင်တိ။

အသင်မယား*။ ဆက်လှူဖြွားလည်း။ တရား*မလျော်။ ငါယူ သော်မူ။ သူတော်တကာ။ ကြည်ရှောင်ရာသည်။ မိစ္ဆာဇီဝ။ ဖြစ်တုံကလျှင်။ ရသအလွန်။ ဖိုးထောင်တန်လည်း။ အမှန် မမြောက်။ အစာလှောက်လျက်။ သံကောက်ငမျှား၊ မျှိသော ငါးသို့။ ချင့်အားအပြစ်။ အပါယ်မြစ်၌။ နစ်မည်မလွဲ။ အဆိပ် ခဲကို။ ဝမ်းထဲမျိုလျက်။ သေသည်ထက်ပင်။ ကော်လိမ့်ရှည်ကြာ။ ငြကြာက်လန့်ရာ၏။ ငါမှာတမူ။ တရားယူသား။ သူတော် ဓမ္မတာ။ ထုံးစဉ်လာကို။ မဟာကေရာဇ်။ မင်းစင်ဖြစ်လျက်။ ဆိုးညစ်ကျင့်ခါ။ တရာဇာဟု။ ငါမှာအကျိုး*။ နတ်လူငြိုးလိမ့်။ လည်ကြိုး*ထည့်လျက်။ (အိုး၏ အထဲ။ အပြည့်သဲနှင့်။ ဆွဲ၍ ရေမှာ။ ဆင်းကာလတ်လတ်။ သေသော်မြတ်၏။) စိတ်မှတ် ငါ့အား။ နှလုံးထားသည်။ ။တရားမချွတ် အကယ်တည်း။

၃၂

ဤမှတပါး။ ထုတ်ဖော်ကြားအံ့။ တရားမှန်အောင်။ သင်နား ထောင်လော့။ မင်းခေါင်ငါ့မှာ။ မှုများစွာကို။ စိတ်ပါကိုယ်ထိ။ ကျေးဇူးသိသည်။ အဘိပါရဂ။ အမတ္တ။ ။ဉာဏခေါင်ထိ။ ပညာရှိတို့။ မိမိတွင်ရွေ။ ဆင်းရဲခဲ့ကို။ တွေ့သည်ကာလ။ ချမ်းသာမှုအောင်။ စောင်မပေမူ။ ထိုသသူအား။ ဖြစ်မှား ရှောင်ခွာ။ မစွန့်ရာတည့်။ (မရှာကသိလ်။ မလိုတံပဲ။ မိုက်မဲ တွေ့ဝေ။ မနေကောင်းစွ။ ကာယစိတ္တ။ သုခနှစ်ဖော်။ မိမိ ပျော်လျက်။ မွေ့လျော်စံစား။ နေလိုငြားရှိ။ သူ့အားနှိပ်စက်။ သူ့စုံမက်ကို။ နိုင်ထက်စိုးမင်း။ နှိပ်နင်းကလူ။ ရှေးကံကူ၍။



သူ့၌ချမ်းသာ။ ရှိသည့်ငွာကို။ အဘိဇ္ဈာမွဲ။ ကိုယ်ဆင်းရဲနှင့်။ လဲးလိုသောအား။ သည်စိတ်ထားလျက်။ တရားမရှု။ မကောင်း မှုကို။ မပြုကုန်ရာ။) တကြောင်းမှာလည်း။ ဥမ္မာတွင်ငြား။ သင့်မယား၌။ တပါးပြစ်ဆာ။ မရှိပါလျက်။ သင်သာအကယ်။ စွန့်ပစ်ပယ်မူ။ သင့်ဝယ်စီးပွား။ ယုတ်တိုငြား၍။ ကောင်းသား သတင်း။ ကျော်စောခြင်းလည်း။ ကင်းလိမ့်မသွေ။ မြို့၌နေသား။ မိတ်ဆွေအပေါင်း။ သူတော်ကောင်းတို့။ မပေါင်းဖော်ရာ။ ထိုပြင်မှာလည်း။ ဥမ္မာကိုမူ။ မချစ်ဟူ၍။ သိုသူပြောက်ကျွား*။ ထိုစကားကို။ ကြားကြား*သမျှ။ မယုံကြလိမ့်။ သို့မှသူစင်။ မိုးနတ်သွင်ကို။ မမြင်သောခါ။ ဆင်းရဲရာ၏။ သူမှာမြင်းပြ။ ဆင်းရဲရလျက်။ ကိုယ်မှချမ်းသာ။ ဖြစ်စရာကို။ ငါမယူရက်။ တရားဖျက်၍။ ။နှစ်သက်မရှိ ငါ့ဝယ်တည်း။

၃၃

အမတ်ထိုပြင်။ နှလုံးမြင်လော့။ ကောင်းကင်ပစ်မြောက်။ အုတ်ခဲကျောက်သည်။ အောက်သို့မလွဲ။ ကျစမြဲသို့။ ယူစွဲး ကိုယ်ဝန်။ ပဋိသန္ဓေလည်း။ အမှန်မလွဲ။ ဖွားစမြဲဘည့်။ ဂူထဲး ပျော်မွေ့။ ရွှေခြသေ့လည်း။ ဟောက်၍မစဲ။ ဝင်လာမြဲ၏။ ရုံးရုံးလျှံဝေ။ ဖန်စက်ရွှေလည်း။ ညနေရှိန်စဲ။ ဝင်စမြဲသို့။ ကျုံးဝက်ပမာ။ သတ္တဝါလည်း။ ခန္ဓာဖောက်လုံ့။ အသေ မြဲလျက်။ ပုလဲဘမူး။ ညွန်တွင်လူးသား။ အရူးအသွင်။ တကျော ခင်သည်။ ယင်၏အလား။ ပျား၏အတူ။ နှစ်ပါးလူတွင်။ ငါမူစိတ်၌။ ပျားနောက်လိုက်၍။ ကြိုက်လိမ့်မည်သာ။ ယင့်ပမာ

မူ။ ငါမနှစ်ခြိုက်။ ဒုစရိုက်ကို။ ကျင့်လိုက်မိက။ နောက်ကာလ၌။ မရဏပိုင်း။ သေမင်းဘိုင်းသို့။ ရှိုင်းဝမ်းသော့ခါ*။ ကြီးလှစွာ သား။ ထိုခါ*နောင်တ။ ပေါ်လှာကြလျက်။ ဒုက္ခစိုးရိမ်။ မဖျင်း သိမ်၍။ မငြိမ် သဘော။ ဗျာဝုဋ္ဌောက။ ဇောအကုသိုလ်။ စောမည်ကိုလည်း။ ငိုရှို့ဆိုကာ။ မထွက်သာတည့်။ ပါယ်ရွာ ဌာန။ ဘဝင်ကျ၍။ ခံရလိမ့်မည်။ နှလုံးတည်၏။ သေဖည် မချွတ်။ မိန့်ပြန်လတ်သော်။ အမတ်တခါ။ လျှောက်လိုဌာဖြင့်။ ။ ဂါထာမြွက်ဟ ရှိဦးချတည်း။

၃၇

ငါးရာငါးရာ။ အရုံပါလျက်။ ပထဗျာနု။ ပေါင်းရုံးစုမူ။ စတုအလွှန်။ နှစ်ထောင်မှန်တွင်။ နိဗ္ဗာန်ကျွန်းမြေ။ မြချက်ဗွေက။ သပြေပိုင်သ။ အစိုးရသည်။ ဒီပတမ်းခွန်။ မင်းမြတ်မှန်။ ။ အကျွန်ုပ်အား။ သျှင်မင်းဖျားလျှင်။ သားကိုမျက်၍။ မိဘပြုသို့။ ဘာဝတအသွင်။ အသျှင်စင်စစ်။ ကေရာဇ်သည်။ ချစ်လည်းချစ်တုံ။ ယုံလည်းယုံ၍။ မကုံမရှိ။ ပြုလိုက်မိက။ ထိထိရောက်ရောက်။ ကျေးဇူးမြောက်၏။ ရွှေမှောက်ထံပါး။ ချီးမြှောက်စားမူ။ အများသတ္တဝါ။ ခိုမှီလာလျက်။ ဥစ္စာလည်းဖြစ်။ ပညာ သစ်လည်း။ အမြစ်သွေယောင်း။ သစ်ပင်ဟောင်းကို။ ရေလောင်း ခါဝယ်။ ညွန့်သစ်ကြယ်သို့။ အလွယ်ဖြင့်ချည်း။ လိုတိုင်းပည်း၏။ ။ သို့တည်းသခင်။ ကျေးဇူးရှင်၌။ ကိုယ်တွင်ရောဂါ။ ထိုအနာကို။ ပျောက်သာပျောက်စေ။ ဗိုလ်ခြေအများ။ ကျွန်ုပ်အားလျှင်။ စီးပွားမဲ့ရာ။ ဆက်ပဏ္ဏာနှင့်။ သဏ္ဍာပူဇော်။ ကော်ရော်



လွတ်ရှင်း။ ကျော်စောခြင်းကို။ ကင်းလိုကင်းစေ။ တထွေချိုတဲ့။ ချီးမွမ်းမဲ့လျက်။ ကဲ့ရဲ့ရှုတ်ချ*။ မကောင်းစွဟု။ ခြခြ*ကဲ့ပြို။ ဒေါသပိုလျက်။ ဆိုလိုဆိုစေ။ သည်ထွေထွေမှ။ စသည်များပုံ။ အလုံးစုံကို။ ကျွန်ယုံစိတ်မှာ။ သည်းခံပါအံ့။ ရောဂါ ပျောက်အောင်။ ယူဆောင်ပြီးသော်။ စိတ်တော်ရှိရာ။ ပြုလေ ပါလော့။ မဟာမင်းမြတ်။ မှတ်လော့ဤမူ။ အကြင်လူသည်။ သူတပါးတို့။ မြှောက်စားကော်ရော်။ ပူဇော်ပေးကမ်း။ ချီးမွမ်း ရှုတ်ချ။ နှုတ်မှုနက်တံ။ ကဲ့ရဲ့သံကို။ မခံမူကား။ ထိုယောကျ်ားမှ။ အစိုးရနှင့်။ သုတပညာ။ ဖုံးကြဉ်ခွာ၏။ ။ ပမာအနီး။ ထုံးပုံမှီးမူ။ မိုးကြီးစပ်ကာ။ ပြင်းစွာထန်သည်း။ ရွာကတည်းကို။ ကုန်းကြည်း မြင့်တွင်။ ရေမတင်သို့။ အကြင်သူမှ။ စိုးရပညာ။ မတင် ရသည်။ ။ရှောင်ခွာရေနှင့် ကုန်းနှယ်တည်း။

၃၈

အာသမ္ဘိန္န။ ခတ္တိယဟု။ အာဒိစ္စမျိုး။ နေနွယ်ရိုးက။ ဘေးဘိုး မပျောက်*။ မင်းချီးမြှောက်လျက်။ ကွန်းပြောက်*ရွှေဘုံ။ ရိပ်ဖြူလုံ၍။ ကျောက်စုံလျံလက်။ ပလ္လင်ထက်ဝယ်။ ဘုန်းစက် နေဝါ။ ထွတ်ရာဇာ။ ။ဥမ္မာဒန္တီ။ ဆင်းနတ်ပီသား။ သိင်္ဂီရုပ။ မိန်းမလှကို။ စွန့်ရသောကြောင့်။ စိုးရိမ်မှောင့်လျက်။ တောင့်တ ဗျာပါ။ ကျွန်ုပ်မှာ၌။ ချမ်းသာကစ။ ဒုက္ခမလွဲ။ ငရဲပြစ်ဝန်။ လွန်သည်ကုသိုလ်။ ရောက်လိုသမျှ။ သဗ္ဗလုံးစုံ။ ရောက်လှာ တုံလည်း။ ဥသုံကျိုးနွံ။ ရင်ဖြင့်ခံအံ့။ နိယံမကျွ။ ဥပမာမူ။ မဟာပထဝီ။ ဤမြေကြီးသည်။ များစည်တကျာ။ ကိလေသာနှင့်။

ပုထုဇာက။ ကလျာဏာနှ။ သေက္ခသေက္ခာ။ သတ္တဝါမြတ်။ ယုတ်လတ်မခြား။ သုံးပါးလုံးမှု။ ခံသောဟူသို့။ ထိုတူဖြင့်သာ။ ခံတုံပါအံ့။ ရာဇာဘုန်းလူ။ ကျွန်ုပ်မူကား။ သူတပါးတို့။ ကုသိုလ်အလှန်။ ပြစ်ဝန်တစု။ အကုသလ။ ဓမ္မာစသည်။ ကာယစိတ္တ။ ဒုက္ခတို့ကို။ အလိုမရှိ။ မိမိတို့အား။ ဆင်းရဲများမှု။ တရားမသွေ။ ဆုံးဖြတ်သွေနှင့်။ မျိုးဆွေတို့၌။ ကျင့်အပ်ထိုက်သား။ သုစရိုက်သုံးပါး။ တရားတည်လျက်။ မပျက်စေရာ။ ကျွန်ုပ်သာလျှင်။ မကွာယခု။ ဆောင်ပါပြုအံ့။ ကောင်းမှုမည်သည်။ နတ်ပြည်ရောက်ရာ။ ခရီးမှာဌ်။ ဝါလသီတင်း။ ကျတ်မည်ခင်းကို။ တော်သလင်းလ။ ရှေးကကန့်လန့်။ ဆီး၍ဟန့်သို့။ ရွှေနန်းထွတ်ချာ။ မပြုပါနှင့်။ ရာဇာမင်းဖျား။ လျှုခံများတွင်။ ပုဏ္ဏားတို့ထက်။ မြတ်သည်တွက်၍။ စိတ်စက်ကြည်ဖြူ။ ပေးဆက်လှူသည်။ ။မြတ်ယူနှလုံးသုံးပုံက်လွယ်တည်း။

၈၀

ဤသို့အမတ်။ လျှောက်ပြန်လတ်သော်။ မင်းမြတ်တဖန်။ မိန့်တော်ဟန်ကို။ ပြန်အံ့တသွယ်။ အစီပွာယ်ကား။ ရှေးဝယ်ဥပဒေ။ ထုံးပုံဖွေသော်။ ခို မြေ ခွေး ငံ။ ရသေ့ထံဝယ်။ တရံကာလ။ သံဝေရ၍။ လောဘဒေါသ။ မာနဖျောက်မှု။ ငါးဦးပြုသား။ ပဉ္စုပေါသထ။ သီလမြတ်မှန်။ တိရစ္ဆာန်မျှ။ စိတ်မာန်အလျှောက်။ အမှုချောက်ကို။ ပြေပျောက်စိမ့်ငှာ။ စောင့်ရှောက်ပါလျက်။ ငါလူသော်လည်း။ ဤသို့နည်းဖြင့်။ စိတ်မည်းတဏှာ။ ရွှန်းငြိရာကို။ ခဝါသံဝေ။ ဖွယ်လျှော်စေက။ ပြေလိမ့်စိတ်မှာ။

www.kelasa.org



ပြုစင်ရာ၏။ တကျာနစ်မျော*။ လုသဘောကား။ နှမြော* စုံမက်။ ကိုယ်နှစ်သက်လျှင်။ သုလက်ရောက်ရေး။ သဒ္ဒါနှေး၍။ ပေးမည်အကြောင်း။ဝေးပေကောင်း၏။ တောင်းရိုက်မျှ။ စိတ်ကတုံတုံ။ မခံဝံ့၍။ ကြောက်ရွံ့အားဏာ။ ပုန်းရှောင်ရာ၏။ ရှေးကာလသော်။ တောကျောင်းပျော်သား။ သူတော်တို့ထံ။ ဆုံးမခံလျက်။ တရုံမလွဲ။ လာစမြဲကို။ လည်ရွဲတန်းဆာ။ တောင်းမိရာတွင်။ မလာရှောင်သွေ။ အမြဲနေသား။ ရှေသမဒ်ခေတ်။ အာပေါနတ်ကို။ စိတ်မှတ်ငွေ့မှု။ အကြင်လူ*လည်း။ ပေးလှူ* ရက်စက်။ အလှန်ခက်၏။ နူတ်မြွက်ရှိမျှ။ ခက်ပေကွယ်။ နောက်မှ တသီး။ ပေး၍ပြီးလျှင်။ ခက်ကြီးနှမြော။ သူစိတ်ဇောကို။ သဘော ကိုယ်မှာ။ သက်ပေရာသည်။ ။ချမ်းသာအရ ရှက်ဖွယ်တည်း။

၈၁

ရွှေနန်းပေါ်ထက်။ မြပုခက်၌။ အိပ်စက်မမြဲ။ ဆင်းကတဲ့က။ မကဲ့ထူးပြား*။ အုံသည်ပျား*သို့။ စကားတတ်သင်။ ကျွမ်းဝင်ချစ်ဟောင်း။ ငယ်ကပေါင်း၍။ ကောင်းလျှင်ကောင်းချင်း။ ပြည်လုံးနှင်းက။ ရန်တင်းကြောက်ရွံ့။ မတိုးဝံ့အောင်။ လောက်ငံ့ပညာ။ လက်ရုံးပါသည်။ တေဇာလျံမြူး။ စစ်မြေမှုး။ ။ကျေးဇူးဆောင်ယူ။ လူမင်္ဂလာတွင်။ အသင်စင်စစ်။ ခင်ပွန်းဖြစ်၏။ သင်ချစ်သည့်သား။ သင့်မယားလည်း။ တွက်စားလိုက်မူ။ ခင်ပွန်းဟူ၏။ ယူပါတိုက်တွန်း။ အသင်ညွှန်းလည်း။ ခင်ပွန်းမယား။ ခင်ပွန်းသားကို။ တရားကြည်ဖဲ။ အလွဲလွဲဖြင့်။

စိတ်ထဲးလိုလိုက်။ မပြုထိုက်တည့်၊ အခိုက်ကြုံ၍။ နေလုံရွက်စိပ်။
သစ်ပင်ရိပ်တွင်။ အိပ်ဖူးမူကား။ ဤသူဖြစ်လျှင်။ ထိုသစ်ပင်ကို။
ချိုးလျှင်စင်စစ်။ခင်ပွန်းပစ်ဟု။မချစ်နတ်များ။အငြိုးထားလျက်။
ချင့်အားကမ္မ။ နိမ့်ကာလဍ္ဍ။ ရက္ခစောင့်နတ်။ ကျွဲနွယ်ခတ်၍။
သတ်လိမ့်လျှင်လျှင်။ မကြာခင်တိ။ သစ်ပင်ကိုမျှ။ ရှောင်အပ်
လှလျက်။ ငယ်ကကြင်ချစ်*။ လူစင်စစ်မူ။ မီးခြစ်*သည်ထက်*။
ရာထောင်တက်*၍။ နှုရက်အထဲး။ သံမှိုစွဲးသို့။ ဆင်းရဲးတာရှည်။
ခံရမည်နှင့်။ ပြည်သူပြည်သား။ လူအများတို့။ ငါ့အားမချစ်။
ခင်ပွန်းပစ်ဟု။ မေတ္တာချိုတဲ့။ ဒေါသဖွဲ့၍။ ကဲ့ရဲ့လိမ့်သာ။
သူတော်မှာလည်း။ သမုဒ္ဒရာဝှန်။ ကမ်းမလွန်သို့။ သူမှန်
အများ။ မဖောက်ပြားသည်။ ။တရားမလွန် ပေရာတည်း။

၁၂

ဤသို့မြွက်ဟ။ ပမာပြ၍။ အရိဋ္ဌနန်း။ စံပယ်မြန်းသည်။
ကြင်နန်းသိရိ။ မိန့်တော်ရှိက။ အဘိပါရက။ အမစ္စလည်း။
နတ်ကတဖန်။ မင်းမြွတ်မှန်သည်။ အလွန်ကာမ။ စောင့်ထိန်း
လှလျက်။ စိုးရချမ်းသာ။ စိရင်ဌာနှင့်။ ကောင်းစွာမစ။ စောင့်ပေ
လှ၍။ ကာမပါလ။ ဝိဓာဘာမှ။ ဓာရာအာဓာဘ်။သုံးမည်မှတ်သား။
မြွတ်ဆိုလည်းတည်။ လှူခံမည်၏။ချစ်ကြည်သဒ္ဒါ။စေတနာနှင့်။
ရာဇာသွတ်ဖျား။ မင်းကြီးအားလျှင်။ ညွတ်တွားဆက်သ။
ပူဇော်ရသော်။ ကာလနှောက်နှောင်။ သည့်ဇောဆောင်၍။
ပဉ္စောင်စေ့မှ။ လှူဒါနသည်။ ကြီးစအုပ်အင်။ ပဉ္စောင်ပင်သို့။
ရချင်သောအား။ ပေးဆက်ငြားအံ့။ သနားရှဲ့သာ။ ဆိုပြည့်

www.kelasa.org



ပါအောင်။ ဥမ္မာကိုမူ။ ယူတော်မူပါ။ လျှောက်ပြန်ရာတွင်။
ရာဇာဘုန်းတောက်။ စောရှေ့မှောက်လည်း။ နောက်ကို
ကြောက်ရှုံ။ မလျှောက်ဝံ့အောင်။ ခြိမ်းအံ့စကား။ ဖော်မြွက်
ကြားသည်။ ။ပါဠိသားဂါထာ မိပ္ပာယ်လာတည်း။

၁၃

သီဝိရဋ္ဌ။ တိုင်းပြည်မတွင်။ ငါ့အားမတ်သား။ ဖြစ်တုံ
ငြားလျက်။ ငါ့အားချပြီ။ ကျိုးမရှိသည်။ အဘိပါရက။
မတ်သေန။ ။ရှေးကာလကား။ သင် ငါ့အားလျှင်။ စီးပွား
များစွာ။ ဆောင်သည်သာတည်း။ ခုမှာငါ့တွင်။ ကျိုးမမြင်တည့်။
သင်ဆိုသမျှ။ ဆန့်ကျင်လှ၏။ သတ္တမည်ရ။ ဤလောကဠ။ ရှိမျှ
လူပေါင်း။ နှစ်ချောင်းခြေတွင်။ မင်းလျှင်ဖြစ်က။ ငါမှတပါး။
သင့်မယားကို။ တပ်ငြားသောထက်*။ အာရုဏ်တက်*အောင်။
ငုံ့လျက်ဘယ်သူ။ နေကာမူလိမ့်။ ငြူစူအကြောင်း။ သင့်ဦးခေါင်း
ကို။ တောင်းတောင်းဖြတ်ခါ*။ စောဥမ္မာအား။ ယူကာ*
လျှင်လျား။ အိမ်မှာထားလိမ့်။ ငါကားမလို။ အကုသိုလ်ကြောင့်။
ထိုငရဲးရောက်*။ ခံပြီးနောက်လည်း။ ယောက်*ကျားမနှုန်း။
မှဲ့သည်ဘုန်း*နှင့်။နပုန်း*ပဏ္ဍုက်။ အယုတ်မိန်းမ။ ဖြစ်ပြန်ရ၏။
ကြောက်လှသောအား။ သင့်မယားကို။ ငါကားစိတ်တွင်။ မလို
ချင်ပြီ။ မင်းစင်ဖြစ်လျက်။ သူကြင်ဖက်ကို။ စုံမက်သောအား။
ယူလေငြားဟု။နောက်သားလူသူ။ကဲ့ရဲ့ထူ၍။ ဇမ္ဗူကျော်ကြား။
လွန်ထင်ရှားလိမ့်။ တရားမရှူ။ မိမိပြုသည်။ အကုသိုလ်အား။
ဖုံးဖိငြားလည်း။ တုရားပစ္စေကာ။ ရဟန္တာနှင့်။ ဗြဟ္မာသိကြား။

နတ်များမသိ။ ဘဲ့ကြောင့်ရှိအံ့။ မိမိသဘော။ ဝမ်းထဲဇောကို။ စေတောပရိယ။ ဘိညာဏကား။သတ္တနောက်ရွေ။ကြံသရွေ*ကို။ ထောက်၍*ပိုင်းခြား။ သိနိုင်ငြား၏။ သနားဟန်ဆောင်။ ကျိုးလိုယောင်နှင့်။ အမောင်ငါအား။ ဆိုစကားကို။ မပွား နှုတ်ပိတ်။ သည်တွင်ဆိတ်လော့။ အတိတ်ထိုပြင်။ ယူစေချင်ဟု။ အသင်တိုက်တွန်း။ ဆိုပြန်ညွှန်းမူ။ ။နှစ်ခွန်းအဂချ မခံတည်း။

၁၄

ဤသို့ရာဇာ။ ခြိမ်းခြောက်ရာတွင်။ မဟာအမစ္စ။ သေနဂ်သည်။ နရမရှ*။ ဆင်းနတ်တူကို။ ယူ*စိမ့်ဥပမာ။ စိတ်တွင်ဖြာ၍။ ပညာအများ။ စွမ်းအားရှိတိုင်း။ ပင်လယ်လှိုင်းသို့။ မဆိုင်းရွှက်စပ်။ အထပ်ထပ်ဖြင့်။ မလင်တောင်လောက်။ ကပ်လှာလျှောက်လည်း။ ရွှေမှောက်ဉာဏ်စွမ်း။ ပင်လက်ကမ်းကို။ မလှမ်းနိုင်ဖိ။ ဤသို့ရှိလျက်။ မိမိမနေ*။ လျှောက်ပြန်ထွေသော်။ ညနေ*မှန်တိုင်း။ သုတ်လေမှိုင်း၍။ အကိုင်းအခက်။ အရွက်အမြစ်။ ပြစ်ပြစ်ကန့်ဆေ။ တိုက်သည်လေသို့။ မျိုးဆွေဥမှာ။ နေရာရိပ်ငြိမ်။ စည်းစိမ်အသက်။ ပျက်မည်နှင်းလောက်။ ဇေ‌ာရွှေမှောက်လည်း။ ခြိမ်းခြောက်စကား။ ဟန့်ဖိတားသော်။ တရားမမေ့။ တို့ဘုန်းပေ့သည်။ အတွေ့ရှောင်သူ။ မှန်ပြီဟူ၍။ စိတ်ယူမသွေ။ အံ့ဖွယ်ပေဟု။ ထဲနေသတိ။ ဆင်ခြင်မိလျှင်။ နောင်ပြီထိုတူ။ စောင့်စည်းသူကား။ လူမျိုးမတန်။ မြတ်ဆုပန်လည်း။ကောန်ရမည်။ မှန်တော့သည်ဟု။ ယုံကြည်သဒ္ဓာ။ ရွှေးထက်သာလျှင်။ ဆရာသခင်။ အသျှင်ဒေဝ။ မိဘဘုရား။ နှလုံး

www.kelasa.org



ထားလျက်။ စကားမဝံ့။ ဤတွင်တံ့၍။ နူးညံ့သာယာ။ မင်းတေဇာကို။ ဂါထာသံချို။ ချီးမွမ်းဆိုသည်။ ။ဤလိုမိပ္ပာယ်ထွက်သံတည်း။

၁၅

ဟိရိအစ။ ဩတ္တပ္ပနှင့်။ သီလသုခိ။သမာဓိဟု။ ဝိပဿနာ*။ မဂ်ရဏ္ဍာ။ တဏှာ*ဉာန်စီး*။ ဥမ္မာဆိး*လိမ့်။ မင်းကြီးဘုန်းလျံ။ မိန့်တော်သံက။ ကြောက်ရွံ့စရာ။ မိပ္ပာယ်လာကို။ သေနာပတိ။ အတပ်သိလျှင်။ ပြည်ကြီးသနင်း။ မင်းလျှင်တမူ။ မကြည်ဖြူက။ ချစ်သူခင်သား။ ဆွေဝါးချိုးနွယ်။ ကြီးငယ်မဟု။ မျက်တော်မူ၍။ စိတ်ယူမသင့်။ နှုတ်တော်ဖွင့်လျှင်။ မီးနှင့်ဝါဂွမ်း။ ယမ်း၏ပမာ။ လောင်စာစိမ်းချမ်း။ ရှိတိုင်းကျွမ်းသို့။ တောင်ကမ်းစုံမြိုင်။ ဂနိုင်ပုပ္ပောင်း။ မြေမှာအောင်းအံ့။ လွတ်ကြောင်းပြေးပုန်း*။ အသျှင်မွန်းက။ ဘုန်း*ကြောင့်ကြမ္မာ။ မလွတ်သာ၍။ မကြာလျှင်ထွေ။ ပျက်တတ်ချေ၏။ အသေကောင်မျှ။ နက်ချောင်ရေထဲ။ ပုန်းရှောင်လွှဲလည်း။ လည်ဆွဲအိုးနှင့်။ ရှိခိုးတုပ်ကာ။ ပေါ်လာရ၏။ နဂါးတန်ခိုး။ မျက်စောင်းထိုးသို့။ ကျားဆိုးရဲရာ။ ချုံထဲမှာ၌။ ကြမ္မာဖန်နိုး။ ကံမရိုးနှင့်။ မင်းစိုးရာဇာ*။ မျက်စရာကို။ ဥစ္စာ*ဆွေမျိုး။ ဉာဏ်မကိုးနှင့်။ ဆိုရိုးတွင်ဖိ။ ရှေးထုံးရှိ၏။ ပဋိသန္ဓေ။ လေးပါးနေ၌။ သံသေဒဇာ။ အစဖြာသည်။ ဇလာဗုဇ။ အဏ္ဍဇက။ ဩပပါတိ။ နာနက္ခိဖြင့်။ ရှိသည်များစွာ။ သတ္တဝါကား။ အာယုကွယ။ မရဏမှ။ စ၍လေးထော။ ဥပစ္ဆေမူ။ အသေလတ်လတ်။ ကံကိုဖြတ်၍။ သတ်၏ထုတ်ဖော်။

သို့ဖြစ်သော်ကြောင့်။ တောင်ပေါ်ကြာတွေ့။ **အရွှေနေဝင်။**
မီးပင်ချမ်းမြ။ ဟူစရလိမ့်။ မင်းမှအာဏာ။ မဆန်သာသည်။
စိတ်မှာဖြစ်သည့် အကြံတည်း။

၁၆

ဘူမမေဒနီ။ ပထဝီနှင့်။ မဟီပထဗျာ။ စိုးချုပ်ချာသည်။ နရ
သဘာ။ နရိန္ဒမှ။ နရပတိ*။ ခတ္တိ*ရာဇာ။ မဟာသမတ်။ **တမွတ်**
ရွှေမှောက်။ ကြငှန်းမြှောက်၍။ မိုးအောက်လူချင်း။ ပြိုင်
ထောက်ကင်းသား။ မင်းတို့သနား။ ချီးမြှောက်စားမူ။ ထိုသည့်
သူကား။ လူတွင်ချိုတဲ့။ မျိုးရိုးမဲ့လျက်။ နဲ့နဲ့နုနုနုနု။ ရှုနှံရှုနှံ
ရင်းရင်း။ ကိုယ်ချုပ်ဆင်းနှင့်။ ဝမ်းတွင်းပညာ။ မရှိပါလည်း။
သတ္တဝါများ။ ထိုသူ့အားလျှင်။ ညွတ်တွားခိုဝင်။ ပေါင်းဖော်
ချင်*၍။ ကျွမ်းကျင်*ရအောင်။ လက်ဆောင်လိုရာ။ ရွေးဖွေရှာ
လျက်။ ပဏ္ဏာပို့သ။ ပေးကမ်းကြ၏။ ထိုမှရိပ်ငြိမ်။ နတ်စည်းစိမ်
သို့။ အိမ်လည်းမောက်မောက်။ လွယ်ကာပေါက်လျက်။
ထက်အောက်ညံညံ။ ခြွေရံလည်းပေါ။ သောသော အုတ်ကျက်။
တက်သက်လူးလာ။ ပဒေသာသို့။ ဘယ်ငှာမတ။ လွယ်ကာရ၏။
ဒါနကုသိုလ်။ ပြုမည်ဆိုလည်း။ ကိုယ်တွင်ပစ္စည်း*။ လွန်ပေါ
ပည်း၍။ ပိတ်ဆည်း*မရှိ။ လှူဖြန့်ချိလျှင်။ ဂတိနတ်ရွာ။
ဗြဟ္မာနိဗ္ဗာန်*။ ဆောက်ရာတန်ကြောင့်။ ပစ္စုပ္ပန်*တွင်။ **အသျှင်**
မင်းသာ။ ကိုးကွယ်ရာ*တည့်။ သံသရာ*မှာ။ **မြတ်စွာဘုရား။**
သည်နှစ်ပါး၏။ စကားမကျူး။ **တရားနှုန်းက။ ကျေးဇူး**

www.kelasa.org



**များကြွယ်။** စည်းစိမ် တွယ်လျက်။ ပဲ့နွယ်မယုံ။ အကျိုး
**နံသည်။** ။ရှည်သံနောင်ဖို့ သုခံတည်း။

၁၇

ဒုက္ခသုခ။ ဤနှစ်ဝတွင်။ နရရွှေမှောက်။ မျက်တော်ရောက်
ကာ။ မီးတောက်အသွင်။ ပျောက်ပျက်စင်လျက်။ ကိုယ်တွင်ဥစ္စာ။
**ဝတ်စားငှာမျှ။** ရှာကာမရ။ ဆင်းရဲလှသော်။ အူမတောင့်မှ။
စောင့်လိမ့်သိလ။ ဆိုကုန်ကြသို့။ ဝမ်းကဇတ်ခါ။ မနေသာလျှင်။
မိစ္ဆာဇီဝ။ ဒုကမ္မကို။ ဝမ်းမှဝဇေ။ ပြုမိချေက။ သေလည်း
မလွတ်။ အပါယ်ဝဋ်တွင်။ မချွတ်ကေန်။ ခံရပြန်လိမ့်။ မင်းမာန်
လွတ်စင်။ ချစ်ရည်ဝင်က။ များဖြင်ဥစ္စာ။ ပေါများခါ၌။ ဒါန
သီလ။ ပြုရသောတွက်။ အကျိုးဆက်၍။ အထက်နတ်ရွာ။
ဗြဟ္မာမက။ နိဗ္ဗာန်ကျအောင်။ ဥပနိဿယာ။ အာရမ္မဏူ။ ပက
တူပ။ ပစ္စယဖြင့်။ ရောက်ရလိမ့်မည်။ နှလုံးရည်လျက်။ ကြံစည်
မိခါ။ စိတ်ဝမ်းသာသည်။ ။ဗျာပါမဆက် မဆံတည်း။

၁၈

စိတ်စေတသိက်။ ပဋိသန္ဓေ။ အတူနေသား။ သည်းခြေ
ရှက်ထွေး။ နှလုံးသွေးကို။ ဆက်ပေး သော့လား။ မတ်ခေါင်
ဖျားလျှင်။ မယားရတနာ။ စောဥမ္မာ*ဟု။ နိမ္မာ*နတ်သို့။
ရွှေရောင်ပျိုကို။ လူတို့သနင်း။ မင်းကိုတွေ့တွေ။ ထုံးပုံဖွေ၍။
ယူပစေသား။ ဆက်ပါငြားလည်း။ မင်းကားအသစ်။ ကိုယ်
အပြစ်၌။ စင်စစ်ကြံမိ။ မှားမှန်းသိလျှင်။ ဟိရိဩတ္တပ်။ တရား

ကပ်၍။ ဖြူလှပ်ဓမ္မ။ မြတ်သီလနှင့်။ စိတ္တသုခ်ီ။ သံဝေရှိက။ စစ်သူကြီးအား။ သင့်မယားကို။ ငါကားမလို။ ဤသို့ဆိုသား။ ကြာညိုနိုင်းလျှော်။ နတ်ခွန်းတော်ကား။ မိုးပေါ်နေလ။ မကျ မြေမှာ။ ဂင်္ဂါမြစ်ကြီး။ မစီးညာပြန်။ လေးတန်ရောင်စို။ မြင်းမိုရ်မအက်။ ထွက်ပြီးဆင်စွယ်။ မဝင်ဖွယ်သို့။ မင်းဝယ် တရား။ စောင့်သည်များကို။ ချင့်စားသတိ။ အမှန်သိလျှင်။ အဘိပါရက။ အမစ္စလည်း။ ဝမ်းမှမြောက်သော်။ သာခုခေါ် သည်။ ။ထိုရော်ကောင်းခြီး ညံ့ညံ့တည်း။

၃၉

ဥမ္မာဒန္တီ။ ဆင်းနတ်ပီကို။ သိဝိရာဇ်မင်း။ မြင်သည် ခင်းကြောင့်။ တပ်ခြင်းပြင်းထန်။ ရာဂလွန်၍။ ဒသဏ္ဍက။ ဇာတ်မည်ရတွင်။ မြမြချွန်းမြှောင့်။ သွန်းသွန်းဖြောင့်သည်။ တဘောင့်ကိုးသစ်။ အရှည်ဖြစ်သား။ လျှပ်စစ်ရောင်လက်။ မားသန်လျက်ဖြင့်။ မျိုတွက်စေပြီး။ တဏှာမီးကို။ မင်းကြီး ငြိမ်းအောင်။ မတ်ကျိုးဆောင်သို့။ တတ်ခေါင်ဉာဏ်သိ။ ပညာ ရှိသည့်။ အဘိပါရက*။ အမစ္စလည်း။ ရက္ခ*နတ်မှန်။ ဆိုလေ ဟန်နှင့်။ အလွန်ချစ်ငြား။ ကိုယ့်မယားကို။ မင်းအားလျှောက်ဖိ။ ဆက်သည်ရှိက။ ဟီရိဩတ္တပ်။ ရှက်ကြောက်ကပ်၍။ ကြပ်ကြပ် သတိ။ မင်းကြီးရှိသော်။ ဝိပဿနာ။ ဉာဏ်ပညာကား။ ဥမ္မာဒန္တီ။ ဤမိန်းမမှန်။ အလှလွန်လည်း။ အတန်မကြာ။ အနိစ္စာတွင်။ ဇရာမရဏ။ နိယတနှင့်။ ခုဝံမချွတ်။ ဖြစ်ရလတ္တံ့။ ခဏင့်မျှ။ ဘယ်နှံမကြာ။ ဒွတ္တိံသာဟု။ ဘာဝနာသိပြား။

www.kelasa.org



ပိတ်ပင်ထားလျက်။ ချင့်အားချစ်ခင်။ စုံမက်ကြင်၍။ ပျော်ရှင် သောအား။ ကုသိုလ်ရှားသော်။ ရှည်လျားသံသာ။ ဝဋ်ဒွဲ ကြာလိမ့်။ ငါမိန်းမလှ။ ရသည်အတွက်။ သည်တသက်လည်း။ မပျက်တုံပဲ။ သံမှိုစွဲသို့။ အမြဲစတော။ မနေ သည်ရှုပ်။ ခဏ ချုပ်လိမ့်။ ရေမြှုပ်ပမာ။ လုမကြာကို။ ငါမယူလို။ ဆိုသည့် ကာလ။ အမစ္စလည်း။ ချီးပမြှတ်လေး။ ကောင်းခြီးပေး၍။ ။ လျှောက်ရေးဂါထာ စီကုံးပါတည်း။

၄၀

ဓမ္မဂုတ္တ။ ဓမ္မဝိဒူ။ ဓမ္မဂူဟု။ ဇမ္ဗူဒီပါ။ ပထဗျာတွင်။ နရာသဘ။ မင်းထိုမျှထက်။ မကုဋ္ဌထွတ်။ မြတ်ထက်မြတ်သည်။ တမွတ်ထိပ်ပန်း။ စောကြွင့်နန်း။ ။ပွင့်လန်းသာစည်။ မင်းကြီး သည်ကား။ အပြည်ပြည်ထောင်။မင်းကုန်အောင်ထက်။ အခေါင် မြောက်မြား။ မြတ်ပေငြား၏။ တရားဓမ္မ။ ဆုံးဖြတ်ချသည်။ ရှေးကဓမ္မတာ။ မိလာဘလိုက်။ သုစရိုက်ထုံး။ သုံးပါးလုံးကို။ စောင့်သုံးဆောက်တည်။ သိသည်ပညာ။ ကိုယ်မှာလည်းရှိ။ သိသည်အလျှောက်။ စောင့်ရှောက်ပေသည်။ တရားတည်၍။ သက်ရှည်စေသား။ ကျွန်ုပ်အားလည်း။ တရားမြတ်ကျော်။ ရွှေခွန်းဖော်၍။ ဟောတော်မူပါ။ လျှောက်ပန်ထွာသည်။ ။ ဆယ်ဖြာလက်စုံ မြှောက်ချီတည်း။

၄၁

ထိုသို့အမတ်။ ဘောင်းပန်လတ်သော်။ မင်းမြတ်ရာဇာ။ ဟောလို့ငှာဖြင့်။ ။ဂါထာဓမ္မ မိန့်တော်ဟတည်း။

၄၂

ရွှေပြည်ဌာန။ အရိဋ္ဌတွင်။ ဘိုးဘစဉ်လျက်။ အဆက်ဆက်က။ စစ်မက်ရေးရာ။ တတ်လိမ္မာ၍။ သေနာပတိ။ အမည်ရှိသည်။ အဘိပါရဂူ။ မတ်ဉာဏ။ ။စိတ်မှန်းစ်ခြိုက်။ နှလုံးပိုက်၍။ သုစရိုက်သုံးပါး။ သင်မှတ်သားလော့။ တရားမသေ့။ ဆုံးဖြတ်ထွေက။ ပဓေဝဏီမေ့။ မိဘစဉ်ရိုး။ ဆွေမျိုးတို့၌။ ကျင့်စဉ်လိုက်လျက်။ စရိုက်ရှည်လျား။ တရားသိခါ။ ကောင်းသည်သာတည့်။ ပညာရှိသူ။ ပုဂ္ဂိုလ်မူလည်း။ ထို့တူတရှိ။ ကောင်းလေဖို့၏။ မိမိချစ်စွန်း။ ဆွေခင်ပွန်းဟု။ ညွှန်းသည်သူအား။ မပြစ်မှားလျှင်။ ကောင်းသည်ပင်တည်း။ အကြင်ပုဂ္ဂိုလ်။ အကုသိုလ်ဟု။ ပုပ်မှီဆယ်ပါး။ တရားယုတ်မာ။ ဖဲ့ကြဉ်ခွာက။ သံသရာဘေး။ ချမ်းသာဆေးကို။ ပေးလိမ့်သူ၌။ အကြောင်းလိုက်၍။ သုစရိုက်သုံးပါး။ တရားစောင့်လျက်။ အမျက်ဒေါသ။ နည်းပါးလှသည်။ ဓမ္မမဖင့်။ ညီအောင်ကျင့်သား။ မင်းနိုင်ငံမှ။ သူခများစွာ။ နေရာ၏။ ။ ပမာမူကား။ သားမယားနှင့်။ ဆွေဝါးမျိုးတော်။ ပေါက်ဖော်ငံ့ဇေ။ တူပျော်မွေ့လျက်။ ချမ်းမြေ့စွာဖြင့်။ အရိပ်ရှိသား။ မိမိအိမ်မှာ။ နေရခါသို့။ ဝမ်းသာရွှင်ပ။ နေကုန်ရသည်။ ။ရှေးကကြောင်းရင်း ကြမ္မာတည်း။

၄၃

ဆင်မြင်းရထား။လေးမြားမီးပေါက်။ အမြောက်စိန်ပြောင်း။ ရိုက်ညောင်းပြင်းဟုန်။ မြေမိုးတုန်မျှ။ မြူမှုန်ထောင်းထောင်း။

www.kelasa.org



ရန်သူပေါင်းတို့။ ဟန်မော်င်းဟန်စည်။ တီးမြည်ညီးညံ။ ဆင်မြင်းသံနှင့်။ အောင်လံလွှင့်ကာ။ သုတပ်လာလည်း။ မျက်နှာမငယ်။ ဗိုလ်များလယ်တွင်။ ရှုဖွယ်ရှိလှ။ ရွှင်ပျပျနှင့်။ သူရသတ္တိ။ ရဲးစွမ်းရှိသည်။ အဘိပါရဂူ။ ရွှေဘဲ့ရ။ ။ထိုမှတထူး။ သင်နာဦးလော့။ မဒူးမစမ်း။ ထောက်လှမ်းမမှီ။ ပီပီပြင်ပြင်။ မသိခင်က။ အလျင်တဆော*။ စိတ်မာန်ဇော*နှင့်။ ပြုသောအမှု။ အသာဓုတိ။ ပြုလျှင်မကောင်း။ ထိုအပေါင်းကို။ လမ်းကြောင်းမလိုက်။ ငါမကြိုက်တည့်။ မကိုင်တဆူ။ မင်းမာန်ဟူက။ ရေပူဆားကျ။ ဖြစ်တတ်လှ၍။ စိတ်ကပိုင်ပိုင်။ မလဲ့နိုင်အောင်။ကိုယ်တိုင်စေ့ငု။ သိအောင်ပြု၍။ အမှုထိုက်ရာ။ စီရင်ပါသား။ ရာဇာထွတ်ဖျား။ ထိုမင်းအားလျှင်။ ငါကားလွန်စွာ။ နှစ်သက်ပါသည်။ ။ နတ်ရွှာလမ်းပြ ဆရာတည်း။

၄၄

ရွှေပြည်ဘုမိ။ တိုင်းသီဝိတွင်။ ရှိရှိသမျှ။ ကိစ္စများစွာ။ အရာရာကို။ ပဏ္ဍာမထောက်။ အပြီးမြောက်လျက်။ စိတ်နောက်ကိုယ်၌။ နှလုံးပိုက်၍။ ဖြစ်ထိုက်သမျှ။ အမှန်ကျအောင်။ ဉာဏဆုံးဖြတ်။ စီရင်တတ်သည်။ အမတ်ပီလှ။ အမစ္စ။ ။ငါကသင့်အား။ ယခုကြားအံ့။ နှစ်ပါးဥပမာ။ အသင်နာလော့။ မဟာဥဿာဘ။ နွားမျှုးသနင်း။ လမ်းကိုထွင်းလျက်။ သွားခြင်းထောင့်ထောင့်။ မဖြောင့်မသား။ ကောက်ကောက် သွားသော်။ နွားများအပေါင်း။ နောက်လမ်းကြောင်းက။ စောင်းစောင်းပင်းပင်း။ ကောက်ကစင်းဖြင့်။ ချင်း၏နည်းယူ။ လိုက်သော

ဟူသို့။ လူတွင်အထွတ်။ အများမှတ်သည်။ သူမြတ်ပုဂ္ဂိုလ်။ အကုသိုလ်၌။ လိုလို လားလား။ ပြုတုံငြားက။ အများ လူစု။ ထိုအတုကို။ ပြုလိမ့်ဘယ်တီ။ ဆိုဖွယ်ရှိအံ့။ ဘူမိပါလ။ ဓမ္မ ဆယ်ပါး။ မစောင့်ငြားမူ။ တိုင်းသားတိုင်းသူ။ လူဟူသမျှ။ ဆင်းရဲရအံ့။ ဥဿာတန္တား။ ဖြောင့်ဖြောင့်သွားက။ နွားများ အပေါင်း။ လမ်းကြောင်းစိုက်စိုက်။ ဖြောင့်ဖြောင့်လိုက်သို့။ လူ၌ထွတ်ဖျား။ မင်းတရားသည်။ ဆယ်ပါးစောင့်မူ။ တိုင်းသူတိုင်းသား။ အများသတ္တဝါ။ ချမ်းသာရာ၏။ ငါတမူကား။ မတရားကို။ ကျင့်ငြားသဖြင့်။ လူထက်မြင့်သား။ ထက်ဆင့်ဘုံသစ်။ နတ်အဖြစ်နှင့်။ ကောရာဇ်မင်း။ မြေပြင်းကို။ စိုးခြင်းတရံ။ နိုင်ငံဖြစ်ရာ။ ပြုခြင်းငှာသည်။ ။ငါ့မှာမနှစ်ခြိုက်ပြီတည်း။

၄၅

ပြည်ပပြည်တွင်း။ အခင်းခင်းကို။ ရှင်းလင်းသုတ်သင်။ ပြီးအောင်မြင်၍။ ချစ်ခင်လူဗိုလ်။ မှီကြခိုသည်။ အိုပါရက။ သေနင်္ဂ။ ။ထိုမှတသုတ်။ နာအားထုတ်လော့။ ဟုတ်၏မှန်စွ။ ဤလောက၌။ တောင့်တလိုအင်။ သူဘို့တွင်မူ။ မြင်းဆင်ကာစ။ မိန်းမရတနာ။ ကျွဲနွားဖြာ၍။ ဥစ္စာသက်ရှိ။ များစွာဖို၏။ မဏိအပြား။ ပတ္တမြားရွှေငွေ။ လှည်းလှေယာဉ်မျိုး။ ပုဆိုးကျည်းပါ။ နွံသာအပေါင်း။ အကောင်းတွက်ဖွဲ့။ အကျယ်ချဲ့မူ။ သက်မဲ့များစွာ။ အဖြာဖြာနှင့်။ ရတနာခုနစ်။ စင်စစ်များပုံ။ အလုံးစုံလည်း။ ကုံလုံစွာလှ။ လိုတိုင်းရ၍။ နေလစောင့်လျက်။ တန်းခိုးထွက်သား။ စကြာသနင်း။ လေးကျွန်းချင်းသည်။

www.kelasa.org



မင်းပင်ကေန်။ ဖြစ်မည်မှန်လည်း။ ဖောက်ပြန်ငါကား။ မကျင့်ငြားလိမ့်။ နွားများလယ်မှ။ ဥဿာတသို့။ ငါ့ကိုယ်အကြီး။ ဖြစ်ပြီးတုံလျက်။ အပျက်လဇ္ဇီ။ မကျင့်ပြီတည့်။ ဤသိဝိတိုင်း။ ခွန်လှိုင်းပိုင်သ။ အရိဋ္ဌတွင်။ ဘိုးဘမင်းများ။ ကျင့်တရားကို။ ငါကားစေ့စေ့။ ကြံစည်၍လျှင်။ မမေ့မလျော့။ မပေါ့မဖည်။ ကျင့်ဆောက်တည်အံ့။ ပြည်သူပြည်သား။ လူအများကို။ စီးပွားရှက်ဆောင်။ နတ်တို့ဘောင်သို့။ ရောက်အောင်ရွေးက။ အရိဋ္ဌတွင်။ ဘိုးဘခေတ်စစ်။ သိဝိရာဇ်ဟု။ တက်သစ်နေရောင်။ ထွတ်မင်းခေါင်တို့။ တင်ဆောင်သောနည်း။ ငါလည်းဤသို့။ တင်မည်တို့ကြောင့်။ အကုသိုလ်အား။ တရားတို့ကို။ မပြုဆိုသည်။ ။စိတ်လိုငါမ လိုက်ပြီတည်း။

၄၆

ဤသို့စိတ်ထား။ ကျင့်သည်များကို။ ဘုရားဆုယူ။ မိန့်တော်မူက။ စစ်သူကြီးမှာ။ ဝမ်းမြောက်စွာ၍။ ။ဂါထာနှုတ်လွှတ်ချီးမွမ်းရှုတ်တည်း။

၄၇

သိဝိတိုင်းမ။ အရိဋ္ဌတွင်။ လူမျှော့မိပတိ။ မြောက်မြားဖို၍။ ဘူမိပါလ။ နရိန္ဒဟု။ နရဒေဝိန်။ ကျော်သံရှိန်နှင့်။ နရိန္ဒထွတ်။ ရှင်မင်းမြတ်။ ။နတ်တရထည်။ မင်းကြီးသည်ကား။ ရွှေပြည်နန်းအိမ်။ မင်းစည်းစိမ်တွင်။ ငြိမ်ငြိမ်သက်သက်။ မပျက်မစီး။ ဘုန်းကြီးသက်ရှည်။ အတည်မရွေ့။ ချမ်းမြေ့သာယာ။ မင်းပြု

ပါလော့။ ပညာအသိ။ သတိဆင်ခြင်။ မင်းမြတ်တွင်၌။ ကျင့်အင်သိလ။ ရှိပေစွတည့်။ သည်မှတို့ကြောင့်။ ဘေးဘိုးစောင့်သည်။ ဖြောင့်ဖြောင့်သားသား။ မင့်းတရားကို။ မင်းဖျားမမေ့။ စောင့်ပေ၍လျှင်။ ချမ်းမြေ့လှဘုံ။ ဝမ်းမြောက်တုံ၏။ ရိပ်မြုံပျော်ပါး။ မင့်းတရား၌။ မေ့ငြားမတည်။ မင်းတို့သည်ကား။ တိုင်းပြည်လက်လွှတ်။ ပျက်စီးတတ်၏။ ကျင့်ဝတ်တရား။ ယွင်းဖောက်ပြားလျှင်။ နတ်သားစင်စစ်။ ဒေဝရာဇ်မှ။ မချစ်နတ်များ။ ချသောအားဖြင့်။ ထက်ဖျားမြင့်စွာ။ ဝတိသ်ာက။ ယူဇနာကိန်း။ နှစ်သိန်းလေးထောင်။ ဝေးအောင်အစောက်။ မြင်းမိုရ်အောက်ဝယ်။ ခုံလောက်လယ်ချာ။ ရောက်လေပါ၏။ နွယ်လာနေမျိုး။ တိုင်းပြည်စိုးသား။ ဘေးဘိုးတော်စစ်။ သီဝိရာဇ်တို့။ မပစ်တရား။ စောင့်သည်များကို။ မင်းဖျားသတိ။ ရှိသည်အတိုင်း။ ညီအောင်နှိုင်း၍။ ။ကျင့်ပိုင်းပြုတော် မူပါတည်း။

၉၈

ဇမ္ဗူကျွန်းလုံး။ သိမ်းယူကျုံးသား။ မင်းထုံးလမ်းကြောင်း။ မင်းကျင့်ဟောင်းကို။ မင်းပေါင်းမကိုင်။ နားတော်ခိုက်လော့။ သုစရိုက်သုံးပါး။ တရားဓမ္မ။ ထုတ်ဖော်ပြအံ့။ မိဘတို့အား။ သားမယားနှင့်။ ဆွေဝါးမည်မှန်း။ ခင်ပွန်းမှူးမတ်။ ကျင့်ဝတ်ထိုပြင်။ မြင်းဆင်ဗိုလ်ပါ။ ပြည်ရွာတိုင်းကား။ ကျေးလက်များနှင့်။ သားငှက်ကျင့်ခန်း။ ရဟန်းပုဏ္ဏား။ ကျင့်ဝတ်များကို။ မင်းဖျားဘုန်းဟော့။ မမေ့လမ်းရိုး။ တိုင်းပြည်စိုးသား။ ဘေးဘိုးတော်စစ်။ သီဝိရာဇ်ဟု။ တက်သစ်နေမီး။ ထိုမင်းကြီးတို့။ ခရီး

www.kelasa.org



နတ်ပြည်။ လိုက်မည်ရည်၍။ ဘုန်းစည်နတ်တူ။ ကျင့်တော်မူဟု။ စစ်သူကြီးက။ ဓမ္မမင်းကျင့်။ ထုတ်ဖော်ဆင့်သည်။ ။ပါဠိနှင့် ဂါထာ ဓိပ္ပာယ်လာတည်း။

၉၉

နေနတ်နွယ်ရှေး။ ဆက်ရှည်ဝေးက။ မင်းရေးရှုနိုင်း။ စောဓိမိုင်းသို့။ ကျင့်ပိုင်းတရား။ ကျွန်ုပ်ကြားအံ့။ မင်းများထိပ်ဦး*။ နာဖိဦး*လော့။ ။ကျေးဇူးကြီးလှ။ မိနှင့်ဘတို့။ ငယ်ကကြီးအောင်။ စောင်စောင်မမ။ ယုယပိုက်ဖက်။ အိပ်စက်မဖြောင့်။ မှက်ခြင်စောင့်လျက်။ မှောင့်ယောင့်ရောဂါ။ ကျောက်နာဝက်သက်။ အမှုတွက်လည်း။ အိပ်စက်မဝ။ စိတ်ဒုက္ခနှင့်။ ပူကြသရွေ။ ကျေးဇူးငွေကို။ စေ့စေ့စိတ်ထား။ ကြံစည်းစား၍။ တို့သားကိုလျှင်။ တို့ချစ်ကြင်သို့။ မိခင်ဘစစ်။ တို့ကိုချစ်၏။ ရင်နှစ်အထဲ။ နှလုံးစွဲ၍။ ပူမြဲကော်ရော်။ ရှေးသူတော်တို့။ ပူဇော်ရှိညွတ်။ မိဘဝတ်ကား။ မချွတ်မယွင်း။ ကျေးမွေးခြင်းနှင့်။ မှခင်းခရေးရာ။ ရှိသောခါလည်း။ ကိုယ်တာနောက်မှ။ လုပ်မည်ပ*ဟု။ မိဘ*တို့ဝယ်။ ပြီးစေရှယ်၏။ မျိုးနွယ်စောင့်ရှောက်။ တရားနောက်၌။ မဖောက်မသွေ။ အမွေထိုက်အောင်။ နားပါးထောင်လျက်။ နှောင်တမလွန်။ ပြောင်းတုံပြန်လည်း။ ကောင်းမွန်ရာရာ။ ရောက်စေပါဟု။ လှူဒါအမျှ။ ပေးဝေငှသား။ ရှေးကရှည်လျား။ သူတော်များကို။ တရားစဉ်လိုက်။ သုစရိုက်ကို။ မကိုင်ဘုန်းဟော့။ ကြံစည်၍လျှင်။ မမေ့နည်းတူ။ ကျင့်တော်မူက။ ခြောက်ဆူနတ်ရွာ။ တက်ရပါလိမ့်။

ဖြဟ္မာသိကြား။ နတ်အများလည်း။ သုံးပါးသုစရိုက်။ ကိုယ်၌မကွာ။ စောင့်ရှောက်ပါ၍။ ထက်ရွာနတ်ဘုံ။ ရောက်ကြတုံ၏။ မှတ်ယုံရှုနိုင်း။ ကျင့်လေတိုင်းသည်။ ။နဂိုဏ်းအထွတ် စံရာတည်း။

၁၀၀

နေနတ်နွယ်ဆင်း။ ပြည်ထောင်မင်းတို့၊ ကျင့်ရင်းဆုပင်။ ဤမျှလျှင်လည်း။ နတ်ရှင်ရွှေနား။ သတိထားလော့။သားသို့၌။ သုစရိုက်မူ။ အမိုက်တန္တု။ မကောင်းမှုကို။ မပြုစိမ့်ငှာ။ တားမြစ်ထာ၍။ ကောင်းရာယှဉ်ကြောင်း။ ဆိုခြိမ်းမောင်းလျက်။ ကောင်းသည်အတတ်။ သင်စေမှတ်၏။ လျောက်ပတ်မျိုးနွယ်။ အရွယ်ထောက်ထား။ ပေးထိမ်းမြားမှု။ ဝတ်စားတန်းဆာ*။ ဥစ္စာ*နှီးရင်း။ ပေးကမ်းခြင်းလည်း။ မယွင်းစေက။ ထိုမိဘတို့။ ဘဝပြောင်းသော်။ နတ်ပြည်ပျော်အံ့။ ထိုရော်အခါ။ မယားမှာလည်း။ သာယာသံချို။ ခေါ် ဆိုချစ်ပျူ။ ကြင်မြတ်နိုးလျက်။ အစိုးရခြင်း။ အိမ်ထောင်နှင်း၍။ ရုပ်ဆင်းထင်စွာ။ ဆင်စရာလည်း။ တန်းဆာကောင်းမွန်။ ပေးဝေဖန်မှု။ မလွန်မကျူး။ သူတထူးအား။ ရှင်မြူးမသိ။ မထိလေးစား။ မပြုငြားသား။ တရားစောင့်လျှင်။ ဤသုလင်လည်း။ ထက်ခွင်နတ်ရွာ။ ရောက်မည်သာတည်း။ ပမာထိုနည်း။ ဤသို့ချည်းပင်။ ရိုးစည်းကျင့်ဝတ်။ ရွှေနားညွှတ်လော့။ အမတ်ခေါ် ညွှန်း။ ဆွေခင်ပွန်းကို။ နှုတ်ခွန်းချိုမြ။ ပီယဝါစာ။ ပြောဆိုရာ၏။ ဗိုလ်ပါအများ။ ဆင်မြင်းအားလည်း။ ဝတ်စားလောက်င။ မငတ်

www.kelasa.org



ရအောင်။ ခြောက်လတကြိမ်။ မသိမ်မဖျင်း။ ပေးဝေခြင်းနှင့်။ အိမ်မင်းကာလ။ ငြိမ်းစေရ၏။ ဂါမနိဂုံး။ လူအလုံး၌။ ရွေးထုံးမှန်ဟတ်။ အတုတ်အခွန်။ မလွန်ခံခြင်း။ နှိပ်စက်ကင်းစေ။ ရှင်ရင်းမိမိုင်း။ ဤကျင့်ပိုင်းသည်။ ။ကသိုဏ်းမလွတ် ဖြဟ္မာတည်း။

၁၀၁

နေနတ်နွယ်ရှည်။ ကိုယ်ဘော်သည်လည်း။ တိုင်းပြည်တွင်းပ။ ဂါမဇနပုဒ်။ ယုတ်လတ်မြတ်စား။ နေသူများကို။ အလတ်သားတိ။ ကျိုးမရှိလျက်။ နှမ်းရိပင်ပန်း။ မည်းမြန်းရာ။ ကျင့်သောခါလည်း။ နတ်ရွာဌာန။ ရောက်ကုန်ရလိမ့်။ မင်းမှုပိုင်ပိုင်။ တားမြစ်နိုင်*သား။ အနိုင်*အထက်။ သုအသက်ကို။ နှိပ်စက်သတ်စား။ မတရား၍။ ကျွဲးနွားမြင်းဆင်။ သမင်ဆိတ်ဝက်။ သားငှက်တသွန်။ တိရစ္ဆာန်၌။ ဒဏ်ဖြင့်လွတ်ရေး။ ဘေးမဲ့ပေးက။ ချေးရွေးမင်းတို့။ ကျင့်ခြင်းမလွန်။ တရားမှန်ကြောင့်။ ခြောက်ဌာန်ဘုံခန်း။ ပျော်ပမြန်းလိမ့်။ ရဟန်းပုဏ္ဏား။ သူတော်များ၌။ လေးပါးပျံ့ပျံ့။ ပစ္စည်းပံ့လျက်။ လောက်ငံ့စေ၍။ လျှုဝေလေ့လည်း။ မမေ့ဒေကောင်း။ ဤထုံးပေါင်းကို။ လမ်းကြောင်းမပျောက်။ ဒေသရွှေမှောက်လျှင်။ ကျင့်ဆောက်တည်က။ ဤသည်ဘုရား။ အကျိုးအားကြောင့်။ ဆင့်ပွားတတန်။ ပစ္စုပ္ပန်လည်း။ နန္ဒာဘဒြ။ ဇေယျရိတ္တာ။ ပုဏ္ဏာဘိထိ။ ပန္နသိတိုင်။ ယုန်မိုရွှေစက်။ လဆန်းရက်တွင်။ ထွက်သကဲ့သို့။ ဘုန်းရောင်ပျံ့လိမ့်။ နောင်ဖွံ့ကောင်းမွန်။ တမ

လွန်လည်း။ ဝေယန်နတ်ပြည်။ ရောက်လိမ့်မည်ဘည့်။ ဤသည်တရား။ မင်းကျင့်များကို။ စကားမရှုပ်။ ချေးလက်ငုပ်မူ။ ခင်ပုပ်ငှက်နှင့်။ ဆက်ရက်မကျေး။ သုံးဦးမေးသား။ တေးသကုဏာ။ ဇာတကတွင်။ ဓမ္မပါဠိ။ ရှိသည်နည်းတူ။ ကျင့်တော်မူဖို့။ စစ်သူကြီးက။ ထုံးမှီးစံပိုင်း။ ဖတ်နာခိုင်းသည်။ ။ကရိုဏ်းပယာတ်သံသာတည်း။

ဤသုံးပိုဒ်ဝယ်။ နှငယ်စပြီး။ ကကြီးသတ်ဆုံး။ မှတ်ရန်ထုံး၍။ လုံးရေနှစ်ရာ။ ကိုးဆယ်မှာ။ သာသည်ခြောက်လုံးစီ။ အညီပါဒ။ တိသတ္တ။ ဥဒာအရေးထုံးမှီ။ မင်းကျင့်တရားဆီ။

၁၀၂

ဤသို့ဟူ၍။ ဇမ္ဗူသိမ်းရုံး။ မင်းကျင့်ထုံးကို။ အဆုံးဂါထာ။ ပါဠိမှာမူ။ စတ္တာလီသ။ နိပါတ်မှလျှင်။ ဇမ္ဗုကကျေး*။ မင်းကြီးမေး၍။ ညစ်ကြေး*မဖက်။ ဟောသည့်စက်နှင့်။ တချက်တည်းပင်။ စစ်ဘုရင်သည်။ သခင်ဖြစ်ပြီး။ ထိုမင်းကြီးအား။ ဟောမြွက်ကြားက။ ဘုရားပွင့်လျှာ။ ထွတ်ရာဇာလည်း။ ဥမ္မာဒန္တီ။ ဆင်းသီဂီကို။ စွဲးမှီကပ်ချောက်။ တပ်ခြင်းပျောက်၍။ ရောင်ခြောက်သွယ်ပျို့။ နတ်လူကြိုသည်။ ဤသို့ရေးမှု။ ဇာတကဠ်။ ဓမ္မဒေသနာ။ ထုတ်ဖော်ပါ၍။ သစ္စာလေးပါး။ တရားမဥ္ဇူ။ ပြတော်မူသည်။ ။နတ်လူသာခု သောင်း၏တည်း။

www.kelasa.org



၁၀၃

သတိ ဇယ။ သမ္မ စတု။ လေးခုကွဒ္ဒိ။ ဣန္ဒြိယ။ ပဉ္စခေါ်တွင်။ ဗိုလ်ငါးအင်နှင့်။ ဗောဇ္ဈင်ခုနစ်။ မဂ္ဂင်ရှစ်ဟု။ တွက်စစ်ဆေးကြော။ ပေါင်းစုနှောမူ။ ဗောဓိပက္ခိယ။ သတ္တိသံကို။ ပြုလွှရိပ်ထီး။ ဆောင်းကြပြီးလျှင်။ မီးဆဲ့တတန်။ မပူပန်*သား။ နိဗ္ဗာန်*ရွှေဘုံ။ ဘေးမဲ့လုံသည်။ လေးစုံရှစ်ပါး။ တပည့်သားတို့။ ငါကားရှေးက။ အရှင်ဟု။ နာမတွင်မည်။ ထိုရွှေပြည်ကို။ စိုးသည်သနင်း။ သီဝိမင်းဟု။ သတင်းကြော်ငြာ။ ဖြစ်သောခါ၌။ ဥမ္မာဒန္တီ။ နွတ်သည်နှင့်။ သိင်္ဂီရုပ။ လျှပ်ရောင်ပြသို့။ အလုခေါင်ထိ။ ဆင်းသီရိကို။ ကြတ္တိကာတွင်။ ပွဲသဘင်ဝယ်။ မြင်မိသောအား။ တပ်စိတ်များ၍။ ရထားပေါ်က။ နန်းတော်တိုင်တိုင်။ မိန်းမှိုင်ခွေလျက်။ သတိပျက်အောင်။ အထက်ထိရော်။ ဖြစ်ဖူးသော်လည်း။ သူတော်ပီပီ*။ ငါရှောင်ပြီ*ဟု။ ဤသို့သစ္စာ။ ပြုပြီးခါ၌။ ဘာသနာတွင်။ ဆန့်ကျင်ညှိုးမြန်း။ ထိုရဟန်းသည်။ ကမ္မဋ္ဌာန်းသိ၊ ဥာဏ်မျက်စိကြောင့်။ ဝိစိကိစ္ဆာ။ ဒိဋ္ဌိနှာလျက်။ သောတာပန်မည်။ ဖိုလ်၌တည်၍။ အောက်ပြည်တံခါး။ ပိတ်ပင်ထားလျှင်။ တရားအလုံး။ သိမ်းကာရုံးသည်။ ။အဆုံးဇာတ်တော် ပေါင်း၏တည်း။

၁၀၄

ကာမရာဂ။ နုသယမှ။ ဘဝပဋိဃာ။ မာနာဒိဋ္ဌိ။ ဝိစိကိစ္ဆာ။ အဝိဇ္ဇာဟု။ သတ္တာသင်ပြုး။ အိပ်ရာအုံးဝယ်။ ယစ်မူးပျော်မိန်း။ တဖိန်းဖိန်းဖြင့်။ စက်ကိန်းရာက*။ နိုးပြီးမှလျှင်။ ဒုက္ခ*ညစ်ကျိ။

ရှုံစေးညှိကို။ သတိရေမိုး။ စင်စွာချိုးလျက်။ မွှေးမျိုးပန်းမန်။ ကိုယ်စီပန်*၍။ နိဗ္ဗာန်*ချမ်းသာ။ ပန်းမွေ့ရာထက်။ ငါနှင့်စက်လျောင်း။ အတူပေါင်းသည်။ ထေရ်ကောင်းသဆော်။ အရိယာတို့။ ။နာလော့ရှေးသော်။ ငါနှင့်ပျော်သည်။ ထိုရော်အခါ။ သုနန္ဒာဟု။ စကြာရွှေဘိန်း။ ရထားထိန်းကား။ တသိန်းကမ္ဘာ။ ကာလကြာအောင်။ ရှေးပါရမီ။ ပြည့်စုံညီသော်။ ပြည်ကပ္ပိလ။ မြတ်ဒေသတွင်။ ငါ့ဘထွေးသား။ ဖြစ်လာငြားရှိ၍။ ဆွေဝါးမျိုးတော်။ ငါးယောက်ဖော်နှင့်။ ဖူးမြော်ငါ့မှာ။ ရောက်ကြလာ၍။ မန္တာနိသား။ ပုဏ္ဏားဇာတိ။ ဟောကြားဖိသော်။ ဒိဋ္ဌိသဿတ။ ကေစ္စမှ။ အန္တနန္တိကာ။ အမရာဝိက္ခေပ။ ဧယဒတု။ လေးခုစီလေး။ ဆဲ့ခြောက်ရေးနှင့်။ ဒွေးအဝိစ္စ။ သညပ္ပန္နာ။ ပေါင်းသောခါမူ။ အဌာရသ။ ပုဗ္ဗန္တနု။ ဒိဋ္ဌိစုတည့်။ မှားမှုတလီ။ သညီဝါဒ။ သောဠသမှ။ အဋ္ဌပြည့်မှီ။ အသညီပင်။ ရှစ်လီမည်ရ။ နေဝသညီ။ နာသညီတည့်။ ဤမှသတ္တ။ ဥစ္ဆေဒနှင့်။ ဒိဋ္ဌဓမ္မာ။ နိဗ္ဗာနိက။ ပဥ္စစုဝေး။ လေးဆဲ့လေးမှာ။ အပရန္တာနိ။ နှစ်စုရှိမဲ့။ သန်ျာဖွဲ့မူ။ ခြောက်ဆဲ့နှစ်စို့။ ဒိဋ္ဌိတို့မှ။ သက္ကာယက။ စသည်များစွာ။ နိယတာဟု။ မိစ္ဆာဒိဋ္ဌိ။ ကြွင်းမရှိလျက်။ ဝိစိကိစ္ဆာ။ ကင်းခဲ့ကွာ၍။ သောတာပန္န။ မဂ်ဖိုလ်ရသား။ သကျသာကီ။ ငါ့ညီဖွားဖက်။ တေဒဂ်လည်း။ ငါးချက်ပြည့်ဟန်။ သူမတန်သည်။ ။အာနန်ခေါ်ကြ ခုခါတည်း။

၁၀၅

ထိုရော်ကာလ။ အရိဋ္ဌဟု။ ပြည်မသိရှိ။ တိုင်းသိဝိတွင်။ အဘိပါရက။ နာမတွင်ပြီး။ စစ်သူကြီးကား။ အတီးလွန်လေ။

www.kelasa.org



တာသချေနှင့်။ သိန်းနေကမ္ဘာ။ ကာလကြာအောင်။ လက်ယာရံဆု။ ပြည့်သည်မှုကြောင့်။ ယခုကာလ။ ဤဘဝ၌။ ဥပတိဿ။ နာမမည်လျှင်။ ထိုရွာတွင်၌။ ဂုဏ်အင်မြောက်မြား။ ကျော်ထင်ရှားလျက်။ ဆွေဝါးမျိုးနွယ်။ ဥစ္စာကြွယ်သား။ ရှေးဝယ်အကြောင်း။ ကုသိုလ်ဟောင်းကြောင့်။ မိကောင်းဘသား။ ဖွားသည်ကာလ။ ငယ်စဉ်ကမူ။ ဥပတိဿ။ ရွာနာမကို။ မှည့်ကြတွင်ခေါ်။ ကြီးမှသော်ကား။ မယ်တော်သာရီ။ သားဖြစ်ပီ၍။ သာရိပုတြာ။ တွင်မည်သာနှင့်။ ပညာနိုင်းဆ။ ဖက်မရသည်။ ငါ့အောက်သူပင်။ တူမမြင်တိ။ ကောင်းကင်ရေမြေ။ လေတွင်လွှင့်ပျောက်။ မိုးရည်ပေါက်ကို။ ရှည်မြောက်ရက်ကြာ။ သတ္တာခုနှစ်။ ရွာသည်ဖြစ်*လည်း။လက်ဖျစ်*တတွက်။ လျှပ်တပြက်မျှ။ စကြဝဠာ။ ခန့်တာအတွင်း။ သိနိုင်လျှင်းသား။ ဉာဏ်ရင်းထက်မြက်။ တေဒဂ်နှင့်။ ငါ့လက်ယာမှန်။ ဗျာဒိတ်ညွှန်သည်။ ။နှိုင်းရန်မရ ပညာဘည်း။

၁၀၆

ထိုရောခါဝယ်။ လျှပ်စစ်နွယ်ဖြင့်။ အိမ်ဝယ်လေသွင်း။ ရွှေပူတင်းက။ လမင်းရောင်ထင်။ ထွန်းသောသွင်သို့။ မြင်မြင်သမျှ။ ရှုအောင်လှ၍။ နာမသညာ။ တွင်မည်သာသည်။ ဥမ္မာဒန္တီ။ ကြန်ညီရှုပ။ နှိုင်းမရကား။ ကာလတွက်ကိန်း။ ကမ္ဘာသိန်းက။ မိန်းမတမ်းခွန်။ တန်းခိုးထန်လျက်။ နောင်ဖန်မြတ်စွာ။ ပွင့်သောခါဝယ်။ တေဇာလွန်ကဲ။ ဈာန်ဖြင့်မြဲလျက်။ လက်ဝဲရံဆု။တောင်းသည်မှုကြောင့်။ယခုကာလ။အချိန်ကျ၍။

ကောသလတိုင်း။ ရွှေသမိုင်းနှင့်။ ခွန်လှိုင်းယူဆွတ်။ ကမ္ဘည်းမှတ်သည်။ သာဝတ္ထိမည်။ ထိုရွှေပြည်တွင်။ ဆက်ရှည်နွယ်ရွေး။ ဘတိုးဘေးက။ သဋ္ဌေးစဉ်ဆက်။ ခုလက်ထက်တိုင်။ မပျက်ဥစ္စာ။ ရတနာကို။ များစွာသိမ်း။ သဋ္ဌေးကြီး၏။ သမီးရတနာ။ ဖြစ်တုံလှာက။ ကြာညိုသဏ္ဍာန်။ လှပဟန်ကြောင့်။ ဥပ္ပလဝဏ်မည်။ ကျော်စောသည်နှင့်။ ပြည်ထောင်တကာ။ မင်းများစွာတို့။ တောင်းလာသောတွက်။ အပေးခက်၍။ အမျက်ဒေါသ။ မရှိရအောင်။ ဥဘာမျှော်ရှု။ ရဟန်းပြုက။ ဘိက္ခုနီမ။ ရှိသမျှတွင်။ တေဇလွန်ကဲ။ ငါ့လက်ဝဲ၌။ ရံမြဲအမှန်။ တန်ခိုးထန်သည်။ ။ နိဗ္ဗာန်အောင်ဆု လွှယ်ကာတည်း။

၁၀၇

ထိုခေါ်ခါတွင်။ ငါ့ကိုခင်သည်။ ဝန်းကျင်ရံပတ်။ ပရိသတ်ကား။ လူနတ်စုန်ဆန်။ အတန်တန်ကို။ ဖန်ဖန်များစွာ။ ခံစံကာဖြင့်။ မြင့်ကြာရှည်မှု။ ခုဘဝ၌။ ကာမရာဂ။ ဘဝပဋိဃာ။ မာနာဒိဋ္ဌိ။ ဝိစိကိစ္ဆာ။ သီလဗ္ဗတနှင့်။ ဣဿာမစ္ဆရိယ။ မုလဝိဇ္ဇာ။ ဆယ်ဖြာစီလျဉ်။ သံယောဇဉ်ကို။ပယ်ကြဉ်ခုတ်ဖြတ်။ငြိမ်းအောင်သတ်အံ့။ မပြတ်ငါ့ထံ။ ဆုံးမခံလျက်။ အကြံမခ္ခ။ ခုကာလလည်း။ ငါ့ပရိသတ်။ ဖြစ်လတ်တုံပြီး။ ငါ့ကိုမှီးလျက်။ ယိုစီးနစ်တတ်။ ရှည်စေဝဋ်၌။ ထုံးပက်ဖွဲ့ကြ။ အာသဝနှင့်။ ဩဃယောဂ။ ဂန္ထကာသီး။ နှောင်ဖွဲ့ပြီးလျှင်။ မီးဆဲ့တတည်း။ လောင်အားစည်သား။ သုံးမည်ဘုံစက်။ ကျွမ်းမှာဖက်မှု။ ရစ်တက်ခတ်ဆောင်။ မဂ္ဂင်ဖောင်နှင့်။ လွှတ်အောင်စီးကာ။ ပဲ့ဖက်မှာသို့။ ချမ်းသာ

www.kelasa.org



နိဗ္ဗာန်။ ရောက်အားသန်သည်။ ။လေးတန်အကြောင်း ကင်းရာတည်း။

၁၀၈

ထိုရောအခါ။ စည်ပင်စွာသား။ မဟာနဂရ။ အရိဋ္ဌဟွင်။ သူမျှော်မီပေဘိ။ သိဝိခွန်လှိုင်း။ စောဒိမိုင်းကား။ တန်ခိုင်းမမျှ။ ဗျာဒိတ်ရကာ။ ဒါနပါရမီ။ အစချီလျက်။ ဆယ်လီသုံးထွေ။ လေးသင်္ချေနှင့်။ သိန်းနေကပ္ပ။ ပြည့်ကာသတွင်။ ဘဒ္ဒကမ္ဘာ။ ပေါ်ဦးခါ၌။ မဟာသမတ်။ မင်းမြတ်နွယ်ဆက်။ စဉ်မပျက်သား။ သကျသာကီ။ ပြည်ကပ္ပိလဝတ်။ ဒေဝီထွတ်ကဲ။ မိဝမ်းသဲ၌။ မှီဝဲခဲ့ပြီး။ စွန့်ကြီးငါးဖြာ။ တောသို့ခွာသော်။ စကြာရက်လည်။ ချောက်ဘောမည်ဟု။ ခြောက်ပြည်ပိုင်ကား။ မာရ်နတ်တားလည်း။ ငါ့အားသောကီ။ စည်းစိမ်ညီကို။ မဂျမသာ။ ပူဆာထဲအိုက်။ မနှစ်ခြိုက်ဟု။ အမြိုက်နိဗ္ဗာန်။ လေးတန်သစ္စာ။ ရအောင်ရှာလျက်။ သတ္တဝါအား။ ချမ်းသာစေဖို့*။ မဂ်ကားတို့ကို။ ပို့*မည်ဆက်ဆက်။ စိတ်မကွက်ပဲ။ တောထွက်ခဲ့လျှင်။ ဗောဓိပင်၌။ ပလ္လင်လှုပ်။ မာရ်စစ်စီးသော်။ နက်နဲသစ္စာ။ ဆသာခါက။ ဝိဇ္ဇာသုံးတန်*။ သဗ္ဗညုဏ်နှင့်။ ခြောက်တန်* ရောင်ဘောက်။ ပြည့်စုံမြောက်လျှင်။ ပလ္လင်ဗောဓိ။ အနိမိသာ။ စင်္ကြံနှင့်။ ရတနာဃရ။ အဇပါလ။ မုစ္ဆလိန္ဒာ။ ရာဇာယတန။ ခုနစ်ဌာနတွင်။ သတ္တသတ္တာ။ ရက်ကြာလွန်က။ အဋ္ဌမ၌။ အဇပါလာ။ ညောင်ရိပ်သာဘွင်။ ဗြဟ္မာသိဂျုံး။ မြင်းမိုရ်လုံးမျှ။ ပန်းကုံးရွှေလှော်။ ပူဇော်သက္ကာ။ တောင်းပန်လာလျှင်။

မိဂဒါယော။ သမင်တော၀ယ်။ ရှင်စောစကြာ။ ဖြန့်ခဲ့လာ၍။ ပန္နရာသီ။ တိထိ၀ါရက်။ ဓမ္မစက်ကို။ ၀ဂ္ဂီတို့အား။ ဟောမြွက်ကြားသား။ ဘုရားအမှန်။ ဖြစ်၏ညွှန်သည်။ ။သူမှန်နတ်လူ မာလာဘည်း။

ဥမ္မာဒန္တီဇာတကံ နိဋ္ဌိတံ။

www.kelasa.org



## နိဂုံး

၁

နိဂုံးတန်ဆောင်။ ညီထွန်းတောင်၍။ နောက်နောင်သိစေ။ ညွှန်းခဲ့ပေအံ့။ ရွှေအာဘာစက်။ တသိန်းနက်တွင်။ ဖိုလ်မဂ်ဌာန။ မြိုက်ရည်ငှသား။ စကြ၀ဠာ။ လယ်ချာဗဟို။ နတ်ပေါင်းခိုသည်။ မြင်းမိုရ်ရွှေဘောင်။ လေးထွေဆောင်က။ ၀န်းမြောင်ပတ်ခွေ။ ချပ်ကာနေလျက်။ တောင်ရေရံရစ်။ ခုနစ်ခြားရာ။ သောင်းဒီပါ၌။ သုနာပရန္တ။ ကမ္ဗောဇနှင့်။ တမ္ဗဒီပ။ တိုင်းမျှားချက်ဗွေ။ မြရောင်ရေမူ။ ရော၀တီ*။ နဒီ*ဒုတ္တာ။ ပေါင်းရှက်ဖြာသား။ နီလာရောင်ကွန့်။ မင်း၀ံညွှန့်၀ယ်။ ကျွန်းကြက်သရေ။ မြေမိပတီ။ ဘုမိနက်သန်။ မင်းနေမှန်၍။ ဆဒ္ဒန်ဖြူလွှ။ နှစ်စီးရ*သည်။ အမရ*ပုရ။ ပြည်အောင်ချာ၌။ မဟာသမတ်။ နေနတ်နွယ်ဆက်။ စဉ်မပျက်သား။ မင်းထက်မင်းခေါင်။ လက်ရုံးရောင်နှင့်။ ကုန်းဘောင်တည်ရှေး။ မြေးဘော့မြေးသည်။ ဘေးတော်ပြည်တွင်။ ဆဒ္ဒန်ဆင်နှင့်။ မင်းအင်ရှခါ။ သာသနာလည်း။ ရောင်၀ါထွန်းသော်။ ဤဇာတ်တော်ကို။ ထုတ်ဖော်သီရှုံး။ စီဖြန့်ကုံးသည်။ ။တိုင်းလုံးလူများ ငြိမ်းချမ်းတည်း။

၂

ဇာတိအာဏာ။ ၀ိသယာဟု။ စကြ၀ဠာတွက်ကိန်း။ ဂဏန်းထိန်းလည်း။ သောင်းသိန်းကုဋေ။ အသင်္ချေတိ။ မရေတွက်ကောင်း။ တိုက်အပေါင်း၌။ နောက်နှောင်းရှေးလာ။

ကမ္ဘာ့ဘာ့တွင်။ ရွှေကြာပဒုံ။ သက်နန်းစုံနှင့်။ ငါးငုံတွက်ချင့်။
ဆင့်ရရင့်လျှင်။ မပွင့်နိုင်ရာ။ တိုတိုက်မှာမူ။ ကမ္ဘာဘဒ္ဒ။ ပေါ်ဦး
စက။ အန္တရကပ်။ လေးကြိမ်ထပ်လည်း။ အလပ်မထား။ ဘုရား
လေးဆူ။ ပွင့်တော်မူ၏။ ထိုတူနောက်သော်။ ငါးကပ်ပေါ်လည်း။
ကုံကော်ပင်ရိပ်။ ပလ္လင်ထိပ်တွင်။ မာရ်နိုင်ငုံရင့်။ အခန့်သင့်ပင်။
ပွင့်မည်တဆူ။ ဤသို့ဟူ၍။ သုံးလူတို့မိတ်။ မိန့်တော်ဖိတ်သား။
ပရိတ်မေတ္တာ။ အာဏာရိုက်မှန်း။ ခေတ်တဝန်း၌။ ကျွန်းတွင်
ဇမ္ဗူ။ လူတွင်မြန်မာ။ စာတွင်ဤပျို။ နိဗ္ဗာန်မြို့ကို။ ကူးတို့
ရွှေဖောင်*။ မဂ်လှေဖောင်*သည်။ ။ရောက်အောင်သည်က
ဆိပ်ကမ်းတည်း။

၃

ခပ်သိမ်းစကြာဝဠာ။ တိုက်မျက်နှာတို့။ နိုင်းရာမတူ။ ပန်းငါး
ဆူနှင့်။ ဇမ္ဗူဒီပါ။ ကျွန်းသကျာမူ။ ရတနာပန်း။ လေးကြိမ်
လန်း၍။ မြန်ခန်းရပ်မြေ။ သရေခေတ္တရာ။ မြစ်ညာကမ်းယံ။
ပုဂံမြင်စိုင်း။ စစ်ကိုင်းပင်းယ။ ရွှေဝကုန်းဘောင်။ စည်ပြီး
နေခင်ဝယ်။ တောင်ကားဒုတ္တာ။ နောက်ရောနှင့်။ မဟာအမရ။
နန်းဌာနမူ။ သုခမြတ်မှန်။ အောင်ဆုပန်*၍။ နိဗ္ဗာန်*နတ်ရွာ။
လိုရာရောက်ို။ ရှာမည်မြဲမြဲ။ ရအောင်ကြံလည်း။ မင်းဝံမဝေး။
မန္တလေး၌။ ရန်ဘေးကင်းရှောင်။ ငါးမင်းတောင်နှင့်။ ညီနောင်
ကြက်အိပ်။ မြရောင်ရိပ်ဝယ်။ တောင်ထိပ်တောင်စွန်း။ သွန်းသွန်း
ဖြိုးမောက်။ ရွှေတောင်ပေါက်သို့။ ခြောက်သွယ်ရောင်ရှိန်။
မိုးလုံးထိန်လျက်။ မုနိန်ဘုန်းမော်။ မြတ်ဇိနော်၏။ ဓာတ်တော်

ဥမ္မာဒန္တီပျို

www.kelasa.org



သရီ။ စေတီရွှေကျောင်း။ ကိန်းအောင်းများစွာ။ အလှယ်
သာလျှင်။ လိုရာရောက်မည်။ တို့ရွှေပြည်ကား။ မည်သည်မချို။
ချမ်းသာပုံသည်။ ။ရွှေမြို့နိဗ္ဗာန် လက်လှမ်းတည်း။

၄

နိဗ္ဗာန်ရွှေတည်။ ကူးဆိပ်စည်သည်။ ရွှေပြည်ပတ်ရံ။
တိုင်းနိုင်ငံကား။ အာသံနှင့်ရှမ်း။ ဂျွမ်းနှင့်ရခိုင်။ တိုင်အောင်
ကြီးကျယ်။ တုမဆွယ်သား။ အလယ်ဌာန။ ထီးပေါင်းခ၍။
အမရပုရာ။ မြို့အောင်ချာမူ။ တောင်မှာမြစ်ငယ်။ နောက်ဝယ်
ရော။ သီဒါပတ်လည်။ မြဧရာကြည်လည်း။ ပြည့်နှင့်မဝေး။
မြောက်နံဘေးက။ တက်သေးသာမော။ ဇောင်းကလောကန်။
တောင်သခန်နှင့်။ နန္ဒဝန်သို့။ ဥယျာဉ်တို့လည်း။ ရွှေမြို့
ပတ်လည်။ အတည်တည်မြင့်။ နတ်ပြည်တမျှ။ သာပေါင်း
ခလျက်။ ဘုရားမှော်တ်။ ရုပ်မြတ်ပုထိုး။ အုတ်ရိုးစေတီ။ ရွှေနီ
မောင်းမောင်း။ မများတောင်းတိ။ ရွှေကျောင်းမြတ်မှန်။
ရွှေဇိမာန်၌။ ဖန်မှန်ချယ်လက်။ ကျောက်ရောင်ယှက်လျက်။
ဘဝင်တိုင်အောင်။ တပြောင်ပြောင်နှင့်။ နေရောင်လပြောက်။
ရွှေတောင်ပေါက်သို့။ မောက်မောက်ဖြိုးဖြိုး။ အမျိုးမျိုးပင်။
မိုးနှင့်ထိနိုင်း။ အဆိုင်းဆိုင်းဖြင့်။ ကြည့်တိုင်းမလွှတ်။ စေနာ
ညွတ်၍။ ပတ္တာနုမော်။ သာစုခေါ်လျှင်။ ခြောက်ဖော်နတ်ဌာန်။
နိဗ္ဗာန်ပြည်ကြီး။ တို့ခရီးသည်။ ။အနီးသည်က တာလမ်းတည်း။

ကမ္ဘာ့သာတွင်။ ရွှေကြာပဒုံ။ သက်နိုးစုံနှင့်။ ငါးငုံတွက်ချင်။ ဆင့်ရရင့်လျှင်။ မပွင့်နိုင်ရာ။ တိုတိုက်မှာမူ။ ကမ္ဘာ့ဘဒ္ဒ။ ပေါ်ဦးစက။ အန္တရကပ်။ လေးကြိမ်ထပ်လည်း။ အလပ်မထား။ ဘုရားလေးဆူ။ ပွင့်တော်မူ၏။ ထိုတူနောက်သော်။ ငါးကပ်ပေါ်လည်း။ ကုံကော်ပင်ရိပ်။ ပလ္လင်ထိပ်တွင်။ မာရ်နိုပ်ငုံရင့်။ အခန့်သင့်ပင်။ ပွင့်မည်တဆူ။ ဤသို့ဟူ၍။ သုံးလူတို့မိတ်။ မိန့်တော်ဖိတ်သား။ ပရိတ်မေတ္တာ။ အာဏာရိုက်မှန်း။ ခေတ်တဝန်း၌။ ကျွန်းတွင်ဇမ္ဗူ။ လူတွင်မြန်မာ။ စာတွင်ဤပျို။ နိဗ္ဗာန်မြို့ကို။ ကူးတို့ရွှေဖောင်*။ မဂ်လှေဖောင်*သည်။ ။ရောက်အောင်သည်ကဆိပ်ကမ်းတည်း။

၃

ခပ်သိမ်းစကြဝဠာ။ တိုက်မျက်နှာဘို့။ နိုင်းရာမတူ။ ပန်းငါးဆူနှင့်။ ဇမ္ဗူဒီပါ။ ကျွန်းလက်ျာမူ။ ရတနာပန်း။ လေးကြိမ်လန်း၍။ မြန်ခန်းရပ်မြေ။ သရေခေတ္တရာ။ မြစ်ညာကမ်းယံ။ ပုဂံမြင်စိုင်း။ စစ်ကိုင်းပင်းယ။ ရွှေဝကုန်းဘောင်။ စည်ပြီးနောင်ဝယ်။ တောင်ကားဒုတ္တာ။ နောက်ရောနှင့်။ မဟာအမရ။ နန်းဌာနမူ။ သုခမြတ်မှန်။ အောင်ဆုပန်*၍။ နိဗ္ဗာန်*နတ်ရွာ။ လိုရာရောက်ို။ ရွာမည်မြဲမြဲ ရအောင်ကြံလည်း။ မင်းဝံမဝေး။ မန္တလေးမှ။ ရန်ဘေးကင်းရှောင်။ ငါးမင်းတောင်နှင့်။ ညီနောင်ကြက်အိပ်။ မြရောင်ရိပ်ဝယ်။ တောင်ထိပ်တောင်စွန်း။ သွန်းသွန်းဖြိုးမောက်။ ရွှေတောင်ပေါက်သို့။ ခြောက်သွယ်ရောင်ရှိန်။ မိုးလုံးထိန်လျက်။ မုနိန်ဘုန်းမော်။ မြတ်ဇိနော်၏။ ခေတ်တော်

www.kelasa.org



သရီ။ စေတီရွှေကျောင်း။ ကိန်းအောင်းများစွာ။ အလှယ်သာလျှင်။ လိုရာရောက်မည်။ တို့ရွှေပြည်ကား။ မည်သည်မချို။ ချမ်းသာပုံသည်။ ။ရွှေမြို့နိဗ္ဗာန် လက်လှမ်းတည်း။

၄

နိဗ္ဗာန်ရွှေတည်။ ကူးဆိပ်စည်သည်။ ရွှေပြည်ပတ်ရံ။ တိုင်းနိုင်ငံကား။ အာသံနှင့်ရှမ်း။ ဂျမ်းနှင့်ရခိုင်။ တိုင်အောင်ကြီးကျယ်။ တုမဆွယ်သား။ အလယ်ဌာန။ ထီးပေါင်းခ၌။ အမရပုရ။ မြို့အောင်ချာမူ။ တောင်မှာမြစ်ငယ်။ နောက်ဝယ်ရော။ သီဒါပတ်လည်။ မြရေကြည်လည်း။ ပြည်နှင့်မဝေး။ မြောက်နံဘေးက။ တက်သေးသာမော။ ဇောင်းကလောကန်။ တောင်သမန်နှင့်။ နန္ဒဝန်သို့။ ဥယျာဉ်တို့လည်း။ ရွှေမြို့ပတ်လည်။ အတည်တည်ဖြင့်။ နတ်ပြည်တမျှ။ သာပေါင်းခလျက်။ ဘုရားမွေတော်။ ရုပ်မြတ်ပုထိုး။ အုံတ်ရိုးစေတီ။ ရွှေနီမောင်းမောင်း။ မများတောင်းတီ။ ရွှေကျောင်းမြတ်မှန်။ ရွှေဇီမာန်၌။ ဖန်မှန်ချယ်သက်။ ကျောက်ရောင်ယှက်လျက်။ ဘဝဂ်တိုင်အောင်။ တပြောင်ပြောင်နှင့်။ နေရောင်လပြောက်။ ရွှေတောင်ပေါက်သို့။ မောက်မောက်ဖြိုးဖြိုး။ အမျိုးမျိုးပင်။ မိုးနှင့်ထိနိုင်း။ အဆိုင်းဆိုင်းဖြင့်။ ကြည့်တိုင်းမလွတ်။ စေနာညွတ်၍။ ပတ္တာနုမော်။ သာစုခေါ်လျှင်။ ခြောက်ပေါ်နတ်ဌာန်။ နိဗ္ဗာန်ပြည်ကြီး။ တို့ရှိးသည်။ ။အနီးသည်က တာလမ်းတည်း။

၅

ပြည်များ့ဓိပတိ။ မြတ်ဘုမိဋ္ဌ။ ပဋ္ဌိရူပ။ တို့ဒေသမူ။ ကာလ
ပယောဂ။ နာမမည်ရှိ။ သမ္ဘတ္တိစက်။ မပျက်မယွင်း။ ပြည့်စုံ
ခြင်းကား။ မင်းလည်းမြတ်ဆု။ နိဗ္ဗာန်ရှု၍။ သာဓုများထူ။
ကောင်းခြီးမူ၏။ လူပရိသတ်။ မူးနှင့်မတ်လည်း။ နတ်ပြည်
ခြောက်တန်။ နိဗ္ဗာန်အမြိုက်။ သုစရိုက်ကို။ ကိုယ်၌မကင်း။
အားထုတ်ခြင်းကြောင့်။ မင်းမှုပိုင်ပိုင်။ တားမြစ်နိုင်*သည်။
နိုင်*ငံအတွင်း။ ကုန်းကျင်းရေမှာ။ သတ္တဝါကို။ ချမ်းသာကြစေ။
ညာကြေစုန်ဆန်။ ကင်းခွန်မစား။ ဘေးမဲ့ထားသား။ သနား
မေတ္တာ။ ဘာဝနာကြောင့်။ တာရာနက္ခတ်။ ဂြိုဟ်နတ်ဗိမာန်။
မလွန်မယုတ်။ မဆုတ်မတိုး။ အမှန်ကြိုးသော်။ မိုးလည်းချိန်တန်။
သွန်လတ်သောအား။ စပါးမှယော။ ပဲနှမ်းပေါက။ မောသော
မုတိမ်း။ ရန်မျိုးငြိမ်းလျက်။ ခပ်သိမ်းကြေညာ။ ပွင့်လင်း
သာသည်။ မဟာသုတ။ သောမစ၍။ ဥဒါအကျော်။ ပျံ့လွှံ့
ပေါ်သား။ မဟော်သဓာ။ ပြဿနာနှင့်။ မဟာဥမင်။ နှင်စောင့်
ပြင်ကို၊ သရဘင်။ နာမတွင်ဖိ။ ဂါမဏိမှ။ ဇနက္ကဟု။ မည်ရ
ပျို့သစ်။ ပြီးသည်ဖြစ်၍။ အသစ်တခါ။ တနှစ်ကြာတွင်။ ဥမ္မာ
ဒန္တီ။ သီဂီရူပ။ နတ်ထက်လှလည်း။ ခဏဖြင့်သာ။ တသက်
လျာမျှ။ မကြာရခင်။ ဇရာဝင်က။ ကြောခြင်သားရေ။ တွန့်ခွေ
လိပ်မူ။ ဆံဖြူသွားကျိုး။ လှရိုးမရှိ။ ဖြစ်ဖိပျက်ကာ။ အနိစ္စာမျှ။
မရဏာခုဝံ။ တံဆိပ်ခံသို့။ သံဝေမှတ်ပိုက်။ ရေးပြန်
လိုက်သည်။ ။အခိုက်ကြုံက ဖတ်စမ်းတည်း။

www.kelasa.org



၆

နောက်နောင်စဉ်လာ။ လူတကာတို့။ ဤစာဆိုသူ။ သိလို
မူကား။ ဇမ္ဗူကျော်သောင်း။ မြေကြီးစောင်းမျှ။ အလောင်း
မင်းမြတ်။ ပြည်သစ်တည်ထောင်။ ဆဒ္ဒန်ပြောင်နှင့်။ နောင်တော်
ဘုရား။ မင်းဖျားရာဇာ။ လက်ထက်မှာ၌။ ပညာနှလုံး။ လက်ရုံး
ခွန်အား။ ဤနှစ်ပါးကြောင့်။ ငါးကျိပ်ငါးလျံ့။ မင်းတို့စံသည်။
ပုဂံမြို့ကြီး။ ဝန်စေပြီးလျှင်။ ဆီးမီးရှေ့ခုံ။ တုတ်ခွန်ပုံ့ချက်။
ကျွန်ယုံတယောက်။ ဟူစလောက်ဟု။ ရှေ့မှောက်ဘုန်းကြွယ်။
ဝတ်ဆင်ဘွယ်လည်း။ စလွယ်သွယ်ပျောင်း။ ရွှေသားဖောင်းနှင့်။
နားတောင်းဆူးရစ်။ သင်းကျစ်အစုံ။ ဝတ်လုံဘဲ့ရန်။ မကျန်
သီးသီး။ ဆောင်းရွှေထီးနှင့်။ မြောက်ချီးငါးဝ။ ဘွဲ့နာမတည်း။
ဘုရားညီတော်။ တေဇော်ဘုန်းလှိုင်။ ဆဒ္ဒန်ပိုင်လည်း။ မနိုင်
မကန်။ နောင်တော့်ကျွန်ဟု။ အလွန်ထောက်ထား။ ဘွဲ့သနား၍။
သားမြေးကစ။ ပေးကမ်းမ၏။ ဘုရားသားတော်။ ဘုန်းမော်
သမတ။ ဆဒ္ဒန်ရလည်း။ သုခချမ်းသာ။ ရှာစိမ့်ငှာကို။
ထောက်ညာနောင်ရေး။ ဝတ်စားပေး၏။ ကျေးဇူးရှင်ချည်း။
အနည်းနည်းကို။ ရိုးစည်းမိအောင်။ နိဂုံးဆောင်သည်။ ။
နောက်နောင်သိဖို့ အညွှန်းတည်း။

၇

ဇာတိရိုက်ရာ။ တို့ဖွားခါကား။ ရတနာပူရ။ မြို့ရွှေဝတွင်။
သည်ကမပျော်။ ပြောင်းခဲ့သော်မူ။ ညီတော်ပန်နက်။ သစ္စာ

ထက်သား။ ရွှေကြက်ညီနှောင်။ အိပ်သည်တောင်*က။ သုံးထောင်*တာလောက်။ အရှေ့မြောက်၌။ လေးယောက်ရန်နှောင့်။ ဘီလူးစောင့်သည်။ တောင့်အလယ်ချက်။ ဘုမ္မိနက်ဝယ်။ ထုပြက်ထုထဲး။ မဏိခဲ*သို့။ အုတ်ခဲ*မောက်မို့။ သူရဲခိုလည်း။ ကျောက်ညိုဝေဠု။ စိန်တောင်ပြုလျက်။ အနုဒီသာ။ လေးထောင့်မှာမူ။ ရတနာမြတ်။ ပြင်ကနတ်နှင့်။ တောင်ထွတ်မြင့်နိုး။ အုတ်မြို့ရိုးထက်။ ပြအိုးတန်ဆောင်း။ တင့်တယ်ကြောင်းကား။ နတ်ပေါင်းညီညာ။ ဝတ်သာကို။ ဣန္ဒာဒေဝ။ မြေမှာချ၍။ လူမျှားနတ်အား။ ပို့လာထားသို့။ တံခါးဆန်းကြယ်။ ဆဲ့နှစ်သွယ်တွင်။ မလွယ်ဆဲ့တစ်။ ရန်မာရ်မြစ်သား။ ရှုံ့နှစ်ရေညွှန်။ ကျုံးသုံးတန်နှင့်။ အင်းကန်မြစ်ရေ။ ဝန်းရစ်ခွေသား။ သပြေကျော်သဲ။ ဂဠုန်ဝဲလျက်။ ပုလဲတဆင့်။ ရွှဲးတပွင့်မူ။ ကြက်နှင့်ဟိုင်းစုံ။ လေးပါးလုံ့သည်။ ဘွဲ့ပုံငါးဝ။ တံဆိပ်ရသား။ အမရပုရ။ မြို့လယ်မှာ၌။ သိဂ်ြလျံညီး။ တိမ်နှင့်ထီးလည်း။ အနီးအပါး။ ငှက်မြတ်နားနှင့်။ စွန်းဖျားထိဆင်။ ငြိမည်ထင်၏။ တုရင်စိုးစွင့်။ ဘုံကိုးဆင့်နှင့်။ နတ်မင်းဗိမာန်။ နန်းဝေယန်လည်း။ မလွန်နိုင်အောင်။ အဆောင်ဆောင်မူ။ ကျောက်ရောင်ညီးညီး။ မှန်နန်းကြီးက။ ဝေးနီးတောက်အောင်။ အနောက်တောင်တွင်။ ရွှေရောင်လျံဝင်း။ ရွှေမြို့တွင်း၌။ ရွှေလင်းပင်ရွှေ။ သူတော်လေ့ဖြင့်။ ပျော်မွေ့သောခါ။ သတ္တဝါအား။ ဘေးမဲ့ထား၍။ ရှစ်ပါးဥပုသ်။ အားထုတ်စောင့်သူ။ မှတ်ယူရွှေးကောက်။ ပေးကမ်းမြောက်သား။ ရွှေမှောက်ဖက်ကင်း။ မင်းတွင်ဖြစ်လျှင်။ တို့အသျှင်တည်း။ စာတွင်

www.kelasa.org



ဤဇာတ်။ နိပါတ်တဝ။ ပဏ္ဏာသက။ ဘုရားနက်တံ။ ရွှေခွန်းသံကို။ နာခံဖတ်သော်။ သံဝေပေါ်၍။ တိုင်းတော်ပြည်ကြီး။ နိဗ္ဗာန်နီးသည်။ ။ခရီးသည်က မယှဉ်းတည်း။

၈

စကြဝဠာ။ စပ်ကာယှဉ်ပြိုင်။ ခုံလောက်ဆိုင်လျက်။ မဏ္ဍိုင်ဗဟို။ လေးရောင်စိုသည်။ မြင်းမိုရ်နှင့်ချည်း။ ဤသို့နည်းဖြင့်။ ရေလည်းမဆုံး။ တိုက်အလုံး၌။ သုံးလုထွက်ထား။ ဘုရားပွင့်ရာ။ တို့တိုက်သာတွင်။ လေးဖြာပတ်ဝန်း။ လေးရောင်ထွန်းသည်။ လေးကျွန်းလုံးထိပ်။ မြရောင်ရိပ်ဝယ်။ နိဗ္ဗာန်တံခါး။ ဟင်းလင်းထားလျက်။ ငါးဆဲ့ခြောက်ဆင့်။ ဂုဏ်တော်ပွင့်သား။ တို့မင်းတိုင်းပြည်။ တို့ရပ်စည်တွင်၊ တို့ပင်တိုက်တွန်း။ တို့စာညွှန်းက။ တို့ကျွန်းနေငြား။ တို့တိုင်းသားတို့။ တို့အားမမေ့။ တို့ကိုစေ့အောင်။ ချစ်ငွေ့မေတ္တာ။ ပို့စိမ့်ငှာကို။ ဤစာတထပ်။ မေတ္တာကွပ်သည်။ ။အရပ်ဆယ်ဖို့ ပတ်ဝန်းတည်း။

၉

ပါဠိအဋ္ဌကထာ။ ဋီကာဖေ့ထုတ်။ မိပ္ပာယ်ဟုတ်အောင်။ မယုတ်မလွန်။ ပမာညွှန်လျက်။ အမှန်ရှည်ကြောင်း။ ဘုရားလောင်းသည်။ ရောင်ကောင်းမိန်းမ။ နတ်မကသား။ အလှခေါင်၌။ ရှုးအောင်ကြိုက်လည်း။ မှတ်ပိုက်သံဝေ။ တရားဖြေ၍။ စောင့်ပေသည်များ။ သတိထားလျက်။ စဉ်းစားပြီးမူ။ အတုယူလျှင်။ မည်သူမဆို။ မင်နှင့်ဖိုလ်ကို။ မငို့မငြင်။ ရောက်စေ

ချင်၍။ စီရင်ရေးသား။ ပျို့စကား၌။ ခွဲထားသတ်ပုံ။ နည်းနာ စုံလိမ့်။ မကြုံစေရ။ ပြစ်ဒေါသဟု။ ပဒဝါကျ။ အတ္ထပေါင်းရုံး။ နှစ်ဆဲ့သုံးလည်း။ စုံထုံးတိတိ။ မစွန်းငြိတည့်။ ပရိဟာရ။ ပသာ ဒနှင့်။ ဂုဏများစွာ။ ဤပျို့စာကြောင့်။ ပါယ်ရှာရပ်ပြစ်*။ မဖြစ်*တရံ။ မဆံခဏ။ ဒုက္ခဘေးဒဏ်။ ရန်မာရ်ဉပဒ်။ ရှင်းရှင်း လွတ်၍။ သောမနဿ။ အသခ်တွင်။ ဥာဏသမ္ပယုတ်။ ဝိပါက် ဟုတ်သား။ ဥက္ကဋ္ဌထွတ်။ ပုဂ္ဂိုလ်မြတ်ဟု။ လူနတ်ဗြဟ္မာ။ ဘဝ မှာ၌။ မိစ္ဆာမငြိ။ သမာဓိ*နှင့်။ ဂတိ*မြတ်ကျော်။ ဖြစ်ပြီး သော်လည်း။ ကံကောဲပင်ရိပ်။ ပလ္လင်ထိပ်တွင်။ မာရ်နိုပ်အခေါင်။ ငါးမာရ်အောင်၌။ ဉာဏ်ရောင်ထွန်းလျက်။ တေဒဂ်ကို။ နှုတ်မြွက် ခံကာ။ သမ္ဗိဒါက။ ဘိညာခြောက်တန်။ ရှစ်ပါးဈာန်နှင့်။ နိဗ္ဗာန်ဆုကို။ ရပါလို၏။ ထိုကုသလ။ အဖို့မှုလည်း။ မိဘသခင်။ ရေမြေရှင်*နှင့်။ အသျှင်*တို့မှ။ စသည်အများ။ ဘုံသုံးပါး၌။ ရှိငြားသတ္တဝါ။ ပါယ်ရှာသနင်း။ ယမမင်းကို။ မကြွင်းရစေ။ အမျှဝေသည်။ ။ဤမြေသက်သေ ဖြစ်ထွန်းတည်း။

၁၀

ပျို့သစ်ဤစာ။ ပြီးသည်ခါမူ။ မြတ်စွာဘုရား။ ထားသည့် သာသနာ။ သချာမြားမြောင်။ တွက်ကျူးဆောင်လျှင်။ ငါးထောင်အနက်။ တဝက်ဖြစ်အောင်။ ရှစ်နှစ်တရာ။ မှန်စွာ ရေတွက်။ ဂဏန်းစက်က။ တဝက်စင်စစ်။ ကေန်ဖြစ်အံ့။ သက္ကရာဇ်ရှည်။ သိလိုသည်မူ။ သေ့ဖည်ယှင်းသုန်။ ငှက်မျိုး ကုန်သည်။ ဂဠုန်နှစ်ပါး။ ကျားကိုရံ၍။ နဂါးရှေ့တွင်။ မွေ့သည်

www.kelasa.org



သက္ကရာဇ်။ နှစ်အမည်မှာ။ ကြတ္တိကာဘည့်။ ဝေါဟာခေါ်လ။ သမယယမူ။ အစုစန္ဒာ။ စကြာရှေ့စက်။ လထက်ဝက်နှင့်။ စွဲလျက် လူနေ။ ရက်ကိုရေသော်။ နေဝင်လထွက်။ ဝန်းသည်ရက်ပင်။ တွက်သော်ထိုနေ့။ ဦးစွာတွေ့လိမ့်။ အရှေ့နေသွား။ ဖဝါးဆဲ့တစ်။ အချိန်ဖြစ်လျှင်။ တွက်သစ်ညီညီ။ ခေါင်းလောင်းသံ*နှင့်။ စည်သံ*ပေါင်းလျက်။ ဆဲ့တချက်တွင်။ လင်္ကာသီကား။ ရုပ်နှစ် ပါးနှင့်။ ငါး၏ကိုယ်တွင်။ သမင်သီသ။ စန်းဌာနမူ။ ရာဂမနုဿ။ သကုဏဟု။ ရှုပဆက်ဆံ။ ရွှေတောင်ပံနှင့်။ မောင်နှံယှဉ်ဖိ။ ကလျက်ရှိ၏။ ရဝိဘောမ။ ဗုဒ္ဓမကွဲ။ကင်းလက်မဲ့တွင်။ ယှဉ်တွဲ တစု။ ဂြိုဟ်ဂုရုနှင့်။ ရာဟုပျော်မွေ့။ ခြသေ့ဂူသာ။ ဂြိုဟ်သောကြာကား။ လင်မှာစင်စစ်။ သောရိဖြစ်မူ။ ကသစ် ရွှေအိုး။ စောင့်နေစိုး၏။ ဘေးမျိုးလွတ်သား။ ကောင်း မြတ်တရင်း။ နဝင်းဌာန။ ဥသဘဝယ်။ ဂြဟာစုံလင်။မြတ်ရာခွင်၌။ အကြွင်နိဂုံး*။ သိမ်းကာချုံးသည်။ ။ပတ်ကုံး*ကျော်သံ ရိုက်မှန်းတည်း။

၁၁

ဇာတိနဂိုရ်။ မြရိပ်ညိုဝယ်။ ကုသိုလ်တက်တုန်း။ မန္တာတ် နှုန်းသား။ ရွှေဘုန်းညွန့်ဝေ။ ကြက်သရေ၏။ မြတေလျှံညီး။ ကျောင်းတော်ကြီး၌။ ငုံးခြီးစေ့ရေ။အံ့ဘွယ်တွေကို။ ပရမေသူရာ။ ဣန္ဒာနတ်မင်း။ သက်လာဆင်း၍။ ခံတွင်းတဆောင်*။ ဖန်ဆင်း ဆောင်လျက်။ နှစ်ထောင်*လက်နှင့်။ ပေထက်သီချုံး။ စီကာ ကုံးလည်း။ သက်ဆုံးရှည်ကြာ။ မကုန်ရာလိမ့်။ ပညာမချို။

ဤစာပျို့လည်း။ လူတို့ခဏ။ ဖတ်နာရလျှင်။ သိကြားရွှေနတ်။ တကြိမ်မှတ်က။ ဝိဇယုတ္တ။ သခ်လကျ်ာ။ လေးလကြာအောင်။ သံသာမြင့်ရှည်။ ကျူးရင့်မြည်သို့။ ခြောက်ပြည်နတ်ရွာ။ ဗြဟ္မာစည်းစိမ်။ အကြိမ်ကြိမ်နှင့်။ မင်းအိမ်လှေကား*။ တက်သူများလိမ့်။ စကား*လည်းသာ။ တရားပါလျက်။ စာသုခမိန်။ ပညာချိန်တို့။ ပဥ္စသိခ်။ မည်ရနာမံ။ နတ်စောင်းသံကို။ အရံခြောက်သောင်း။ မြည်လှာပေါင်းသို့။ ကျောင်းတော်ပြီးနှစ်။ သက္ကရာဇ်တွင်။ ပျို့သစ်ဤစာ။ မင်္ဂလာနှင့်။ အခါရောက်သော်။ ဘုန်းကြောင့်ပေါ်သည်။ ။ဇာတ်တော်ဘုရား နတ်ခွန်းတည်း။

၁၂

ဘုရားရတနာ။ နတ်တော်ဖြာသား။ ပါဠိတော်က။ နေနှင့်လသို့။ ထွန်းပရောင်ညီး။ ဇာတ်တော်ကြီး*ကို။ ပျို့ကြီး* ဖြစ်အောင်။ ခုနစ်စောင်နှင့်။ တောင်ငူဆိုစု။ ရတုအဖြေ။ ဗေဒင်ဋီကာ။ ဆေးစာဓာတ်ကျမ်း။ ဥာဏ်စွမ်းကုံလုံ။ သတ်ပုံတစု။ ရတုနှင့်တေး။ ဧချင်းလည်းဖက်။ ယယ်ရှယ်သက်က။ ကုံးစက်မိခြင်း။ မကြွင်းမကျန်။ ဆိုခဲ့ဟန်လည်း။ အလွန်ပေါပည်း။ နာဖွယ်ချည်းတီ။ ခုလည်းထပ်လောင်း။ သူတော်ကောင်းတို့။ လမ်းကြောင်းတည့်တည့်။ ထုံးစံကြည့်၍။ တပည့်ပီစွာ။ ဤပျို့စာကို။ နောင်လာလူများ။ သားမြေးမြစ်တီ။ မှီဖိုပေပေါ်။ တင်သည်သော်ကား။ ကျောင်းတော်တောက်ထိန်*။ ထွန်းစချိန်တွင်။ ဝတိန်*ပြည်မှာ။ မြကျောက်ဖျာထက်။ ဗြဟ္မာနတ်အား။ ဟောမြွက်ကြားသည့်။ ဘုရားမြတ်စွာ။ ဘိဓမ္မာသို့။

www.kelasa.org



မဟာအမရ။ ပြည်ဌာနတွင်။ ဓမ္မသဝန။ ဓမ္မဒေသနာ။ ပွားစိမ့်ငှာကို။ ဥမ္မာဒန္တီ။ သိင်္ဂီရွှေရုပ်။ လှခေါင်ချုပ်၏။ အတ္ထုပ္ပတ္တိ။ သီဝိမင်းဖျား။ တရားအမှန်။ စောင့်စည်းဟန်၌။ မကျန်စေ့င။ ဇာတကမှ။ တရာ့ရှစ်ပုဒ်။ လင်္ကာထုတ်၍။ မယုတ်မတက်။ ခြေတော်စက်ကို။ ကွက်စေ့ရည်ရော်။ ရှိပူဇော်မှ။ ဇာတ်တော်သိမ်းရုံး။ သိအောင်ကုံး*သား။ နိဂုံး*ဆဲ့နှစ်*။ နှစ်စုဖြစ်မှ။ ရာ့နှစ်*ဆယ်ပင်။ ပြီးအောင်ဆင်၍။ ပေတင်ကြောင်းလျှား။ ထုတ်ဖော်ကြားသည်။ ။တရားတုမဲ့ ဖက်ကျွန်းတည်း။

ဥမ္မာဒန္တီပျို့ပြီးပြီ။

www.kelasa.org

# ခက်ဆစ်အဖြေ

[အမှာ။ ။ပါဠိစကား ကို (ပါ) ဟူ၍ရင်း သက္ကတစကားကို (သ) ဟူ၍ရင်း ပေါရာဏစကားကို (ပေါ) ဟူ၍ရင်း အတိုမှတ်ပြသည်။]

၁

| | |
|---|---|
| မင်္ဂလာ- | ကောင်းမြတ် ကြီးပွားခြင်း၏ အကြောင်း ဖြစ်သော။ (ပါ။) |
| ဗျာဒိတ်- | နောင်အခါ၌ ဖြစ်ပျက်မည့် အကြောင်းကို ရည်ညွှန်း မိန့်ဆိုသော ဘုရားစကားတော်။ (သ၊ ဗျာဒေရ။) |
| မင်္ဂလာ ဗျာဒိတ်- | နောင်သောအခါ ဂေါတမအမည်ဖြင့် ဘုရားဖြစ်လိမ့် မည်ဟူ၍ သုမေဓာ ရသေ့အား ဒီပင်္ကရာမြတ်စွာဘုရား ပေးတော်မူသော မင်္ဂလာရှိသည့် ဗျာဒိတ်စကား။ |
| နိမိတ်- | အမှတ်အသား။ (ပါ၊ နိမိတ္တ။) |
| အောင်နိမိတ်- | နိုင်မြဲသော နိယတဗျာဒိတ်ဆိုသည့် နိမိတ်စကား။ |
| ဘိသိက်- | အောင်ပွဲခံခြင်း။ (ပါ၊ အဘိသေက၊ သွန်းလောင်း ခြင်း။) |
| မြေညောင်ရိပ်- | ဂေါတမဘုရား ပွင့်တော်မူရာ ညောင် ဗုဒ္ဓဗောင်၏ အရိပ်။ |
| မာရ်- | (၁) ဒေဝပုတ္တမာရ်၊ မာရ်နတ်သား (၂) ကိလေသာ မာရ်၊ ကိလေသာတရား (၃) ခန္ဓမာရ်၊ ခန္ဓာ ၅ ပါး (၄) မစ္စုမာရ်၊ သေခြင်းတရား (၅) အဘိသင်္ခါရ |

မာရ်၊ ပြုပြင်စီရင်ခြင်း တရား ဆိုသော မာရ် ၅ ပါး။ (ပါ၊ မာရ၊ ဘုရားအဖြစ်ကို နှောင့်ရှက် ဖျက်ဆီးသော တရား။)

**ဇေယျာ-** အောင်ခြင်း။ (ပါ၊ ဇေယျ၊ အောင်ရာသော။)

**သစ္စာ-** (၁) ဒုက္ခသစ္စာ၊ ဆင်းရဲခြင်းအမှန် (၂) သမုဒယ သစ္စာ၊ ဒုက္ခ၏အကြောင်းရင်း အမှန် (၃) နိရောဓ သစ္စာ၊ ဒုက္ခချုပ်ငြိမ်းရာအမှန် (၄) မဂ္ဂသစ္စာ၊ နိဗ္ဗာန် သွားရာ လမ်းကြောင်း အမှန်ဆိုသော သစ္စာ ၄ ပါး။ (ပါ၊သစ္စ၊အမှန်တရား။)

**သစ္စာငုံရင့်၊ လေးခိုင်ပွင့်သော် -** သစ္စာ ၄ ပါးကို သိ၍ ဘုရားအဖြစ်သို့ ရောက်သောအခါ။

**ဘဝဂ်-** ၃၁ ဘုံတွင် အထက်ဆုံးဘုံ။ (ပါ၊ ဘဝ+အဂ္ဂ။)

**ဝီစီ-** အဝီစိ။ ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံးငရဲ။ (ပါ။)

**တေဇော်-** တန်ခိုး။ အာနုဘော်။ (ပါ၊တေဇ။)

**စကြဝဠာ-** သမုဒ္ဒရာကြီး ၄ စင်း၊ ကျွန်းကြီး ၄ ကျွန်း၊ မြင်းမိုရ် တောင် တတောင်ပါဝင်သော ဒေသ အပိုင်းအခြား။ (သ၊ စကြ+ဝါလ။)

**သုံးမည်လူနတ်-** (၁) လူသား (၂) နတ် (၃) ဗြဟ္မာ။

**မှန်ကင်း-** အထွတ်အမြတ်။

**တရားမင်း-** မြတ်စွာဘုရား။

**သောင်းတွင်းသမြေ-** ယူဇနာ တသောင်းကျယ်သော သပြေပင်ပေါက်ရာ ဇမ္ဗူဒိပ်ကျွန်း။

www.kelasa.org



**ကောသလ-** မဇ္ဈိမဒေသ (အိန္ဒိယနိုင်ငံ) ရှိ တိုင်းကြီး ၁၆ တိုင်း အပါအဝင် တိုင်းကြီးတခု။ ယင်း တိုင်းကြီး၏နေပြည် တော်မှာ သာဝတ္ထိပြည်ဖြစ်သည်။ ယင်း ပြည်တွင် ဇေတဝန် ကျောင်းတော်ရှိသည်။

**နာမတွင်ဖိ-** အမည်တွင်သည်။ (ပါ၊ နာမ၊ အမည်။)

**သာဝတ္ထိ-** ကောသလတိုင်းကြီး၏ မြို့တော်။

**ပြောစည်** ဝပြောစည်ပင်သည်။

**မှန်ကင်း-** ပြာသာဒ် တုရင်အဖျားတွင် တပ်ဆင်ရသော မှန်ပါ သည့် အဆင်တန်ဆာ။

**တုရင်-** စုလစ်တွင် ထုလုပ်တပ်ဆင်ထားသော အချွန်အတက် တမျိုး။

**မွမ်းဖြိုင်-** များသည်။ (ပေါ။)

**ဇေတဝန်-** သာဝတ္ထိပြည်ရှိ ကျောင်းကြီး တကျောင်း၏အမည်။ ဇေတ မင်းသား၏ ဥယျာဉ်ဘွင် ဆောက်အပ်သော ကြောင့် ဇေတဝန်ဟုတွင်သည်။ (ပါ၊ ဇေတ+ဝန။)

**ဓိမာန်တာရာ-** ကြယ်နက္ခတ်။ (ပါ၊ ဝိမာန+တာရက။)

**သော်တာ-** မိုးပေါ်ကာလ။ (ပေါ။)

**သဿဳလယ်-** ရဟန်းပရိသတ်၏ အလယ်။

**ထက်ဝယ်ဖွဲ့နွေ-** တင်ပျဉ်ခွေထိုင်သည်။

**ရောင်ခြောက်ထွေ-** (၁) အညိုရောင် (၂) အရွှေရောင်ခေါ် အဝါရောင် (၃) အနီရောင် (၄) အဖြူရောင် (၅) ပန်းရောင်

(၆) ပြိုးပြိုးပြက် အရောင်ဆိုသည့် မြတ်စွာဘုရား၏ ရောင်ခြည်တော် ၆ ပါး။

**မုနော-** တင့်တယ်ခြင်း။ ကြက်သရေ။ (ပေါ။)

**ရွှမောဖွယ်-** အလွန်ကြည့်ရှုဖွယ်ကောင်းသည်။

**သပ္ပာယ်-** တင့်တယ်သည်။ (ပါ၊ သပ္ပာယ။)

**စံပယ်-** တင့်တယ်စွာနေသည်။

**ကလျာရှုပ-** ရုပ်အဆင်းလှပသော။ (ပါ၊ ကလျာဏ+ရူပ။)

**တပ်စိတ်-** ချစ်ကြိုက်သောစိတ်။ စွဲလမ်းသောစိတ်။

**ကမ္မဋ္ဌာန်း-** ဈာန် အဘိညာဉ်နှင့် မဂ်ဖိုလ် ရကြောင်း ဖြစ်သော လုပ်ငန်း။ (ပါ၊ ကမ္မဋ္ဌာန။)

**စီးဖြန်း-** ထပ်တလဲလဲ ဆင်ခြင်ရွတ်ဆိုသည်။

**အလျဉ်းမြဲ-** ဆက်စပ်သည်။

**ဗန္ဓုပရမေ၊ သုံးလုဆွေ-** လူ ၃ ပါးတို့၏ အဆွေအမျိုးဖြစ်သော မြတ်စွာဘုရား။ (ပါ၊ ဗန္ဓု၊ အဆွေအမျိုး+ပရမ၊ မြတ်သော။)

**နိဓေသန-** ငါး ရာ့ ငါး ဆယ် နိ ပါတ် တော်၊ ဥမ္မာဒန္တီဇာတ် (အမှတ် ၅၂၇) ၏ ပဌမ ဂါထာ၏ အစ စကားလုံး။ စာမျက်နှာ ၂၁၊ ဂါထာ (၅၇) ၌။ (ပါ။)

**ဂါထာ-** ပါဠိကဗျာ။ (ပါ။)

**အာဒိ-** အစအဦး။ (ပါ။)

**ဥမ္မာဒန္တီ-** အရိဋ္ဌပုရမြို့ သဌေးကြီးတိရိဋ္ဌိဝစ္ဆ၏သမီး။ အဘိပါရက စစ်သူကြီး၏ဇနီး။ မြင်သူတို့ကို ယစ်မူးရူးသွပ်စေတတ်သောသူ ဟူ၍ အဓိပ္ပာယ်ရသည်။ (ပါ။)

www.kelasa.org



**ဇာတ်သိင်္ဂီ** ကောင်းမြတ်သောဇာတ်ဝတ္ထု။ (ပါ၊ ဇာတက+သိင်္ဂီ နိက္ခ၊ ရွှေတမျိုး။)

**ပန်ထွာ-** တောင်းပန်သည်။ (ပေါ။)

**ခရုသင်းစစ်၊ လကျ်ာရစ်-** လကျ်ာရစ် လှည့်၍ ဖြစ်သော ခရုသင်း။ ရှားသည်။ အဖိုးတန်သည်။

**ပွတ်သစ်ရောင့်နှယ်-** ပွတ်တိုက်ပြီးစဖြစ်သော ခရုသင်း၏ အရောင်ကဲ့သို့။

**စိန်စီရွှေကြုတ်၊ သိင်္ဂီမှုတ်-** စိန်စီထားသော ကြုတ်နှင့် တူသည့် ရွှေခံတွင်းတော်။ (ပါ၊ မုခ၊ ခံတွင်း။)

## ၂

**သံယောဇဉ်-** ဝဋ်ဆင်းရဲ၌ ဖွဲ့ချည်တတ်သော နှောင်ကြိုး။ (ပါ၊ သံယောဇန။) (၁) ကာမရာဂ၊ ကာမဂုဏ်၌ တပ်မက်ခြင်း (၂) ဘဝရာဂ၊ဘဝ၌ တပ်မက်ခြင်း (၃) ပဋိဃ၊ အမျက်ထွက်ခြင်း (၄) မာန၊ ထောင် လွှား ခြင်း (၅) ဒိဋ္ဌိ၊ ဝါဒမှားခြင်း (၆) သီလဗ္ဗတပရာမာသ၊ လုပ်နည်းကိုင်နည်းမှားခြင်း (၇) ဝိစိကိစ္ဆာ၊ စိတ်မတင်မကျဖြစ်ခြင်း (၈) ဣဿာ၊မနာလိုခြင်း (၉)မစ္ဆရိယ၊ ဝန်တိုခြင်း(၁၀)အဝိဇ္ဇာ၊ မသိခြင်းဟူ၍ သံယောဇဉ် နှောင်ကြိုး ၁၀ ကြိုးရှိသည်။

**ယာဉ်လက္ခဏာ-** (၁) အနိစ္စ၊ အမြဲမရှိခြင်း (၂) ဒုက္ခ၊ ဆင်းရဲခြင်း (၃) အနတ္တ၊ အစိုးမရခြင်း ဆိုသော လက္ခဏာရေး ၃ ပါး ဆိုသည့် နိဗ္ဗာန်ကိုပို့သော ယာဉ်ရထား။ (ပါ၊ ယာန+လက္ခဏ။)

**စကြာပုံ-** လက္ခဏာရေး ၃ ပါးဆိုသည့် ယာဉ်ရထား၊ တနည်း၊ မဂ်တရား တည်းဟူသော ယာဉ်ရထား၊ တနည်း၊ မဂ်တရား တည်းဟူသော လက်နက် (စိန်သန်လျက်။)

**မဂ်-** နိဗ္ဗာန်သွားရာလမ်းကြောင်း။ (ပါ၊ မဂ္ဂ။)

**မိန်းမသီရိ-** ကြက်သရေရှိသော မိန်းမ။ ဥမ္မာဒန္တီကို ဆိုလိုသည်။

**ဥမ္မတ္တ-** ရူးသွပ်ခြင်း။ (ပါ။)

**အတီတေ-** ရှေးသရေအခါ။ (ပါ။)

**သပြေမြိုရိပ်၊ ဇမ္ဗူဒိပ်-** ဇမ္ဗူသပြေပင် ပေါက်ရာ ဇမ္ဗူဒိပ်ကျွန်း။ (ပါ၊ ဇမ္ဗုဒီပ။)

**သိဝိ-** မဇ္ဈိမတိုက်ရှိ တိုင်းကြီးတတိုင်း၏ အမည်။ ယင်းတိုင်း၏ မြို့တော်မှာ အရိဋ္ဌပုရဖြစ်သည်။ (ပါ၊သိဝိရဋ္ဌ။)

**ပွဲဆိပ်ဈေးနှာ-** အရောင်းအဝယ်လုပ်ရာ ပွဲစားအိမ်၊ လှေဆိပ် လှည်းဆိပ်၊ ဈေး။

**အရိဋ္ဌ-** သိဝိတိုင်း၏ မြို့တော်အမည်။ သိဝိရာဇ်မင်းကြီး နန်းစိုက်သည်။ ဥမ္မာဒန္တီ မွေးရာအရပ် ဖြစ်သည်။ (ပါ၊ အရိဋ္ဌပုရ။)

**ဆယ်ရည်နက်စံ-** မီးဖြင့် ဆယ်ကြိမ် လှော်၍ အညစ်အကြေး ထုတ်ထားသော မင်းစံရွှေနှင့် တူသည့် မင်းကျင့်တရားဆယ်ပါး။

**ရာဇဓံ-** မင်းကျင့်တရား။ (၁) ဒါနအလှူပေးခြင်း (၂) သီလ၊ ၅ ပါးသီလ၊ ၁၀ ပါးသီလ တို့ကို ဆောက်တည်ခြင်း (၃) ပရိစာဂ၊ စွန့်ကြဲခြင်း (၄) အဇ္ဇဝ၊ ဖြောင့်မတ်ခြင်း (၅) မဒ္ဒဝ၊ နူးညံ့ခြင်း (၆) တပ၊ ဥပုသ်စောင့်ခြင်း၊ခြိုးခြံစွာကျင့်ခြင်း (၇) အကောဓ၊ အမျက်ဒေါသ နည်းခြင်း၊ မေတ္တာထားခြင်း၊ (၈) အဝိဟိံသာ၊



မနှိပ်စက်ခြင်း၊ ကရုဏာထားခြင်း (၉) ခန္တီ၊ သည်းခံခြင်း (၁၀) အဝိရောဓန၊ တိုင်းသူ ပြည်သားနှင့် မဆန့်ကျင်ခြင်း ဟူ၍ ရာဇဓံ ၁၀ ပါး ရှိသည်။ အကျယ်ကို ရာဇဓမ္မသင်္ဂဟကဗျာပဏာကျမ်း၌ရှု။ (ပါ၊ ရာဇ+ဓမ္မ။)

**ဇေတဝန်နန်းမ-** မိဘုရားခေါင်။ အကြီးဆုံးမိဘုရား။

**မင်းလျာဇာတိ-** အမျိုး ဇာတ်အားဖြင့် ရှင်ဘုရင် ဖြစ်မည့် သူ၊ မင်းလောင်း။

၃

**သိဒါ-** မြင်းမိုရ်တောင်ကို ရစ်၍စီးသော မြစ်။ (ပါ။)

**အဘိပါရက-** အရိဋ္ဌပုရတိုင်း၏ဘုရင် သိဝိရာဇ်မင်းကြီး၏စစ်သူကြီး။ ဥမ္မာဒန္တီ၏ လင်ယောကျာ်း။ (ပါ။)

**တက္ကသိုလ်-** မဇ္ဈိမတိုက်၊ ဂန္ဓာရတိုင်း၏ မြို့တော်။ ရှေးက အထက်တန်း ပညာရပ်များကို လေ့လာသင်ကြားရာ အချက်အချာ ဒေသဖြစ်သည်။ (ပါ၊တက္ကသိလာ။)

**လူ့ဗိုလ်-** နောက်လိုက်နောက်ပါအခြွေအရံ။ (ပါ၊ ဗလ။)

**ဒိသာပါမောက်-** အရပ်လေးမျက်နှာ ကျော်စောသော ဆရာကြီး။ (ပါ၊ ဒိသာပါမောက္ခ။)

**ရိပ်ဖြူ-** ထီးဖြူ။

၄

**တန်တိုင်းခြံ့ခြံ့-** မြို့ရိုးကြီး ကာရံထားသည်။

**စုံစုံမောက်မို-** မြင့်မားခိုင်ခံ့သည်။

www.kelasa.org

**သူရဲခို-** မြို့ရိုးထက်တွင် စစ်သူရဲများ အကာ အကွယ် ယူရန် လုပ်ထားသော အုတ်ရိုးထရံငယ်။

**လက်နက်ပေါက်-** သူရဲခိုတွင် ဖောက်ထားသော လက်နက်ပစ်လွှတ်ရာ အပေါက်။

**သူရဲပြေး-** မြို့ရိုးထက်တွင် စစ်သူရဲများ သွားလာရန် လုပ်ထားသော လမ်းကြောင်း။

**လည်ပေါ်** မြာသာဒ်တွင် အမိုး နှစ်ထပ်ကြားရှိ အစိတ်အပိုင်း။ လည်သီး။

**မြအိုး-** မြို့ရိုးတွင် မြို့တံခါးများ အကြား၌ တန်ဆောင်းနှင့် ထားသော အစိတ်အပိုင်း။

**တုံးမောင်း** မြို့ရိုးခြေရင်းကို ကပ်လာသော ရန်သူအပေါ် သို့ ဖြုတ်ချရန် ဆွဲထားသည့် သစ်တုံး ကျောက်တုံး။

**ကတုတ်-** ဆင်မြင်း အသွားအလာရ ခက်အောင် တူးဖို့ထားသည့် မြေရိုးမြေပေါင်။

**ပစ္စင်-** မြို့ရိုးပြအိုးတို့အထက်တွင် လက်ရန်းတပ်ထားရာနေရာ။ အမြောက်တင်၍ ပစ်ရသောနေရာ ဖြစ်သည်။

**တုရိုင်တိုင်-** စစ်ရေးမက်ရေးကြောင့် လိုသောအခါ တံခါးအတွင်း၌ စိုက်ရန် စုပုံထားသောတိုင်။ (ပါ၊ တောရဏ။)

**ပေါက်ခိုင်တံစို-** ခွန်အားကြီးသော ဆင်ပေါက်ဆင်ပျို။

**မုန်ယိုတန်မဲ့-** အလွန်မုန်ယိုနေသည်ဟု အဓိပ္ပာယ် ယူရန်ရှိသည်။

**စဲ့-** စည့်။ စပါးကျီ။

**လေးပါးစစ်အင်-** စစ်အင်္ဂါ ၄ ပါး။ (၁) ဆင်တပ် (၂) မြင်းတပ် (၃) ရထားတပ် (၄) ခြေသည်သူရဲတပ်။

**အင်ခြောက်မည်ထူး-** တံခါးမှူးတို့၏အင်္ဂါ ၆ ပါး။ (၁) လူသစ်လူဟောင်း တို့ကိုသိတတ်ခြင်း (၂) ခွန်အားရှိခြင်း (၃) ရှုချင်



ဖွယ်ရှိခြင်း (၄) ဖြောင့်မတ်ခြင်း (၅) အပင်ပန်း ခံနိုင်ခြင်း (၆) လိမ္မာခြင်း။

**ပြည်ကြီးတန်ဆောင်-** တိုင်းပြည်၏ ဆီမီးတန်ဆောင်သဖွယ် ဖြစ်သော ရှင်ဘုရင်။

**ခုံလောက်ပတ္တမြား၊သုံးလုံးကြား-** မြင်းမိုရ်တောင်ကိုကျောက်တောင်ထွတ် သုံးခု ထောက်ခံ ထားသည်။ ထိုတောင်ထွတ်များကို ဖိုခနောက် သုံးလုံးနှင့် တူသောကြောင့် ခုံလောက်ဟူ၍ ခေါ် သည်။ ထိုတောင်သုံးလုံး အကြား၌ အသုရာပြည် တည်ရှိသည်။ ထိုပြည်တွင် အသုရာနတ်များ နေသည်။

**ကသစ်ဘုန်းခေါင်-** ကသစ်ပင်ပေါက်ရာ တာဝတိံသာပြည်ကို အုပ်စိုးသောသိကြားမင်း။

**မြရောင်မြေ-** မြင်းမိုရ်တောင်၏ မြရောင်တောက်ရာ တောင်ဖက် အရပ်တွင်ရှိသော ဇမ္ဗူဒိပ်ကျွန်း။

**ဇေယော်-** ရန်သူတို့ကို အောင်နိုင်ခြင်း။ (ပါ၊ ဇေယျ။ )

**ဝေရော်လွှင့်-** ရန်သူတို့ ပျောက်လွင့်သည်။ (ပါ၊ ဝေရီ၊ ရန်သူ။)

၅

**သဒ္ဓါ........ဩတ္တပ်-** (၁) သဒ္ဓါ၊ ယုံကြည်ခြင်း (၂) သီလ၊ အကျင့် ကောင်းခြင်း (၃) သုတ၊ အကြားအမြင်များခြင်း (၄)စာဂ၊ ပေးကမ်းစွန့်ကြဲခြင်း (၅) ပညာ၊ အသိ ဉာဏ်ရှိခြင်း (၆) ဟိရီ၊ ရှက်တတ်ခြင်း (၇) ဩတ္တပ္ပ၊ ကြောက်တတ်ခြင်း ဆိုသော သူတော်ကောင်း ဥစ္စာ ၇ ပါး။



www.kelasa.org

**ညြဇာ-** အဆီအနှစ်။ (ပါ၊ ဩဇ။) "စကားသစ္စာ၊ မှန်သော ခါကား၊ ညြဇာလေးနက်၊ ပေါ်ဆီတက်ဤ၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏"ဟူ၍ ပါရမီခန်းပျို့ အပိုဒ် ၁၂၄ တွင် လာရှိသည်ကို သတိပြု။

**သုံးပါးဝတ်-** (၁) လောကဝတ်၊ လူနှင့်ဆိုင်သောဝတ္တရား (၂) ဓမ္မဝတ်၊ တရားနှင့်ဆိုင်သောဝတ္တရား (၃) ရာဇဝတ်၊ မင်းနှင့် ဆိုင်သော ဝတ္တရား။

**နိဂုံး-** ရွာကြီး။ (ပါ၊ နိဂမ။)

**တုတ်ခွန်-** အကောက်အခွန်။ အကောက်တော်ငွေအခွန်တော်ငွေ။

**ဘူမိပါလ-** တိုင်းနိုင်ငံကို စောင့်ရှောက်သော ရှင်ဘုရင်။ (ပါ။)

**ဂြိဟတာရာ-** ဂြိုဟ်နက္ခတ်။ (ပါ။)

**ဝါတာဒေဝ-** လေနတ်သား။ (ပါ။)

**မေဃိန္ဒ-** မိုးနတ်သား။ (ပါ။)

**ကောက်ကြီး-** မြီးတုံး၊ ဖြတ် စသည့် သက်ကြီးစပါးမျိုး။

**မုရင်း-** ဆောင်းရာသီတွင် စိုက်ရသော စပါးမျိုး။

**ခွန်လှိုင်း-** အခွန်ဘဏ္ဍာများစွာရသည်။ ချမ်းသာ ကြွယ်ဝသည်။

**မော်ကွန်း-** သမိုင်းစာတမ်း။

၆

**နက်သန်ဘူမိ-** ဘူမိနက်သန်။ မင်္ဂလာရှိသော မြေအရပ်။

**ဓော်တရား-** တရားမင်းဖြစ်သော ရှင်ဘုရင်။ ဓမ္မရာဇာ။

**တိုင်းကား-** တိုင်းပြည်။ နိုင်ငံ။

www.kelasa.org



**ယခေါင်ဆယ်ဆင့်၊ ထုံးစံချင့်၍ -** ရှေးအထက်ထက်သောမင်းတို့ ထုံးစံအဖြစ် လိုက်နာခဲ့သော မင်းကျင့်တရား ၁၀ ပါး။ အပိုဒ် ၂ ခက်ဆစ်အဖြေရှု။

**တာရာ-** ဂြိုဟ်ကြယ်များနှင့် နက္ခတ်ကြယ်များမှအပ ဖြစ်သော ကြယ်။ (ပါ၊တာရကာ။)

**တာရာတွင်းပ-** အတွင်းတာရာကြီး ၉ လုံးနှင့် အပြင်တာရာ ၂၈ လုံး။ အကျယ်ကို သိလိုလျှင် **သမန္တစက္ခုဒီပနီကျမ်း၊** ပုဒ္ဓာ ၁၄၄ ၏ အဖြေနှင့် **နေမိတ္တက ဝိဇ္ဇာကျမ်း၊** တာရာ အပိုင်းကိုရှု။

**နေနှင့်လမှ....ရှစ်ပါးနတ်ဘို-** ဂြိုဟ်ကြီး ၈ လုံး။ (၁) တနင်္ဂနွေ=နေ (၂) တနင်္လာ=လ (၃) အင်္ဂါ (၄) ဗုဒ္ဓဟူး (၅) ကြာသပတေး (၆) သောကြာ (၇) စနေ (၈) ရာဟု။

**သတ္တမိ-** ၂၇ သချာ။ (ပါ၊ သတ္တဝီသတိ။ )

**နက္ခတ်စဉ်စီ၊ သတ္တမိ-** နက္ခတ် ၂၇ လုံး။ (၁) အဿဝဏီ (၂) ဘရဏီ (၃) ကြတ္တိကာ (၃) ရောဟဏီ (၅) မိဂသီ (၆) အဒြ (၇) ပုဏ္ဏဖုသျှ (၈) ဖုသျှ (၉) အသလိဿ (၁၀) မာဃ (၁၁) ပြုပ္ပဘရဂုဏ္ဏီ (၁၂) ဥတြာဘရဂုဏ္ဏီ (၁၃) ဟဿဒ (၁၄) စိတြ (၁၅) သွာဒိ (၁၆) ဝိသာခါ (၁၇) အနုရာဓ (၁၈) ဇေဋ္ဌ (၁၉) မူလ (၂၀) ပြုပ္ပာသန် (၂၁) ဥတြာသန် (၂၂) သရဝဏ် (၂၃) ဓနသိဒ္ဓ (၂၄) သတ္တဘိသျှ (၂၅) ပြုပ္ပဘဒြပိုက် (၂၆) ဥတြာဘဒြပိုက်

(၂၇) ရေဝတီ။ အကျယ်ကို သိလိုလျှင် **ဓေါဟာရ လိနတ္ထဒီပဏီကျမ်း** ကိုရှု။

**ရောဟဏီ-** လှည်းဦးသဏ္ဌာန်၊ တနည်း၊ မြွေခေါင်းဦးခေါင်းသဏ္ဌာန်၊ တနည်း၊ မြွေဦးခေါင်းသဏ္ဌာန် ကြယ် ၅ လုံး စုနေသော နက္ခတ်။ (ပါ၊ ရောဟိဏီ။)

**ဖျောက်ဆိပ်-** သင်ခုန်းသဏ္ဌာန် ၇ လုံး၊ တနည်း၊ **စပါးစုသဏ္ဌာန်** ၇ လုံး၊ တနည်း၊ကြက်သငယ်သဏ္ဌာန် ၆ လုံးစုနေသော ကြတ္တိကာနက္ခတ်။

**ဆုန်းချိန်း-** ခန့်တွက်သည်။ တိုင်းတာသည်။ ချင့်ချိန်သည်။

**ရှုစိန်း-** စူးစိုက်ကြည့်ရှုသည်။

**ရှေ့သွားနောက်ပြန်၊ မမြန်မနှေး၊ မပြေးမရပ်-** ဂြိုဟ်တို့ သွားလာပုံ အမျိုးမျိုး။

**နိယထုံ-** ဂြိုဟ်ဘို တနေရာမှ တနေရာသို့ ပြောင်းချိန်တန်လျက် မပြောင်းပဲနေသကဲ့သို့ရှိခြင်း။

**ဗျဂ္ဂ-** ဗျဂ္ဂစရိယာ။ ဂြိုဟ်တို့ နောက်သို့ ပြန်သကဲ့သို့ရှိခြင်း။ [ပါ၊ ဗျဂ္ဂစာရ။ ကျားကဲ့သို့ကျင့်ခြင်း။]

**သီဟစာ-** ဂြိုဟ်တို့ ရှေ့သို့ ခုန်ကျော်၍ သွားသကဲ့သို့ ရှိခြင်း။ အကျယ်ကို သိလိုသျှင် **နေမိတ္တကဝိဇ္ဇာကျမ်း** ရှု။ [ပါ။ သီဟစာရ၊ ခြင်္သေ့ကဲ့သို့ကျင့်ခြင်း။]

**ညဥ့်ငှက်-** သူခိုး။ (ပေါ။)

**သူပျက်သူလောင်-** လူဆိုးသူဆိုး။

**အနှောင်မထား-** မင်းပြစ်မင်းဒဏ်သင့်၍ ချည်နှောင်ထားရသည်ဟု မရှိ။

**မုတိမ်း-** သူခိုး။ (ပေါ။)

**မြည်ထဲ-** ပြည်တွင်းရေး။

www.kelasa.org



၇

**ဝိဒေဟဟု....ပြည်မိန်ခွဲ-** ဝိဒေဟတိုင်း၏ မြို့တော်ဖြစ်သော မိမိလာပြည်။

**မဃ္ဃစိုး-** မဃဒေဝမင်း။ ဤမင်းသည် မဟာသမတမှ ဆင်းသက်သည်။ မိမိလာပြည်တွင် မင်းပြုသည်။ ဆံဖြူသောအခါ တောထွက်သည်။ ဤမင်းမှစ၍ နေမိမင်းအထိ မင်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် ဆံဖြူသောအခါ တောထွက်ကြသည်။ (ပါ။)

**ဓာဂ-** ပေးကမ်းစွန့်ကြဲခြင်း။ (ပါ။)

**သုစရိုက်-** ကောင်းသောအကျင့်။ (ပါ၊ သုစရိတ။)

**ဝိညာဉ်-** အသက်။ (ပါ၊ ဝိညာဏ။)

**ရှေ့နေ-** အမှုလိုက်။ ဝတ်လုံတော်ရ။

**ဓမ္မိပိုင်စိုး၊ မှူးမတ်မျိုး-** တရားသူကြီးစသော အရာရှိများ။

**တံဆိုး-** လက်ဆောင်။ လပ်လာဘ။

၈

**နသာရ-** မကောင်းသောအရာ။ (ပါ။)

**ခုနစ်စဉ်လည်း၊ မယှဉ်လူ့ဘောင်-ခုနစ်စဉ်သည်း၊** မယှဉ်လ့တောင် - ဟု ရှိလျှင် သင့်နိုးသည်။ ခုနစ်စဉ် ကား ဤတွင် ကြယ်ခုနစ်လုံးရှိသော ကြတ္တိကာနက္ခတ်ဖျောက်ဆိပ်ကြယ်ကို ဆိုသည်။ ဖျောက်ဆိပ်ကြယ်ကား၊ လတောင်သွားမှု ငလျှင်လှုပ်အံ့။ မြေနာအံ့-ဆိုသော **နေမိတ္တက ဝိဇ္ဇာကျမ်း** မျက်နှာ ၃၄ လာ စကားနှင့် ထောက်ပါ။

**မလောင်ဒိသာ**- မိုးကုပ်စက်ဝိုင်း အထက်ဆီတွင် မီးတောက်မီးလျှံတို့ လောင်သကဲ့သို့ နီရဲသည်ကို ပါဠိလို **ဒိသာဒါဟ** ဟု ခေါ်သည်။ မြန်မာလို အရပ်လောင်ဟု ခေါ်သည်။ ဗေဒင်ဆရာတို့က ကိတ်အခိုးထွက်သည်ဟု ဆိုသည်။

**ဥက္ကာပြောင်ပျံ**- ကောင်းကင်၌ မီးရှူးအရောင် တပြောင်ပြောင် ပေါ် ပေါက်ရွေ့ရှားခြင်း (ပါ၊ ဥက္ကာ။) စာမူတို့တွင်-ပြောင်း- ဟူ၍ဝိသဇ္ဇနီနှင့်ရှိသည်။ မသင့်။ **ကိုးခန်းပျို**၊အပိုဒ်၄၂ လာ-ဥက္ကာပျံပြောင်၊ တဘောင်ငှက်သံ၊ နာခံစနည်း၊ တော်လည်း လျှော် - ဆိုသော စာနှင့်အညီ ဦး ရှိန်း ဖွဲ့ဆိုခြင်းဖြစ်သည်။

**ငှက်သံ**- နိမိတ်လက္ခဏာ အဖြစ် မှတ်ယူရသော ငှက်တို့၏ အော်မြည်သံ။ ကျီးသာသောအသံ၊ ငှက်ဆိုးထိုးသော အသံ တို့ကဲ့သို့တည်း။

**စံနည်း**- ရှေးပြေးနိမိတ် အနေဖြင့် နတ်တို့ပံ့ပြင်၍ အော်မြည် ပြောဆိုသော စကား။

**တော်လည်း**- မြေကြီး မြည်ဟည်းခြင်း။ တနည်း၊ တိမ်တိုက်ချင်း ထိခိုက်၍ မြည်ခြင်း။

**သကြန်**- နှစ်သစ်ပြောင်းကူးခြင်း။ (သ၊ သံကြာန္တ။)

**အဝမာန်**- တီထီတလုံး မပြည့်မီ အစိတ်အပိုင်း။ (ပါ၊ အဝမာန။)

**ဒိန်နက်သဲ**- အဝမာန် ပို၍ တီထီတလုံး ပိုသောရက်။ (သ၊ ဒိနက္ခယ။)

**(တော်လည်း) သကြန်၊ အဝမာန်နှင့်၊ ပြိုင်ဟန်မလွဲ၊ ဒိန်နက်သဲတည့်**- သကြန်ပြောင်းခြင်း၊ အဝမာန်ပိုခြင်း၊ ဒိန်နက်သဲဆင်း

www.kelasa.org



ခြင်းတို့ ပြိုင်၍ဖြစ်သည်။ "အဝမာန်နှင့်၊သကြန်ပြိုင်တဲ၊ ဒိန်နက်သဲလျှင်၊ မကဲ့ဘူမြေ၊ တနေ့တွင်းတွင်၊ ပြိုင်လျက် မြင်မူ၊တောင်ခွင်ညာထား၊ မိဖုရားနှင့်၊ မင်းသား မင်း သမီး၊သေပျက်စီးလိမ့်" ဟူ၍ **နေမိတ္တကလင်္ကာ**၌ရှိသည်။

**ကြက်ခွပ်လျှပ်မြက်**-ကြက်နှစ်ကောင် ခွပ်သကဲ့သို့ တိမ်တိုက်ချင်း ခွပ်သဖြင့် လျှပ်ရောင်ထွက်ပေါ်ခြင်း။

**ကိတ်ထွက်အမျိုး**-မိုးပေါ်တွင်ဖြစ်စေ၊ မိုးနှင့်မြေကြီးအကြားတွင် ဖြစ်စေ၊ မြေကြီးထက်တွင် ဖြစ်စေ၊ တံခွန်ကဲ့သို့ အခိုးအလျှံ ပေါ်ခြင်း။ ပါဠိလို ဓူမကေတုခေါ်သည်။

**ဇာဋ္ဌရံ**- နှစ်သက်ဖွယ်အာရုံ။ ဇာဋ္ဌာရုံ (ပါ၊ ဇာဋ္ဌ+အာရမ္မဏ။)

**အင်္ဂါစနေ**- အင်္ဂါနေ့၊ စနေနေ့တို့တွင် မြေလှုပ်လျှင် မကောင်းဟု ယူရသည်။

**မြေနှင့်လိပ်ရှုပ်**- မြေကြီးအရှေ့အနောက် လှုပ်ခြင်းကို မြွေကဲ့သို့ လျှောင် လှုပ်ခြင်းဟု ခေါ်သည်။ ငတ်မွတ် ပါးရှား ခေါင်းပါး တတ်သည်။ တောင်မြောက် လှုပ်ခြင်းကို လိပ်ကဲ့သို့ လှုပ်ခြင်း ခေါ်သည်။ အနာရောဂါ ဝေဒနာထူထဲ တတ်သည်။

**ဆင်ဝက်**- မြေကြီး အနောက် မြောက်ထောင့်မှ အရှေ့ တောင် ထောင့်သို့ လှုပ်ခြင်းကို ဆင်ကဲ့သို့လှုပ်ခြင်း ခေါ်သည်။ မိုးကောင်းတတ်သည်။ ဝပြော သာယာ တတ်သည်။ အနောက် တောင်ထောင့်မှ အရှေ့ မြောက်ထောင့်သို့ လှုပ်ခြင်းကို ဝက်ကဲ့သို့လှုပ်ခြင်း ခေါ်သည်။ လူတို့ ချမ်းသာစီးပွား များတတ်သည်။ အကျယ်ကို လိုလျှင် **ဘူမိစာလနိဒါန်းကျမ်း** တွင်ရှု။

**နေ့ငါးမြာ-** တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊သောကြာ နေ့တို့တွင် လျှောင်လှုပ်လျှင် ကောင်းသည်ဟု သာမန် အားဖြင့် ယူရသည်။

**ဘူမာနိမိတ်၊ အတိတ်လုံးစုံ-** ရှေးက ဖြစ်ခဲ့ဘူးသည့် မြေကြီးနှင့် ဆိုင်ရာ နိမိတ်အမျိုးစုံ။

**စဏ္ဍဟတ္ထိ-** ကြမ်းတမ်းသော ဆင်သတ္တဝါ။ (ပါ။)

**အဿ-** မြင်းသတ္တဝါ။ (ပါ။)

**မိဂ-** သမင်၊ စိုင်၊ ဆတ်။ (ပါ။)

**ကုက္ကုရ-** ခွေးသတ္တဝါ။ (ပါ။)

**နတ်မိစ္ဆာ-** နတ်ဆိုးနတ်ယုတ်။

**သမာနတ်-** နတ်ကောင်းနတ်မြတ်။ သမ္မာဒေဝနတ်။

**အုတ်ကျက်-** ဆင်သံ၊ မြင်းသံ၊ တူရိယာသံ၊ သီချင်းသံ စသည်တို့ဖြင့် မစဲမဆိတ်ရှိသည်။

**ကြက်ပျံမကျ-** ပျံသောကြက် မြေသို့ မဆင်းနိုင်လောက်အောင် အိမ်ခြေ ပြည့်သိပ်ရှိသည်။

**ကြည်ကွဲ-** ပြည်ထဲ၊ စည်နှဲ ဆိုသော ကာရန် တို့နှင့် ညီအောင် ကြေကွဲ ကို ကြည်ကွဲ ဟု ရေးလေသည်လား မသိရ။ ကြေကွဲ ဆိုက ပူဆွေး လွမ်းဆွတ် သည်ဟု အဓိပ္ပာယ် ဆိုရန်ရှိသည်။

ဥ

**မဟာနဂရ-** မြို့ကြီး။ (ပါ။)

**တိရိဋ္ဌိဝစ္ဆ-** ဥမ္မာဒန္တီ၏ ဖခင်၊ အရိဋ္ဌပုရပြည်နေ သဌေးကြီး။ (ပါ၊ ဒေါက်ရယ်ပင်။ )

www.kelasa.org



**ဘွဲ့သိင်္ဂီ-** ရွှေဘွဲ့။

**နတ်မှီသင်္ကန်း-** နတ်သမီး၏ အလှကိုမှီသော အဆင်းသဏ္ဍာန်။

**ဇမ္ဗူမင်းစံ-** အစိုးရ မင်းတို့က စံအဖြစ် သတ်မှတ် ထားသော ရွှေကောင်း။

**ရွှေပွတ်ခံ-** ရွှေသားကို ပွတ်စင်တွင် တင်၍ ချောမောပြေပြစ် အောင် ပွတ်ခံထားသည်။

**ရှိမ်းရှိမ်း-** အရောင် စိုပြည် တောက်ပသည်။

**ဒေဝိန္ဒရ-** နတ်မင်း။ သိကြား။ (သ၊ ဒေဝ+ဣန္ဒ။ )

**စံသီး-** မိန်းမမြတ်။ စံအဖြစ် အသီးအခြား ထားအပ်သူ။

**ပုထုဇန်-** အရိယာမဟုတ်သောသူ၊ လူသာမန်။ (ပါ၊ ပုထုဇ္ဇန။ )

**ထောင့်ငါးရာ-** ကီလေသာ ၁၅၀၀။ တွက်နည်း ဆောင်ပုဒ်ကား- နာမ်၊ နိ၊ လက်ကိုတည်၊ သန်၊ ကိလေနှင့် မြောက် ဟူ၍ ဖြစ်သည်။ တွက်ပုံမှာ နာမ်၅၃+နိပ္ဖန္နရုပ် ၁၈+လက္ခဏာရုပ် ၄ =၇၅ ×အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် ၂ × ကိလေသာ ၁၀ ပါး = ၁၅၀၀ ကိလေသာ ဖြစ်သည်။

**ကာယိန္ဒြေ-** ကိုယ်လက်အမူအရာကို ချုပ်ထိန်းခြင်း။ (ပါ၊ ကာယ +ဣန္ဒြိယ။ )

**လက်ခြေအာပေါင်၊ ချွန်းတောင်ဥာဏ်ခိုင်၊ မချိတ်နိုင်-** လက်၊ ခြေ၊ အာပေါင်တို့ကို ချွန်းဖြင့်ချိတ်၍ ဆင်ကို ထိန်းချုပ် ရသကဲ့သို့ ကိုယ်လက် အမူအရာတို့ကို ဥာဏ်ဖြင့် ထိန်းချုပ်သော်လည်း မနိုင်။

**ပုည-** ကောင်းမှု။ အလှူ။ (ပါ။ ) ဤတွင် ဥမ္မာဒန္တီ ရှေးဘဝက ပြုခဲ့ဘူးသော ကောင်းမှုကို ယူ။ အပိုဒ် ၁၀ တွင် ယင်းရှေးဘဝက အကြောင်းကို ရှု။

၁၀

**ဟိတ်-** အကျိုးတရား၏ အခြေခံဖြစ်ရာ အကြောင်းတရား။ (ပါ၊ဟေတု။ )

**အတိတ်ကာလ-** လွန်ခဲ့သောအချိန်။ (ပါ၊အတီတကာလ။)

**ကဿပ-** ဤဘဒ္ဒ ကမ္ဘာတွင် တတိယမြောက် ပွင့်သောဘုရား။ (ပါ။)

**သပြာ-** အသပြာ။ ငွေ။

**ဝတ်မှိုငှာ-** ဝတ်စရာ။ အဝတ်အထည်။

**စုံခြေမြိုင်နန်း-** တော။

**မောသော-** သူခိုး။ ညဥ့်ငှက်။ (ပေါ။)

**မယ်လျ-** တင့်တယ်သောအမျိုးသမီး။

**ဒါနသံဝေ-** အလှူပေးမှု မရှိခြင်း၌ ထိတ်လန့်ခြင်း။ (ပါ၊ ဒါန သံဝေဂ။)

**စေတနာ-** စေ့ဆော်တိုက်တွန်းမှု။ (ပါ။)

**ငြိုငြင်-** ဆင်းရဲပင်ပန်းခြင်း။

**ဇမ္ဗူရာဇ်-** ကျွန်းဦးဇမ္ဗူသပြေပင်မှ အသီးမှည့်တို့ ကြွေ၍ ဇမ္ဗူနဒီ မြစ်တွင်းသို့ ကျရာတွင် ဖြစ်လာသောရွှေ။ ယင်းရွှေ ကဲ့သို့ စင်ကြယ်ကောင်းမြတ်သောရွှေ။

www.kelasa.org



**နိကာယ်** ရုပ်အဆင်း။ (ပါ၊ နိကာယ၊ အပေါင်း။)

**ဝတ်ပန်း-** ဆူးပန်း။

**ဝတ်ပန်းပုဆိုး-** ဆူးပန်းပွင့် အရည်ဖြင့် ဆိုးထားသော လိမ္မော်ရောင် အဝတ်။

**ဝတီသာ-** တာဝတိံသာနတ်ပြည်။ နတ်ပြည် ၆ ထပ်တွင် ဒုတိယ အထပ်။ သိကြားသုံးကျိပ် သုံးပါးနေရာ ဖြစ်သည်။ (ပါ၊ တာဝတိံသ၊ ၃၃။)

**ဥဠု-** မိုးပေါ်ကကြယ်။ (ပါ။)

**စက္ခု-** မျက်စိ။ (ပါ။)

**သောတ-** နား။ (ပါ။ )

**ဃာန-** နှာခေါင်း။ (ပါ ။)

**ဇိဝှာ-** လျှာ။ (ပါ။ )

**ကေသာ-** ဆံပင်။ (ပါ။ )

**ခေါမ-** အထည်အဝတ်ကောင်း ထွက်သော တိုင်းပြည်တခု။ (ပါ။ )

**ရောမ-** ဣတာလီပြည်၏ မြို့တော်။

**ကောတုမ္ဗရစ်-** အထည် အဝတ်ကောင်း ထွက်သော တိုင်းပြည်တခု။ (ပါ။ ကောဋုမ္ဗ။ )

**ဖက်မရန်-** ယှဉ်ပြိုင်ဖို့ ရည်မှန်း သတ်မှတ်၍မရ။ ပြိုင်ဖက်မရှိ။

**ဇော-** စိတ်။ (ပါ၊ ဇဝန။ )

**ဘဝင်လွန်ကျ-** အလွန် သဘောကျသည်။

**ပဥ္စကလျာ-** (၁) ဆံပင်၏ ကောင်းခြင်း (၂) အသား၏ ကောင်းခြင်း(၃) အရိုး၏ကောင်းခြင်း (၄) အရေ၏ ကောင်းခြင်း (၅) အရွယ်၏ ကောင်းခြင်း ဆိုသော ကောင်းခြင်း ၅ ဖြာ။ (ပါ။)

**ခြောက်ပြစ်** (၁) မြင့်လွန်းခြင်း (၂) နိမ့်လွန်းခြင်း (၃) ပိန်လွန်းခြင်း (၄) ဝလွန်းခြင်း (၅) မည်းလွန်းခြင်း (၆) ဖြူလွန်းခြင်း ဆိုသော အပြစ် ၆ ပါး။

**နွတ်သညီ-** အဓိပ္ပာယ်ရှိသော အမည်။ (ပါ၊ အန္ဓတ္ထသညာ။ )

**ရွှေလိပ်-** ရွှေကမ္ပည်းစာ။ (ပါ၊ လိပိ၊ အက္ခရာအရေးအသား။ )

၁၁

**ငါးပါး-** (၁) မကောင်းမြစ်ထာ (၂) ကောင်းရာညွှန်လတ် (၃)အတတ်သင်စေ (၄) ပေးဝေနှီးရင်း (၅) ထိမ်းမြားခြင်းလျှင်၊ ဝတ် ၅အင်၊ ဘခင်မယ်တို့တာ ဆိုသော မိဘဝတ် ၅ ပါး။

**ဗြာဟ္မဏ-** ပုဏ္ဏား။ (ပါ။)

**မင်းကြီးဘုန်းထူ-** ဘုန်းကြီးသော ရှင်ဘုရင်။

**မဟာနရ-** လူတို့တွင် အမြတ်ဖြစ်သော ရှင်ဘုရင်။ (ပါ။)

**သနင်း-** အထွတ်အမြတ် ဖြစ်သော ပုဂ္ဂိုလ်။ (ပေါ။)

**ကြွယ်ရွေး-** ကြွယ်ဝချမ်းသာသည်။

**ဝေဖန်ချို-** စီမံခန့်ခွဲသည်။

**ဂဏာ-** နို့ထမင်း။

www.kelasa.org



၁၂

**ယုန်စက်-** ယုန်ရုပ်အမှတ်အသားရှိသော လပြည့်ဝန်း။

**ဆင်းနတ်ပီ-** အဆင်းသည် နတ်နှင့် ပီပီသသ တူသည်။

**အာရမ္မဏိက-** အာရုံကိုစွဲမှီ၍ဖြစ်သောစိတ်။ (ပါ။)

**ဟဒယ-** နှလုံး။ (ပါ။)

**ရာဂ-** တပ်မက်မောခြင်း။ (ပါ။ )

**စေတသိက်-** စိတ်ကို ခြယ်လှယ် ဖန်တီးသော တရား။ (ပါ စေတသိက။)

**လက်ကတီး-** ချိုင်းကြား။

**နမူးနထိုင်း-** ရှူးရှူးမူးမူး။

**တရွတ်တသီ-** ဖရိုဖရဲ။

**လက္ခဏာ-** ကိုယ်လက်အင်္ဂါတို့၏ အမှတ်အသား။ (ပါ။)

**ချင့်-** ချင်း။ သူ။ ယင်းသူ။

**ဘဇာ-** အဘယ်မှာ။

**ပြန်တာခရီး-** အပြန်ခရီး။

**ထိန်းကျောင်းမဲ့ချူတ်-**အထိန်းအကျောင်းမရှိပဲ ချူတ်ချယ်ရန်ရှာသည်။

၁၃

**စုလျား-** အဝတ်စအရှည်။

**စုလျားပိုက်သွင်း-** စုလျားရစ်ပတ်လက်ထပ်သည်။

၁၄

**ကြာကနေ့ခင်း-** ကြာပန်းများ ပွင့်သည့် သီတင်းကျွတ်လ ကုန်ဆုံးပြီးနောက်။

**→ ဆောင်းလက်မှန်-** ဆောင်းဦးပေါက်။ တန်ဆောင်မုန်းလ။

**ဝမ်းပဲကကွေ-** ဝမ်းပဲဟင်္သာများ အော်မြည်တွန်ကျူးသည်။

**လေကမြောက်-** ဆောင်းတွင်းဖြစ်၍ မြောက်လေတိုက်သည်။

**ဝါလကျွတ်ပြောင်း၊....မိုးမစွေသား -** ဆောင်းဦးပေါက်ရာသီ တန်ဆောင်မုန်းလ၏ လက္ခဏာများကို ဖော်ပြထားချက်ဖြစ်သည်။ ဣမေဟိနာမသကုန္တကာ၊ ဤငှက်တို့သည်။ ရုက္ခဂ္ဂေသု၊ သစ်ပင် ဖျားတို့၌။ ကုလာဝကာနိ၊ အသိုက်တို့ကို။ ကရိတွာ၊ လုပ်၍။ ဝဿာဝါသံ၊ မိုးလနေရာ၌။ အလ္လိယိဿန္တိ၊ ကိန်းဝပ်ကုန်၏။ သံကာပယိဿန္တိ၊ နေကုန်၏-ဟူသော **ဝိနည်းမဟာဝါ ပါဠိတော်** အရ ဝါတွင်းကာလတွင် ငှက်များ အသိုက်အောင်းကြသည် ဆိုသောစကားမှပြန်၍ ဝါကျွတ်သောအခါ ငှက်များ အသိုက်မှထွက်ကာ ပျော်မြူးကြသည်ဟု ယူထားသည်။ ကမ္ဗာဦးက၊ သဘာဝဖြင့်၊သုံးလဝါပေါင်း၊စောင့်စည်းကောင်းဟု၊ ဒေါင်းလည်းမတွန်၊ စွန်လည်းမဝဲ၊ ဝမ်းပဲမကွေ၊ ချေလည်းမဟောက်၊ တောလျှောက်ကျေးငှက်၊ ရန်ဘက်မလို၊ လေအိုက်ခိုလျက်၊ ထိုတိရစ္ဆာန်၊ ကျင့်စဟန်ကို–ဆိုသော **သုဝဏ္ဏသျှံ သစ္စာခန်းပျို့** အပိုဒ် ၈၄ လာ သျှင်အဂ္ဂသမာဓိ၏ စာကို ရှု။

**အပေတယံ-** ဘုရားအလောင်း ဥဒေါင်းမင်းသည် အိပ်တန်းတက်သော အခါ ရွတ်ဆိုသောဂါထာ၏ အဦးစကား။**ငါးရာ့ငါးဆယ်နိပါတ် မောရဇာတ် (အမှတ်၁၅၉)** ကိုရှု။



**ယုန်စံဘုံစက်-** လမင်း။

**ကျီးငှက်တာရာ-** တာရာကြီး ၉ လုံးတွင် ကျီးငှက်ရုပ်နှင့်တူသောတာရာ။ အဿဝဏီ၊ဘရဏီ၊ကြတ္တိကာနက္ခတ်တ် ၃လုံးနှင့် ပြိုင်၍ တန်ဆောင်မုန်းလတွင် ထွန်းသည်။

**ကြယ်နှင့်လာသော်-** အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ နက္ခတ်တို့နှင့် အတူလာသည်။

**ချိန်ဆုန်း-** ချင့်မှန်းသည်။ ခန့်တွက်သည်။ အပိုဒ် ၆ ခက်ဆစ်အဖြေ **ဆုန်းချိန်းနှင့်** နှိုင်းရှည့်။

**တန်ဆောင်မုန်းတွင်၊ ချိန်ဆုန်းသဘင်-** တန်ဆောင်မုန်းလတွင် ကျရောက်သော ပွဲတော်။

**စောရဲဘုန်းစည်-** ဘုန်းတန်ခိုး ကြီးမား၍ ရဲစွမ်းသတ္တိရှိသော ရှင်ဘုရင်။

**တမွတ်-** အထွတ်အမြတ်။

**သပြေတမွတ်-** သပြေပင်ပေါက်ရာ ဇမ္ဗူဒိပ်ကျွန်း၏ အထွတ်အမြတ်ဖြစ်သော ရှင်ဘုရင်။

**နရထွတ်-** လူတို့၏ အထွတ်အမြတ် ဖြစ်သော ရှင်ဘုရင်။

**ဝေယန္တာ-** သိကြားမင်းနေရာ ဝေဇယန္တာ ပြာသာဒ်။ (ပါ။)

**ဣန္ဒာနတ်မင်း** သိကြားမင်း။

**ပန်းသတ်ညောင်ရေ-** ပန်းရနံ့ ဖြင့် ထုံထားသောရေ။

**လမ်းကိုရှောက်လျက်-** လမ်းတွင် တနေရာပြီးလျှင် တနေရာ ဆက်လက်ကူးသန်း၍။ ရောနှောကူးသန်း ရှက်ထွေးငြိတွယ်သည်ကို **ရှောက်** သည်ဟု ရှေးစကား ဆိုရိုး ရှိကြောင်း **ဝေါဟာရလိနတ္ထဒီပဏီကျမ်း** မျက်နှာ ၁၉၃ တွင် ဆိုသည်။

**ရွှေမှောက်-** ရှင်ဘုရင်။ (ပေါ။)

www.kelasa.org

၁၅

**သုံးရံရွှေ**- (၁) အရွယ်ကြီး (၂) အရွယ်လတ် (၃) အရွယ်ငယ် ၃ မျိုးသော ရံရွှေတော်။
**ပဝေသဏီ**- ရွေးထုံးစံ။ (ပါ၊ ပဝေဏိ။)
**စတေ**- အတူဘူ။ (ပေါ။) (ဦးရှန်းနှစ်သက်သောအနက်။)
**ဥမ္မာမူလေ**- ဥမ္မာဒန္တီ၏ခြေရင်း၌ - ဟုယူရန်ရှိသည်။
**စောရဲဘုန်းဟော့**- ဘုန်းရှိသော ရဲရင့်သော ရှင်ဘုရင်။
**သပြေဒိပ**- ဇမ္ဗူဒိပ်ကျွန်း။
**ရဟတ်စက်** စကြာရထား။
**လည်မာ**- လည်ဆွဲတန်ဆာတမျိုး။
**အာနီ**- အမျိုးကောင်းသော ပုလဲရတနာတမျိုး။
**မြူဝ**- မြူတင်းပေါက် အဝ။
**ငါးဆင့်ဘုံသူ**- (၁) စတုမဟာရာဇ် (၂) တာဝတိံသာ (၃) ယာမာ (၄) တုသိတာ (၅) နိမ္မာနရတိ (၆) ပရနိမ္မိတ ဝသဝတ္တီဆိုသော နတ်ပြည် ၆ထပ်တွင် ၅ထပ်မြောက်ဖြစ်သော နိမ္မာနရတိနတ်ပြည်က နတ်သမီး။

၁၆

**ဂိမ္မန်** နွေရာသီ။ (ပါ၊ ဂိမှာန။)
**ဝသန်**- မိုးရာသီ။ (ပါ၊ ဝဿာန။)
**ဟေမန်** ဆောင်းရာသီ။ (ပါ၊ ဟေမန္တ။)
**ဝိစ္ဆိက**- ကင်းမလက်မဲ။ တန်ဆောင်မုန်း လ၏ရာသီရုပ်။ ဗြိစ္ဆာရာသီ။ (ပါ။)

www.kelasa.org



**သမယ**- အချိန်အခါ။ (ပါ။)
**ပုဏ္ဏမာ**- လပြည့်နေ့။ (ပါ။)
**ဝလာ**- မိုးတိမ်။ (ပါ၊ ဝလာဟက။)
**ကက္ကဋ**- **ကတ္တိက** ဟုဆိုရင်းဖြစ်တန်ရာသည်။ ကြတ္တိကာနက္ခတ်ဆိုလိုသည်။ သို့မှ ညေရာသီနှင့် ကိုက်မည်။ စာသွားစာလာနှင့်လည်း ဆီလျော်မည်။ အပိုဒ်၆ ဖျောက်ဆိပ် အဖြေရှု။
**ညေရာသီ**- စပါးစု သဏ္ဌာန်ကြယ် ၆ လုံး ၇ လုံး စုနေသော ကြတ္တိကာနက္ခတ်။ (ပါ။)
**ဗဟိ**- အပြင်ဖက်။ (ပါ။)
**ငွေကျော**- ငွေကောင်း။
**မနောမယ**- ပတ္တမြား။ (ပါ။)
**ဇောတ**- ပတ္တမြား။ (ပါ၊ ဇောတိရသ။)
**ဗဟိငွေကျော၊ မနောမယ၊ ဇောတဘုံတွင်း** - အတွင်းကား ပတ္တမြား၊ အပကား ငွေဖြင့်ပြီးသော (လမင်း။)
**ဗဟိနီ**- မီးနတ်။ (သ၊ ဝဟ္နိ။)
**ဝဿဘုံစိုး**- မာရ်နတ်။ ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်ကို အုပ်စိုးသည်။
**ဗဟိနိက၊........နတ်တို့နိုးလျှင်**- (၁) မီးနတ် (၂) အသကန္တနတ် (၃) သိကြားနတ် (၄) မဟာပိန္နဲနတ် (၅) သီရိနတ် (၆) ယမနတ် (၇) နေနတ် (၈) လေနတ် (၉) စန္ဒီနတ် (၁၀) ရေနတ် (၁၁) မြေနတ် (၁၂)

ပိဿနိုးနတ် (၁၃) ဝိပုဗြဟ္မာ (၁၄) ပရမေသူရာ (၁၅) မာရ် နတ် ဆိုသော နတ်ကြီး ၁၅ ပါးသည် ဝါဆိုလဆန်း ၁ ရက်ကစ၍ အစဉ်သင့် လပြည့်တိုင်အောင် အိပ်သည်။ တန်ဆောင်မုန်းလဆန်း ၁ ရက်ကစ၍ လပြည့်တိုင်အောင် အစဉ်သင့် နိုးသည်ဟူ၍ **တောင်ငူရတုအဖြေ** တွင် မဟာမင်းလှမင်းခေါင်ကျော် ဆိုသည်။ ဤတွင် တန်ဆောင်မုန်းလပြည့်သော အခါဟု ဆိုလိုသည်။ နတ်ကြီး ၁၅ပါး သရုပ်ကို **ကုသပျို့** အပိုဒ် ၃၀ နှင့် **ရွှေနန်းသုံး ဝေါဟာရအဘိဓာန်** မျက်နှာ ၁၄၈ တို့တွင်လည်း တွေ့နိုင်သည်။

**သလည့်သလွင်း**- (လူအများ) စုဝေးရောနှောကြသည်။ (ပေါ။)

**နားကျူချွန်**- မြင်း၏ နားရွက်သည် ကျူရိုးကို ချွန်ထားသည်နှင့် တူသည်။

**မျက်ဆန်ဂယ်လောင်း**-မြင်း၏မျက်လုံးသည် ကြွက်ဂယ်လောင်း၏ မျက်လုံးနှင့်တူသည်။

**အာပေါင်လက်ရောက်၊ သုံးဆစ်မြှောက်**-မြင်းသည် လက်၏ အဆစ်သုံးဆစ်ကို အာပေါင်နှင့် နီးအောင် မြှောက်သည်။

**စာမြီ**- စာမရီသားကောင်။ (ပါ၊ စမရ။)

**ဝေဇယန်**- ယူဇနာ ၁၅၀ ရှည်၍ မြင်းတထောင်ကသော မာတလိနတ်သား မောင်းနှင်သည့် သိကြားမင်း၏ ရထား။ (ပါ၊ ဝေဇယန္တ။)

**ပန်သင့်**- ပနာရသည်ဟု အရပ်စကားတွင် ပြောသည်။

**ဖန်စက်**- နေမင်း။ အတွင်းကားရွှေ အပကား ဖန်ဖြင့်ပြီးသည်။

**အုတ်အာ**- အသံမျိုးစုံဖြင့် မစဲမဆိတ်ရှိသည်။

www.kelasa.org



၁၇

**ရွှေမြေတောင်ထွတ်**-မြင်းမိုရ်တောင်။

**လေးရောင်**- မြင်းမိုရ်တောင်၏ (၁) အရှေ့မျက်နှာသည် ငွေရောင် (၂) တောင်မျက်နှာသည် မြရောင် (၃) အနောက်မျက်နှာသည် ဖန်ရောင် (၄) မြောက်မျက်နှာသည် ရွှေရောင်ဖြစ်သည်။

**သုဒဿန**- သိကြားမင်းစံရာ နတ်မြို့။ (ပါ။)

**သက္ကရာဇာ**- သိကြားမင်း။ (ပါ။)

**သုဓမ္မာ**- တာဝတိံသာနတ်ပြည်ရှိ နတ်များစည်းဝေးရာသဘင်။ သိကြားမင်း မိဖုရား သုဓမ္မာကို အကြောင်း ပြု၍ ဤအမည်ဖြင့်တွင်သည်။

**ရောရှ**- ရောနှောသည်။ (ပေါ။)

**ကယုကယင်**- လျောက်ပတ်တင့်တယ်ခြင်း။ (ပေါ။)

**ငွေကျူ**- ငွေကောင်းတမျိုး။

**ဗိုလ်သူရဲ**- သူရဲသူခက်အရာရှိများ။

**လမ်းချက်**- လမ်း၏အလယ်။

**အိမ်ရင်းနီးစွာ**- အဘိပါရကနှင့် ဥမ္မာဒန္တီတို့၏ နေအိမ်အနီးသို့။

**လေသာနန်း**- ဤတွင် လေသောက်တံခါး ဆိုလိုသည်။

၁၈

**အာသက်**- တာဝတိံသာနတ်ပြည်မှ ဘုန်းရှိသူ တယောက်သည် စုတေသောအခါ ဟိမဝန္တာအရပ်ရှိ တခုသော ရေကန်တွင် ပဒုမာကြာဖူး၌ ဝင်စား၍ သူငယ်မဖြစ်လာသည်။

ယင်း သူငယ်မကို ရသေ့ကြီး တဦးက မွေးစား၍ အာသက်ာဟု မှည့်ခေါ် သည်။ အာသက်ာကို မုဆိုးတဦး မြင်၍ ဗာရာဏသီမင်းတွင် လျှောက်သည်။ နောင် ဗာရာဏသီ မင်း၏ မိဖုရား ဖြစ်သွားသည်။ ငါးရာ့ ငါးဆယ်နိပါတ် အာသက်ဇာတ် (အမှတ် ၃၈၀)။

ဘုံပျံ- အာသက်ာ သတို့သမီးအတွက် သိကြားမင်း ဖန်ဆင်း ပေးသော ဖန်ပြာသာဒ်။ ဤပြာသာဒ်သည် အာသက်ာ ကိုယ်လက် သုတ်သင်သော ကာလ၌ မြေသို့သက်၍ တည်၏။ ပြီးသော အခါ ကောင်းကင်သို့ တက်၍ တည်၏။

မဏိမေခလာ- ဇနကမင်းကို ပင်လယ်မှ ကယ်တင်သော သမုဒ္ဒရာစောင့် နတ်သမီး။ (ပါ။)

ဝီရဏီ- နေမိမင်းကြီး နတ်ပြည်သို့ တက်သောအခါ စတုမဟာ ရာဇ် နတ်ပြည်တွင် ဘုံဗိမာန်နှင့် ခမ်းနားစွာ တွေ့မြင် ရသော နတ်သမီး။ (ပါ။)

လေးရောင်ရှိန်- အရောင်လေးပါးဖြင့် တောက်ပသော မြင်းမိုရ်တောင်။

မန္ဓာတ်သီရိ- ဘုန်းကြီးသော မန္ဓာတု စကြာမင်း။ ဤမင်းကြီးသည် လူ့ ပြည်တွင် ငြီးငွေ့၍ စကြာရတနာ စီးကာ နတ်ပြည် သို့ တက်ပြီးလျှင် မင်းပြုသည်။ ငါးရာ့ငါးဆယ်နိပါတ် မန္ဓာတုဇာတ် (အမှတ် ၂၅၈)။

နေမိ- နတ်ပြည်သို့ တရားဟောရန် ကြွသော မင်းကြီး။ **နေမိဇာတ်တော်ကြီး ရှု။**

သာဓိနရ- သာဓိန ရာဇာ။ မိဓိလာပြည် သာဓိန မင်းကြီးကို သိကြားမင်းက ဖိတ်ခေါ် ၍ မင်းကြီးသည် နတ်ပြည်သို့

www.kelasa.org



တက်ကာ လူ့အရေအတွက် အားဖြင့် အနှစ် ၇၀၀ နေခဲ့သည်။ ငါးရာ့ငါးဆယ်နိပါတ် သာဓိနဇာတ် (အမှတ် ၄၉၄)။

ဂုတ္တိလ- ဗာရာဏသီပြည် ဘုရားအလောင်း စောင်းသမား၏ အမည်။ ဂုတ္တိလ၏ စောင်းသံကို နတ်သမီးများ နားထောင်လိုသည်ဆို၍ သိကြားမင်းက ဂုတ္တိလကို နတ်ပြည်သို့ ဖိတ်ခေါ် သည်။ ငါးရာ့ငါးဆယ်နိပါတ် ဂုတ္တိလဇာတ် (အမှတ် ၂၄၃)။

ဇနက- မဏိမေခလာ နတ်သမီးက ပင်လယ်တွင်းမှ ကယ်တင် ယူသော မင်းကြီး။ **မဟာဇနက ဇာတ်တော်ကြီး ရှု။**

ဥပပါတ်- ကိုယ်ကောင် ထင်ရှား ဘွားက နဲ့ ဖြစ် ပေါ် သော ပဋိသန္ဓေ။ (ပါ၊ ဥပပါတိ။)

တိမ်းမပ်- တိမ်းစောင်းသည်။ ညွတ်ယိုင်သည်။

ရာဂတပ်- တပ်မက်သည်။ စွဲလမ်းသည်။

ရှေးဇာတ်ပေါင်း- ငါးရာ့ ငါးဆယ် နိပါတ် ဥမ္မာဒန္တီဇာတ် (အမှတ် ၅၂၇) ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားသခင် ဟောတော်မူသည်။

ပါဠိ- ဘုရားဟောပါဠိတော်။ (ပါ။)

အဋ္ဌကထာ- ပါဠိတော်ကို ဖွင့်ပြသောကျမ်း။ (ပါ။)

ဋီကာ- အဋ္ဌကထာကို ဖွင့်ပြသောကျမ်း။ (ပါ။)

နိဿျ- ပါဠိကို မြန်မာပြန်ဆိုသော ဘာသာပြန်ကျမ်း။ (ပါ။)

ဇာတက- ငါးရာ့ငါးဆယ်ဇာတ်။ (ပါ။)

သမ္ဗာ- ပါရမီအဆောက်အဦ။ (ပါ၊ သမ္ဘာရ။)

**ဆိုင်သည့်ရှာသား၊ရှာစားအမှု-** ရှာသူကြီး ဘုရား၊ ရှာသားကောင်းမှု– ဆိုသောစကားပုံကို ရည်ညွှန်းပုံရသည်။

**စိတ်ဖျာ-** စေ့စပ်သေချာစွာ ဆင်ခြင်သုံးသပ်သည်။ (ပေါ။)

၁၉

**ရူပ-** ရူပါရုံ။ အဆင်း။ (ပါ။)
**သဒ္ဒ-** သဒ္ဒါရုံ။ အသံ။ (ပါ။)
**ဂန္ဓ-** ဂန္ဓာရုံ။ အနံ့။ (ပါ။)
**ရသ-** ရသာရုံ။ အရသာ။ (ပါ။)
**ဖောဋ္ဌဗ္ဗ-** ဖောဋ္ဌဗ္ဗာရုံ။အတွေ့။ (ပါ။)
**ဓမ္မာ-** ဓမ္မာရုံ။ တရား။ (ပါ။)
} အာရုံ ၆ ပါး။

**လောကေ-** လောကဥ္။ (ပါ။)

**သဋ္ဌေတနာ-** ကောင်းစွာစေ့ဆော်ခြင်း။ ဤတွင် စိတ်တရားရှိသူဟု ဆိုလိုသည်။ (ပါ။)

**အာသဝါ-** (၁) ကာမဘုံကို တပ်နှစ်သက်သော ကာမာသဝ (၂) ရူပဘုံ၊အရူပဘုံကို တပ်နှစ်သက်သော ဘဝါသဝ (၃)မှားသောအယူဆိုသည့် ဒိဋ္ဌာသဝ (၄) မသိခြင်း တရားတည်းဟူသော အဝိဇ္ဇာသဝဆိုသည့် အာသဝေါ တရား ၄ ပါး။

**အာသဝါစင်-** အာသဝေါတရား ၄ ပါးကုန်စင်သော ရဟန္တာပုဂ္ဂိုလ်။

**သရာဂစိတ်-** တပ်မက်ခြင်းနှင့် တကွသော စိတ်။ တပ်စိတ်။ (ပါ၊ သ+ရာဂ+စိတ္တ။)

**ဥပ္ပဇ္ဇတိ-** (သရာဂစိတ်) ဖြစ်ပေါ်၏။ (ပါ။)

**သမာဓိ-** စိတ်တည်ငြိမ်မှု။ (ပါ။)

www.kelasa.org



**သက်ာ-** ယုံမှားခြင်း။အပိုဒ် ၁၈ တွင်ပါသော အာသက် ကြာ နတ်သမီး၏ အမည်သည် ဤစကားလုံးမှ ဆင်းသက် လာသည်ကို သတိပြု။ (ပါ။)

**ဇာတ်လမ်းရှောက်အံ့-** ဇာတ်လမ်းကို ဆက်၍ဆိုအံ့။

**ပြူသာလေသောက်-** ပြူတင်းပေါက်။

**အရှောက်-** ရုတ်တရက်။ ချက်ချင်း။ အလျင်အမြန်။ ဤစကား လုံးကို ဆာမရကာန်တွင် များစွာတွေ့ရသည်။ **ပဥ္စာဝုဓပျို** အပိုဒ် ၁၈ တွင်-သွား၍ **အရှောက်**၊ နေ့ချင်းပေါက် အောင်၊ ရောက်လေဘုံဘိ - ဟူ၍၎င်း၊ **ကုသပျို** အပိုဒ် ၃၀၂ တွင် - **အရှောက်** ယနေ့၊ မအော့စံခန်း၊ ဘ၏ နန်းသို့၊ တဝန်းတလျား၊ ခြွေရံများနှင့်၊ ပြန်သွား တော့အံ့ - ဟူ၍၎င်း တွေ့ရသည်။

**စက်ရွှေဘုန်းမော်-**ဘုန်းကြီးသောရှင်ဘုရင်။

**ဘုရားလျာ-** ဘုရားအလောင်း သိဝိရာဇ်မင်းကြီး။

**စက္ခာယတန၊ ပသာဒ-**မျက်စိအကြည်ဓာတ်။ (ပါ။)

**အတိတ-** အတိတဘဝင်။ လွန်ခဲ့သောဘဝင်။

**ဥပါဒ်-** ဖြစ်ခြင်း။ (ပါ၊ ဥပ္ပါဒ။)
**ဋ္ဌီ-** တည်ခြင်း။ (ပါ၊ ဋ္ဌီတိ။)
**ဘင်-** ပျက်ခြင်း။ (ပါ၊ ဘင်္ဂ။)

**ဘဝင်** ရှိသည်ဟုဆိုရရုံဖြစ်၍ ဘဝ၏အကြောင်း အင်္ဂါမျှသာ ဖြစ်သောစိတ်။ အိပ်ပျော်သောစိတ်။ (ပါ၊ဘဝင်္ဂ။)

**စိတ္တက္ခဏ-** စိတ်၏ ဥပါဒ်၊ ဋ္ဌီ၊ ဘင်ဆိုသော ကာလ အပိုင်းအခြား။ စိတ်၏အသက်။ (ပါ။)

သတ္တရသာ- (ရုပ်၏အသက်ဖြစ်သော စိတ္တက္ခဏပေါင်း) တဆဲ့ခုနစ်။ (ပါ။)

တဒါရုံ- တဆဲ့ခုနစ်ချက်ရှိသော ဝီထိစိတ်အစဉ်၌ ဇော၏ နောက်လိုက် ဖြစ်သော နောက်ဆုံး စိတ္တက္ခဏ ၂ ခု။ (ပါ၊ တဒါရမ္မဏ။)

ဘဝင်ကျအောင်-ဘဝင်စိတ် ဖြစ်ပေါ် လာသည့်တိုင်အောင်။

သမထ- ကမ္မဋ္ဌာန်းထိုင်ခြင်း။ (ပါ။)

ကသိုဏ်းခွင်- ကသိုဏ်းရှုရသောဝန်းဝိုင်းသောအရာ။ ကသိုဏ်းဝန်း။ (ပါ၊ ကသိဏ။)

**ကသိုဏ်းခွင်ကို၊ သျှင်ပင်ရသေ့၊ မြင်စလေ့သို့-ယောဂီရသေ့သည် ကသိုဏ်းဝန်းကို အမြဲမြင်နေသကဲ့သို့။**

ဥပဇာတိ- ဂါထာ ၂ မျိုး၏ **လက္ခဏာ**တို့ ရောနေသော ပါဠိဂါထာတမျိုး၏အမည်။ (ပါ။)

## ၂၀

မာဃ- မာဃလုလင် ဖြစ်ခဲ့ဘူးသော သိကြားမင်း။ (ပါ။ မဃဝါ။)

ဝါသဝ- ရှေးဘဝများက စရပ်လှူခဲ့သော သိကြားမင်း။ (ပါ။)

ပုရိန္ဒ- ရှေးဘဝများက အလှူပေးခဲ့ဘူးသော သိကြားမင်း။ (ပါ၊ ပုရိန္ဒဒ။)

**သဟဿနေတ္တ**- အကျိုးစီးပွား တထောင်ကို တမုဟုတ်ချင်း ကြံစည်နိုင်သော သိကြားမင်း။ **သဟဿက္ခ** ဟူ၍ **သံယုတ်**တွင် ရှိသည်။ (ပါ။)

www.kelasa.org



**သက္က**- ရှေးဘဝများကအလှူကို ရိုသေစွာပေးလှူခဲ့ဘူးသော သိကြားမင်း။ (ပါ။)

သုဇမ္ပတိ- အသူရာနတ်သမီး သုဇာ၏ လင်ဖြစ်သော သိကြားမင်း။ (ပါ။)

ခြောက်ပါး- **သံယုတ္တနိကာယ်**၊ သက္ကသံယုတ်၊ ဒုတိယဝဂ်၊သက္ကနာမသုတ်တွင် ပါသော အထက်ပါ သိကြားအမည် ၆ ပါး။ အဘိဓာန်တွင် သိကြားပရိယာယ် ၂၀ ရှိသည်။ အဘိဓာန် ဋီကာတွင် ပရိယာယ်ကျန် ၁၇ ရှိသည်တို့နှင့် ခွဲခြား၍သိ။ အဘိဓာန်ဋီကာတွင်လာသော အနက်တို့နှင့်လည်း ခွဲခြား၍မှတ်။

**မာတလိ**- သိကြားမင်း၏ ဝေဇယန္တာ ရထားကို မောင်းနှင်သော ရထားထိန်း။ (ပါ။)

ဖျံ့ကြဖဝါး- ဖဝါးဖျံ့သည်။ သွားလာသည်။

ဂေဟာ- အိမ်။ (ပါ။)

အသူရိန်နတ်- နေလတို့ကို ဖမ်းကိုင်တတ်သော **နတ်မင်း၏အမည်**။ ရာဟု နတ်ဟူလည်း ထင်ရှားသည်။ **အင်္ဂုတ္တရနိကာယ်**၊ ဥပက္ကိလေသသုတ်လာ (၁) တိမ် (၂) ဆီးနှင်း (၃) အခိုး (၄) ရာဟု ဟူသောနေလတို့၏ အညစ်အကြေး ၄ ပါးတွင် (၅) မြူကိုထည့်၍ ၅ပါး ရှိပုံကို **ဒီဃနိကာယ်**၊ **မဟာသမယသုတ်** အဖွင့်တွင် ဆိုသည်။ ဤအညစ်အကြေး ၅ ပါးတွင် ရာဟု အသူရိန်ပါသည်။ (ပါ၊ အသုရိန္ဒ။)

သဗ္ဗကြတ်- အသူရိန်နတ်မင်းသည် နေဝန်း၏ မျက်နှာတခုလုံးကို ဖုံးအုပ် ဖမ်းကိုင်သည်။

**ကျတ်တီးပြင်-** မြက်သစ်ပင်မပေါက် ခြောက်ကပ်သော မြေမျက်နှာ အရပ်။

**အရေးသုံးပါး-** (၁) ပြည်ထဲရေး (၂) ဝမ်းရေး (၃) လွမ်းရေး။

၂၁

**ဒုလ္လဘ-** (၁) ဗုဒ္ဓုပ္ပာဒ ဒုလ္လဘ၊ ဘုရားအဖြစ် ရခဲခြင်း (၂) မနုဿပဋိလာဘ ဒုလ္လဘ၊ လူ့အဖြစ် ရခဲခြင်း (၃) သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ၊ သဒ္ဓါပြည့်စုံမှု ရခဲခြင်း (၄) ပဗ္ဗဇ္ဇ ဒုလ္လဘ၊ ရဟန်းအဖြစ် ရခဲခြင်း (၅) သဒ္ဓမ္မဿဝန ဒုလ္လဘ၊ တရားမှန်ကို နာရမှု ရခဲခြင်း ဟူသော ရခဲခြင်း ၅ ပါး။ **သုတ္တနိပါတ်အဋ္ဌကထာ၊** ဥရဂဝဂ်၊ ကသိဘာရဒွါဇသုတ် အဖွင့်။ (ပါ။)

**သတ္တဘာဂ-** ကိုယ်စောင့်နတ် ၁၁ ပါးတွင် ပါဝင်သည့် နဖူးစာ ရေးသောနတ်။ **သမန္တစက္ခု ဒီပနီကျမ်း၊** ပဌမအုပ်၊ မျက်နှာ ၉၄ ရှု။ (ပါ။)

**ဒေဝရာဇာ-** နတ်မင်း။ (ပါ။)

၂၂

**သံသရာ-** ရှေးကကျင်လည်ခဲ့ရသော ဘဝ အဆက်ဆက်။ (ပါ၊ သံသာရ။)

**နာနက္ခိ-** နာနက္ခဏိကကံ။ အကျိုးကို ဖြစ်စေသောကံ။ အပိုဒ် ၆၉ အဖြေရှု။

www.kelasa.org



**ဂတိငါးမည်-** (၁) ငရဲ (၂) ပြိတ္တာ (၃) တိရစ္ဆာန် (၄) လူ (၅) နတ်တို့၏ဘဝဌာနဖြစ်ခြင်း ၅ ပါး။

**ဘုံသုံးတည်-** (၁) ကာမဘုံ (၂) ရူပဘုံ (၃) အရူပဘုံ။

၂၃

**ဆယ်ရည်မင်းစံ-** မီးဖြင့် ဆယ်ကြိမ်လှော်၍ အညစ်အကြေး ထုတ်ထားသော စံပြုရသည့်ရွှေ။

**ရာဂီ-** ရွှေ၏အညစ်အကြေး။ (ပါ၊ ရာဂ၊ အစွန်းအထင်း။)

**ရာဂီဆံ-** ရွှေတွင် အညစ်အကြေးဝင်သည်။

**သံတကျာကျာ-** တတွတ်တွတ် ညည်းညူပြောဆိုသည်။

**သုနန္ဒာ-** သိဝိရာဇ်မင်းကြီး၏ ရထားထိန်း။ (ပါ။)

**ယဉ်မိန်း-** ယဉ်ကျေးသည်။

**သည်လျာ-** မယား။ (ပေါ။)

**မဟာဇနိန္ဒ-** လူတို့ကို အစိုးရသော မင်းမြတ်။ (ပါ။)

**အာလုပ်-** ရွှေရှုခေါ်ခြင်း။ (ပါ၊ အာလပန။)

**ဥပေန္ဒဝဇီရာ-** ထဆဲ့တလုံးဖွဲ့ ပါဠိဂါထာတမျိုး။ (ပါ။)

**သညာ-** အမည်။ (ပါ။)

**ဆန်းဂိုဏ်း-** ဆန်းအတတ်တွင် အက္ခရာ ၃ လုံးစု။ (ပါ၊ ဆန္ဒ+ဂဏ။)

၂၄

**အင်ကြင်းနေ့ဝ်ဇာ၊ ရင့်မာတော-စကြဝဠာ၏အချင်း ယူဇနာကို ပြသော** သင်္ကေတဆောင်ပုဒ်။ ယူဇနာပေါင်း ၁၂၀၃၄၅၀ ဆိုလိုသည်။ ဤဂဏန်းများကို ရအောင် တဖက်ပါ နံသင့်သချာနည်းဖြင့် တွက်ယူရသည်။

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | ရာဟု | | |
|---|---|---|---|---|---|---|---|---|---|
| အ | က—င | စ—ည | လ၊ ဝ | ပ—မ | သ၊ ဟ | ဋ—ဏ၊ တ—န | ယ၊ရ | နော ကိုး | နံ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၀ |

ဤသင်္ချာဇယားသည် သမန္တစက္ခုဒီပနီကျမ်း၊ ပဉ္စမအုပ်၊ ပုစ္ဆာ ၈၅ အဖြေတွင် လာသည့်အတိုင်းဖြစ်သည်။ သို့သော်လည်း ဤပျို့လာ အင်ကြင်းနေဒ်ဇာ စသည်ကို တွက်ယူရာတွင်ကား ရကောက်ကို ၄ ဂဏန်းယူ၍ တဝမ်းပူကို သုညယူရသည်။ ဝါဒကွဲတည်း။

စကြဝဠာအချင်းယူဇနာကို ပိဋကတ်သင်္ချာနည်းအရ-အမေဥက္ကလူ၊ ဥဘာဖြင့်ကူ၊ချင်းယူသင်္ချာမှတ်-ဟူ၍ ပညာကထာနကျမ်းတွင် အမှတ်ပြုသည်။ ဂုဠတ္ထဝိနိစ္ဆယ၊ ပဉ္စမအုပ်၊ မျက်နှာ ၅၁၃ လာပိဋကတ်သင်္ချာဇယားကို တဖက်တွင်ရှု။ ပိဋကတ်သင်္ချာကို ပဋိလောမ ကောက်ရသည်။



| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | အ အာ ဣ ဤ |
| ဋ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | ဥ ဦ ဧ ဩ |
| ပ | ဖ | ဗ | ဘ | မ | | | | | ဥ နံ |
| ယ | ရ | လ | ဝ | ၈ | ၆ | သ | ဟ | ဠ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၀ |

**ရှစ်သောင်းလေးထောင်**- စာသွားစာလာကို ထောက်သော် ဤသင်္ချာသည် စကြဝဠာတောင်၏ အမြင့်ယူဇနာကို ရည်ညွှန်းသည်ဟု ယူမှတ်ရန်ရှိသည်။ သို့ဖြစ်က ရှစ်သောင်းလေးထောင်မဟုတ်။ **ရှစ်သောင်းနှစ်ထောင်** သာ ဖြစ်ရာသည်။ **အာဒိကပ္ပ ကမ္ဘာဦးကျမ်း** မျက်နှာ ၃၇ ရှု။

**ကျောက်တောင်ရစ်ပွေ**- စကြဝဠာကို ရစ်ဝိုက်ကာရံထားသော ကျောက်တောင်။ စကြဝဠာတောင်။

**နေနှင့်လစက်၊ အတွင်းဖက်၌**- နေသွားလမ်း လသွားလမ်းတို့၏ အတွင်းဖက်၌ တောင်စဉ်ခုနစ်ထပ် ရှိသည်။

**ဆဘက်မလွဲ၊ ထမ်းပိုးကဲလျက်-** တောင်စဉ် ခုနစ်ထပ်မှာ အပြင်မှစ၍ ရေတွက်လျှင် (၁) အဿကဏ်၊အမြင့် ၆၅၆ ယူဇနာ၊ တဂါဝုတ် (၂) ဝိနတက၊ ၁၃၁၂ ယူဇနာ၊၂ ဂါဝုတ် (၃) နေမိန္ဓရ၊ ၂၆၂၅ ယူဇနာ (၄) သုဒဿန၊ ၅၂၅၀ ယူဇနာ (၅) ကရဝီက၊ ၁၀၅၀၀ ယူဇနာ (၆) ဤသဓရ၊ ၂၁၀၀၀ ယူဇနာ (၇) ယုဂန္ဓရ၊ ၄၂၀၀၀ ယူဇနာ ဟူ၍ ဖြစ်ကြသည်။ ဤတောင်တို့သည် အပြင်မှနေ၍ အတွင်းသို့ အမြင့်ယူဇနာ ထမ်းပိုးကဲလျက် တက်သွားကြသည်။

**ရေနှင့်တောင်-** မြင်းမိုရ်တောင်ကို သတ္တရဘန် တောင်စဉ် ခုနစ်ထပ် ဝန်းရံသည်။ တောင်စဉ်တို့၏ အကြား အကြားတွင် သီဒန္တရ သမုဒ္ဒခေါ် သီဒါ ခုနစ်တန် ရှိသည်။

**ပဥ္စအာလိန်-** မြင်းမိုရ်တောင်၏ အောက် ထက်ဝက်ပိုင်းရှိ အဆင့် ၅ဆင့်။ အောက်ဆုံးအဆင့်တွင် နဂါး စောင့်သည်။ ဒုတိယဆင့်တွင် ဂဠုန်၊ တတိယဆင့်တွင် ကုမ္ဘဏ်၊ စတုတ္ထ ဆင့်တွင် ယက္ခ၊ ပဥ္စမ ဆင့်တွင် ဂန္ဓဗ္ဗနတ် (စာတုမဟာရာဇ်နတ်) တို့ စောင့်ကြသည်။ (ပါ၊ ပဥ္စ+အာလိန္ဒ။ )

**လေးရောင်ရှိန်-** အရောင် ၄ပါး ဖြင့်ထွန်းတောက်သော မြင်းမိုရ်တောင်။

**ပုစ္ဆန်လက်-** ပုစ္ဆန်လက်မကို လုပ်သော အာလမ္ဗရစည်။ ဤစည် အကြောင်းကို အကျယ်သိလိုမူ ငါးရာ့ငါးဆယ်နိပါတ်၊ ကက္ကဋဇာတ် (အမှတ် ၂၆၇) ကိုရှု။

**ဍိဏ္ဍိမ-** စည်တမျိုး။ (ပါ။ )



**ဝိဇယ-** (သိကြား မင်း၏) ဝိဇယုတ္တရ ခရုသင်းဟု ဆိုလိုသည်လားမသိ။ (ပါ။ ) သို့တည်းမဟုတ် မုရဇဟု ရေးရင်းဖြစ်လေ သည်လား လည်းမသိ။ မုရဇ ဆိုက မုရိုးစည်ကို ဆိုလိုသည်။

**သံခြေ-** သာယာသောအသံ။

**မုရိုး-** စည်တမျိုး။

**တံပိုး-** လေမှုတ်တူရိယာတမျိုး။

**တံမြှာ-** လေမှုတ်တူရိယာတမျိုး။

**တံရှည်-** လေမှုတ်တူရိယာတမျိုး။

**မြှောက်စည်-** စည်တမျိုး။ ရုပ်ပုံကို **ကဗျာဗန္ဓသာရကျမ်း** မျက်နှာ ၅၂၆ တွင် တွေ့နိုင်သည်။

**ဒုံမင်း-** စည်တမျိုး။

**အနက်-** စီးပွားဥစ္စာ။

**ကြွယ်ဖြိုးအနက်-** စီးပွားဥစ္စာ ကြွယ်ဝသည်။

**ရွှေငုံလက်တင်ကြာဖူးတည်း-** ကြာဖူးကြာငုံ ပုံသဏ္ဌာန်နှင့် တူအောင် လက်ဝါးနှစ်ဖက်ကိုအပ်၍ လက်အုပ်ချီသည်။

## ၂၆

**ဝေယန္တာ-** အပိုဒ် ၁၆ ဝေဇယန်နှင့် အတူတူ။

**အချင်း-** ဤတွင် မြင်းစီနည်းကိုယူ။ မြင်းစီးနည်း ၃၇ မျိုးကို **မြန်မာစာညွန့်ပေါင်းကျမ်း** တတိယတွဲ မျက်နှာ ၅၅–၉၂ တွင် တွေ့နိုင်သည်။

**ဥာဏ်သွားမပြိန်း-** ဥာဏ်မထူဘူး။ ဥာဏ်ပါးသည်။ ပါးနပ်လိမ္မာသည်။

**သေဋ္ဌိ-** သဌေး။ (ပါ။ )

www.kelasa.org

**အကြောင်းနာမ**- အပိုဒ် ၁၀ နတ်သညီနှင့် အတူတူ။

**မိစ္ဆာ**- ချွတ်လွဲဖောက်ပြန်သော။ မိုက်မဲသော။ (ပါ။)

**ဝတိန်မြင့်ထက်၊ သုံးဆင့်တက်သား**-တာဝတိံသာနတ်ပြည်၏ အထက် သုံးဆင့်ဖြစ်သော နိမ္မာနရတိနတ်ပြည်။

**ငါးဆက်ဘုံသူ**- အပိုဒ် ၁၅ ငါးဆင့်ဘုံသူနှင့် အတူတူ။

၂၇

**မဟီတလ**- မြေအပြင်။ (ပါ။)

**နရအုပ်ဆောင်း**- လူတို့၏အုပ်ဆောင်းသဖွယ်ဖြစ်သော ရှင်ဘုရင်။

**ရောင်ကောင်းလျှံဝင်း**-ကိုယ်ရောင်တောက်ပသော ဥမ္မာဒန္တီ။

**နရာတမွတ်၊ လူမျှားထွတ်**-သီဝိရာဇ်မင်းကြီး။

**ပါသာဒ**- ပြာသာဒ် (ပါ။)

**မှန်ကူ**- နဖူးတွင် စန္ဒကူးနံ့သာ စသည်ဖြင့် မှတ်သောအမှတ်။

**မင်းမင့်းမှန်ကူ**- မင်းအပေါင်းတို့၏ မှန်ကူသဖွယ်ဖြစ်သော မင်းမြတ်။

၂၉

**နိမ္မာနရ၊ ဒေဝစီတာ**- နိမ္မာနရတိ နတ်ပြည်က နတ်သမီး။ (ပါ။)

**ကြန်ညီရုပ်ပုံ**- ကြန်အင်္ဂါတို့နှင့် ညီညွတ်သော ရုပ်ပုံ။

မြေမှုငုတ်ငုတ်၊ **ဆီးကိုစုတ်သို့**- မန်ကျည်းကို ခုတ်တော့ အိုသည်။ ဆီးကို ခုတ်တော့ ပျိုသည်—ဆိုသော စကားပုံကို သတိပြု။

**ငါးရာထောင်**- တထောင့်ငါးရာ **ကီလေသာ**။ အပိုဒ် ၉ **ထောင့်ငါးရာ** နှင့် အတူတူ။

www.kelasa.org



**ကျွန်းလေးပြာ**- (၁) အရှေ့ကျွန်း (၂) အနောက်ကျွန်း (၃) တောင်ကျွန်း (၄) မြောက်ကျွန်းဆိုသော ကျွန်းကြီး ၄ ကျွန်း။

**စကြာ**- စကြဝတေးမင်း၏ စကြာ ရတနာယာဉ်။ (သ။)

**ဝါတာမိဂ**- သမင်ပျံ။ (ပါ။)

၃၀

**နှစ်ပြန်အောက်**- မြင်းမိုရ်တောင်၏ ရေပေါ်အမြင့် ယူဇနာ ၈၄၀၀၀ နှင့် ရေအောက် ယူဇနာ ၈၄၀၀၀။ ဤယူဇနာပေါင်း ၁၆၈၀၀၀ အောက်တွင် မြင်းမိုရ်တောင်၏အောက်ခံဖြစ်သော ခုံလောက် ၃ လုံးရှိသည်။ အပိုဒ် ၉၇ အဖြေကို ရှုဦး။

**သခွတ်**- အသုရာပြည်၏ အထိမ်းအမှတ် သစ်ပင်။

**သခွဘ်နန်း**- အသုရာပြည်။

**ကသစ်**- တာဝတိံသာပြည်၏ အထိမ်းအမှတ်။ (၁) အသုရာပြည်၊ သခွတ်ပင် (၂) ဂဠုန်ပြည်၊ လက်ပံပင် (၃) ဇမ္ဗူဒိပ်ကျွန်း၊ သပြေပင် (၄) တာဝတိံသာ၊ ပင်လယ်ကသစ်ပင် (၅) အနောက်ကျွန်း၊ ထိမ်ပင် (၆) မြောက်ကျွန်း၊ ပဒေသာပင် (၇) အရှေ့ကျွန်း၊ ကုတ်ကိုပင် ဟူ၍ သစ်ပင်ကြီး ၇ ပင်ရှိကြောင်း **သာရတ္ထဒီပနီဋီကာ** တွင် ဆိုသည်။

**ရွှေတောင်**- မြင်းမိုရ်တောင်။

**နန်းညာတင်**- မိဖုရားခေါင်မြှောက်သည်။

**သုဇိတာ-** သိကြားမင်း၏ မိဖုရားခေါင်၊ အသုရာနတ်မင်း၏သမီး။ သုဇိတာ (သုဇာ) ကို အသုရာပြည်မှ သိကြားမင်း ဆောင်ယူ ပုံကို ငါးရာ့ငါးဆယ်နိပါတ်၊ ကုလာဝက ဇာတ် (အမှတ် ၃၁) တွင် ရှု။

**ကောသာ-** ဆံပင်။ (ပါ။)

**လောမာ-** မွေးညင်း။ (ပါ။)

**နခါ-** ခြေသည်း လက်သည်း။ (ပါ။)

**ဒန္တံ-** သွား။ (ပါ။)

**မံသံ-** အသား။ (ပါ။)

**တစော-** အရေထူအရေပါး။ (ပါ။)

**ပညာလူကုံ-** ပညာနှင့်ပြည့်စုံသူ။ ပညာရှိ။

**နီတုံဇမ္ဗူ-** ဇမ္ဗူရာဇ်ရွှေ။

**ခိုခြေ-** ခိုငှက်၏ခြေထောက်။ နီသောအရောင်ရှိသည်။

၃၁

**တဆဲ့လေးဆွေ၊ ဝန်းရစ်ခွေ-မြင်းမိုရ်တောင်ကို ရစ်ပတ်ထားသော သတ္တရ** ဘန်တောင်စဉ် ၇ ထပ်နှင့် သီဒါ ၇ တန်။ အပိုဒ် ၂၄ တောင်နှင့်ရေကို ရှုဦး။

**ဩဇာ-** အဆီအနှစ်။ (ပါ။)

**သုဒ္ဓါ-** နတ်တို့၏အစာ။ (ပါ၊ သုဓာ။)

**ရသေ့မြတ်အား၊ လျှုတုံငြားက-** တရံရောအခါ နာရဒ ရသေ့သည် တာဝတိံသာနတ်ပြည်မှ ပင်လယ်ကာသစ်ပန်းကို ယူ၍ ဟိမဝန္တာသို့ လာသည်။ အနဝတတ်အိုင်၌ ရေကစား သော သိကြားမင်း၏ သမီးတော် အာသာ၊ သဒ္ဓါ၊

www.kelasa.org



သီရိ၊ ဟီရိတို့ လေးဦးသည် ရသေ့ထံတွင် ကသစ်ပန်း ကို တောင်းသည်။ ထိုအခါ နာရဒရသေ့က ညီအစ်မ ၄ ဦးတွင် မြတ်သောသူကိုပေးအံ့ဟုဆိုသဖြင့် ညီအစ်မ ၄ ဦးတို့သည် ကောသိယ ရသေ့ထံ သွား၍ အဆုံး အဖြတ် ခံကြသည်။ ကောသိယရသေ့လည်း အထွေး ဆုံး ဟီရိအား သိကြားမင်း ပို့လှူလိုက်သော နတ် သုဒ္ဓါမှ စားဦးပေး၍ အမြတ်အဖြစ် ရွေးလိုက်သည်။ ထို့ကြောင့် ဟီရိနတ်သမီးသည် ပင်လယ်ကသစ်ပန်းကို ရသည်။ ။ငါးရာ့ငါးဆယ်နိပါတ်၊ သုဓာ ဘောဇန ဇာတ် (အမှတ် ၅၃၅)။

**ပုပ္ဖ-** (ပင်လယ်ကသစ်) ပန်း။ (ပါ။)

**ပုဏ္ဏာတိထိ-** လပြည့်နေ့။ (ပါ။)

**ပန္နသီ-** ၁၅ ရက်မြောက်သောနေ့။ (ပါ၊ ပန္နရသီ။)

**သဍ္ဍီ-** ၂၄ မိနစ်နှင့် ညီမျှသော ကာလအပိုင်းအခြား။ မြန်မာ နာရီ။ (ပါ၊ ဃဋိကာ။)

**သဍ္ဍီသုန်း-** ဃဍီ ၆၀ ပြည့်သော တကဲ့လပြည့်နေ့ဖြစ်သည်။

၃၂

**ဟိတ်-** (၁) လောဘ (၂) ဒေါသ (၃) မောဟ။ (၄) အ လောဘ (၅) အဒေါသ (၆) အမောဟ ဟူ၍ ဟိတ် ၆ ပါးရှိသည်။ (ပါ၊ ဟေတု။)

**အဟိတ်-** ဟိတ်ကင်းမဲ့သောစိတ်။ (ပါ။ အဟေတုက။)

**ပဝတ္တိ-** မွေးသည်မှ သေသည်အထိဖြစ်သော ကာလ။ (ပါ။)

**ကမ္မဇိဒ္ဓိ-** ကုသိုလ်ကံကြောင့် ဖြစ်သော တန်ခိုး။ (ပါ။)

**ဘူရိဒတ္တ-** ဘုရားလောင်း ဘူရိဒတ် နဂါးမင်းသည် ယမုနာမြစ်အနီး တောင်ပို့တခု၌ ဥပုသ်ဆောက်တည်နေသည်ကို ပုဏ္ဏားသားအဖ တွေ့သည်။ ဘုရားလောင်းသည် ပုဏ္ဏားသားအဖကို နဂါးပြည်သို့ဆောင်၍ ချမ်းသာစွာထားသည်။ သားအဖ နဂါးပြည်တွင် ငြီးငွေ့၍ လူ့ပြည်သို့ ပြန်မည်ပြုသောအခါ ဘုရားလောင်းက ပတ္တမြားရှင်ကို လက်ဆောင်အဖြစ် ပေးသည်။ ပုဏ္ဏားသားအဖတို့မယူ၊ ငြင်းပယ်လေသည်။

**ရှေးဦးထပ်၌၊တပ်ကြပ်ယူရာ၊ မပယ်သာ-**လပ်ဦးလပ်ဖျားကို မပယ်ကောင်းဆိုသောအစဉ်အလာ စကားကို ရည်ညွှန်းထားသည်။

၃၃

**ရော-** ကြီးသည်။
**မာလာ-** ပန်း။ (ပါ။)
**မိကျောင်း-** မိကျောင်းရုပ်ပုံ လုပ်ထားသော ကြိုးတပ်တူရိယာ။
**မျက်မှောင်-** မျက်ခုံး။
**သံပရာဖျား-** နားရွက်သည် သံပရာရွက်၏ အဖျားပိုင်းနှင့် တူသည်။
**သနစ်-** အဖြစ်သနစ်။ အကြောင်းသနစ်။
**ကြင်ရေးသွဲ့-** ချစ်ခင်ဖို့အရေးအတွက် ဆက်သွယ်သည်။

၃၄

**ဥဒည်းတောင်-** နေထွက်ရာ တောင်။ နေထွက်တောင်။ (ပါ၊ဥဒယ။)
**တသန်းကွာ-** ယူဇနာတသန်း ဝေးကွာသည်။
**ဖန်ဘုံနန်းလည်း၊ တသန်းကွာဝယ်-**နေနှင့်လတို့ မျက်နှာချင်းဆိုင် သမသတ်ဖြစ်သော အခါ တခုနှင့်တခု ယူဇနာ တသန်းကွာသည်။ ယင်းအခါလပြည့်သည်။

www.kelasa.org



**ကြက်သငယ်-** ကြတ္တိကာနက္ခတ်။ ဖျောက်ဆိပ်ကြယ်။
**ဝန်းသောခါ-** တန်ဆောင်မုန်းလပြည့်နေ့ဟုဆိုလိုသည်။ အပိုဒ်၁၄ကို ပြန်ကြည့်။
**ဝေဟာ-** မိုးကဲ့သို့မြင့်သော။ (ပါ၊ ဝေဟာသ။)
**ဣတ္တိကိစ္စ-** မိန်းမမြတ်တို့၏ ကြန်အင်္ဂါလက္ခဏာ။ (ပါ။)

၃၅

**မုတ္တ-** ပုလဲ။ (ပါ၊ မုတ္တာ။ )
**ပန်းလွှာ-** တလွှာတည်းသော အဝတ်။
**ရောင်လွှတ်ရှုပ-** ကိုယ်ရောင်တောက်ပသောရုပ်။
**မာလုဝ-** နွယ်ပင်။ မာလောနွယ်။ (ပါ။ )

၃၆

**သားရရား-** တင့်တယ်လှပသည်။
**ကျီးအာ-** နီရဲသောကျီးအာသီးအမှည့်။
**အောက်ထက်စုရုံး၊ ....**ရွှေရေမြှုပ်- ဗိန္ဒုတ္တနီ၊ ရေပြွက်ကဲ့သို့ ဝန်းသော သားမြတ်-ဟူ၍ဇာတ်တွင်ဆိုသည်။
**ရေသားပဒုံ၊ကြာရွက်ပုံနှင့်-**ပုဏ္ဍရီကတ္တစင်္ဂီ၊ ကြာနီအဆင်းနှင့် တူသော အရေ—ဟူ၍ဇာတ်တွင်ဆိုသည်။

၃၇

**စက်အုံးမှီကာ၊ မပျော်ပါတည့်၊ သပြာထောင်လုံး၊ ဥစ္စာရှုံးသို့-**အသပြာတထောင်ရှုံးသော သူကဲ့သို့ ငါ သိဝိရာဇ်မင်းကြီးသည် မအိပ်နိုင်—ဟူ၍စာစပ်ကာအမိပ္ပာယ်ယူ။

**မေရု-** မြင်းမိုရ်တောင်။ (ပါ။ )
**သံခြေ-** သာယာသောအသံ။

၃၈

**ဒွါရ** တံခါးပေါက်။ (ပါ။ )
**ထွက်သံ-** အလိုဆန္ဒကိုထုတ်ဟပြောဆိုခြင်း။

၃၉

**ကြက်သငယ်နှ၊ ပြိုင်လာစုသို့-** ကြက်ကလေးများ စုနေသည်နှင့်တူသော ကြတ္တိကာနက္ခတ်။
**ဘုန်းဟေ့-** ဘုန်းရှိသောသူ။
**ကျီးနှယ်ရိပ်ခြည်၊ သိတတ်သည်-**အပိုဒ် ၅၆ လာ **သုပတ္တဇာတ်**ကိုကြည့်ပါ။

၄၀

**မဏိမေခလာ၊....ဗိရဏီ-** အပိုဒ် ၁၈ အဖြေကိုပြန်ကြည့်။
**သမုတိနတ်-** လောကတွင် နတ်ဟူ၍ သမုတ်အပ်သော ရှင်ဘုရင်။
**သဘင်လည်-** ပွဲလျှောက်ကြည့်သည်။
**နက်တံ-** နက်နဲသည်။ (ပေါ။)

၄၁

**သေနာပတိ-** စစ်သူကြီး။ (ပါ။)
**ပြည်ကြီးတန်ဆောင်-**တိုင်းပြည်၏ တန်ဆောင် ဆီမီးသဖွယ် ဖြစ်သော ရှင်ဘုရင်။
**လွန်းကြင်-** အဖိုအမ လည်ချင်းယှက်၍ ချစ်ခင်ကြင်နာစွာ နေတတ်သည်ဆိုသော ငှက်တမျိုး။
**တပြက်လျှပ်-** လျှပ်စီးတခါပြက်။



**အဆော-** အလျှင်အမြန်။ **အစော**ဟူ၍ရှိလျှင် အသျှင်သခင်ဟု အနက်ဆို။

**တောင်ပေါ်ကြီးက၊ တွန်းလိုက်ချသား၊ မိန်းမအသွင်-**ရှေးသရော အခါ ဗာရာဏသီ ပြည်၌ ခိုးသူကြီး သတ္တုကနှင့် မယား ပြည့်တန်ဆာမ သုလသာဟူ၍ ရှိကြသည်။ ခိုးသူကြီး သည် သုလသာ၏ လက်ဝတ် တန်ဆာကို ယူလို၍ တောင်ထွတ်မှ တွန်းချမည်အကြံနှင့် ခေါ်သွားသည်။ ခိုးသူကြီး၏ အကြံကို သိသောအခါ သုလသာသည် ခိုးသူကြီးအား ကန်တော့ချင်ယောင်ဆောင်၍ တောင် ထက်မှ တွန်းချသည်။ **ငါးရာ့ငါးဆယ်နိပါတ်၊** သုလသာ ဇာတ် (အမှတ်၄၁၉)။

၄၂

**အမရာ** မဟောသဓာ သုခမိန်သည် တောကျေးလက်မှ အမရာ ကို ခေါ်ဆောင်ခဲ့၍ မိထိလာမြို့ တံခါးမှူး အိမ်တွင် ခေတ္တထားခဲ့သည်။ ထိုနောက် လုလင်ပျိုမင်းချင်းတို့ကို အသပြာတထောင်ထုပ်နှင့် သွား၍ အမရာ၏ စိတ်ကို စမ်းကြလေဟုခိုင်းသည်။မင်းချင်းတို့သည် အမရာထံသို့ သွား၍ မင်းကြီး၏ သားတော်က အသပြာတထောင် ထုပ်နှင့် လွှတ်လိုက်ကြောင်းဆိုကာ ဖြားယောင်းသည်။ ထိုအခါ အမရာက မောင်ကြီးတို့၊ဤအသပြာတထောင် သည်ကား ကျွန်ုပ်လင်၏ ခြေဖဝါး၌ကပ်သော မြူလုံး လောက် မျှ အဖိုးမထိုက်–ဟုဆိုကာ ငြင်းပယ်လိုက် သည်။ အမရာသည် ဤသို့သစ္စာရှိသည်။ တော်ဖြောင့် မှန်ကန်သည်။ ဤအကြောင်းကို **မဟောသဓာဇာတ်**

**တော်ကြီးဝတ္ထု**တွင် သာမက **မိလိန္ဒပဉှာဝတ္ထု** အမရာ ဒေဝီပဉှာတွင်လည်း တွေ့နိုင်သည်။

**ကိန္နရီ-** ဗာရာဏသီမင်းသည် တောသို့ စန္ဒကိန္နရီ လင်မယားကို တွေ့၍ စန္ဒကိန္နရီကိုနှစ်သက်သောကြောင့် စန္ဒကိန္နရာကို လေးနှင့် ပစ်ပြီးလျှင် စန္ဒကိန္နရီကို ချစ်ကြိုက်စကား ဆိုသည်။ ကိန္နရီမလည်း ဖြားယောင်းသည်ကို လက်မခံပဲ နတ်တို့ကို တိုင်ကြားသဖြင့် သိကြားမင်းလာ၍ မသည်။ **ငါးရာ့ ငါးဆယ် နိပါတ်၊** စန္ဒကိန္နရ ဇာတ် (အမှတ် ၄၈၅)။

**မဒ္ဒီ-** မဒ္ဒီဒေဝီမိဖုရားသည် ပြည်နှင်ဒဏ်ခံရသော ဝေဿန္တရာ မင်းကြီး နှင့် မခွဲ မခွာပဲ သားရဲ တို့ဖြင့် ပြွမ်းသော တောနက်သို့ လိုက်၍ မင်းကြီးကို သစ္စာ ရှိစွာ ပြုစု လုပ်ကျွေးသည်။

**သမ္ဗုလာ-** သမ္ဗုလသည် ဗာရာဏသီ မင်းကြီး၏သား သောတ္ထိ သေန၏ မိဖုရားဖြစ်သည်။ သောတ္ထိသေနသည် ကုဋ္ဌ နူနာ စွဲသဖြင့် တောသို့ထွက်၍ နေ ရ သော အခါ သမ္ဗုလလည်း အတူ လိုက်၍ ပြုစု နေ ထိုင် သည်။ တနေ့သောအခါ တယောက်သော ဒါနဝဘီလူးသည် သမ္ဗုလကို တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ မိမိကို ကြိုက်ရန် ခြိမ်းခြောက် ဖြားယောင်းသည်။ သမ္ဗုလ သည် လက်မခံ။ နတ်တို့ကိုတိုင်တည်သည်။ သိကြား မင်းလာ၍ ကယ်တင်လိုက်သည်။ ဤမိဖုရား အမည်ကို ဘကုန်းအက္ခရာနှင့် အတွေ့ရများသော်လည်း ဇာတ် ပါဠိတွင် ဗထက်ခြိုက်နှင့် ရှိသည်။ **ငါးရာ့ငါးဆယ် နိပါတ်၊** သမ္ဗုလာဇာတ် (အမှတ် ၅၁၉)။

www.kelasa.org



**တော်မလေးဝ-** တော်ဖြောင့်မှန်ကန်သော အမျိုးသမီး ၄ ဦး။ သစ္စာ ရှိသော မိန်းမမြတ် လေးယောက်။

**သီလာစက်ဝန်း-** စကြဝဠာတိုက်။

**ဥဒါန်း-** ပြောစမှတ်စကား။ (ပါ၊ ဥဒါန။)

၄၃

**ကိုးမည်အင်္ဂါ-** စစ်သူကြီးအင်္ဂါ ၉ ပါး။ (၁) ရန်သူကို နှိပ်နင်းခြင်း၌ လိမ္မာခြင်း (၂) အောင် မြေ အ ရပ် ကို သိ ခြင်း (၃) အရေးမသာ၍ ဆုတ်ခွာခဲ့ရသည်ရှိသော် ရဲမက် စစ်သည် ဗိုလ်ပါတို့ကို မစွန့်၊ အုပ်ထိန်း၍ ဆုတ်ခွာနိုင် ခြင်း (၄) ရဲမက်စစ်သည်ဗိုလ်ပါတို့နှင့် ဆင်းရဲချမ်းသာ မျှတခြင်း (၅) ခွန်အားနှင့် ပြည့်စုံခြင်း (၆) စင်ကြယ် သော အကျင့်နှင့် ပြည့်စုံခြင်း (၇) သေနင်္ဗျူဟာ ကျမ်းကို တတ်ခြင်း (၈) ဆင်စီးမြင်းစီး စသည်၌ လေ့လာပွန်းတီးခြင်း (၉) လုံ့လဝီရိယနှင့် ပြည့်စုံခြင်း။ **ရာဇသေဝကဒီပဏီကျမ်း၊** မျက်နှာ ၃၀၉။

**ဇမ္ဗူကြုတ်-** ရွှေကြုတ်နှင့်တူသော ခံတွင်း။

**ညဉ်းကားရွှေ၊ ငွေကားသန်းခေါင်-** တရံရောအခါ ဘုရားအလောင်းသည် ဥဒယဘဒ္ဒ အမည်ဖြင့် မင်းဖြစ်သည်။ သူ၏မိဖုရားမှာ ဥဒယဘဒ္ဒါအမည်ရှိ၏။ ဥဒယဘဒ္ဒမင်းသည် သေလွန်၍ သိကြား ဖြစ်သောအခါ သူ၏ မိဖုရားဟောင်း ဥဒယ ဘဒ္ဒါထံသို့ လူယောင်ဖန်ဆင်း၍ လာပြီးလျှင် ရွှေဒင်္ဂါး ဖြင့် ပြည့်သော ရွှေခွက်၊ငွေခွက်၊ကြေးခွက်တို့ကို လက် ဆောင်အဖြစ် ပေး၍ အကြိမ်ကြိမ် ဖြားယောင်းသွေး ဆောင် သော် လည်း ဥဒယဘဒ္ဒါသည် လက်မခံ။

ဤငါးရာ့ငါးဆယ် နိပါတ်၊ ဥဒယဘဒ္ဒဇာတ် (အမှတ် ၄၅၈)လာ ဝတ္ထုတွင်ကဲ့သို့ မိမိအား သိကြားမင်းလာ၍ ညဦးကား ရွှေလင်ပန်း၊ သန်းခေါင်ထွင် ငွေလင်ပန်း၊ အရုဏ်တက်ဘွင် ကြေးလင်ပန်း တို့၌ ပတ္တမြားထည့်၍ ဖြားယောင်းသော်လည်း လက်ခံမည်မဟုတ်ဟု ဥမ္မာဒန္တီက ဆိုဟန်ဖြစ်သည်။

၄၄

**နှုတ်ခြေင်-** ယဉ်ကျေးသောနှုတ်ထွက်စကား။

**သံတခြည်းခြည်း-** အသံသာယာစွာ။

**ယွန်းဆက်ဘုံ-** လည်ပေါ်ထပ် မိုးထားသောအဆောင်။

**သလွန်ကြာညောင်-** ကြာဖူးကြာပွင့်ပုံ ညောင်ရွက်ပုံတို့ ပြုလုပ် တန်ဆာဆင်ထားသောသလွန်။

**သွဲ့ဝဲ့-** သွယ်ဝိုက်လှည့်ဖြားသည်။

**ရာရှစ်တန်-** ၁၀၈ ပါးသောတဏှာ။ တဏှာ ၃ ပါး × အာရုံ ၆ ပါး × ကာလ ၃ ပါး × သန္တာန် ၂ = ၁၀၈ ပါး။ သရုပ်ကား– (၁) ကာမတဏှာ (၂) ရူပတဏှာ (၃) အရူပတဏှာ။ (၁) ရူပါရုံ (၂) သဒ္ဒါရုံ (၃) ဂန္ဓာရုံ (၄) ရသာရုံ (၅) ဖောဋ္ဌဗ္ဗာရုံ (၆) ဓမ္မာရုံ။ (၁) အတိတ် ကာလ (၂) ပစ္စုပ္ပန်ကာလ (၃) အနာဂတ်ကာလ။ (၁) အဇ္ဈတ္တသန္တာန် (၂) ဗဟိဒ္ဓသန္တာန်။

**မြက်မြက်-** ထင်ရှားစွာ။

www.kelasa.org



**ပျက်စီးခဲ့ပြီ-** ရှင်မသည် ငါ့ကိုဖျက်ဆီး အပ်၏–ဟုဆိုလိုသည်။ ပါဠိလို– နာသိတောမှိတယာ–ဟုရှိသည်။ ပျို့စကားနှင့် ဇာတ်စကား အဆိုမတူ။ သတိပြု။

**မဟီတလ-** မြေမျက်နှာပြင်။ (ပါ။)

၄၅

**ကွန်းပြောက်-** ဆေးရောင်စုံ ရေးထားသော နန်းတော်။

**သလွန်-** သလွန်တွင် ခြူးပန်း၊ တုရင်၊ လက်တင်၊ နရားရုပ်၊ အုံးတား၊ စာမရီပန်းကိုက်ပုံ၊ ငှက်ခြေတို့သည် အစိတ်အပိုင်းများဖြစ်သည်။ ရွှေဘုံနိဒါန်း (၁၉၆၀ ပုံနှိပ်) ရှု။

**လက်တင်-** သလွန်၏ လက်ဝဲ လက်ျာတွင် အုံးတားနှင့် ဆက်၍ လုပ်ထားသော အကာ။

**အုံးတား-** သလွန်၏ ခေါင်းရင်းတွင် လုပ်ထားသော အကာ။ ခေါင်းအုံးလျှောမကျအောင် တားထားခြင်းဖြစ်သည်။

**ငှက်ခြေ-** သလွန်၏ ခြေထောက်ကို ငှက်ခြေထောက်ပုံ လုပ်ထားသည်။

**ဖြူလွှရိပ်-** ထီးဖြူတော်။

**ကတွတ်ရေ့နှယ်-** လယ်ကွက်ထဲရှိ ကတွတ် ပေါက်က ရေကျသကဲ့သို့ (တသွတ်သွတ် တတွတ်တွတ် ဆိုမြည်သည်။)

**ပြည်ကြီးပခုံး၊ ပြည်လက်ရုံး-** တိုင်းပြည်၏ ပခုံးသဖွယ် လက်ရုံးသဖွယ် ဖြစ်သော စစ်သူကြီး။ ပခုံးဖြင့်ဝန်ကို ထမ်းရသည်။ လက်ရုံးဖြင့် ရန်သူကို ကာကွယ်ရသည်။

**ပြင်းဝှန်ရောဂါ-** မူတို့တွင် ပြင်းဝှန်ရောင်ဝါ–ဟူ၍ရှိသည်ကို ယုတ္တိအဘက်ထောက်၍ ပြင်းဝှန်ရောဂါ–ဟု ပြင်လိုက်သည်။

**ပြင်းဝှန်-** သည်းထန်သည်။

၄၆

**နရပတိ-** လူတို့၏ အရှင်ဖြစ်သော ရှင်ဘုရင်။ (ပါ။)

**နိမိတ်-** ဖြစ်လတ္တံ့သော အကောင်းအဆိုးတို့ကို ကြိုတင်ညွှန်ပြသည်ဟု ယူမှတ်ကြသော အကြောင်းအချက်။ (ပါ၊ နိမိတ္တ။)

**အတိတ်ပုစံ-** ရှေးက ဖြစ်ပျက်ဖူးသော အကြောင်းအရာ။

**အခိုးမစည်-** ဘုရားစေတီမှ အခိုးထွက်ခြင်း။

**မျက်ရည်မယို-** ဘုရားဆင်းတုတော် မျက်ရည်ယိုခြင်း။

**ရှစ်လုံးဂြိုဟ်-** လူတို့၏ ကံကြမ္မာကို ဖမ်းကိုင် ဖန်တီး နိုင်သည်ဆိုသော ကောင်းကင် ကြယ်ကို ဂြိုဟ် ခေါ် သည်။ (၁) တနင်္ဂနွေဂြိုဟ်=နေမင်း (၂) တနင်္လာဂြိုဟ်=လမင်း (၃) အင်္ဂါဂြိုဟ် (၄) ဗုဒ္ဓဟူးဂြိုဟ် (၅) ကြာသပတေးဂြိုဟ် (၆) သောကြာဂြိုဟ် (၇) စနေဂြိုဟ် (၈) ရာဟုဂြိုဟ်=အသူရိန်နတ် ဟူ၍ ဂြိုဟ် ရှစ် လုံး ရေတွက်သည်။ (၉) ကိတ်ဂြိုဟ်ကို ထည့်လျှင် ၉ လုံး ဖြစ်သည်။

**ရွှေတိုးနောက်သွား၊ ကျားသို့ခြသေ့်-** ဂြိုဟ်တို့ ဗျဂ္ဃစာ သီဟစာ ကျင့်ခြင်း။ အပိုဒ် ၆ ခက်ဆစ် အဖြေရှု။



**မရွှေ့တုံပဲ၊ အမြဲမနေ-** ဂြိုဟ်တို့ နိယထုံကျင့်ခြင်း။ အပိုဒ် ၆ ခက်ဆစ် အဖြေရှု။

**တမ်းခွန်မပြ-** ဂြိုဟ်တို့၌ တံခွန်သဏ္ဌာန် အခိုးထွက်ခြင်း။

**ခိုးမထတည့်-** နေလစသောဂြိုဟ်တို့တွင် မီးလျှံကဲ့သို့ အခိုးထွက်ခြင်း။

**နေကနှစ်စင်း-** နေ၌တခု အထူးထင်၍ နေ ၂ ခု ပြိုင်သကဲ့သို့ ရှိခြင်း။

**လမင်းဓဇ-** လမင်း၌ တံခွန်သဏ္ဌာန် အခိုးထွက်ခြင်း။ (ပါ၊ ဓဇ၊ တံခွန်။)

**ယက္ခကိုယ်ထင်-** ဘီလူး ကိုယ်ထင်ပြခြင်း။

**မြစ်ရေညာစီး-** မြစ်ရေသည် အထက်သို့ ပြန်စီးခြင်း။

**မြေကြီးတောင်ထွတ်၊ နတ်သမီးကမ်း၊ အက်ခြမ်းပြိုကွဲ-** တောင်ပြိုခြင်း၊ ကမ်းပါးပြိုခြင်း။

**ပြောင်းစံကျောက်တည်-** ကျောက်စိုင် ကျောက်တုံး ကြီးများ နေရာရွှေ့ခြင်း။

**မြတ်ရောင်ခြည်-** ဘုရားပုထိုး ရောင်ခြည်လွှတ်ခြင်း။

**နတ်ချည်လွင့်ဟန်-** လေထဲတွင် နတ်ချည်မျှင်များ လွင့်ခြင်း။

**မပြန်နေရိပ်-** နေရိပ်မပြန်ခြင်း။ စွယ်စုံကျော်ထင်ကျမ်း၊ ဒုတွဲ၊ မျက်နှာ ၃၂၁၊ မင်းပြောင်းလဲမည်၊ နိမိတ်သည်၊ အရှည်မှတ်ပုံ ဘယ်သို့နည်း ဟူသော ပုစ္ဆာ၏အဖြေ၌ အရိပ်ပြန်သွား ဟူ၍ ရှိသည်။ အရိပ်တိုမည်သည် အလင်းရောင်လာရာမှ အခြားဖက်သို့ ထိုးကျမြဲ ဖြစ်သည်။ အလင်းရောင်ဖက်သို့ ပြန်၍ထိုးကျမြဲမဟုတ်။ အလင်း

www.kelasa.org

ရောင်ဖက်သို့ အရိပ် ပြန်သည်ကို အရိပ် ပြန်သွားဟု ခေါ် သည်ယူရန်ရှိသည်။

**နိမိတ်ကျွန်း**- ဇမ္ဗူဒိပ်ကျွန်းကို နိမိတ်ကျွန်းဟု ခေါ် သည်။ ကမ္ဘာဦး အခါက ဤကျွန်းပေါ် မည့် နေရာတွင် ပွင့်လတ္တံ့သော ဘုရားတို့ကို ရည်ညွှန်း၍ ပရိက္ခရာစုံပါသော ကြာပွင့်နှင့် ကြာပင် ပေါက်သည်။ ထိုကြာပွင့် အရေအတွက်ကို ကြည့်၍ ဗြဟ္မာကြီးတို့က ဘုရားတဆူပွင့်မည်၊ နှစ်ဆူ ပွင့်မည် စသည်ဖြင့် နိမိတ်ဖတ်ကြသည်။ ထို့ကြောင့် ဤကျွန်းကို နိမိတ်ကျွန်း ခေါ် သည်။

**နရစိုး**- ဖမ်းစားတတ်သော နတ်တမျိုး။ (ပါ၊ နရဒေဝ။)

**ဘူမဒေဝါ**- မြေကိုစောင့်သော ဘုမ္မစိုးနတ်။ (ပါ။)

**မျက်ကြူတ်ကိုးတန်**- ရန်ငြိုးဖွဲ့ခြင်း အကြောင်း ၉ ပါး။ အာဃာတဝတ္ထု ၉ ပါး။ (က) ဤသူသည် ငါ၏ အကျိုးမဲ့ကို (၁) ရှေး၌လည်းပြုပြီ (၂) ယခုလည်းပြုဆဲ (၃) နောင်လည်း ပြုလတ္တံ့ဟု မိမိ ကိုယ်ကို စွဲ၍ ၃ ပါး။ (ခ) ဤသူသည် ငါချစ်သောသူ၏ အကျိုးမဲ့ကို (၄) ရှေး၌လည်းပြုပြီ (၅) ယခုလည်းပြုဆဲ (၆) နောင်လည်းပြုလတ္တံ့ဟု မိမိချစ်သောသူကိုစွဲ၍ ၃ ပါး။ (ဂ) ဤသူသည် ငါမုန်းသောသူ၏ အကျိုးစီးပွားကို (၇) ရှေး၌လည်း ပြုပြီ (၈) ယခုလည်း ပြုဆဲ (၉) နောင်လည်း ပြုလတ္တံ့ဟု မိမိရန်သူကိုစွဲ၍ ၃ ပါး။ပေါင်း ရန်ငြိုး ဖွဲ့ခြင်း အကြောင်း ၉ ပါး။ ။မိမိချစ်သူ၊ မုန်းသည့်သူ၊ သုံးဆူ ကြောင်းကိုး၀။ ။အတိတ်၊ ပစ္စုပ္ပန်၊ နာဂတ်မှန်၊ ယှဉ်ရန် အကြောင်းပြ–ဟူ၍ သံပေါက်ရှိသည်။



**မြေ၌နံရှုပ်၊ နှံမြုပ်ပြုစား**- ရုပ်ထားနာမ်ထား ပြုစားခြင်း။ မိမိမနှစ်သက် သူ၏အရုပ်ကိုလုပ်၍ ထိုသူ၏ မွေးနံကို ရင်ဘတ်တွင် ရေးမှတ်ကာ မြေမြှုပ်ပြုစားခြင်း။

**ဘုရားနတ်ဝင်**- ဤတွင်–ဘုရား – အစား – ဟူးရား – ရှိလျှင် ယုတ္တိ တန်ရာသည်။ ဟူးရားကား ဗေဒင်ပညာရှိတမျိုးတည်း။

၄၇

**ပြည်မျက်စိ**- တိုင်းပြည်၏ မျက်စိသဖွယ် ဖြစ်သော ဟူးရား ဗေဒင် ပညာရှိများ။

**သုန်း**- ကုန်ခန်းသည်။ (ပါ၊ သုည။)

**သင်ပုန်း**- ကန့်ကူဆံနှင့် စာရေးရသော ဂဏန်း တွက်ရသော သစ်သားသင်ပုန်း။ ရှေးကသုံးသည်။ ယခုကျောက်သင် ပုန်းကိုသုံးသည်။

**ဇာတာ**- တစုံတယောက် မွေးဖွားချိန် တစုံတခု ဖြစ်ပေါ် ချိန် တွင် ဆယ့်နှစ်ရာသီအခွင်၌ ဂြိုဟ်နက္ခတ်များ ရောက်နေ ပုံ။ (သ၊ ဇာတက။)

**အာယုတော်စန်း**- တနင်္လာဂြိုဟ် (=စန်း။စန္ဒ)ကို အခြေထား၍ အသက် ပိုင်း (=အာယု) ကို ဟောသော ဗေဒင်နည်း။ တွက် နည်းကို **ဗေဒဝိဇ္ဇာလင်္ကာရကျမ်း**၊ မျက်နှာ ၂၇၃ ၌။

**ကဏ္ဍခန်း**- အဿဝဏီနက္ခတ်မှ အဿလိဿ နက္ခတ်အထိ နက္ခတ် ၉ လုံးနှင့် ပါဒ်စွန်းမရှိ ကိုက်ညီ ယှဉ်ပြိုင်တည်ရှိသော ကရကဋ်ရာသီ၊ မာဃမှ ဇေဋ္ဌအထိ နက္ခတ် ၉ လုံးနှင့် ပါဒ်စွန်းမရှိ ကိုက်ညီ ယှဉ်ပြိုင် တည်ရှိသော ဗြိစ္ဆာရာသီ၊ မူလမှ ရေဝတီအထိ နက္ခတ် ၉ လုံးနှင့် ပါဒ်စွန်းမရှိ

www.kelasa.org

ကိုက်ညီ ယှဉ်ပြိုင် တည်ရှိသော မိန်ရာသီ။ ဤ ၃ ရာသီကို ကဏ္ဍ ခေါ်သည်။ (ပါ၊ ကဏ္ဍ။)

**မရဏ-** ဇာတာတွင် သေခြင်းအိမ်။ (၁)တနု (၂)ကုဋုမ္ဗ (၃) သဟဇ (၄) ဗန္ဓု (၅)ပုတြ (၆) အာရိ (၇) ပထဝီ (၈) မရဏ (၉) သုဘ (၁၀) ကမ္မ (၁၁)လာဘ (၁၂)ဗျာယဟုရွတ်ဆိုကာ လဂ်ရာသီမှ လက်ဝဲရစ်ရေတွက်သော် ၈ ခုမြောက် ရာသီကို မရဏ အိမ်ခေါ်သည်။ (ပါ။)

**ဗျာယ-** ဇာတာတွင် ပျက်စီးခြင်းအိမ်။ အထက်ပါ အတိုင်း လဂ်ရာသီမှ လက်ဝဲရစ် ရေတွက်သော် ၁၂ ခုမြောက် ရာသီကို ဗျာယအိမ်ခေါ်သည်။ (ပါ။)

**အာရိ** ဇာတာတွင် ရန်ရှိခြင်းအိမ်။ အထက်ပါအတိုင်း လဂ် ရာသီမှ လက်ဝဲရစ် ရေတွက်သော် ၆ ခုမြောက်ရာသီကို အာရိအိမ်ခေါ်သည်။ အကျယ်ကို **အာယုစိန္တာဒီပနီ** နှင့် **ကမ္မာဇီဝါဒိ ဒီပကကျမ်း** တို့တွင်ရှု။

**အာယုတော်စန်း၊....**မှီသည်မရှိ-သီဝိရာဇ်မင်း၏ အာယုစန်းသည် ကဏ္ဍ ၃ ရာသီ (ကရကဋ္ဋ၊ ဗြိစ္ဆာ၊ မိန်) နှင့် အာရိ၊ မရဏ၊ ဗျာယ ၃ အိမ်တို့၌ မခိုမမှီ။

**ဓိပတိ-** အဓိပတိ နက္ခတ်။ သက္ကရာဇ် ကိုတည်။ ၁၅ နှော။ ၂၇ နှင့်စား။အကြွင်း အဓိပတိနက္ခတ်ဖြစ်သည်။(ပါ။)

**ဆယ်ပါးတိုင်-** ကောင်းကျိုးဆိုးကျိုးဟောရာ၌အချက်အချာကျသော တိုင် ၁၀ပါး။ အကျယ်ကို **အလွယ်ဆုံးဇာတာဖွဲ့နည်းကျမ်း၊** မျက်နှာ ၁၀၃ တွင်ရှု။



**ခေတ်ပုည-** ခေတ်တိုင်နှင့် ပုညတိုင်။ ခေတ်တိုင်ခိုင်ခြင်း၏ အကျိုးကား ခေတ် ၄ ပါး ညီမျှခြင်း။ ပုညတိုင်ခိုင်ခြင်း၏ အကျိုးကား ကုသိုလ်ကောင်းမှု ပြုရခြင်း။

**စစ္စလီ-** နက္ခတ် ၂၇ လုံးကို အခန်း ၂ ခန်းစီရှိသော အဆင်း အတက် တိုင် ၃ တိုင် ထူ၍ ဗေဒင်ဟောနည်း။ စစ္စလီ သုံးပင်တိုင်ဟု ခေါ်သည်။ **ကမ္မာဇီဝါဒိ ဒီပကကျမ်း၊** မျက်နှာ ၁၂၁ ရှု။

**ပြည့်စန်း-** နေမင်းနှင့်ယှဉ်၍ တနှစ်ပြည့်သောနက္ခတ်။ သက္ကရာဇ် ကို တည်။ ၁၀၈ နှင့်စား။ (လဒ်ကား မလို။) အကြွင်းကို ၄ နှင့်စား။ လဒ်ကား ပြည့်စန်းနက္ခတ် ဖြစ်၏။**အလွယ်ဆုံးဇာတာဖွဲ့နည်းကျမ်း၊**မျက်နှာ၉၂ရှု။

**ပြည့်စန်းမပြို** သက္ကရာဇ်ကိုတည်။ ၁၀၈ နှင့်စား။ အကြွင်းမရှိလျှင် ပြည့်စန်း နက္ခတ်ပြိုသည်ဟုဆိုသည်။

**နဂိုရ်ပိပိ၊ ယာယီမထွက်-**တည်ငြိမ်စွာနေရသည်။ ခရီးသွားခြင်း၊ ပြောင်းရွှေ့ခြင်းမရှိ။ အသက်ကိုတည်။ ၅၃ နှင့်မြှောက်။ ၉ နှင့်စား။ မဂဏန်း ကြွင်းလျှင် နဂိုရ်။ စုံဂဏန်း ကြွင်းလျှင် ယာယီ။ နဂိုရ်ကား တည်ငြိမ်စွာနေရခြင်း။ ယာယီကား ပြောင်းရွှေ့ရခြင်း။

**ဂြိုဟ်ပျက် ဂြိုဟ်စား-** ဇာတာရှင် တဦးဦး၏ အသက်သည် ဂြိုဟ်တလုံးလုံး၏ အသက်နှင့် ယှဉ်တွဲနေသည်။**ကိုးခဏ်းပျိုဋ္ဌိကာ၊** မျက်နှာ ၁၇၄ ရှု။

**သက်ရောက်-** ဂြိုဟ်စားသက်ရောက်ခေါ်သည်။ ဇာတာရှင် တဦးဦး၏ အသက်သည် ဂြိုဟ်တလုံးလုံး၏ အသက်နှင့် ယှဉ်တွဲ နေခြင်း။



www.kelasa.org

**ရှားမီး**- အင်္ဂဝိဇ္ဇာသက်ရောက်ဟောကိန်းတွင် ရာဟု (=ရှား) နှင့် ကြာသပတေး (=မီး) သမသတ်ကျခြင်း။ ရှားမီးတွင်ကျ၊ မရဏ—ဟု ဆိုသဖြင့် ရှားမီးတွင် ကျလျှင် သေဘေးနှင့် တွေ့ရတတ်သည်။ အကျယ်ကို **တြိထမ္ဘ ဗေဒင်ဟောပုံကျမ်း၊** မျက်နှာ ၁၂၁ တွင် ရှု။

**ပါပ**- ပါပဂြိုဟ်။ ဂြိုဟ်ဆိုး။ (၁) တနင်္ဂနွေဂြိုဟ် (၂) အင်္ဂါဂြိုဟ် (၃) စနေဂြိုဟ် (၄) ရာဟုဂြိုဟ်တို့ကို ပါပဂြိုဟ်ခေါ်သည်။ ဥ, နှဲ, စ, ရှိ၊ လေးလုံးဂြိုဟ်၊ရန်ကိုပြုတတ်၊ ပါပမှတ်။ (ပါ။)

**ဂေါဝိန်**- မွေးဖွားသော အချိန်၌ ၁၂ ရာသီ စက်တွင် ရှိသော အတိတ်ဂြိုဟ်စု။

**ဂေါစာ**- ရောက်ဆဲတည်ဆဲ ဖြစ်သော ဂြိုဟ်စု။

**နမန္တာ**- မသွားကောင်းသော အရပ်မျက်နှာ နမန္တာသင်္ချိုင်း။ သက္ကရာဇ်ကိုတည်။ ရောက် သက် နှော။ ၅ ခုရော။ ၈ ခုစား။ ၁ ကြွင်းလျှင် အနောက်တောင်၊ ၂ ကြွင်းလျှင် အနောက်၊ ၃ ကြွင်းလျှင်ဗာယပ် (အနောက်မြောက်)၊ ၄ ကြွင်းလျှင်မြောက်၊ ၅ ကြွင်းလျှင် သေန် (အရှေ့မြောက်)၊ ၆ ကြွင်းလျှင် အရှေ့၊ ၇ ကြွင်းလျှင် အဂ္ဂိ (အရှေ့တောင်)၊ သုန်းလျှင် တောင် မသွားကောင်း။ **ဗေဒဝိဇ္ဇာ ၉ စောင်တွဲကျမ်း၊** မျက်နှာ ၁၇၈။

**ဖီလာ**- မသွားကောင်းသော အရပ်မျက်နှာတမျိုး။ တနေ့ကို ရှစ်ပိုင်း ပိုင်း၍ မည်သည့်နေ့တွင် မည်သည့်အပိုင်း၌ မည်သည့် အရပ်သည် ဖီလာကျ၍ မသွားကောင်းဟု



တွက်ယူရသည်။ တွက်နည်း လင်္ကာကို **လောကီပညာ မှတ်ပုံပေါင်းချုပ်ကျမ်း၊** မျက်နှာ ၈၈ တွင်ရှု။

**ဂြိုဟ်နှင့်ခတ်နံ**- ဗေဒင် တွက်နည်းဟောနည်းတမျိုး။ (စုံစမ်းဦး။)

**မြေခံ**- လဆန်း လဆုတ်ရက်တို့တွင် နတ်၊ ဗြဟ္မာ၊ ဆင်၊ မြင်း၊ နဂါး၊ ဘီလူး စသည်တို့ မြေခံသဖြင့် အမှု ဆောင်လျှင် အောင်မည် မအောင်မည်ကို တွက်နည်း။ မြေခံကြီး ဆယ်ပါး ဟူ၍လည်း သီးခြား ရှိသေးသည်။ **လောကီပညာပေါင်းချုပ် မှတ်ပုံကျမ်း၊** မျက်နှာ ၈၀၊ ၈၁၊ ၈၂ ရှု။

**တွင်းဆုံး**- ဗေဒင်တွက်နည်းဟောနည်းတမျိုး။ **မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊** စတွဲ၊ မျက်နှာ ၂၇၄ တွင် **တွင်းဆုံးကျ** ဗေဒင်စကားဖြစ်ကြောင်း ဆိုသည်။ (စုံစမ်းဦး။)

**အဖုံးမရှိ၊ ပကတိမျှ၊ ဝိမိန္နစ်ပါး၊ တာမစားလျက်**- ရှာဖွေ၍ မတွေ့သေး။ စုံစမ်းကြဦး။

**ဘုရားလည်းပြု၊သမားကု**- ပရိတ်နာခြင်း၊ တန်ထားခင်းခြင်း၊ ညောင်ထောက်ခြင်း စသော အလှူတို့ဖြင့် ရောဂါကိုကုခြင်းနှင့် ဆေးဆရာတို့၏ ဆေးဝါးဖြင့် ရောဂါကိုကုခြင်း။

**အာယုဒါယ၊ ဒသာစ၍**- အသက်မည်မျှရှည်မည် မရှည်မည်ကို တွက်ချက်ဟောပြောသော ဗေဒင်နည်း။ (ပါ။) အကျယ်ကို **မဟာသုဇာတကကျမ်း၊** မျက်နှာ ၄၆ မှစ၍ရှု။

**ဆတ္တစက်ကြီး**- အသ္သပတိ၊ နရပတိ၊ ဂဇပတိ ဟူသော ထီး ၃ စင်း ပါဝင်သည့် ဗေဒင်စက်ဝိုင်းပုံ။ ဆတ္တတြစက်ဟုလည်း ခေါ်သည်။ **မဟာသုဇာတကကျမ်း၊** မျက်နှာ ၂၇၁ စသည်ရှု။

www.kelasa.org

**ဂြိုဟ်မစီး**- ဆတ္တစက်တွင် သိဝိမင်းနှင့်ဆိုင်ရာထီး၌ ပါပဂြိုဟ်မစီး။

**ခေတ်ကြီးဆယ်ပါး**-ယုတ္တိတန်သောအဖြေကို ရှာမရသေး။ **စုံစမ်းကြဦး။**

**နံကြားထောက်မှ**- နံဖိုနံမထောက်ခြင်း။ ပါးစောင်တွင် လက်ညှိုးထည့်၍ ဖေါက်ကနဲ အသံမြည်အောင် ဆွဲထုတ်ပြီးလျှင် နံပေါ် နံကြားထောက်၍ ဟောပြောနည်း။

**စံနည်း**- ဤအမှု ဤသို့ဖြစ်မည် မဖြစ်မည်ကို ထင်ရှားသိသာမါစေ ရည်မှတ်လျက် သူဘထူးထံ မထင်မရှား စကားကို နာခံလျှင် နတ်တို့ ပံ့ပြင်သဖြင့် ကြားသိရသောစကား။ **နေမိတ္တကဝိဇ္ဇာကျမ်း**၊ မျက်နှာ ၁၂၀။

**တဘောင်**- သူငယ်တို့ မြည်တမ်း ကြွေးကြော် ကြသော စကား။ **နေမိတ္တက ဝိဇ္ဇာကျမ်း**၊ မျက်နှာ ၁၂၀။ **စွယ်စုံကျော်ထင်ကျမ်း**၊ ဒုတွဲ၊ ၇၀၁ အဖြေအရ တံဘောင်ဟုလည်း ရေးသည်။

**ဒိဗ်ခုံ**- နိမိတ် တဘောင် စံနည်းတို့ကို အဓိပ္ပာယ်ဖော်သောကျမ်း။ အမည်ဖြစ်ပေါ်ပုံကို **နေမိတ္တကလင်္ကာကျမ်း**၊ မျက်နှာ ၂၂ ရှု။ (ပါ၊ဒိဗ္ဗ+ခုမာ။)

**နိမိတ်**- အိပ်ရာထခါ ပဌမဆုံးမြင်သော ကောင်းသော အရာဆိုးသောအရာ။ မျက်မြင်နိမိတ်၊ တိတ်မှာလက်ဆောင်၊ အသံမှာတဘောင်–ဟု ရှေးစကားရှိသည်။ **နိုင်ငံတော်ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်**၊ ပတွဲ၊ မျက်နှာ [ငါး။] (ပါ၊ နိမိတ္တ။)

**ရေဝယ်မိကျောင်း**-ရေတွင် မိကျောင်းပေါ်ခြင်းသည် ဘုရင်တို့ ပျက်စီးမည့် နိမိတ် ဖြစ်သည်။ ဥဇနာမင်း ကွယ်လွန်လိုသော်



မိကျောင်း ၇ ကောင် မြစ်တွင်ပေါ်ကြောင်းကို **မဟာရာဇဝင်ကြီး**၊ ပတွဲ၊ မျက်နှာ ၂၉၂ တွင်ရှု။

**အောင်း၏ ရေထဲ**-ရေတွင်အောင်းသော (မိကျောင်း ရေထက်တွင်ပေါ်သည်။)

**ပျားငမဲ့**- အိမ်တော် နန်းတော်တို့ကို ပျားစွဲခြင်းသည် ဘုရင်တို့ ပျက်စီးမည့် နိမိတ် ဖြစ်သည်။ နော်ရထာမင်းစောအနိစ္စ ရောက်လိုသော် နန်းတော် ဥကင်္သတံခါးဝယ် ပျားစွဲသည်။ **မဟာရာဇဝင်ကြီး**၊ ပတွဲ၊ မျက်နှာ ၂၁၄။

**ပျံ့ဝဲလင်းတ၊ မကျနန်းဦး**-နန်းတော် စသော လူနေ အဆောင်တို့တွင် လင်းတငှက်နားလျှင် လူသေတတ်သည်။ ပုပ္ပားစောရဟန်းမင်း အနိစ္စရောက်လိုသော် နန်းတော်ထက် လင်းတ ၇ ကောင်နားသည်။ **မဟာရာဇဝင်ကြီး**၊ပတွဲ၊ မျက်နှာ ၁၅၉။

**ဘီလူးရယ်ရှင်**- ဘီလူးရယ်ခြင်းသည် ဘုရင်များ ပျက်စီးမည့် နိမိတ်ဖြစ်သည်။ ကျည်းဆိုမင်း အနိစ္စ ရောက်လိုသော် နန်းတော်တွင် ဘီလူးရယ်သည်။ **မဟာရာဇဝင်ကြီး**၊ ပတွဲ၊ ၁၇၃။

**တံပူ**- ရဟန်းတော်များ သွားတိုက်သော သွားတိုက်တံ။

1967 **တံပူနှင့်အပ်**- စံနည်းနာသောအခါ တံပူကိုသုံးရသည်။ တံပူ ၂ချောင်းကို ဝတ်လဲတော်စနှင့် လိပ်ပြီးလျှင် လက်ဝဲသုန္ဒရကို အပ်၍ တနန်းတော်က အရှေ့မျက်နှာမှာ စံနည်းနာစေရသည်-ဟူ၍ လက်ဝဲနော်ရထာရေးသော **အလောင်းဘုရားအရေးတော်ပုံ** (မန္တလေးတက္ကသိုလ်) ပေစာ

စီကျောချုပ်ဝမ်းတွင် တွေ့ရသည်။ ဆရာတော်ခင်ကြီးဖျော် ပုံတော်မူခါနီး တံပူ၊ မျက်နှာသစ်ရေတို့ဖြင့် စံနည်းနာကြောင်း **ခင်ကြီးဖျော်၏အတ္ထုပ္ပတ်စာတမ်း၊** မျက်နှာ ၂၁ တွင် တွေ့ရသည်။

**ရေခွက်ခပ်၍-** စံနည်းနာသောအခါ ရေခွက်ကို သုံးရသည်။ ညလူခြေတိတ်ချိန်၌ စကောတွင် ရေတခွက်၊ ဆံစုတစင်း၊ မှန်တချပ်ထည့်၍ လမ်းဆုံ၌ထားကာ စံနည်းနာရကြောင်း **မောင်တာနေဝတ္ထု၊** ပတွဲ၊ မျက်နှာ ၁၁၆ တွင် ဆိုသည်။

၄ဂ

**ဗိန္ဒော-** ဘယဆေးနှင့် ရောဂါကုသော သမား။

**ခတ်-** ခတ်စာနှင့် ရောဂါကုသော သမား။ (ပါ၊ဓာတု။)

**ပါစက-** အစာကို ကျေကျက်စေတတ်သော ဝမ်းတွင်းခတ်မီး။ (ပါ၊ ပါစက တေဇော။)

**အာဟာရ** အစားအစာ။ (ပါ။)

**ခတ်မီးတေဇော-**ပါစကတေဇောခတ်"

**အာပေါ်-** ဖွဲ့စည်းတတ်သော ရေခတ်။ (ပါ။)

**ဝါယော-** လှုပ်ရှားတတ်သော လေခတ်။ (ပါ။)

**ဒွာဒရာသီ-** ဒွာဒရာသီ ခတ်ကျမ်း။ မြန်မာနိုင်ငံဖြစ် ဆေးကျမ်း။ ဆေးကျမ်းအမည်များကို **ပိဋကတ်သမိုင်းစာတန်းတွင်** ရှု။ (ပါ။)



**နာရီမဟာ-** မဟာနာရီခတ်ကျမ်း။ မြန်မာနိုင်ငံဖြစ် ဆေးကျမ်း။ (ပါ။)

**သမ္ဗန္ဓာ-** တောင်ဘီလာ ဆရာတော် စီရင်သော သမ္ဗန္ဓ ဆေးကျမ်း။ (ပါ။)

**ကမ္ဗဇရှပ်-** တောင်ဘီလာ ဆရာတော် စီရင်သော ကမ္ဗဇရှပ်ကျမ်း။ (ပါ။)

**ကွန်ချာ-** ကမ္ဗဇရှပ် ကွန်ချာကျမ်း။ မြန်မာနိုင်ငံဖြစ်ဆေးကျမ်း။

**ဓာတုဒီပဏီ-** ဓာတုဒီပဏီ ဆေးကျမ်း။ မြန်မာနိုင်ငံဖြစ် ဆေးကျမ်း။ (ပါ။)

**ရှုပ္ပဂုဏ်း-** သျှပ်ပဂုဏ်းကျမ်း။ မြန်မာနိုင်ငံဖြစ် ဆေးကျမ်း။

**မဟာနာရီ၊ ကွန်ချာ-**တောင်ဘီလာ ဆရာတော် စီရင်သော မဟာနာရီ ကွန်ချာခတ်ကျမ်း။

**အာယုဒီသ၊ ပျို့ချို့မြ-အာယုဗေဒ** အစချီသော နရမာလာဆေးကျမ်းကို ဆိုလိုသည် ယူမှတ်ဖွယ်ရှိသည်။

**နရသုခိ-** လက်ာနှင့်ရေးထားသော နရသုခိဆေးကျမ်း။ (ပါ။)

**အာဂန္တုက-** နွေ၊ မိုး၊ ဆောင်း ဟူသော ဥတု ၃ ပါးတွင် တဥတုတဥတု၏ အစ ၃၄ ရက်ကို အာဂန္တုကရက် ခေါ်သည်။ **အာဒိကပ္ပ ဒွါဒရာသီ နက္ခတ်ကျမ်း၊** မျက်နှာ ၁၆ စသည်၊ **ဒွါဒသိမ်ကျမ်း အဓိပ္ပာယ်၊** မျက်နှာ ၇၅ စသည်ရှု။ (ပါ။)

www.kelasa.org

၄၉

**ပုံယင်-** များသည်။ (ပေါ။)

**မျက်ရှ-** ချစ်ခင်အပ်သော။

**ဘုရားပြုသား-** ရှိသေ လေးစားအပ်သော။ (ကြံကြဦး။)

**သမုမရှ-** သမုတိဒေဝ။ နတ်ဟူ၍ လူတို့ သမုတ်အပ်သော ရှင်ဘုရင်။ (ပါ။)

**အများဟူက-** လူအများက သမုတိနတ် ဟူ၍ သမုတ်အပ်သော ရှင်ဘုရင်။ (ကြံကြဦး။)

**စိတ်ဖျာ-** အပိုဒ် ၁၈ ခက်ဆစ် အဖြေရှု။

**ဥာဏ်ပုန်း-** တိတ်တိတ်ကြံစည်ခြင်း။

**မုတိမ်း-** လူဆိုးသူဆိုး။ (ပေါ။)

**တံဖျာ-** ကြိမ်လုံး။

၅၀

**မယ့်ဝယ်တိုက်ရိုက်-**စာမူတို့တွင် ဤသို့ရှိသည်။ မင်းဝယ်တိုက်ရိုက်–ဟု ရှိလျှင် အဓိပ္ပာယ် ဖြောင့်ရာသည်။

**ပူဇာသက္ကာ-** တင်လှူဖွယ်ပစ္စည်း။ ပူဇော်သက္ကာ။ (ပါ၊ ပူဇာ + သက္ကာရ။)



**နရထွတ်တင်-** လူတို့၏ အထွတ်ထက်တွင် တင်ထားအပ်သော ရှင်ဘုရင်။

**နတ်ယောင်-** နတ်၏အသွင်သဏ္ဌာန်။

၅၁

**ဩဇာ-** စားစရာ။ (ပါ။)

**ဆနဝုတိ၊ ဗျာဓိရောဂါ-** ၉၆ ပါးသောရောဂါ။ (ပါ။)

**မဟာဒေဝ၊ ရုက္ခသနင်း-** ရုက္ခစိုးနတ်မြတ်။ (ပါ ၊မဟာဒေဝ၊ နတ်မြတ်+ ရုက္ခ၊ သစ်ပင်။)

၅၂

**မင်းနေဘူမိ-** နေပြည်တော်။ (ပါ၊ ဘူမိ၊ ဖြစ်ရာဘုံ။)

**အဓိကရ-** ကြီးမားထင်ရှားသော။

**ပေါက်ပြ-** ကျော်စောသည်။ ထင်ရှားသည်။ (ပေါ။)

**ဒေဝိန်-** နတ်မင်း။ (ပါ၊ ဒေဝိန္ဒ၊ ဒေဝ+ဣန္ဒ။)

**ကွန်းစင်-** နတ်ကွန်း နတ်စင်။

**ပုဆိုးပန်းစစ်၊**တကျွန်းဖြစ်-နိုင်ငံခြားတွင် ရက်လုပ်သော ပုဆိုးအနီ။

**ဗလိနတ်စာ-** နတ်တင်သောအစာ။ (ပါ၊ ဗလိ။)

**စတုမဓူ-** (၁) ထောပတ် (၂) ပျားရည် (၃) တင်လဲ (၄) နှမ်းဆီ၊ ဤလေးပါးကိုရောချက်ထားသောဆေး။ ပျှီအရမှာ (၁) ထောပတ် (၂) သကြား (၃) ပျား (၄) နို့ဖြစ်သည်။ (ပါ၊ စတုမဓုရ။)

www.kelasa.org

**နတ်စဥ့်ကူ**- နတ်အယောင်ဆောင်သူ။ စာမူတို့တွင်-**စည်းကူ**-ဟု ရှိသည်ကို ယုတ္တိအာဂုံနှင့်ညှိ၍-**စဥ့်ကူ**-ဟုပြင်သည်။

**စဥ့်ကူ**- အတု။ အယောင်။ အစစ်ကို တုထားသော အရာ။ ရာမရကန်၊ ပဉ္စမအုပ်၊ မျက်နှာ ၇၃ တွင်-ဘယ်သင်းက **စဥ့်ကူ**၊ ဘယ်သူက သတိ၊ မသိသာတည့်၊ ချဉ်း၍ကြည့်သောအခါ၊....ခေါင်းပွရှင်မှာ၊ အသွင်ခြား၍၊ မျက်နှာထား မသက်သာသို့- ဆိုသည်နှင့် နှိုင်းရှည့်ဆင်ခြင်။ ဦးပုည ဝတ္ထုပေါင်းချုပ်၊ သောနဒိန်ဝတ္ထု တွင်-ဝတ်ကျေရှိ အားထုတ်သော၊ဥပုသ်**စဥ့်ကူ**၊ ရေလံဖြူသိတင်း-ဟူ၍လည်း ရှိသည်။

**နှုတ်ခြည်**- စကား။

၅၃

**အတဿ**- ဥပမာ။

**အဖြူအနက်**- ကြက်ဖြူ၊ ကြက်နက်။

**ရှက်ထပ်ဟူသား**- အဘိပါရက စစ်သူကြီး သင်ထားသည့်အတိုင်း ထပ်တူထပ်မျှပြောဆိုသော။ (ကြံကြည်း။)

**နတ်အမှုဖမ်း**- နတ်ယောင်ဆောင်သည်။

၅၄

**နှလုံးပိုက်နှင့်**- သတိထား၍။

၅၅

**မင်းတို့ကျင့်ဝတ်၊ ဆယ်ပါးမြတ်**- ရာဇဓံ ၁၀ ပါးနှင့်အတူတူ။ အပိုဒ် ၂ အဖြေရှု။



**သင်္ဂဟ**- မင်းက ပြည်သူ ပြည်သားကို သင်္ဂြိုဟ် ထောက်ပံ့ခြင်း တရား ၄ ပါး။ (ပါ။) သရုပ်ကား (၁) အုပ်ချုပ်မှုတွင် သုံးစွဲရန် ပြည်သူ ပြည်သား တို့ထံမှ ဝင်ငွေ ဆယ်ပုံတပုံကို အခွန်ကောက်ခြင်း၊ သဿမေဓ (၂) မှုထမ်းရာထမ်း တို့အား လစာရိက္ခာ မှန်မှန်ပေးခြင်း၊ ပုရိသမေဓ (၃) လုပ်သားပြည်သူတို့အား သုံးနှစ်တိတိ အတိုးမရှိ အမတော်ကြေး ထုတ်ချေးခြင်း၊ သမ္မာပါသ (၄) ချစ်ဖွယ်သောစကားဖြင့် ယဉ်ကျေးစွာ ဆက်ဆံခြင်း၊ ဝါစာပေယျ။

**အပရိဟာနိယ**- မဆုတ်ယုတ်ရာသောတရား ၇ ပါး။ (ပါ။) သရုပ်ကား (၁) သန္နိပါတ၊ မပြတ်စည်းဝေးတိုင်ပင်ခြင်း (၂) သမဂ္ဂ၊ညီညွတ်ခြင်း (၃) ပညတ္တိပဋိပဇ္ဇန၊ ရှေးပညတ်တို့နှင့်အညီ ကျင့်ခြင်း (၄) သုဝစ၊ ပညာရှိအဆုံးအမကို နာခံလွယ်ခြင်း (၅) အပသယှ၊ အမျိုးသမီးတို့ကို အနိုင်အထက် မသိမ်းခြင်း (၆) ဗလိ၊နတ်တို့ကို ပူဇော်ခြင်း (၇) ဂုတ္တိ၊ သူတော်သူမြတ်တို့ကို စောင့်ရှောက်ခြင်း။

သန္နိပါတော သမဂ္ဂေါ စ၊ ပညတ္တိပဋိပဇ္ဇနံ၊
သုဝစော အပသယှော စ၊ ဗလိ ဂုတ္တိ စ သတ္တိမေ။

**အထင်ဏရ**- အဓိကရ။

၅၆

**ကျီးငှက်**- ရှေးသရေအခါ ဗာရာဏသီပြည်တွင် သုပတ္တ ကျီးမင်းနှင့် သုပဿာကျီးမိဖုရားတို့ ရှိကြသည်။သူတို့၏ကျီးစစ်သူကြီးကား သုမုခ ဖြစ်သည်။ တနေ့သောအခါ ကျီး

www.kelasa.org

မိဖုရားသည် ဗာရာဏသီမင်း၏ စားတော်ထမင်းကို စားချင်သောစိတ် ဖြစ်သည်။ ထိုအကြောင်းကို သိသောအခါ သုမုခ စစ်သူကြီးသည် နန်းတော်သို့ သွား၍ စားတော်ကဲလက်မှ စားတော်ထမင်းကို လု၍ မိဖုရားအား ကျွေးသည်။ **ငါးရာ့ငါးဆယ်နိပါတ်၊** သုပတ္တဇာတ် (အမှတ် ၂၉၂)။

**ပဥ္စပါပီ-** (၁) လက် (၂) ခြေ (၃) ခံတွင်း (၄) မျက်စိ (၅) နှာခေါင်း ဟူသော အင်္ဂါ ၅ ပါးတို့ အရုပ်ဆိုးသော မိန်းမ (ပါ။)

ရှေးက ဗာရာဏသီ ပြည်တွင် ပဥ္စပါပီ ဆိုသော သူဆင်းရဲမတဦး ရှိသည်။ သူဆင်းရဲမသည် အရုပ်ဆိုးသော်လည်း ဖောဋ္ဌဗ္ဗာရုံ အတွေ့ ကောင်းသည်။ ထို့ကြောင့် ဗာရာဏသီမင်း နှစ်သက်၍ မိဖုရား မြှောက်ရန် ကြံစည်သည်။ သို့သော်လည်း အခြား မိဖုရားများက မလိုသဖြင့် ပဥ္စပါပီကို လှေတွင်တင်၍ မျှောလိုက်သည်။ ရေကစားနေသော ဗာဝရိယမင်းက ဆယ်၍ မိဖုရား မြှောက်သည်။ ထိုအခါ ဗာရာဏသီမင်းနှင့် ဗာဝရိယ မင်းတို့ စစ်ဖြစ်ကြရာ မူးမတ်တို့က ဖျန်ဖြေသောကြောင့် ပဥ္စပါပီသည် ဘုရင် **နှစ်ပါး၏** နန်းတော်တွင် ခုနစ်ရက်စီ အလှည့်အလည်နေခြင်းဖြင့် စစ်ပြေငြိမ်းသည်။ ပျို့တွင်-တလ-ဟု ရှိသော်လည်း ဇာက်ရင်းတွင်-ခုနစ်ရက်-ဟု ရှိသည်။ **ငါးရာ့ငါးဆယ်နိပါတ်၊** မဟာကုဏာလဇာတ် (အမှတ် ၅၃၆)။

**လိုထွန့်-** အလိုအတိုင်း။ အလိုအလျောက်။

www.kelasa.org



**ကျွန့်ဖွတ်ကျွန့်လိပ်-** ကျွန်ရှာဖွေ၍ ရသောပစ္စည်းကို သခင်ပိုင်သည်။ ကျွန်ရှာဖွေ၍ရသော ဖွတ်သတ္တဝါ လိပ်သတ္တဝါမျှကိုပင် သခင်ပိုင်သည်။

**ရွှေကြာရိပ်-** ကြာခြည်ရိပ်။

၅၇

**ငွေကျော-** အညစ်အကြေးကင်းသော ငွေစင်ငွေကောင်း။

**ဟိရိ-** မကောင်းမှုပြုရမည်ကို ရှက်ခြင်း။ (ပါ။)

**ဩတ္တပ္ပ-** မကောင်းမှုပြုရမည်ကို ကြောက်ခြင်း။ (ပါ။)

**ကာမေသုစိတ်-** သူတပါး သားမယားကို ပြစ်မှားခြင်း ကာမေသုမိစ္ဆာစာရစိတ်။ (ပါ။)

**သံပြားပိတ်သို့၊ချွန်းချိတ်မိသော်-** ကာမေသု စိတ်ကို သံပြားကြီးဖြင့် ပိတ်လိုက်သကဲ့သို့၊ ကာမေသုစိတ်ဆင်ရိုင်းကို သတိချွန်းဖြင့် ချိတ်ဆွဲ ချုပ်ကိုင်မိသောအခါ။

**သံဝေ-** ထိတ်လန့်ခြင်း။ သတိတရားရခြင်း။ (ပါ၊ သံဝေဂ။)

**ဇမ္ဗူ-** ဇမ္ဗူရာဇ်ရွှေ။ (ပါ၊ ဇမ္ဗုနဒ။)

၅၈

**အာဒိဝင်-** ပွားတိုင်းတည်သော ဝိဝဋ္ဋဌာယီကပ်၏ အစအခါ။ ကမ္ဘာဦးကာလ။ (ပါ။)

**အာဘာ သာရ-** ဗြဟ္မာ့ဘုံတခု။ ကမ္ဘာဦးအခါက အသက်တမ်း ကုန်သော၊သို့တည်းမဟုတ် ကောင်းမှုကုန်သောအာဘဿရ ဗြဟ္မာတို့သည် လူပြည်၌ လူဖြစ်ကြသည်။ ဤလူတို့မှ ဆင်းသက် ပေါက်ပွားကာ မဟာသမတမင်း ဖြစ်ပေါ်သည်။

**သမတ်-** မဟာသမတမင်း။ (ပါ၊ မဟာသမ္မတ။)

**ဒီပကျော်ဟိုး-** ဇမ္ဗူဒီပါကျွန်းတွင် ကျော်စောသည်။ (ပါ၊ဒီပ၊ကျွန်း။)

၅၉

**ခေါင်းမရှိသူ-** ပုစွန်လုံး။ ဂဏန်း။ ရှေးက ဘုရားလောင်းပုဏ္ဏား လယ်ထွန် သမားသည် လယ်ကွက် ထဲရှိ ပုစွန်လုံး တခု နှင့် မိတ်ဆွေ ဖြစ်ကြသည်။ ကျီးမတကောင်သည် ဘုရားလောင်း၏ မျက်လုံးကို စားလို သောကြောင့် ကျီးဖိုအားပူဆာသောအခါ ကျီးဖိုသည် မြွေတကောင် နှင့် မိတ်ဆွေဖွဲ့၍ ဘုရားလောင်းအား ကိုက်စေသည်။ ဘုရားလောင်းမြွေကိုက်ခံရသည်ကိုသိ၍ ပုစွန်လုံးသည် ထွက်လာကာ ကျီးနှင့်မြွေတို့၏ လည်ပင်းကို ဖမ်းကိုင် လျက် အဆိပ်ကို မြွေအား စုတ်ထုတ် စေပြီးနောက် ဦးခေါင်းတို့ကို ဖြတ်၍ ပစ်လိုက်သည်။ ငါးရာ့ငါးဆယ် နိပါတ်၊ သုဝဏ္ဏကက္ကဋဇာတ် (အမှတ် ၃၈၉)။

၆၀

**စိပ်စိပ်ပြာပြာ-** စဉ်းစဉ်းစားစား။ စေ့စေ့စပ်စပ်။ စိတ်ဖျာ (အပိုဒ် ၁၈) နှင့် နှိုင်းရှည့်။

**သွေးပြည်-** သွေဖည်-ဟူ၍ ရေးရင်းလေလား မသိ။ သို့တည်း မဟုတ် ပေါ်ရာဏစကား – စိုပြည် – ဟု ရေးရင်းမှ – သွေးပြည်–သို့ ရွေ့သွား လေသည် လားလည်း မသိ။ စိုပြည်–ဆိုက ကာလကြာရှည်သည်ဟု အနက်ရသည်။

**ချိချွဲ-** အကျယ်ချဲ့သည်။ (ပေါ။)



၆၁

**ပူးပွတ်-** ရောထွေးသည်။ ပူးနေသည်။ ပြွတ်နေသည်။

၆၂

**ဘဒ္ဒကမ္ဘာ-** ဘုရားငါးဆူ ပွင့်သော ကမ္ဘာ။ (ပါ၊ ဘဒ္ဒကပ္ပ။)

**ဗြဟ္မာနရ-** ဗြဟ္မာမှ ဆင်းသက်သော လူ။ (ပါ။)

**မဟာဇနိန္ဒ-** လူတို့ကို အစိုးရသော မင်း။ (ပါ၊မဟာ+ဇန+ဣန္ဒ။)

**မြတ်ဒေဝ-** အသျှင်မင်းကြီး။ (ပါ၊ဒေဝ၊အသျှင်။)

၆၃

**အာလုပ်-** အပိုဒ် ၂၃ ခက်ဆစ်အဖြေရှု။

၆၄

**ပါပ-** မကောင်းမှု။ အကုသိုလ်။ (ပါ။)

**ဒုစရိုက်-** မကောင်းသောအကျင့်။ မကောင်းမှု။ (ပါ၊ဒုစရိတ။)

**ပရမာဏု-** အဏုမြူ၏ ၃၆ စိတ်လျှင် တစိတ်ရှိသောမြူမှုန်။ (ပါ။)

**ဒိဗ္ဗစက္ခု-** မြင်းမိုရ်တောင်၏အခြားဟာဖက်တွင်ရှိသောပရမာဏုမြူ ကိုပင်မြင်နိုင်သည့် နတ်မျက်စိ။ (ပါ။)

၆၅

**နရက်ငယ်-** ငရဲငယ်။ (ပါ၊ နရက။)

**သဉ္ဇိဝ-** သိဉ္ဇိုဝ်းငရဲ။ (ပါ။) လူတို့၏ နှစ်ပေါင်း ၉ သန်းသည် သိဉ္ဇိုဝ်းငရဲ၏ တရက်နှင့် ညီမျှသည်။ ဤသိဉ္ဇိုဝ်း

www.kelasa.org

ရက်ပေါင်း ၃၆၀ သည် သိင်္ကြိုဟ်နှစ် တနှစ် ဖြစ်သည်။ ဤသိင်္ကြိုဟ် နှစ်ပေါင်း ၅၀၀ သည် သိင်္ကြိုဟ် ရေ၏ သက်တမ်းဖြစ်သည်။

**တစည်း-** တံစည်းဟု ဆေး ဆေး တင် နှင့် အရေး မျှား သည်။ သစ်သား၊ ရေနုတ်ရာတွင် အသုံးပြုရသော သံ ဘွား၊ ကန့်လန့်တွင် လက်ကိုင်ရိုး အရှည်တပ်ထားသည့် လက်သမားကရိယာ။ ပဲ့ခွပ်နှင့်ဆင်သည်။

**တမျဉ်း-** တံမျဉ်းဟု ဆေးဆေးတင်နှင့် အရေးမျှားသည်။ သစ်ခွဲရာတွင်၎င်း ပေစာရေးရာတွင်၎င်း မျဉ်းချရန် အသုံးပြုရသော ကြိုး။

**ကာလသုတ်-** ငရဲကြီးရှစ်ထပ်တွင် ဒုတိယငရဲ။ (ပါ၊ ကာလသုတ္တ။) (၁) သိဉ္ဇိုဝ်၊ (၂) ကာလသုတ် (၃) သင်္ဃာတ (၄) ရောရုဝ (၅) မဟာရောရုဝ (၆) တာပန (၇) မဟာတာပန (၈) အဝီစိ၊ ငရဲကြီးရှစ်ထပ်ရှိသည်။

**တိုင်ထိ-** ဆင်းရဲခြင်း၊ ဒုက္ခ။ (ပေါ။)

**သည်နှစ်သက်ကား-** (၁) မဟာတာပန ငရဲသက် (ကပ်ဝက်) နှင့် (၂) အဝီစိငရဲသက် (တကပ်) ကို ဆိုလိုသည်။

**ကပ်-** အန္တရကပ်။ လူသက်တမ်း ဆယ်နှစ်မှ အသင်္ချေတိုင်အောင် မွှားရှ၍ အသင်္ချေမှ ဆယ်နှစ် တိုင်အောင် ဆုတ်သောကာလ အပိုင်းအခြားကို အန္တရ ကပ်ဟု ခေါ်သည်၊ (ပါ၊ကပ္ပ။)

**ကပ်ဝက်ကပ်ဆုန်း-** (၁) အန္တရကပ်၏တဝက်နှင့် (၂) အန္တရကပ်တကပ်ဟူသော အချိန် အပိုင်းအခြား။ ဆုန်း=ဆိုသည်မှာ တိုင်းတာ ခန့်တွက် ချင့်ချိန်သည်ဟု ဆိုလိုသည်။

www.kelasa.org



**နပုန်း-** ယောကျ်ား မဟုတ် မိန်းမ မဟုတ်သောသူ။ (ပါ၊ နပုံသက။)

၆၆

**သုစရိုက်-** ကောင်းသောအကျင့်။ (ပါ၊ သုစရိတ။)

**သက်မွန်-** အဦးအဝ။ ဤတွင် ဇာတိပဋိသန္ဓေ နေခြင်းကို ရည်ညွှန်းသည်။ (ပေါ။)

**ဓလေးခုဝန်-** ပဋိသန္ဓေ (ကိုယ်ဝန်) နေခြင်း ၄ မျိုး။ သရုပ်ကား (၁) ဥပပါတ၊ ကိုယ်ကောင် ထင်ရှားဖြစ်သော ပဋိသန္ဓေ (၂) သံသေဒဇ၊ အညှိပဋိသန္ဓေ (၃) အဏ္ဍဇ၊ အဥပဋိသန္ဓေ (၄) ဇလာဗုဇ၊ ကိုယ်ဝန်ပဋိသန္ဓေ။

**ဂဗ္ဘသေယျ-** ဤတွင် ဇလာဗုဇကို ဆိုလိုသည်။ (ပါ။) အမှန်မှာ (၁) အဏ္ဍဇနှင့် (၂) ဇလာဗုဇ ၂ မျိုးလုံး ကို ဂဗ္ဘသေယျ (ဝမ်းတိုက်အောင်း ပဋိသန္ဓေ) ဟု ခေါ်သည်။

**ဒွိဟိတ်-** အလောဘ၊ အဒေါသ ဟိတ် ၂ ပါး ရှိသော စိတ်ဖြင့် မွေးသောသူ။ ဟိတ်အကြောင်းကို အပိုဒ် ၃၂ ခက်ဆစ်အဖြေ ရှု။ (ပါ၊ ဒွိဟေတုက။)

**တိဟိတ်-** အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါးရှိသော စိတ်ဖြင့်မွေးသောသူ။ ဤတွင် နတ်ကို ဆိုလိုသည်။ (ပါ၊ တိဟေတုက။)

**တိဟိတ်ရွာ-** နတ်ပြည်။

**ခြောက်ပြည်အစ-** နတ်ပြည် ၆ ထပ်တွင် အစအဦးဖြစ်သော စာတုမဟာရာဇ် နတ်ပြည်။

ပဒေသာ- မြောက်ကျွန်း၏အထိမ်းအမှတ်ဖြစ်သော လူတို့၏ လိုရာကို ပေးနိုင်သည့် သစ်ပင်။ ဤတွင်ကား လိုတရသည် ဆိုသောအနက်ကို ရည်ညွှန်း၍ သုံးထားသည်။

ယဉ်သွား- ယက်ကန်း ရက်ရာတွင် ယက်ကန်းသား သိပ်သည်းအောင် ဖိခတ်ရသော ဖြီးစိပ်။

နတ်- ယက်ကန်းရက်ရာတွင် အတိုင်ခြည်များကို ထလွှာစီ ခွဲပေးရသော ကရိယာ။

လက်ခတ်- ယဉ်သွားထည့်၍ လက်ဖြင့် ဆွဲကိုင် ရိုက်ခတ်ရသော ကရိယာ။

ရှား- ခြည်မျှင်ရစ်ရသော ရဟတ်ဝက်။

ချွမ်း- ယက်ကန်းအတိုင်ခြည်တွင် သုံးရသော တုတ်တံတမျိုး။

သိမ်- ရက်ပြီးသား ယက်ကန်းသားကို လိပ်ထား ရသော လက်သိမ်း။

လွန်း- အဖောက်ခြည်မျှင် ပတ်ရစ်ထားသည့် ရက်ဖောက်သည့် သွတ်ထားရာ လှေပုံသဏ္ဍာန်ရှိသည့်ယက်ကန်းကရိယာ။

ရစ်တံ- ပုံစံအဖြစ် အဆင်ဖော်ရန် ခြည်မျှင်ရောင်စုံ ရစ်ပတ် ထားသည့် တုတ်တံငယ်။

ဝိဇ္ဇာသောတ- နတ်နား။ (ပါ။)

ဝိဇ္ဇာကျူ- အပိုဒ် ၆၄ လက်ဆစ် အမြွှာ။

မြွေသံသာ- သာယာသော ရည်ဘိမြွေသံဟု ဆိုလိုသည့် သံသည်။

ရုဒ္ဓိဝိ- ရုပ်အမျိုးမျိုး ဖန်ဆင်းနိုင်သော တန်ခိုး။ (ပါ။)

မျက်ကွယ်- မျက်စိကွယ်ခြင်း၊ ကန်းခြင်း။

မြင်း- လေးမှုတ်တူရိယာတမျိုး။

www.kelasa.org



နှစ်ရာ့ငါးဆဲ့၊ ခြောက်ဝိတ်မှဲ့-ကြေဝတောမင်း၏ လုံထည် စာတု မဟာ ရာဇ် နတ်၏ သူကို ၂၅၆ ဝိတ် ဝိတ်၍ တစ်တိုက်ပင် မဟို၊ ဝိမာနဝတ္ထုအဋ္ဌကထာ (သံဂါယနာမူ) မျက်နှာ ၉၇၊ အခေသ ဒါယိကာ ဝတ္ထု၊ ကလံနာဠိ သောဠသိ အဖွင့်ကို ရှု။

နိုင်းရှို့- နိုင်းရှည့်သည်။

လေးကျွန်းချင်းသည်-ကြေဝတောမင်းသည် စကြာရတနာသိမ်း၍ ကျွန်းကြီး ၄ ကျွန်းကို ချင်းပေါက်လှည့်လည်နိုင်သည်။

နှစ်ငါးရာတိုင်၊ လူမှာတွက်ဆ၊ ကိုးသန်းရ၏-စာတုမဟာရာဇ် နတ်သက် နှစ်ပေါင်း ၅၀၀ သည် လူတို့နှစ်ဖြင့် ၉ သန်းဖြစ်သည်။

လေးဆတက်- စာတုမဟာ ရာဇ်နတ်သက်၏ ၄ ဆသည် တာဝတိံသာ နတ်သက်ဖြစ်သည်။ ဤသို့ အထက်နတ်ဘုံများ အတွက် ၄ ဆတက်ကာ ရေတွက်ရသည်။

ကမ္ဘာချစ်သောင်း- လေးထောင်တည်း ၃၁ ဘုံတွင် အထက်ဆုံးဖြစ်သော စတုတ္ထအရူပဘုံ၏ သက်တမ်း။

၆၇

သေမီးတောက်- အရှင်သေသည့် မီးတောက်သည်။ (ကြံကြံဦး၊)

စောင်ရှိန်း- ခြံစည်းရိုး။

မြင်းတား- သစ် သား တန်း ဝါး တန်းတို့ကို လုပ်ထားသော ခြံစည်းရိုး။

ပရိုင်း- စည်းရိုး၊ မီးတားပရိဝုဏ်။ (ပါ၊ ပရိဝေဏ၊)

ကြ- ပေါ်ဆည့်ရသော အဆောင်။

**ငှက်မယှ-** ငါ့ဥစ္စာ ငါ့ဥစ္စာဟူ၍ အော်မြည်သောငှက်။ ပါဠိစကားမယှံ၏ အနက်မှာ ငါ့(ဥစ္စာ)ဟု ဖြစ်သည်။ **ငါးရာ့ငါးဆယ် နိပါတ်၊** မယှဇာတ် (အမှတ် ၃၉၀) ရှု။

**မစ္ဆေ-** ဝန်တိုစိတ်၊ (ပါ၊မစ္ဆေရ။)

**ကံကတ္တား-** ပစ်စွန့်ခံရသော ပစ္စည်း (ကံ) နှင့် ပစ်စွန့်သောသူ (ကတ္တား)။ (ပါ၊ ကမ္မ၊ ကတ္တာ။) စွန့်အပ် စွန့်တတ်၊ မှတ်သည်တခြား၊ ကံကတ္တားကား–ဆိုသော **ကိုးခန်းပျို့၊** အပိုဒ် ၃၅ နှင့်အညီ ဖွဲ့ဆိုထားချက်ဖြစ်သည်။

၆၈

**ဥဒ္ဓစ-** စိတ်၏မငြိမ်သက်ခြင်း။ (ပါ။)

**ဒေါသ-** အမျက်ထွက်ခြင်း။ (ပါ။)

**ဒိဋ္ဌိ-** မိစ္ဆာဒိဋ္ဌိ။ အယူမှားခြင်း။ (ပါ။)

**ဝိစိကိစ္ဆာ-** သို့လောသို့လောဖြစ်ခြင်း။ (ပါ။)

**ဒုက္ခတိတေ-** ဒုက္ခအတိဖြစ်သည်။ သို့တည်းမဟုတ် **ဒုက္ခတီတေ**ဟု ရှိလျှင်ကား ရှေးအတိတ်တောက ဖြစ်သော ဒုက္ခဟု အနက်ဆို။ (ပါ။)

**လက္ခဏ-** အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသော လက္ခဏာရေး ၃ ပါး။ (ပါ။)

၆၉

**နာနက္ခဏိက၊ ကမ္မသတ္တိ-**အကျိုးကိုဖြစ်စေသောကံ၏သတ္တိ။ ပဋ္ဌာန်း ၂၄ ပစ္စည်းတွင်ပါသည်။ (ပါ။)

www.kelasa.org



**ဝိပါက်စေတသိက်-**အကျိုး ဖြစ်သော စေတသိက်။ (ပါ၊ ဝိပါက၊ စေတသိက။)

**ပဋိသန္ဓာ** ပဋိသန္ဓေစိတ်။ (ပါ။)

**ကဋတ္တာ-** ပဋိသန္ဓေအခိုက်၌ဖြစ်သော ကမ္မဇရုပ်။ (ပါ။)

**ဝေါကာရ-** ခန္ဓာ။ (ပါ။)

**တစ်လေးငါးဝ-** (၁) ရုပ်ခန္ဓာ တခုတည်း ရှိသော အသညသတ်ဘုံ (၂) နာမ်ခန္ဓာ ၄ ပါးရှိသော အရူပဘုံ (၃) ခန္ဓာ ၅ ပါး ရှိသော ကာမဘုံနှင့်ရူပဘုံ။

**ရိရှား-** ပင်ပန်းသည်။ (ပေါ။)

**ဘင်ပုပ်-** မစင်။

**နှစ်သက်မပါ-** မနှစ်သက်။ မကြိုက်။

**မဟာအမစ္စ-** အမတ်ကြီး။ (ပါ။)

**သေနင်္ဂ-** စစ်အင်္ဂါ။ ဤတွင် စစ်သူကြီး ဆိုလိုသည်။ (ပါ၊ သေနာ+အင်္ဂ။)

၇၀

**ပညာကျော်-** မဟောသဓာသုခမိန်။ မဟောသဓာသည် ၁၀၁ ပါးသော မင်းတို့ ဝိုင်းရံ ထားသည့် ဥပကာရီ မြို့တွင်းရှိ ပဉ္စာလစန္ဒီမင်းသမီးကို ဝိဒေဟရာဇ်မင်းကြီးအား ဆက်သည်။ **မဟောသဓဇာတ်တော်ကြီး ဝတ္ထု၊** ဥမင်ခဏ်းရှု။

**ခေါ်ဘဏီ-** အက္ခောဘိဏီ။ (ပါ။) သုည ၄၂ လုံးရှိသော အရေအတွက်။ ဤဘွင် အက္ခောဘိဏီတပ်ကိုဆိုသည်။

**ဗိုလ်ခေါ်ဘဏီ၊ ဆဲ့ရှစ်လီ-**တဆဲ့ရှစ်ခေါဘဏီရှိသော စစ်သည်ဗိုလ်ပါ။

၇၁

**ဒါနဒါသ-** (၁) ကျွန်ကို ပေးကျွေး သကဲ့သို့ ယုတ်ညံ့သည်ကို ပေးကျွေးခြင်း၊ ဒါနဒါသ (၂) မိတ်ဆွေကို ပေးကျွေးသကဲ့သို့ ကိုယ် စားသုံးသည်ကို ပေးကျွေးခြင်း၊ ဒါနသဟာယ (၃) အရှင်သခင်ကို ပေးကျွေးသကဲ့သို့ မွန်မြတ်သည်ကို ပေးကျွေးခြင်း၊ဒါနသာမိ။ (ပါ။)

**ပညဝန်-** ပညာရှိသောသူ။ (ပါ၊ ပည ဝန္တ။)

**ကိတ္တိ-** ကျော်စောခြင်း။ (ပါ။)

၇၂

**သည်မျိုး**
**သည်ရန်**
**သည်ပင်**
**ဆွေသည်**
**သည်ရင်း**
**သည်လျာ** } – မယား။ (ပေါ်။)

**အမွန်-** အကောင်းအမြတ်။

၇၃

**သံတခြေးခြေး-** အပိုဒ် ၄၄ ခက်ဆစ်လာ **သံတခြည်းခြည်းနှင့်အတူတူ။**

**မင်းဖျားသကြိန်၊ ပြောင်းကြွဟန်ဖြင့်-** သကြိန် ကျ၍ နှစ်သစ်သို့ ကူးပြောင်းသကဲ့သို့ စကားသစ်သို့ ကူးပြောင်း ပြောဆိုသည်။ (ကြံကြဦး။)

**ရွှေဖျာဆင်စွယ်-** ဆင်စွယ်ဝန်းရှက် ရက်လုပ်ထားသောဖျာ။

**တရားလျော်ခင်း ကျင်းပါတည်း–**တရားလျော်စွာ ခင်းကျင်းပါတည်း ဟု ရှစ်လုံးချဖြစ်လျှင် သင့်ရာသည်။

www.kelasa.org



၇၄

**မိုက်ကြီးလေးဝ-** (၁) လကွယ်နေ့ (၂) သန်းခေါင်ယံ (၃) မိုးသား တိမ် တိုက် (၄) တောအုပ်။ **အဘိဓာနပ္ပဒီပိကာ၊** ဂါထာ ၇၁။

**ဂန္ထ-** အနှောင်အဖွဲ့။ အပိုဒ် ၁၀၇ ခက်ဆစ်အဖြေရှု။ (ပါ။)

**ဟီနဒါန-** (၁) အညံ့စားအလှူ၊ ဟီနဒါန (၂) အလတ်စား အလှူ၊ မဇ္ဈိမဒါန (၃) အမြတ်စားအလှူ၊ ပဏီတ ဒါန။ (ပါ။)

**စတုနှင့်ဆ၊ ဒသတုံမှူ-** (၁) ပစ္စည်း ၄ ပါးအလှူ (၂) အာရုံ ၆ ပါး အလှူ (၃) ဝတ္ထု ၁၀ ပါးအလှူ။ သရုပ်ကား- (၁) ကျောင်း (၂) သင်္ကန်း (၃) ဆွမ်း (၄) ဆေး၊ ပစ္စည်း ၄ ပါး။ (၁) အဆင်း (၂) အသံ (၃) အနံ့ (၄) အရသာ (၅) အတွေ့ (၆) တရား၊ အာရုံ ၆ ပါး။ (၁) ဆွမ်း (၂) အဖျော် (၃) ကျောင်း (၄) သင်္ကန်း (၅) ယာဉ် (၆) ပန်း (၇) နံ့သာပျောင်း (၈) အိပ်ရာ (၉) နံ့သာမှုန့် (၁၀) ဆီမီး၊ အလှူဝတ္ထု ၁၀ ပါး။

၇၅

**ငါးပါး-** (၁) မစ္ဆဒါန၊ ယစ်မျိုးအလှူ (၂) သမဇ္ဇဒါန၊ ကခြေသဘင်အလှူ (၃) ဣတ္ထိဒါန၊ မိန်းမအလှူ (၄) ဥသဘဒါန၊ နွားလားအလှူ (၅) စိတ္တကမ္မဒါန၊ ပန်းချီဆေးရေးအလှူဆိုသော မလုပ်အပ်သော အလှူ ၅မျိုး။ **ပရိဝါပါဠိတော်။** အကျယ်ကို **ပုစ္ဆာပကိဏ္ဏက ကျမ်း၊** အမှတ် ၂၃၃ တွင်ရှု။

**မိစ္ဆာဇီဝ**- မတရားသဖြင့် အသက်မွေးခြင်း။ (ပါ။)

**တရာဇာ**- **ဘရာဇာ**ရှိလျှင် သင့်နိုး၏။ တိုင်းပြည်၏ ဖခင်သဖွယ်ဖြစ်သောမင်းဆိုလိုသည်။

၄၆

**အမစ္စ**- အမတ်။ (ပါ။)

**အဘိဇ္ဈာ**- သူတပါးစည်းစိမ်ကို တပ်မက်ခြင်း။ (ပါ။)

၄၄

**ပုလဲတမူး**- နှစ်သက်ဖွယ်။ (ပေါ။)

**ပုလဲတမူး၊ ညွန့်တွင်လူးသား**- ရွှံ့ညွန်ကို နှစ်သက်ဖွယ်မှတ်၍ လူးသည်။

**ယင်၏အလား**- အပုပ်အစပ်နှစ်သက်သော ယင်ကဲ့သို့။

**ပျား၏အတူ**- ပန်းရက်ပန်းရည်ကို နှစ်သက်သော ပျားနှင့်အတူ။

**မရဏ**- သေခြင်း။ (ပါ။)

**သေမင်းတိုင်းသို့၊ ရှိုင်းဝှမ်းသောခါ** - သေမည့် ဖက်သို့ ကိုင်းညွတ်သော အခါ။ သေခါနီး။ (ပါ၊ ပစ္ဆာရ၊ ရှိုင်းဝှမ်း။)

**ဗျာဝုဋ္ဌော**- ကုသိုလ် အကုသိုလ်ဟု မဆိုရသောစိတ်။ (ပါ၊ အဗျာကတဝုဋ္ဌော။)

**ဘဝင်ကျ**- ဘဝင်စိတ်ဖြစ်သည်။

၄၈

**ပထဗျာနု**- ကျွန်းငယ်ဟု ဆိုလိုသည်။ (ပါ၊ ပထဗျ+အနုက။)

**စတုအလွန်၊ နှစ်ထောင်မှန်**- ကျွန်းကြီး လေးကျွန်း နှင့် အရံကျွန်းငယ် ၂၀၀၀။ (ပါ၊ စတု၊ ၄ ဂဏန်း။)

www.kelasa.org



**နိဗ္ဗာန်ကျွန်းမြေ၊ မြချက်ဗွေ**- နိဗ္ဗာန်သို့ ကူးရာဖြစ်သော ဇမ္ဗူဒိပ်ကျွန်း။

**ဘာတု**- **အစ်ကို**။ (ပါ။) ဇာတ်ပါဠိတွင် **ဘတ္တာ** ရှိသည်။ အသျှင်ဟု အနက်ဆိုသည်။

**မကုံမရှိ**- အမှုဆောင်ရွက်ရာတွင် မပြီးမြောက် မပြည့်စုံဟူ၍မရှိ။ ပြီးမြောက်ပြည့်စုံသည်။

**ပညာသစ်**- ပညာတည်းဟူသော သစ်ပင်။

**ကော်ရော်**- အထူး အရှိအသေပေးသည်။ (ပေါ။)

**ခြခြ**- အစိတ်စိတ်ကွဲသည်။

**သို့တည်းသခင်၊ ကျေးဇူးရှင်၌၊ ...စိတ်တော်ရှိရာ၊ ပြုလေပါလော့**-ဤကား အဘိပါရက စစ်သူကြီးက လျှောက်ထားသော ဂါထာ အမှတ် ၈၉ ကို ပြန်ဆိုရေးသားချက်ဖြစ်သည်။ ဂါထာ အနက်ကား–ဘူမိပါလ၊ ရေမြေရှင်။ ဥပဝါဒဥ္စ၊ စွပ်စွဲခြင်းကိုင်း။ နိန္ဒဥ္စ၊ ရှုတ်ချခြင်းကိုင်း။ ပသံသဥ္စ၊ ချီးမွမ်းခြင်းကိုင်း။ ဂရဟဥ္စ၊ အပြစ်တင်ခြင်းကိုင်း။ တေံသဗ္ဗံ၊ ထိုအလုံးစုံကို။ အဟံ၊ အကျွန်ုပ်သည်။ သဟိဿံ၊ သည်းခံနိုင်ပါ၏။ တေံ၊ ထိုအလုံးစုံသော အပြစ်သည်။ မမံ၊ အကျွန်ုပ်ဆီသို့။ အာဂစ္ဆတု၊ လာပါစေလော့။ သိဝိ၊ အရှင်သိဝိမင်းမြတ်။ ယထာသုခံ၊ ချမ်းသာတော်မူတိုင်း။ ကာမံ၊ အလိုတော်ကို။ ကရောဟိ၊ ပြုတော်မူပါလော့။

**မဟာမင်းမြတ်၊ မှတ်လော့ဤမူ.... ရှောင်ခွာရေနှင့် ကုန်းနှယ်တည်း**–ဤကား သိဝိရာဇ်မင်းကြီးက တုံ့ပြန် မိန့်ကြားသော ဂါထာအမှတ် ၉၀ ကို ပြန်ဆိုရေးသားချက်ဖြစ်သည်။ သို့သော်လည်း ဤပျို့တွင် အဘိပါရက စစ်သူကြီးက

လျှောက်ထားသကဲ့သို့ ဖွဲ့ဆိုထားသည်။ ဂါထာ အနက် ကား—အဘိပါရက၊ အမောင် အဘိပါရက။ ထလမှာ၊ ကုန်းကြည်းမှ။ သုဝဋ္ဋိ၊ အယဉ်ထန်စွာရွာသော။ အာ ပေါ၊ မိုးရေသည်။ အပေတိယထာ၊ စီးဆင်းသွား သကဲ့သို့။ တထာ၊ ထိုအတူ။ ယော၊ အကြင်သူသည်။ နိန္ဒံ၊ ရှုတ်ချခြင်းကို။နေဝအာဒိယတိ၊ မစိုးရိမ်သည်သာ တည်း။ ပသံသံ၊ ချီးမွမ်းခြင်းကို။ နအာဒိယတိ၊ မခံချင်သည်သာတည်း။ ဂရဟံပိ၊ အပြစ်တင်ခြင်း ကိုလည်း။ နအာဒိယတိ၊ မကြောင့်ကြ သည်သာ တည်း။ ပူဇံပိ၊ ပူဇော်ခြင်းကိုလည်း။ နောအာဒိယတိ၊ မယူမခံချင်သတည်း။ တမှာ၊ ထိုသူမှ။ သိရီစ၊ ဘုန်း ကြက်သရေ သည်၎င်း။ လက္ခီစ၊ ပညာသည်၎င်း။ အပေတိ၊ ကင်း၏။

၇၉

**အသမ္ဘိန္န-** မကျိုးမပြတ်သော (မင်းမျိုး။) (ပါ။)
**ခတ္တိယ-** မင်းမျိုး။ (ပါ။)
**အာဒိစ္စမျိုး-** နေမျိုး။ (ပါ၊ အာဒိစ္စ၊ နေ။)
**လွန်သည်ကုသိုလ်-**ကုသိုလ်ကိုလွန်၍ဖြစ်သော အကုသိုလ်။ ဓမ္မာတိသာရ။
**နိယံ-** အမြဲ။ (ပါ၊ နိယာမ။)
**ပုထုဇာ-** ပုထုဇဉ်။ (ပါ။)
**ကလျာဏ-** သူတော်ကောင်း။ (ပါ။)
**သေက္ခသေက္ခာ-** သေက္ခာ သေက္ခ။ သိက္ခာ ၃ ပါးကို သင်ဆဲ ဖြစ်သော အရိယာ ခုနစ်ဦးနှင့် သင်ပြီး ဖြစ်သော ရဟန္တာ။ (ပါ၊ သေက္ခ+အသေက္ခ။)

www.kelasa.org



**ကုသိုလ်အလွန်-** အကုသိုလ်။ ဓမ္မာတိသာရ။
**သုစရိုက်သုံးပါး-** (၁) ကာယကံ သုစရိုက် (၂) ဝစီကံ သုစရိုက် (၃) မနောကံ သုစရိုက်။

၈၀

**ခို မြွေ ခွေး ဝံ-** တရံရောအခါ ခိုငှက်သည် ရာဂငြိမ်းလို၍ ဥပုသ်စောင့် သည်။ မြွေသည် ဒေါသငြိမ်းလို၍ ဥပုသ်စောင့်သည်။ ခွေးသည် လောဘငြိမ်းလို၍ ဥပုသ်စောင့်သည်။ ဝံ သည်လည်း လောဘငြိမ်းလို၍ ဥပုသ် စောင့်သည်။ ရသေ့သည် မာနငြိမ်းလို၍ဥပုသ်စောင့်သည်။ ဤပုဂ္ဂိုလ် ၅ ဦးသည် ဥပုသ်စောင့်၍ သေလွန်သောအခါ ကောင်း ရာသို့ လားကြလေ၏။ **ငါးရာ့ငါးဆယ်နိပါတ်၊** ပဉ္စု ပေါသထဇာတ် (အမှတ် ၄၉၀)။
**အာပေါနတ်-** နဂါး။ (ပါ၊အာပေါ၊ရေ။) ရှေးက တရားကျင့်နေသော ရသေ့တပါးထံသို့ မဏိကဏ္ဍ နဂါးမင်းသည် လုလင်၏ အသွင်ဖြင့် လာလေ့ရှိသည်။ နောင်သောအခါ နဂါး အသွင်ဖြင့် လာ၍ ရသေ့က ကြောက်သောကြောင့် မလာစိမ့်သောငှာ နဂါးမင်း၏ လည်ဆွဲပတ္တမြားကို တောင်းသည်။ ထိုသို့ တောင်းသောကြောင့် နဂါးမင်း သည် မလာပဲ နေလေတော့သည်။ **ငါးရာ့ငါးဆယ် နိပါတ်၊** မဏိကဏ္ဍဇာတ် (အမှတ် ၂၅၃)။

၈၁

**ခင်ပွန်းပစ်-** အဆွေခင်ပွန်းအပေါ်တွင် သစ္စာဖောက်သူ။
**သမုဒြာရေဝှန်၊ ကမ်းမလွန်သို့-** သမုဒ္ဒရာရေသည် သမုဒ္ဒရာကမ်းကို မကျူးလွန် သကဲ့သို့ သူတော် သူမွန်တို့သည်လည်း တရားကိုမကျူးလွန်။

၈၂

**ကာမ-** (အဘိပါရက၏) အလိုဆန္ဒ။ (ပါ။)

**ကာမပါလ-** (အဘိပါရက၏) အလိုတို့ကို ဖြည့်သော ရှင်ဘုရင်။ (ပါ။)

**ကာမစောင့်ထိန်း-** အလိုဖြည့်သည်။

**ဝိဓာတ-** (အဘိပါရကအား) စည်းစိမ်ကို ပေးသောရှင်ဘုရင်။ (ပါ။)

**ဓာရဏဓာတ်-** ဓာရဏဓာတ်မှ ဖြစ်သော ဓာတ။ (အဘိပါရက၏ အကျိုးကို) ဆောင်သော ရှင်ဘုရင်။ (ပါ။)

**သုံးမည်-** (၁) ဓာတ (၂) ဝိဓာတ (၃) ကာမပါလ။

၈၃

**မဘ်သေန-** စစ်သူကြီးအမတ်။ (ပါ၊ သေနာ၊ စစ်တပ်။)

**သတ္တမည်ရ၊ ဤလောက-** သတ္တလောက။ သက်ရှိလောက။

**ပဏ္ဏုက်-** မိန်းမလျှာ။ (ပါ၊ ပဏ္ဍက။)

**စေတောပရိယ၊ ဘိညာဏကား-** သူတပါး၏ စိတ်ကိုသိသော အဘိညာဉ်။ (ပါ။)

**သတ္တနောက်ရှေ့-** (သူတပါးသည်) ရှေ့ခုနစ်ရက် နောက်ခုနစ်ရက် (ကြံသောစိတ်။) (ပါ၊ သတ္တ၊ ခုနစ်။) အတီတေ သတ္တ ဒိဝသဗ္ဘန္တရေ အနာဂတေ သတ္တ ဒိဝသဗ္ဘန္တရေ စ ပရေသံ စိတ္တံဇာနာတိ-ဟူသော **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊** အဘိညာနိဒ္ဒေသ စကားကိုထောက်။

**အတိတ်ထို့ပြင်-** ထို့ပြင် ရှေးကကဲ့သို့။



၈၄

**နရမရှု-** နတ်နှင့်တူသောသူ။ (ပါ။)

၈၅

**သီလသုခိ-** ခရွေးအစား စလုံးနှင့် **သုစိ**ဟုရှိလျှင် သင့်အံ့သည်။ စင်ကြယ်သောဟု အနက်ထွက်သည်။ (ပါ။)

**ဝိပဿနာ-** ပညာ။ (ပါ။)

**မရဏ-** သေခြင်း။ (ပါ။)

**လေးထွေ-** သေခြင်း ၄ မျိုး။ သရုပ်ကား (၁) အာယုက္ခယ၊ အသက်ကုန်၍ သေခြင်း (၂) ကမ္မက္ခယ၊ ကံကုန်၍ သေခြင်း (၃) ဥဘယက္ခယ၊ ၂ ပါးစုံကုန်၍ သေခြင်း (၄) ဥပစ္ဆေဒက၊ လတ်တလော သေခြင်း။

၈၆

**ဘူမ**, **မေဒနီ**, **ပထဝီ**, **မဟီ**, **ပထဗျာ** } မြေကြီး။ (ပါ။)

**နရာသဘ-** လူတို့၏ ခေါင်းဆောင်ဖြစ်သော ရှင်ဘုရင်။ (ပါ၊နရ+အာသဘ။)

**ကြဋ္ဌန်း-** အထွတ်အမြတ်။ (ပေါ။)

**ပိဘ်အည်း-** ပိတ်ဆီးဟု ဆိုလေသည်လားမသိ။

www.kelasa.org

**ပဲနှယ်မယဉ့်-** } ပဲစေ့ပဲဆန် ယိုယွင်းပျက်စီးသကဲ့သို့ မယိုယွင်းမပျက်စီး။
**အကျိုးမနံ့-** } အကျိုးမရှိ။

၇၇

**မိစ္ဆာဇီဝ-** မတရားသော အသက်မွေးခြင်း။ (ပါ။)

**ဒုကမ္မ-** မကောင်းမှု။ (ပါ။)

**ဥပနိဿယာ-** အားကြီးသောအကြောင်း။ (ပါ။)

**အာရမ္မဏူ-** အားကြီးသောအကြောင်းဖြစ်သည့် အာရုံ။ (ပါ၊ အာရမ္မ ဏူပနိဿယ။)

**ပကတူပ၊ ပစ္စယ-** ပကတိအားကြီးသော မှီရာအကြောင်း။ (ပါ၊ ပကတူပနိဿယ။)

၇၉

**ဒသဏ္ဏက-** **ငါးရာ့ငါးဆယ်နိပါတ်**၊ ဇာတ်အမှတ် ၄၀၁ ဖြစ်သည်။ ဆဋ္ဌသံဂါယနာမူ ဇာတကဋ္ဌကထာတွင်၎င်း၊ ၅၅၀ မြန်မာပြန်တွင်၎င်း၊ ဤဇာတ်ကို **ပဏ္ဏကဇာတ်**ဟု ခေါ်သည်။သို့သော်လည်း ပုဂံမြို့၊အာနန္ဒာကျောက ယူ၍မောင်းထောင်သာသနာပိုင်က ဘိုးတော်ဘုရားထံ သွင်းသော ၅၅၀ ဇာတ်စာရင်းတွင် ဤဇာတ်ကို **၄၀၁။ ဒသန္နက ဇာတ်** ဟု ရေးသည်။ (**အမေးတော်ဖြေ**၊ မျက်နှာ ၃၉၁။) ပုဂံမြို့၊ ဖက်လိပ်ဘုရား၊ အာနန္ဒာ ဘုရား၊ မင်္ဂလာစေတီ၊ မြင်းကပါကူပြောက်ကြီး တို့တွင် ရှိသည့် ၅၅၀ ဇာတ် ကမ္ပည်း တို့တွင်လည်း **ဒသန္နက**ဟူ၍ တွေ့ရသည်။ သီဟိုဠ် ၅၅၀ နှင့် ယိုဒယား ၅၅၀တို့တွင် လည်း **ဒသဏ္ဏကဇာတ်**ဟု ခေါ်ကြောင်းသိရသည်။

www.kelasa.org



တရံရောအခါ ဘုရားလောင်းသည် သေနကဟူသော အမည်ဖြင့် ဗာရာဏသီမင်းထံတွင် ပညာရှိအဖြစ် အမှုတော်ထမ်းရွက်သည်။ ထိုအခါ ပုရောဟိတ်၏သားသည် မင်းကြီး၏ မိဖုရားကိုမြင်လျှင် တပ်စိတ်ငြိ၍ မအိပ်နိုင် မစားနိုင်ဖြစ်သဖြင့် မင်းကြီးသည် မိဖုရားကို ပုရောဟိတ်သားအား ခုနစ်ရက်ပေးသည်။ ပုရောဟိတ် သားနှင့် မိဖုရားတို့လည်း ချစ်ကျွမ်း ဝင်ကြသဖြင့် လွတ်ရာသို့ ထွက်ပြေးကြသည်။ ထိုအခါ မင်းကြီးသည် မိဖုရားကို မှီ၍ စိုးရိမ်ခြင်းကြီးစွာဖြစ်လေသည်။

မင်းကြီး၏စိတ္တဇနာကို ကုစားလိုသော ဘုရားလောင်း သေနက ပညာရှိသည် မင်းကြီးရှေ့တွင် သန်လျက် မျိုတတ်သူအား သန်လျက်မျိုသောအတတ်ကိုပြစေသည်။ ထိုအခါ မင်းကြီးက သန်လျက်မျိုသည်ထက်ခဲခက်သော အရာ ရှိသေးသလားဟု မေးသည်။ ဥစ္စာကို ပေးမည်ဟု ဆိုခြင်းသည် သန်လျက်မျိုခြင်းထက် ခဲခက်ကြောင်း၊ ဥစ္စာကိုပေးမည်ဟု ဆိုခြင်းထက် ဥစ္စာကို ပေးခြင်းက ခဲခက်ကြောင်း၊ ဥစ္စာကိုပေးခြင်းထက် ဥစ္စာကိုပေးပြီး၍ နောင်တတဖန် မပူပန်ခြင်းက ခဲခက်ကြောင်းကို တဆင့်ထက် တဆင့်တက်ကာ သေနကနှင့် အခြားပညာရှိများက လျှောက်ထားသည်။ ထိုအခါ ဗာရာဏသီမင်းကြီး သတိတရားရ၍ ရာဂကြောင့် ဖြစ်သော စိုးရိမ်ခြင်း ပျောက်ကင်းသည်။

**တတောင့်ကိုးသစ်-၃၃** လက်သစ်အရှည်အလျား။

**မတ် ကျိုးဆောင်သို့-**သေနကအမတ်တို့ အကျိုးဆောင်သကဲ့သို့။

ဇရာ မရဏံ- အိုခြင်း၊ သေခြင်း။ (ပါ။)

နိယတံ- အမြဲ။ (ပါ။)

ဓုဝံ- အမြဲ။ မချွတ်။ (ပါ။)

ဒွတ္တိံသာ- ကေသာ၊ လောမာစသော ၃၂ ပါးသော အင်္ဂါကြီးငယ်။ (ပါ။)

လှမကြာကို- ခဏမျှသာတည်သော အလှပိုင်ရှင်ကို။

၉၀

ဓမ္မဂုတ္တ- တရားကိုစောင့်သူ။ (ပါ။)

ဓမ္မဝိဒူ- တရားကို သိသူ။ (ပါ။)

ဓမ္မဂူ- တရားကို အားထုတ်သူ။ (ပါ။)

မကုဋ္ဌ- မကိုဋ္ဌ။ အမြတ်။ (ပါ။)

၉၂

သုစရိုက်သုံးပါး- ဤတွင် ဇာတ်အဋ္ဌကထာနှင့်အညီ (၁) ဝိနိစ္ဆယဓမ္မ (၂) ပဝေဏီဓမ္မ (၃) သုစရိတဓမ္မတို့ကို ဆိုသည်။

ပုပ်မှိ- ဆိုးဝါးသည်။ (ပေါ။)

အကုသိုလ်- (၁) သတ်ခြင်း (၂) ခိုးခြင်း (၃) မှားသောကာမအမှုပြုခြင်း (၄) လိမ်ခြင်း (၅) ကုန်းတိုက်ခြင်း (၆) ဆဲရေးခြင်း (၇) ပေါ့ပျက်သော စကားကို ပြောခြင်း (၈) သူတပါး စည်းစိမ်ကို ရလိုခြင်း (၉) သူတပါး အပေါ်မကောင်းကြံခြင်း (၁၀) အယူမှားခြင်း ဆိုသော အကုသိုလ် ၁၀ ပါး။ (ပါ၊ အကုသလ။)

www.kelasa.org



၉၃

မီးပေါက်- သေနတ် အမြောက် စသော လက်နက်မျိုး။

ဟန်မောင်း- စစ်ချီရာတွင် တပ်ဦးက တီးရသော မောင်းကလေး။

ဟန်စည်- စစ်ချီရာတွင် တပ်ဦးက တီးရသော စည်ကလေး။

အသာဓု- မကောင်း။ (ပါ။)

၉၄

ကောက်ကစင်း- ကောက်လိုက် ဖြောင့်လိုက်။

ဓမ္မဆယ်ပါး- မင်းကျင့်တရား ၁၀ ပါး။ ရာဇဓမ် ၁၀ ပါး။ (ပါ၊ ဓမ္မ၊ တရား။)

၉၅

ပုဆိုးကျည်းပါ- ကုလားပြည်က လာသော အဝတ်အထည်။

ရတနာခုနစ်- (၁) ရွှေ (၂) ငွေ (၃) ပုလဲ (၄) ပတ္တမြား (၅) ကြောင်မျက်ရွဲ (၆) စိန် (၇) သန္တာ။ အဘိဓာနပ္ပဒီပိကာ ဂါထာ ၄၉၀။

လဇ္ဇီ- ရှက်ခြင်း။ (ပါ။)

၉၇

တရထည်- တူသည်။ (ပေါ။)

နှစ်သိန်းလေးထောင်- မြင်းမိုရ်တောင်၏ မြေပေါ် ယူဇနာ ၈၄,၀၀၀ နှင့် ပံ့သုပထဝီယူဇနာ ၁၂၀,၀၀၀ တို့၏အပေါင်းဖြစ်သော ယူဇနာ ၂၀၄,၀၀၀ ကို ဆိုလိုဟန်ရှိသည်။

အပိုဒ် ၃၀ လာ – ရှစ်သောင်းလေးထောင်၊ လေးထွေရောင်နှင့်၊ မြင့်ခေါင်အစောက်၊ နှစ်ပြန်အောက်ဝယ်၊ ခုံလောက်ပတ္တမြား၊ သုံးလုံးကြား–ဆိုသည့်စကားနှင့် မညီ။

၉၉

**စောဓိမိုင်း-** မြင့်မြတ်သူ။ အကြီးအကဲ။ ရှင်ဘုရင်။

**သုံးပါးသုစရိုက်-** (၁) ကိုယ် (၂) နှုတ် (၃) နှလုံး သုံးပါးတို့ဖြင့် ကောင်းစွာ ပြုမှု ပြောဆို ကျင့်ကြံခြင်း။

**နဂိုဏ်းအထွတ်-** ဆန်းဂိုဏ်း ရွေးရာတွင်-နသိဘ–ဆိုသည်နှင့်အညီ လဟု ၃ လုံးကို နဂိုဏ်းခေါ်သည်။ နဂိုဏ်းကို စောင့်သော နတ်မှာ သိကြားမင်း ဖြစ်သည်။ ထို့ကြောင့် **နဂိုဏ်း အထွတ်** ဆိုသည်မှာ သိကြားမင်း ဆိုလိုသည်။ (ပါ၊ ဂဏ။)

**နဂိုဏ်းအထွတ် စံရာ-** သိကြားပြည်။ နတ်ပြည်။

၁၀၀

**ပိယဝါစာ-** ချစ်ဖွယ်သောစကား။ (ပါ။)

**ကသိုဏ်း မလွတ် ဖြဟ္မာတည်း-** ဈာန်ကသိုဏ်းနှင့် မကင်းသော ဗြဟ္မာ အဖြစ်။ ဤအမှတ် ၁၀၀ ပျို့ပိုဒ်တွင် စာလုံးရေ ၂၉၆ လုံးရှိရမည်ဆိုသော်လည်း ရေတွက်ကြည့်သော အခါ တလုံးလိုနေသည်ကိုတွေ့ရသည်။ မူကွဲမူကောင်းများနှင့် တည်းကြည့်လျှင် ပေါ်ကောင်း ပေါ်ပေမည်။

www.kelasa.org



၁၀၁

**အလတ်သားတိ-** ဤပါဒ၏ အနက်အဓိပ္ပာယ်ကို မကြံတတ်။

**တိထိ-** လဆန်းသည်မှစ၍ တရက်၊ နှစ်ရက် စသည်ဖြင့် ရေတွက်ရသော ရက်တို့ကို တိထိရက်ခေါ်သည်။ တိထိရက် ၅ မျိုး ရှိသည်။ ရှိသော တိထိရက်ကိုတည်။ ၅ ခုနှင့်စား။ (၁) တစ်ကြွင်းလျှင် နန္ဒာတိထိ (၂) ၂ ကြွင်းလျှင် ဘဒြာတိထိ (၃) ၃ ကြွင်းလျှင် ဇေယျာတိထိ (၄) ၄ ကြွင်းလျှင် ရိတ္တာတိထိ (၅) သုန်းလျှင် ပုဏ္ဏာ တိထိ ခေါ်သည်။ ဤတွင် လဆန်း တရက်နေ့မှ ၁၅ ရက် လပြည့်နေ့အထိ လမင်းသည် တနေ့တခြား တိုးပွားသည်ကို ဗေဒင်ကြောင်းဖြင့် တန်ဆာ ဆင်၍ ဖွဲ့ထားခြင်း ဖြစ်သည်။ လဆန်းရက် တိထိ ဖြစ်ပုံကို အောက်ဇယားတွင် ပြထားသည်။ (ပါ၊တိထိ။)

| ကြွင်း | တိထိ | ရက် | | |
|---|---|---|---|---|
| ၁ | နန္ဒာတိထိ | ၁ ရက် | ၆ ရက် | ၁၁ ရက် |
| ၂ | ဘဒြာတိထိ | ၂ ရက် | ၇ ရက် | ၁၂ ရက် |
| ၃ | ဇေယျာတိထိ | ၃ ရက် | ၈ ရက် | ၁၃ ရက် |
| ၄ | ရိတ္တာတိထိ | ၄ ရက် | ၉ ရက် | ၁၄ ရက် |
| သုည | ပုဏ္ဏာတိထိ | ၅ ရက် | ၁၀ ရက် | ၁၅ ရက် |

**ဘုန်းရောင်ပျို့-** ဘုန်းတန်ခိုးအရောင် နေ့ပျို့တိုးတက်သည်။

**ရှေးလက်ငုပ်မှု-** ရှေးကလက်ငုတ်လက်ရင်းဖြစ်သော တေသကုဏဇာတ်။ **လက်ငုတ်** ကို သတ်ပုံတို့၌ တသတ်နှင့် ရေးသည်ကို တွေ့ရသည်။

**ကရိုဏ်း-** အကွာရာဖြစ်ကြောင်း။ (ပါ၊ ကရဏ။)

**ပယတ်-** အကွာရာဖြစ်အောင် အားထုတ်မှု။ (ပါ၊ပယတန။)

**နငယ်စပြီး-** အပိုဒ် ၉၉၊ ၁၀၀၊ ၁၀၁ တို့ကို နငယ်အကွာရာဖြင့် စသည်။

**ဏကြီးသတ်ဆုံး-** အထက်ပါအပိုဒ်တို့၏ အချပါဒတို့တွင် ဂိုဏ်း၊ **သိုဏ်း၊** **ရိုဏ်း** ဟူသော ဏကြီးသတ် ပါသည့် စာလုံးတို့ကို သုံးသည်။

**တိသတ္တ-** ခုနစ်ဆဲ့သုံး။ (ပါ။)

၁၀၃

**ဇယ-** ၄ ဂဏန်း။ (ဗေဒင်။)

**စတု-** ၄ ဂဏန်း။ (ပါ။)

**ဗောဓိပက္ခိယ၊ သတ္တတိံသ်-** ဗောဓိဉာဏ်၏အပေါင်းအဖော်ဖြစ်သော တရား ၃၇ ပါး။ (ပါ။) သရုပ်ကား (၁) သတိပဋ္ဌာန် ၄ ပါး (၂) သမ္မပ္ပဓာန် ၄ ပါး (၃) ဣဒ္ဓိပါဒ် ၄ ပါး (၄) ဣန္ဒြေ ၅ ပါး (၅) ဗိုလ် ၅ ပါး (၆) ဗောဇ္ဈင် ၇ ပါး (၇) မဂ္ဂင် ၈ ပါး။ အကျယ်ကို **ဗောဓိပက္ခိယဒီပနီ** တွင်ရှု။

www.kelasa.org



**မီးဆဲ့တတန်-** (၁) ရာဂ (၂) ဒေါသ (၃) မောဟ (၄) ဇာတိ (၅) ဇရာ (၆) မရဏ (၇) သောက (၈) ပရိဒေဝ (၉) ဒုက္ခ (၁၀) ဒေါမနဿ (၁၁) ဉပါယာသ။

**လေးစုံရှစ်ပါး-** မဂ်ပုဂ္ဂိုလ် ၄ ပါး၊ ဖိုလ်ပုဂ္ဂိုလ် ၄ ပါး၊ ၄ စုံ။ ၂ ရပ် ပေါင်းလျှင် ရှစ်ပါး။

၁၀၄

**နုသယ-** လူတို့စိတ်တွင် ကိန်းအောင်းနေသော အနုသယတရား ၇ ပါးရှိသည်။ (ပါ၊အနုသယ။) သရုပ်ကား (၁) ကာမရာဂါ နုသယ (၂) ဘဝရာဂါနုသယ (၃) ပဋိဃာနုသယ (၄) မာနာနုသယ (၅) ဒိဋ္ဌာနုသယ (၆) ဝိစိကိစ္ဆာ နုသယ (၇) အဝိဇ္ဇာနုသယ။

**စကြာရွှေဘိန်း-** စကြာလှည်းဘီး။ ဤတွင်-မေတ္တာပျံ့ရှိန်း၊ ရထားထိန်းလျှင်၊ **လှည်းဘိန်း** နောက်ဖည်-ဆိုသော **မဃ္ဃစိုးခန်းပျို၊** အပိုဒ် ၁၀၉ စပ်ဆုံးကိုလိုက်၍ရေးသည် ယူရန်ရှိသည်။ **ကုသပျို၊** အပိုဒ် ၂၁ တွင် လည်း – မလှိမ့် တ **ဘိန်း၊** တလိန်းမတိုက်–ဟု မုံရွေးဆရာတော် စပ်သည်။

**ငါ့ဘထွေး-** ဘုရားသခင်၏ ဘထွေးတော် အမိတော်ဒန။

**ငါးယောက်ဖော်-** (၁) ဘဒ္ဒိယ (၂) အနုရုဒ္ဓ (၃) ဘဂု (၄) ကိမိလ (၅) ဒေဝဒတ္တ။

**မန္တာနိသား-** အသီတိ ရှစ်ကျိပ် အဝင် မန္တာနီပုတ္တ ပုဏ္ဏမထေရ်။ တရားဟောသောအရာ၌ တေဒဂ်ရသည်။ ဤမထေရ် ဟောသော တရားကိုနာရ၍ ညီတော်အာနန္ဒာ သောတာပန်ဖြစ်သည်။ **အင်္ဂုတ္တရဋ္ဌကထာ၊** တေဒဂ္ဂဝဂ်တွင် ရှု။ အင်္ဂုလိမာလ၏ မယ်တော် ပုဏ္ဏေးမ မန္တာနီနှင့်

ဤမန္တာနီ တို့ကို ရောထွေး မှားယွင်း တတ်သည်။ သတိပြု။

**ဒိဋ္ဌိသဿတ၊....ခြောက်ဆဲ့နှစ်စုံ၊ ဒိဋ္ဌိတို့-** မိစ္ဆာဒိဋ္ဌိ ၆၂ ပါး။ သရုပ်ကား (၁) သဿတဒိဋ္ဌိဝါဒ ၄ ပါး (၂) ဧကစ္စသဿတဒိဋ္ဌိဝါဒ ၄ ပါး (၃) အန္တာနန္တ ဒိဋ္ဌိဝါဒ ၄ ပါး (၄) အမရာဝိက္ခေပဒိဋ္ဌိဝါဒ ၄ ပါး (၅) အဓိစ္စသမုပ္ပန္နဒိဋ္ဌိဝါဒ ၂ ပါး၊ ပေါင်း ၄+၄+၄+၄+၂ = ၁၈ ပါးသည် ပုဗ္ဗန္တာနုကပ္ပိကဒိဋ္ဌိ ဖြစ်သည်။ (၆)သညီဒိဋ္ဌိဝါဒ ၁၆ ပါး (၇)အသညီဒိဋ္ဌိ ဝါဒ ၈ ပါး (၈) နေဝသညီနာသညီဒိဋ္ဌိ ဝါဒ ၈ ပါး (၉) ဥစ္ဆေဒဒိဋ္ဌိဝါဒ ၇ ပါး (၁၀) ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိဝါဒ ၅ ပါး၊ ပေါင်း ၁၆+၈+၈+၇+၅ = ၄၄ ပါးသည် အပရန္တာနုကပ္ပိကဒိဋ္ဌိဖြစ်သည်။ ၂ စုပေါင်းသော် ၁၈+၄၄= ၆၂ သည် မိစ္ဆာဒိဋ္ဌိ ၆၂ ပါးဖြစ်သည်။

**ဒွေး-** ၂ ခုသင်္ချာ။ (ပါ။)

**အဋ္ဌာရသ-** ၁၈ သင်္ချာ။ (ပါ။)

**သောဠသ-** ၁၆ သင်္ချာ။ (ပါ။)

**အဋ္ဌ-** ၈ ခုသင်္ချာ။ (ပါ။)

**သတ္တ-** ၇ ခုသင်္ချာ။ (ပါ။)

**ပဉ္စ-** ၅ ခုသင်္ချာ။ (ပါ။)

**အပရန္တာနိ၊ နှစ်စုရှိမဲ့-** ဤသို့ စာမူတို့တွင်ရှိသည်။ မသင့်။ အပရန္တာနိ အစား အပရန္တာနု ရှိမှ ကျမ်းဂန်နှင့်ညီမည်။ ကာရန် သင့်မည်။



**သက္ကာယ-** ငါစွဲဒိဋ္ဌိ။ (ပါ။)

**နိယတာဟု၊ မိစ္ဆာဒိဋ္ဌိ-** နိယတမိစ္ဆာဒိဋ္ဌိ။ အယူမှားကို အခိုင်အမြဲ ယူသောဒိဋ္ဌိ။ (ပါ။)

**သောတာပန္န-** သောတာပတ္တိမဂ်နှင့်ဖိုလ်။ (ပါ။)

**သကျသာကီ-** သကျသာကီဝင်ခေါ်သော ဘုရား၏အမျိုး။ (ပါ။)

**ဖွားဖက်-** ဘုရားသခင်၏ ဖွားဖက်တော်။ ဖွားဖက်တော် ၇ ပါး ရှိသည်။ အတိုချုပ်ကား (၁) အာ (၂)ဗော(၃)ကာ (၄) ယ (၅) င (၆) ရွှေ (၇) ကဏ် ဖြစ်သည်။ အပြည့်အစုံကား (၁)အာနန္ဒာ (၂) ဗောဓိပင် (၃) ကာလုဒါယီ (၄)ယသောဓရာ (၅) ငဆန်ခေါ် ဆန္န အမတ် (၆) ရွှေအိုးကြီး ၄ လုံး(၇) ကဏ္ဍကမြင်း။

**တေဒဂ်-** ဤသူသည် အထွတ်အထိပ် ဖြစ်သည် ဟူ၍ မြတ်စွာဘုရား မိန့်မြွက်တော်မူချက်။ (ပါ၊တေဒဂ္ဂ။)

**တေဒဂ်သည်း၊ ငါးချက်ပြည့်ဟန်-** ညီတော် အာနန္ဒာသည် (၁)အကြားအမြင်များသည် (၂) သတိမြဲသည် (၃) ပညာလျှင်သည် (၄) လုံ့လရှိသည် (၅) အလုပ်အကျွေးကောင်းသည်။ ဤငါးချက်၌ တေဒဂ်ရလေသည်။ အင်္ဂုတ္တရ **နိကာယ်၊** တေဒဂ္ဂဝဂ်၌။

၁၀၅

**သတ္တာခုနစ်-** ခုနစ်ရက်။ (ပါ၊သတ္တ၊ခုနစ်။)

**ငါ့လက်ယာမွန်၊ ဗျာဒိတ်ညွှန်သည်-** ဘုရားသခင်၏ လကျ်ာရံ အဂ္ဂသာဝက။

www.kelasa.org

၁၀၆

**ကမ္ပည်း-** အမည်စာတန်း။

၁၀၇

**ရှည်စေဝဠ်ဠ-** ဤတွင် ယှဉ်(ရှဉ်)စေဝဠ်ဠ ဆိုမှ နောက်လိုက်စကား ယောဂနှင့် ဆီလျော်မည်။ ထိုခေတ်ရေး စာတို့တွင် ယှဉ်ကို ရကောက်ဟထိုး ညကြီးသတ်နှင့် အရေးများသည်။

**အာသဝ-** ယိုစီးတတ်သောတရား။ (ပါ။)

**ဩဃ-** နစ်မွန်းစေတတ်သောတရား။ (ပါ။)

**ယောဂ-** (ဝဋ်ဆင်းရဲနှင့်) ယှဉ်စေတတ်သောတရား။ (ပါ။)

**ဂန္ထ-** ထုံးပတ်ဖွဲ့နှောင်တတ်သောတရား။ (ပါ။)

**ရှစ်တက်-** ခတ်တက်နှင့် တူသော မဂ္ဂင်ရှစ်ပါး။ သရုပ်ကား (၁) သမ္မာဒိဋ္ဌိ (၂) သမ္မာသင်္ကပ္ပ (၃) သမ္မာဝါစာ (၄) သမ္မာကမ္မန္တ (၅) သမ္မာအာဇီဝ (၆) သမ္မာဝါယာမ (၇) သမ္မာသတိ (၈) သမ္မာသမာဓိ။

**ဟိုဖက်မှာ-** ဟိုမှာဖက်။ နိဗ္ဗာန်။

**လေးတန်အကြောင်း-** အကြောင်းတရားကြီး ၄ ပါး။သရုပ်ကား (၁) ကံ (၂) စိတ် (၃) ဥတု (၄) အာဟာရ။

**လေးတန်အကြောင်းကင်းရာ-** အကြောင်းတရားကြီး ၄ ပါးတို့ မပြုပြင်အပ်သော နိဗ္ဗာန်။ အသင်္ခတဓာတ်။



၁၀၈

**ဆယ်လီသုံးထွေ-** ပါရမီ ၁၀ ပါး အပြား ၃၀။

**စွန့်ကြီးငါးဖြာ-** (၁) ရဇ္ဇပရိစာဂ၊ တိုင်းပြည်ကို စွန့်ခြင်း (၂) ပုတ္တပရိစာဂ၊ သားသမီးကို စွန့်ခြင်း (၃) ဘရိယပရိစာဂ၊ မယားကိုစွန့်ခြင်း (၄) အင်္ဂပရိစာဂ၊ အင်္ဂါကြီးငယ်ကို စွန့်ခြင်း (၅) ဇီဝိတပရိစာဂ၊ အသက်ကို စွန့်ခြင်း ဟူသော ဘုရားအလောင်းတို့ အထူး ပြုလုပ်သည့် စွန့်ခြင်းကြီး ၅ မျိုး။

**ခြောက်ပြည်ပိုင်ကား၊ မာရ်နတ် တားလည်း-** နတ်ပြည် ခြောက်ထပ်ကို အစိုးရသော မာရ်နတ်သားက ဟန့်တား သော်လည်း။ ။မာရော မဟာနုဘာဝေါ ဆ ကာမာဝစရိဿရော – ဟူ၍ **သုတ်သီလက္ခန် အဋ္ဌကထာ၊** သာမညဖလသုတ်အဖွင့်တွင်၎င်း၊ **ပါရာဇိကဏ် အဋ္ဌကထာ၊** ဝေရဉ္ဇဘာဏဝါရ တွင်၎င်း ပါရှိသည့်အတိုင်း မဟာမင်းလှမင်းခေါင်ကျော် ဖွဲ့ဆိုသည်။ ၆ ဆင့်မြောက် ပရနိမ္မိတ ဝသာဝတီဘုံကို ပိုင်သည်ဟု ယူလျှင် သဒ္ဒ ယုတ္တိမရှိ။

**အမြိုက်-** သေခြင်းကင်းသော။ (သ၊အမတ။)

**လေးတန်သစ္စာ-** သစ္စာ ၄ ပါး။ အပိုဒ် ၁ အဖြေရှု။

**ဆသာဓာ-** ဘုရားနှင့်သာ ဆိုင်သော အသာဓာရဏ ဉာဏ်တော် ၆ ပါး။ (ပါ။)သရုပ်ကား(၁)အာသယာနုသယဉာဏ်၊ သတ္တဝါတို့၏ အလိုကို သိသောဉာဏ် (၂) ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ သတ္တဝါတို့၏ ဣန္ဒြေ ရင့်မရင့်ကို သိသောဉာဏ် (၃) သဗ္ဗညုတဉာဏ်၊တရားအလုံးစုံကို

www.kelasa.org

သိသောဉာဏ် (၄) အနာဝရဏဉာဏ်၊ တရားတို့ကို အတားအဆီးမရှိ သိသောဉာဏ် (၅) ယမက ပါဋိဟာရိယဉာဏ်၊ ယမိုက်ပြာဋိဟာ ပြနိုင်သောဉာဏ် (၆) မဟာကရုဏာ သမာပတ္တိဉာဏ်၊ မဟာကရုဏာကိုဝင်စားနိုင်သောဉာဏ်။ (ပါ၊ ဆ+အသာဓာရဏ။)

**ဝိဇ္ဇာသုံးတန်-** အာဒိသင်္ကေတနည်းအားဖြင့် **ပု၊ ဒိ၊ အာ** ဟု အမှတ်ပြုလေ့ရှိသော (၁) ပုဗ္ဗေနိဝါသဉာဏ်၊ ရှေးဘဝတို့ကို သိသောဉာဏ် (၂) ဒိဗ္ဗစက္ခုဉာဏ်၊ နတ်မျက်စိကဲ့သို့ မြင်သောဉာဏ် (၃) အာသဝက္ခယဉာဏ်၊ အာသဝေါကုန်သောဉာဏ်။ (ပါ၊ဝိဇ္ဇာ။)

**ခြောက်တန်ရောင်တောက်-** ရောင်ခြည်တော် ၆ ပါး။အပိုဒ် ၁ အဖြေရှု။

**ခုနစ်ဝ-** ဘုရားအဖြစ်သို့ ရောက်သောအခါ ခုနစ်ရက်စီ သီတင်းသုံးရာ ခုနစ်ဌာန။ (၁) ပလ္လင်္က၊ဗောဓိပင်နှင့်ရွှေပလ္လင် (၂) အနိမိသ၊ အနိမိသကုန်း (၃) ရတနာ စင်္ကမ၊ ရတနာစင်္ကြံ (၄) ရတနာဃရ၊ ရတနာရွှေအိမ် (၅) အဇပါလနိဂြောဓ၊ ဆိတ်ကျောင်း ညောင်ပင် (၆) မုစလိန္ဒ၊ မုစ္စလိန္ဒာအိုင် (၇) ရာဇာယတန၊ လင်းလွန်းပင်။ သတ္တဋ္ဌာန ခုနစ်ပါး။

**သတ္တသတ္တာ-** ခုနစ်ရက် ခုနစ်သီ။ ၄၉ ရက်။ (ပါ။)

**အဋ္ဌမ-** ရှစ်ခုမြောက် သတ္တာဟ (တွင် အဇပါလ ညောင်ပင်သို့ ပြန်ကြွသည်။) (ပါ။)

**မိဂဒါယော-** သားကောင်တို့ကိုဘေးမဲ့ပေးရာမိဂဒါဝုန်တော။ (ပါ။)

**ရှင်စောစကြာ၊ ဖြန့်ခဲ့လာ၍-** စကြာဖျံ့သည်ဟု ဖဦးထုပ် ယပင့်သေးတင် အမြစ်နှင့် ရေးလျှင် အပိုဒ် ၂၀ လာ - ထုံသင်းရနံ့၊ တပျံ့ပျံ့ဖြင့်၊ ဖျံ့ကြဖဝါး–ဆိုသည့် စပ်ထုံးနှင့် ကိုက်ညီ

www.kelasa.org



မည်။ ဤဖျံ့စပ်ထုံးကို မုဒုလက္ခဏာပျို့၊ အပိုဒ် ၄၈ တွင်- အကြာမင့်၊ ရွှေစက်ဖျံ့က၊ ပတ်ခြံ့ ဗိုလ်လူ – ဟူ၍ သျှင်လင်္ကာသာရ ရေးခဲ့သည်။

**ဓမ္မစက်-** ဓမ္မစကြာတရား။ (ပါ။)

**ဝဂ္ဂီ-** ပဉ္စဝဂ္ဂီ ၅ ပါး။ (ပါ။) (၁) ကောဏ္ဍည (၂) ဝပ္ပ (၃) ဘဒ္ဒိယ (၄) မဟာနာမ် (၅) အဿဇိ။

# နိဂုံး

၁

**နိဂုံး-** အဆုံးသတ်စကား။ (ပါ၊ နိဂမန။)

**ရွှေအာဏာစက်-** ဘုရားသခင်၏ တရားတော် တန်ခိုး။ (ပါ၊အာဏာ+စက္က။)

**တသိန်းနက်တွင်-** ဘုရားသခင်၏ တရားတော်တန်ခိုး ပျံ့နှံ့ရာ စကြဝဠာ ကုဋေတသိန်း။

**သောင်းဒီပါ-** ယူဇနာ တသောင်း ကျယ်သော ဇမ္ဗူဒိပ်ကျွန်း။

**သုနာပရန္တ-** ဧရာဝတီမြစ်၏ အနောက်ဖက်အရပ်။ (ပါ။)

**ကမ္ဗောဇ-** ရှမ်းပြည်။ (ပါ။)

**တမ္ဗဒိပ-** ဧရာဝတီမြစ်၏ အရှေ့ဖက်အရပ်။ (ပါ။)

**ဒုတ္ထာ-** ဒုတ္ထာဝတီ။ မြစ်ငယ်။

**မင်းဝံ-** မန္တလေးမှအထက် ဧရာဝတီ မြစ်၏ အနောက်ဖက် ကမ်းခြေရှိ တောင်တန်း။

**မြေဓိပတိ-** မြေကောင်းမြေမြတ်။ (ပါ၊ အဓိပတိ။)

**ဘူမိနက်သန်-** မင်္ဂလာရှိသောမြေ။

**ကုန်းဘောင်တည်ရှေး-** ကုန်းဘောင် မင်းဆက်ကို စတင် တည်ထောင်သော အလောင်းမင်းတရားကြီး။ သက်ဆိုင်ရာ ကုန်းဘောင် မင်းဆက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**အလောင်းမင်းတရားကြီး**
၁၁၁၄ - ၁၁၂၂

**ဘိုးတော်ဘုရား**
၁၁၄၃ - ၁၁၈၁

**အိမ်ရှေ့မင်း**

**ဘကြီးတော်**
၁၁၈၁ - ၁၁၉၉

**သာယာဝတီ**
၁၁၉၉ - ၁၂၀၈

**ပုဂံမင်း**
၁၂၀၈ - ၁၂၁၄

**မင်းတုန်းမင်း**
၁၂၁၄ - ၁၂၄၀

**သီပေါမင်း**
၁၂၄၀ - ၁၂၄၇

www.kelasa.org



**မြေးတော့်မြေး-** ပုဂံမင်း။

**ဘေးတော်ပြည်-** ဘိုးတော်ဘုရားတည်သော အမရပူရမြို့။

၂

**ဇာတိအာဏာ၊ ဝိသယာဟု-** ဗုဒ္ဓဘုရားတို့နှင့် စပ်လျဉ်းသော နယ်ပယ် (ခေတ်) ၃ပါး။ (ပါ။) သရုပ်ကား (၁) ဇာတိခေတ်၊ စကြဝဠာတသောင်း (၂)အာဏာခေတ်၊ စကြဝဠာ ကုဋေတသိန်း (၃) ဝိသယခေတ်၊စကြဝဠာအနန္တ။

**ပွင့်မည်တဆူ-** အရိမေတ္တေယျ ဘုရားသခင်။

၃

**ပန်းငါးဆူ-** အကျဉ်းနည်း အားဖြင့် **သန်၊ ဂုံ၊ ပ၊ မ၊ ယျ** အမှတ်ပြုသော (၁) ကကုသန် (၂) ကောဏာဂုံ (၃) ကဿပ (၄) ဂေါတမ (၅)အရိမေတ္တေယျ ဟူသော ဘုရား ၅ ဆူ။ ဘဒ္ဒကမ္ဘာတွင် ပွင့်သည်။

**မန္တလေး-** မန္တလေးတောင်။ ထိုစဉ်က မန္တလေးမြို့ကို မတည်ရသေး။

**ငါးမင်းတောင်-** ငါးရံ့မင်းတောင်။

**ညီနောင်ကြက်အိပ်၊ မြရောင်ရိပ်-** ရွှေကြက်ယက်နှင့်ရွှေကြက်ကျတောင်။

**ခြောက်သွယ်ရောင်ရှိန်-** ရောင်ခြည်တော် ၆ ပါး။ အပိုဒ် ၁ အဖြေရှု။

**ဓာတ်တော်သရီ-** သရီရ ဓာတ်တော်။ ကိုယ်မှ ဖြစ်သော ဓာတ်တော်။ (ပါ၊သာရီရိကဓာတု။)

၄

**ဂျမ်း** ယိုးဒယား။

**ထီးပေါင်းခ-** အမရပူရ မြို့နန်းတည်ရာ ထီးပေါင်ကားအရပ်။

**တက်သေး-** တက်သေးအင်း။

**တောင်သမန်-** တောင်သမန်အင်း။

**ပတ္တာနုမော်-** သူတပါးကောင်းမှုကို သာဓုခေါ်ခြင်း။ (ပါ၊ ပတ္တာနုမောဒန။)

၅

**ပဋိရူပ-** သင့်တင့်လျောက်ပတ်သော။ (ပါ။)

**ကာလပယောဂ-** အချိန်ကောင်းနှင့် ပြည့်စုံခြင်း ကာလ သမ္ပတ္တိစက်၊ ကောင်းစွာ အားထုတ်မှုနှင့် ပြည့်စုံခြင်း ပယောဂ သမ္ပတ္တိစက်။ (ပါ။)

**ကင်းခွန်-** ရေလမ်းကုန်းလမ်း၌ ကုန်၊လူ၊ အထွက်အဝင်ပေါ်တွင် ကောက်ခံသော အခွန်အကောက်။

**မောသော-** ခိုးသူ။ (ပေါ်။)

၆

**အလောင်းမင့်းမြစ်-** အဝမြို့ကို စတုတ္ထအကြိမ် တည်သော ဘကြီးတော်မင်း။

**နောင်တော်ဘုရား-** သာယာဝတီမင်း၏ နောင်တော်ဖြစ်သော ဘကြီးတော်မင်း။

**ဆီမီးရွှေခုံ-** မြင်းခြံမြို့အထက် ဧရာဝတီမြစ် ကမ်းရှိ ရွာ၏အမည်။ ယခုအခါ ဆမိတ်ခုံဟု ခေါ်သည်။

**သွယ်ပျောင်း-** ရွှေကြိုး။

**ရွှေသားဖောင်း-** ရွှေဖြင့်ပြီးသော ဖောင်း။

**နားတောင်းဆူးရစ်-** နားတောင်းတမျိုး။ ရွှေနားတောင်း ကြက်ရင်အနား ဆူး ၂ ထပ်။

www.kelasa.org



**သင်းကျစ်-** ဘွဲ့အမည် ရေးထားသော နဖူးတွင် တပ်ဆင် ရသည့် ရွှေပြား။

**ဘဲ့ရန်-** ဝတ်လုံတွင် အနားကွပ်သော ရွှေကျင်ခတ်။ ဘွဲ့ပုံနာမံ၊ **ဘဲရံ** ဇာသတ်—ဟူ၍ **မဃဒေဝလင်္ကာသစ်**၊ အပိုဒ် ၆၇ တွင် သေးတင်နှင့် စပ်သည်။

**မြှောက်ချီးငါး၀၊ ဘွဲ့နာမတည်း-** ဦးရှန်းရသော ဘွဲ့ ၅ မျိုး။ (၁) စန္ဒကျော်ခေါင် (၂) မဟာမင်းလှမင်းခေါင် (၃) မဟာမင်းလှမင်းခေါင်ကျော် ဆိုသော ဘွဲ့ ၃ ခုကိုသာ တွေ့ရသေးသည်။ **ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ်** နှင့် **စာဆိုတော်များ အတ္ထုပ္ပတ္တိ** ကို ရှု။ တနည်းကား အက္ခရာ ၅ လုံးပါသည့် **မင်းလှမင်းခေါင်ကျော်** ဟူသော ဘွဲ့ကို ရည်ညွှန်းသည်ဟုလည်း တွေးကြံရန် ရှိသည်။ အပိုဒ် ၇ လာ— **ဘွဲ့ပုံငါး၀၊ တံဆိပ်ရသား** – ဆိုသည့် စကားနှင့် တွဲဖက်ဆင်ခြင်။

**ဘုရားညီတော်-** ဘကြီးတော်၏ ညီတော်ဖြစ်သော သာယာဝတီမင်း။

**ဘုရားသားတော်-** သာယာဝတီမင်း၏သားတော် ပုဂံမင်း။

၇

**ညီတော်-** သာယာဝတီမင်း။ အမရပူရ ဒုတိယမြို့တည်မင်း။

**သုံးထောင်တာ-** ခုနစ်တောင်လျှင် တတာဆိုသော တာပေါင်း သုံးထောင်။

**ဘီလူးစောင့်-** (၁) ငတောင်သမန် (၂) ငတောင်ကျည်း (၃) ငတောင်ပြုံး (၄) ငတောင်မြင့် ဟူသော ဘီလူး ၄ ယောက်။ ဤဘီလူး ၄ ယောက်တို့သည် ထီးပေါင်

ကား အရပ်ကို စောင့်ထိန်းသည်။ **ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ပဥ္စမအုပ်၊ မျက်နှာ ၅၅၇။**

**တောင့်အလယ်ချက်-** (၁) တောင်သမန် (၂) တောင်ကျည်း (၃) တောင်ပြုံး (၄) တောင်မြင့် ဆိုသော တောင် ၄ လုံး တို့၏ အလယ်တွင် အမရပူရမြို့ကို တည်သည်။

**စိန်တောင်-** သူရဲခို အုတ်ရိုးထရံငယ်။

**အနုဒိသာ-** အရှေ့မြောက်၊ အရှေ့တောင်၊ အနောက်မြောက်၊ အနောက်တောင်ဆိုသော ထောင့်အရပ်။ (ပါ။)

**လေးထောင့်မှာမူ၊ ရတနာမြတ်၊ ပြင်ကနတ်နှင့်-** မြို့လေးထောင့် အပြင်ဖက်တွင် တည်ထားသည့် မြို့ထောင့်စေတီ ၄ ဆူဟု ယူရန်ရှိသည်။ (စုံစမ်းဦး။)

**လူမျှားနတ်-** ရှင်ဘုရင်။

**တံခါးဆန်းကြယ်၊ ဆဲ့နှစ်သွယ်-** အမရပူရမြို့ အရှေ့မြို့ရိုးတွင် (၁) လေးကျွန်း (၂) ဦးနှိမ် (၃) သိမ်းဆည်း ဟူ၍ တံခါး ၃။ တောင်မြို့ရိုးတွင် (၁) ကျွန်းလုံးဝင် (၂) ကုန်းမော် (၃) နန္ဒမူ ဟူ၍ တံခါး ၃။ အနောက်မြို့ရိုးတွင် (၁) အာဠဝီ (၂) စည်ရှင် (၃) ရန်နှင်ဟူ၍တံခါး၃။ မြောက်မြို့ရိုးတွင် (၁) ရန်မျိုးအောင် (၂) လေးသိန်း (၃) မုတ်ဦးဟူ၍ တံခါး ၃။ ပေါင်း တံခါး ၁၂ ရပ်ရှိသည်။ **ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊** ပဥ္စမအုပ်၊ မျက်နှာ ၅၆၃။ တံခါး ၁၂ ရပ်တွင် ဆဲ့နှစ်ရာသီရုပ်နှင့် သိကြားရုပ်များ ရေးခြယ်ထားသည်။ **အမေးတော်ဖြေ၊** မျက်နှာ ၂၇။

**မလွယ်ဆဲ့တစ်-** အဝင်လကျာ အထွက်လက်ဝဲဖက်က သွားလာခြင်း၌ မလွယ်မကူ လှည့်လည်သွားလာရသော မလွယ်ပေါက် ဆဲ့တခု။ **ရွှေဘုံနိဒါန်း၊** နိဂုံး။



**ကျုံးသုံးတန်-** (၁) ရေကျုံး (၂) ညွန်ကျုံး (၃) အခြောက်ကျုံး။ အမရပူရမြို့တည်စာတမ်းတွင် ကျုံးသုံးတန် လုပ်ဆောင်သင့်ကြောင်း ထွက်ဆိုသည် ဟူ၍ **ကဝိလက္ခဏာဒီပနီကျမ်း၊** မျက်နှာ ၂၃၅ တွင် တွေ့ရသည်။

**အင်း, ကန်, မြစ်ရေ-** တက်သေးအင်း၊ တောင်သမန်အင်း၊ ဇောင်းကလောကန်၊ ဧရာဝတီမြစ်၊ ဒုတ္တာဝတီမြစ်။

**ဂဠုန်ဝဲလျက်၊ ပုလဲတဆင့်၊ ရွှဲတပွင့်မူ၊ ကြွက်နှင့်ဟိုင်းစုံ၊ လေးပါးလှုံသည်၊ ဘွဲ့ပုံငါးဝ၊** တံဆိပ်ရ – ဂဠုန် (တနင်္ဂနွေ) နံ = အ၊ ကြွက် (ကြာသပတေး) နံ = မ၊ ဟိုင်း (ရာဟု) နံ=ရ၊ ကြွက် (ကြာသပတေး) နံ=ပူ၊ ဟိုင်း (ရာဟု) နံ=ရ။ အမရပူရမြို့၏ဘွဲ့ တံဆိပ်အက္ခရာ ၅ လုံးကို နံဂြိုဟ်တို့ဖြင့် ဝှက်ဆိုထားချက် နာမန္တရိက ပဟေဠိဖြစ်သည်။ နံသင့်အက္ခရာ ဇယားမှာ အောက်ပါအတိုင်းဖြစ်သည်။

| ၁ နွေ | ၂ လာ | ၃ ဂါ | ၄ ဟူး | ၅ တေး | ၆ ကြာ | စနေ | ရာဟု |
|---|---|---|---|---|---|---|---|
| အ | က၊ခ၊ ဂ၊ဃ၊ င | စ၊ဆ၊ ဇ၊ဈ၊ ည | ယ၊လ၊ ဝ၊ ဠ၊ | ပ၊ ဖ၊ ဗ၊ ဘ၊ မ | သ၊ဟ၊ | ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ထ၊ ဒ၊ ဓ၊ န | ရ |
| ဂဠုန် | ကျား | ခြင်္သေ့ | ဆင် | ကြွက် | ပူး | မြွေ | ဟိုင်း |

**တုရင်စိုးစွင့်-** မြင့်မားသောတုရင်။ ဒုရင်ဟုလည်း ရေးကြသည်။

**ရွှေလင်းပင်-** အမရပူရမြို့ အနောက်တောင် မြို့ထောင့်စေတီ။



www.kelasa.org

ဂ

**ငါးဆဲ့ခြောက်ဆင့်၊ဂုဏ်တော်ပွင့်သား**- ဣတိပိသော အစချီသည့် ဘုရားဂုဏ်တော်တွင် ပါဝင်သော အက္ခရာ ၅၆ လုံး။ ရှေးကဤအယူရှိခဲ့ပုံကို **လက်ဝဲနော်ရထာ ကျောက်ထုံး**၊ ပဋ္ဌိဝီသတိ ပုစ္ဆာအဖြေတွင်ရှု။ ရတနာဖြစ်ရာ ၅၆ ရပ် ဟူ၍ သီးခြား ရှိသေးသည်။ **ပညာကထနကျမ်း**၊ အပိုဒ် ၅၆၁ ရှု။

**အရပ်ဆယ်ဖို့**- အရှေ့၊ အနောက်၊တောင်၊မြောက်၊ ထောင့် ၄ ထောင့်၊ အထက်၊ အောက် ဆိုသော အရပ် ၁၀ မျက်နှာ။

ဇ

**အမွန်ရှည်ကြောင်း**- ကာလရှည်ကြာစွာ တည်ရစ်အောင်။

**ခွဲထား**- အသံချင်းတူသော်လည်း ရေးပုံချင်း မတူသည်ကို အခံအအုပ်ပြု၍ ခွဲခြားစပ်ဆိုခြင်း စသော စပ်ဆိုပုံမျိုး။ ဤပျို့တွင် ခွဲထားများကို ခရေပွင့်ဖြင့် ပြထားသည်။

**ဒေါသ**- စာရေးရာတွင် ဖြစ်တတ်သော အပြစ် အမျိုးမျိုး။ (၁) ပဒဒေါသ ၈ ပါး (၂) ဝါကျဒေါသ ၉ ပါး (၃) ဝါကျတ္ထ ဒေါသ ၆ ပါးဟူ၍ ပေါင်း ၂၃ ပါး ရှိသည်။ အကျယ်ကို **အလင်္ကာကျမ်း** များတွင် ရှု။ (ပါ။)

**ပရိဟာရ**- အထက်ပါဒေါသများကို ဖြေသော အဖြေ (ပါ။)

**ပသာဒ**- အရေးအသား၏ ရှင်းလင်းသိလွယ်ခြင်းဂုဏ်။ (ပါ။)

**ဂုဏ**- စာအရေးအသားနှင့် ဆိုင်သောဂုဏ် ၁၀ မျိုး။ (ပါ။)

www.kelasa.org



**ရပ်ပြစ်**- အပြစ်မကင်းသော အရပ် ၈ မျိုး။ သရုပ်ကား (၁) ပစ္စန္တရာဇ်အရပ် (၂) အရူပဘုံ (၃) အဂ်္ဂါ ချို့တဲ့သောအဖြစ် (၄) အသညသတ်ဘုံ (၅) မိစ္ဆာဒိဋ္ဌိအဖြစ် (၆) ပြိတ္တာဘုံ (၇) တိရစ္ဆာန်ဘုံ (၈) ငရဲဘုံ။

**ဥက္ကဋ္ဌထွတ်၊ ပုဂ္ဂိုလ်မြတ်**- သောမနဿလည်းဖြစ်သော၊အသင်္ခါရိကလည်း ဖြစ်သော၊ ဉာဏ်နှင့်လည်းယှဉ်သော ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေယူသော ပုဂ္ဂိုလ်။

**သောမနဿ**- ဝမ်းမြောက်သော စိတ်။ (ပါ။)

**အသင်္ခ**- တိုက်တွန်းမှု ကင်းသည်။ (ပါ၊အသင်္ခါရိက။)

**ဉာဏသမ္ပယုတ်**- ဉာဏ်နှင့် ယှဉ်သည်။ (ပါ၊ဉာဏသမ္ပယုတ္တ။)

**ဝိပါက်**- ကံကြောင့်ဖြစ်သော အကျိုးစိတ်။ (ပါ၊ဝိပါက။)

**မိစ္ဆာ**- မှားသော အယူ။ (ပါ။)

**သမာဓိ**- တည်ကြည်ခြင်း။ (ပါ။)

**ဂတိ** ဂတိငါးပါးတွင် ကောင်းသောဂတိ။ ဂတိ ၅ ပါးကို အပိုဒ် ၂၂ အဖြေတွင် ရှု။ (ပါ။)

**ဖြစ်ပြီးသော်လည်း**- ဖြစ်ပြီးသောအခါ။ ဤတွင်–**သော်လည်း**-ကို ဆန့်ကျင်ဖက်ပစ္စည်းအဖြစ် သုံးထားသည် မဟုတ်။သတိပြု။ ဖြစ်ပျက်သည့် အချိန်အခါကို ပြသော-**သော်**-ကို လေးနက်စေလို၍ –**လည်း**–ကို တွဲထည့်ထားခြင်းဖြစ်သည်။ သို့သော်သည်း သံသယ ဖြစ်ခစေနိုင်သော တွဲခြင်းမျိုးတည်း။

**ကုံကော်ပင်ရိပ်၊ ပလ္လင်ထိပ်**- အရိမေတ္တေယျဘုရား ပွင့်မည့် ကုံကော်ပင် နှင့် ပတ္တမြားပလ္လင်။

**မာရ်နှိပ်အခေါင်၊ ငါးမာရ်အောင်**- အရိမေတ္တေယျဘုရား။ ကံ့ကော်ပင်ဟု ဆိုသဖြင့် အရိမေတ္တေယျဘုရားကို ရည်ညွှန်းသည်ဟု ယူရသည်။ ဤလည်း ပဟေဠိတမျိုးဖြစ်သည်။ မာရ် ၅ ပါးကို အပိုဒ် ၁ အဖြေတွင် ရှု။

**သမ္ဘိဒါ**- ခွဲခြမ်းဝေဖန်၍ သိမြင်တတ်သော ပဋိသမ္ဘိဒါဉာဏ် ၄ ပါး။ (ပါ။) သရုပ်ကား (၁) အတ္ထပဋိသမ္ဘိဒါ၊ အနက်ကို ခွဲခြမ်းဝေဖန်၍သိခြင်း (၂) ဓမ္မပဋိသမ္ဘိဒါ၊ တရားကို ခွဲခြမ်းဝေဖန်၍ သိခြင်း (၃) နိရုတ္တိပဋိသမ္ဘိဒါ၊ သဒ္ဒါကို ခွဲခြမ်းဝေဖန်၍ သိခြင်း (၄) ပဋိဘာနပဋိသမ္ဘိဒါ၊ အထူးခွဲခြမ်းဝေဖန်၍ သိခြင်း။

**ဘိညာခြောက်တန်**- အဘိညာဉ် ၆ မျိုး။ (ပါ၊အဘိညာ။) သရုပ်ကား (၁) ဒိဗ္ဗစက္ခု၊ နတ်မျက်စိကဲ့သို့မြင်ခြင်း (၂) ဒိဗ္ဗသောတ၊နတ်နားကဲ့သို့ကြားခြင်း(၃)ပရစိတ္တဝိဇာနန၊ သူတပါးစိတ်ကိုသိခြင်း (၄) ဣဒ္ဓိဝိဓ၊အထူးထူး တန်ခိုးဖန်ဆင်းခြင်း (၅) ပုဗ္ဗေနိဝါသာနုဿတိ၊ ရှေးဘဝတို့ကို သိခြင်း (၆) အာသဝက္ခယ၊ အာသဝေါကုန်စေတတ်သောဉာဏ်။

**ရှစ်ပါးစျာန်**- ရူပစျာန် ၄ ပါးနှင့် အရူပစျာန် ၄ ပါး ဆိုသည့် သမာပတ်ရှစ်ပါး။ (ပါ၊စျာန။)

၁၀

**ငါးထောင်အနက်၊ တဝက်ဖြစ်အောင်**- ၂၅၀၀ ဖြစ်အောင်။

**ရှစ်နှစ်တရာ၊ မှန်စွာရေတွက်၊ ဂဏန်းစွက်**- ၁၀၈ နှစ် ပေါင်းထည့်။

www.kelasa.org



**ငါးထောင်အနက်၊....တဝက်စင်စစ်၊ ကေန်ဖြစ်အံ့**- သာသနာ သက္ကရာဇ် ၂၃၉၂ ဆိုလိုသည်။ ၁၀၈ နှစ် ပေါင်းလျှင် ၂၅၀၀ ဖြစ်သည်။

**ဂဠုန်နှစ်ပါး၊ ကျားကိုရံ၍၊ နဂါးရှေ့တွင်၊ မြွေသည် သက္ကရာဇ်**- ၁၂၁၀ ပြည့်နှစ် ဆိုလိုသည်။ အပိုဒ် ၂၄ အဖြေတွင် ပြခဲ့သည့် နံသင့်သချာဇယားနှင့် နိဂုံး ၇ တွင် ပြခဲ့သည့် နံသင့်အက္ခရာဇယားတို့ကိုကြည့်၍ ဤသက္ကရာဇ်ကို ရှာကြည့်ပါ။ ဤတွင် စနေနံ (မြွေနဂါး) ကို သုညဂဏန်း ယူထားသည်မှာ ဝါဒကွဲဖြစ်သည်။ သတိပြု။

**ကြတ္တိကာ**- ကြတ္တိကာအမည်ရှိသောနှစ်။ (သ။)သက္ကရာဇ်ကိုတည်။ ၂ ခုနုတ်။ ၁၂ ခုနှင့်စား။ ၈ ခုကြွင်းလျှင် ကြတ္တိကာနှစ်ဖြစ်သည်။ ဤသို့သော နှစ်မျိုး ၁၂ မျိုးရှိသည်။ အကျယ်ကို ဗေဒဝိဇ္ဇာ ၉ စောင်တွဲကျမ်း၊ မျက်နှာ ၅၀ တွင်ရှု။

**အစုစန္ဒာ၊စကြာရှေ့စက်**-လခြမ်းသဏ္ဌာန်ရှိသော လေးစကြာ လက်နက်။ (ပါ၊ အစုစန္ဒာ၊ လ ထက်ဝက်။)

**အစုစန္ဒာ၊....စွဲလျက်လူနေ**- လေးလက်နက် ကိုင်စွဲသော လူရုပ်အမှတ်အသားရှိသည့် ဓနုရာသီ နက္ခတ်လ။

**နေဝင်လထွက်၊ ဝန်းသည့်ရက်**- နေဝင်လျှင် လထွက်သောနေ့။တနည်း- လပြည့်နေ့။

**တွက်သော်ထိုနေ့၊ ဦးစွာတွေ့လိမ့်**- နေ့ ခုနစ်နေ့ကို ရေတွက်လျှင် ဦးစွာ တွေ့ရသော တနင်္ဂနွေနေ့။

အရှေ့နေလွှားဖလါးဆွဲတစ်- နံနက်အချိပ် ၁၁ ဖလါးအချိန်။ နေ့ ၁ ပဟိုရ်၏ အချိန်။ စက်နာရီနံနက် ၉ နာရီခန့်။

ခေါင်းလောင်းသံနှင့် စည်သံပေါင်းလျက်၊ ဆဲ့တချက်- ၁ ပဟိုရ် ဖြစ်၍ ခေါင်းလောင်းသံ ၁၁ ချက်၊ စည်သံ ၁၁ ချက် နှောင်ခိုင်း နှောင်ခိုင်းဟု တီးသည်။ ၂ ပဟိုရ်ဖြစ်လျှင် ၂၂ ချက်၊ ၃ ပဟိုရ် ဖြစ်လျှင် ၃၃ ချက်၊ ၄ ပဟိုရ် ဖြစ်လျှင် ၄၄ ချက် တီးသည်။

လင်္ကာရာသီ- ကိန်းနှင့် ထိုက်ဆိုင်၍ အရှေ့မိုးကုပ်စက်ဝိုင်းတွင် တက်လာသောရာသီ၊ (ပါ၊ လဂ္ဂ+ရာသိ။)

ရှပ်နှစ်ပါးနှင့်၊ ငါးအိက်ကိုယ်တွင်၊ သမင်သိသ- ရှေ့ပိုင်း သမင်ခေါင်းရုပ်၊ နောက်ပိုင်း ငါးရုပ်ဘွဲ့၍ အရုပ် ၂ ပါး ရော နေ သော မကာရရာသီ၊ (ပါ၊ သီသဦးခေါင်း။)

စန်း၅၁၂- တနင်္လာဂြိုဟ်ရှိရာ ရာသီကွက်၊ စန်းဆိုသည်မှာ စန္ဒ (လမင်း) ဖြစ်သည်။

ရာဂမနုဿ- သကုဏာဟူ ရှပ်ဆောင်ဆံ၊ ရှေတောင်ပံနှင့်၊ မောင်နံ့ယဉ်မိ၊ လူတပိုင်းငှက်တပိုင်းဖြစ်သော ကိန္နရာ ဖိမ ချစ်ခင်မှုရာ ကယနိပုံဖြင့် အမှတ်ပြုသည့် မေထုန်ရာသီ၊ ဝေါဟာရ လိနတ္ထဒီပကီကျမ်းတွင် ဟာကျယ်၍။

ရာဂ- တပ်မက်ခြင်း။ (ပါ။)

မနုဿ- လူ။ (ပါ။)

သကုဏ- ငှက်။ (ပါ။)

ရှုပီ- တနင်္ဂနွေဂြိုဟ်။ (ပါ။)



ဘောမ- အင်္ဂါဂြိုဟ်။ (ပါ။)

ဗုဒ္ဓ- ဗုဒ္ဓဟူးဂြိုဟ်၊ (ပါ၊ ဗုဓ။)

ကင်းလောက်မဲ- ကင်းမလောက်မဲပုံဖြင့် အမှတ်ပြုသော ဗြိစ္ဆာရာသီ။

ဂြိုဟ်ဂုရု- ကြာသပတေးဂြိုဟ်။ (ပါ။)

ရာဟု- ရာဟုဂြိုဟ်။ (ပါ။)

မြခသုံ့ဂူသာ- မြားသုံ့ပုံဖြင့် အမှတ်ပြုသော ဓနုရာသီ။ ဝုဟာဘဟုရှိလျှင် ဗိမိုသင့်မြတ်ရာသည်။

သောရိ- စနေဂြိုဟ်။ (ပါ။)

ကာသစ်- ဆိုင်ရာ ရာသီတွင် အစွမ်းကုန် ထွန်းပသော ဂြိုဟ်။ (ပါ၊ ကာသဘော။)

ကာသစ်ရှေ့အိုး- အိုးလင်းယောက်ျားပုံဖြင့် အမှတ်ပြုသော ကုံရာသီ။

တရင်း- တရာသီ၏ ၃ပုံတပုံ အချိန်ပိုင်း။ (ပါ၊ တြိ+အံသ။)

နဝင်း- တရာသီ၏ ၉ ပုံ တပုံအချိန်ပိုင်း။ (ပါ၊ နဝ+အံသ။)

ဥသဘ- ဤတွင် ဥသဘ-ဖြစ်လျှင် သင့်ရာသည်ဟူ၍ ဦးတိက္ခစေ့မှာ လက်ရေးအမှိန့်ရှိသည်။ ဥသဘဟူသည် သော်ကြာ ဂြိုဟ်ပေါ် ပိုင်ယာသိဖြစ်သည်။ ဤတွင် သော်ကြာ တရင်း၊ သော်ကြာနဝင်းဟု ဆိုလိုသည်။

ပျို့သစ်ဤ၈၁- ဖြိုးသည်ခါ- ဤဥမ္မာဒန္တီပျို့ ပြီးသည့်အခါကို အောက်ပါ ဇာတာအတိုင်း ဟည်ဘာမှို ပီးစာတောတိုက်၊ တိပိဋ္ဌ ကာ လက်ရေးတိုက်ကျောင်း ဦးတိက္ခစေ့ လက်ရေးမှ ဝစ်ဆေးတွက်ချက်ပေးသည်။

www.kelasa.org




| လဂ် | စင် |
|---|---|
| ၉ | ၃ |
| ၁၄ | ၃ |
| ၁၀ | ၁၄ |
| သောကြာတာရင်း | ၂ |
| သောကြာနဝင်း | ၀ |

သာသနာ သက္ကရာဇ် ၂၃၉၂၊ ကောဇာသက္ကရာဇ် ၁၂၁၀ ခုနှစ်၊ နတ်တော်လပြည့်၊ တနင်္ဂနွေနေ့နံနက် ၁၁ ပဝါး အချိန်။ (ခရစ်သက္ကရာဇ် ၁၀၄၈ ခု ဒီဇင်ဘာလ ၁၀ ရက်၊ နံနက် ၉ နာရီ။)

၁၁

ဇာတိနဂိုရ်- ပုဂံမင်း၏ ဇာတိဌာန ဖြစ်သော အမရပူရ နေပြည်တော်။ (ပါ။ ဇာတိနဂရ။)

မြရိပ်ညို- မန္တလေးတောင်၏ အရိပ်၊ ဤတွင် မြင်းမိုရ်တောင်နှင့် မရောရာ။

မန္တ တ်နှန်းသား။ ရွှေဘုန်းညွန့်ဝေ၊ ကြက်သရေ- မန္တာတုကြာမင်းကဲ့သို့ ဘုန်းတန်ခိုးကြက်သရေရှိသော ပုဂံမင်း။

ကျောင်းတော်ကြီး- ၁၂၁၀ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်နေ့တွင် ပုဂံမင်းတရား ရေစက် သွန်းချသော မဟာဝိဇယ

www.kelasa.org



ရာမတိုက်၊ မဟာဒေဝယာန်ထုံသာကျောင်း။ ကုန်းဘောင် ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယအုပ် မျက်နှာ ၆၉။

ပရမသူရာ- သီဝခေါ်သော ဟိန္ဒူ နတ်ကြီးကို ပရမေသွရာဟု ခေါ်နိုးရှိသော်လည်း ဤတွင် သိကြားမင်းကို ဆိုလိုရိပ် ရှိသည်။ (ပါ။)

ဂုန္နာနတ်မင်း- သိကြားမင်း။

ဝိဇယုတ္တာ၊ သင်္ခလက်ျာ- ဝိဇယုတ္တာ အမည် ရှိသော သိကြားမင်း၏ လက်ျာရစ်ခရုသင်း။ (ပါ၊ သင်္ခ၊ ခရုသင်း။)

မင်းအိမ်လောကာ။ တက်သူများလိမ့်- (ဤမျိုကို ဖော်သောသူတို့သည် နတ်မင်း၊ ဗြဟ္မာမင်း၊) လူမင်း ဖြစ်သူ များလိမ့်မည်။

ပဉ္စသိခ်၊ မည်ရနာမံ၊ နတ်စောင်းသံကို၊ အရံခြောက်သောင်း၊ မြည်လှာ ပေါင်းသို့- ပဉ္စသိခ်နတ်သားသည် စောင်းတီးသောအခါ အခြားခြောက်သောင်းကုန်သော အရံစောင်းတို့ သည် လည်း စုပေါင်း၍ မြည်ကြသည်ဟု ဆိုလိုသည်။

ထို့သော်လည်း၊ ဇိနာလင်္ကာရဋီကာ၊ တိပိဋကဗုဒ္ဓ ဒေဝတ္တဝတ္ထုနာ အခန်းတွင် — ပဉ္စသိခ် နတ်သားသည် သုဘာ အမည်ရှိသော စည်ကို ခြောက်သောင်း ရှစ် ထောင်သော စည်တို့ဖြင့် ခြံရံ၍ တီးကြောင်းပါရှိသည်။ ယင်းစာသွင်ပင် အထက်နား၌-ဂဝ္ဂရာအမည်ရှိသော နတ် သမီးသည် မဟာဝိနည်သောစောင်းကိုတီးသောအခါ အရံဖြစ်သော စောင်းပေါင်း ခြောက်သောင်း တို့သည်

အလိုလို ပြည်ကြောင်းပါနိုသည်။ ဤအဆို ၂ ပေါ်ကို ထောပေါင်း၍ မဟာမင်းသုဒ်းခေါင်ကျော် ရေးလိုက်ပုံ ရသည်။

ကျောင်းတော်ပြီးနှစ်၊ သက္ကရာဇ် ၁၂၁၀ ခုနှစ် နတ်တော်လတွင် ဤပျို့ကို စီကုံး၍ ဆိုချေပ်သော်လည်း ကျောင်းတော် ရေစက် ချသည့် ထန်းဆူးလတွင်မှ ပုပိုက်မှ ပေးထက်သို့ ရေးကူး တင်ယူသည်ဟု ဆိုလိုသည်။

၁၂

ပျို့ကြီးဖြစ်အောင်၊ ခုနစ်စောင် - ဇာတ်ခုနစ်ဇာတ်ကို ပျို့ကြီးများ ဖြစ် အောင် စီကုံးသည်။ ပျို့ကြီး တို့ကား ဦးရှန်၏ အဋ္ဌုပ္ပတ္တိတွင် ဖော်ပြထားသည် အတိုင်း (၁) မဟာသုတသောမပျို့၊ ၁၂၀၁ ခု (၂) မဟော် ဥမင် ခန်းပျို့၊ ၁၂၀၂ ခု (၃) မဟော် ပြဿနာ ခန်းပျို့ ၁၂၀၃ ခု (၄) သရဘင်ပျို့၊ ၁၂၀၄ ခု (၅) ဂါမဏိစန္ဒပျို့၊ ၁၂၀၈ ခု (၆) ယောဓနကပျို့၊ ၁၂၀၉ ခု (၇) ဥမ္မာဒန္တီပျို့၊ ၁၂၁၀ ခု တို့ ဖြစ်ကြ သည်။

ဓမ္မသဝန- တရားနာခြင်းကုသိုလ်၊ (ပါ။)

ဓမ္မဒေသနာ- တရားဟောခြင်းကုသိုလ်၊ (ပါ။)

ဖက်ကျွန်းတည်း- ပိုင်ဖက်မရှိ၊

*******

(ဤခေါက်ဆစ် အပြေကို ရေးရာတွင် ပိဋကတ်ကြောင်း၌ ဗဂုန် ဦးထွန်းမြင့် အကူအညီကို ယူပါသည်။ ဗေဒင်ကြောင်း၌ ဟင်္သာတမြို့ မိုးခေါင်တောင်ကျောင်း၊ အိပိဋကာလက်ာ၍ တိုက်ကျောင်း၊ ဦးဝိက္ကမမှာ လက်ာရ၏ အကူအညီကို ယူပါသည်။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာ ပါမောက္ခဦးမောင်မောင်ကြီး၊ မန္တလေးတက္ကသိုလ်၊ မြန်မာစာ ပါမောက္ခ ဦးချယ်မြ၊ ဦးမောင်မောင်တင်၊ ဦးဆန်းထွန်း၊ ရန်ကုန်မြို့၊ ဗိုလ်မှူးအောင် ဗိုလ်မှူးဘစသောသင်း (မောင်သုတ) အားယုခွေ့ဆရာကြီး ဦးစံထင်၊ ဗေဒင် ပညာရှိ ဦးအုန်းသင် တို့ကလည်း ကျေးဇူးပြုပါသည်။ ချို့တဲ့ ချွတ်ယွင်းမှု ကို အထွေထွေ ဝဲသည်းက တာဝန်ယူပါသည်။ ချို့တဲ့ ချွတ်ယွင်းချက် များကို အသေးက်အထားအမှိုင်အလုံနှင့် ထောက်ပြပါက နောင်အခန့် သင့်သောအခါ ကျေးဇူးတင်စွာဖြင့် ပြည့်စွက် ပြင်ဆင် တည့်သွင်း ပါမည်။)

ပုံ၊ ဗိ၊ အာ။



www.kelasa.org



မြင်းမိုရ်တောင်

www.kelasa.org



## မြင်းမိုရ်တောင်

အပိုဒ် ၃၊၄၊၁၂၊၁၄၊၁၇၊၂၄၊၃၀၊၃၁ တို့နှင့် ဆက်ဆိုင်သည်။ ဘိုးတော်ဘုရားက မုံရွေး ဆရာတော်အား ဆက်ကပ်သော ရောင်စုံ ဗုဒ္ဓဝင် ပုရပိုက်မှ (ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်) မယ်တော်မိနတ်သားကို တရားဟောပုံ၏ မိတ္တူ ဖြစ်သည်။ အနုစိတ်အညွှန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ၁။ စူဠာမဏိစေတီ | ၆။ လ |
| ၂။ ပင်လယ်ကသစ်ပင် | ၇။ မြင်းမိုရ်တောင် |
| ၃။ ပဏ္ဍုကမ္ဗလာကျောက်ဖျာ | ၈။ အာလိန် ၅ ဆင့် |
| ၄။ တာဝတိံသာနတ်ပြည် | ၉။ တောင်စဉ် ၇ ထပ် |
| ၅။ နေ | ၁၀။ သီဒါ ၇ တန်။ |



မြို့တံခါးအတွင်းမျက်

www.kelasa.org



## မြို့တံခါးအတွင်းမျက်

အပိုဒ် ၁၊ ၃၊ နိဂုံး ၇ တို့နှင့် သက်ဆိုင်သည်။ ဘိုးတော်ဘုရားက မုံရွေးဆရာတော်အား ဆက်ကပ်သော ရောင်စုံဗွဒဝင်ပုရပိုက်မှ (ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်) တောလက်ခန်းမှ ကူးယူသည်။ အနုစိတ်အညွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်၊

| | | |
|---|---|---|
| ၁။ တုရင် | ၄။ နရန်း | ၇။ သုံ့ငြေး |
| ၂။ လည်ပေါ် | ၅။ ရင်လျှောက် | ၈။ သုရဲခို |
| ၃။ ပစ္စင် | ၆။ တံခါးရွက် | ၉။ လက်နက်ပေါက်၊ |




၁၂ လနှင့် ကြယ်မျိုးစုံ

www.kelasa.org



## ၁၂ လနှင့် ကြယ်မျိုးစုံ

အပိုဒ် ၆၊ ၈၊ ၁၄၊ ၁၆၊ နံပါတ် ၁၀ တို့နှင့် သက်ဆိုင်သည်။ မြန်မာလ၊ ရာသီ၊ တာရာ၊ နက္ခတ်တို့ မည်သို့ ယှဉ်တွဲ နေသည်ကို သာဓကပြု။ နက္ခတ်တို့ကို ၄ ပါဒ်စီ ခွဲပြထားသည်။ တာရာသီလျှင် နက္ခတ် ၂ လုံးတပါဒ် ရှိပုံကိုမှတ်၊



၁၂ ရာသီ အမြင်ကြယ်စု

## ၁၂ ရာသီ အမြင် ကြယ်စု

အပိုဒ် ၆၊ ၇၊ ၁၆၊ ၃၄၊ ၃၉၊ နိဂုံး ၁၀ တို့နှင့် သက်ဆိုင်သည်။ ဤကြယ်စုများကို ညအခါ ကောင်းကင်တွင် ရှာဖွေလေ့လာနိုင်သည်။ ကြတ္တိကာ (ဖျောက်ဆိပ်) နှင့် ရောဟိဏီ နက္ခတ်တို့သည် ပြိဿရာသီ ကြယ်စုတွင် အပါအဝင် ဖြစ်သည်။

www.kelasa.org

# ဧာသီစု အညွှန်း

[ဂဏန်းများသည် ခက်ဆစ်ဖြေ အပိုဒ်ကိုပြသည်။]


| | | |
|---|---|---|
| ကလျာ ၅ ပါး (ကောင်းခြင်း ၅ ဖြာ) | | ၁၀ |
| ကိလေသာ ၁၅၀၀ | | ၉ |
| ကျုံး ၃ တန် | နိဂုံး၊ | ၇ |
| ကျွန်းကြီး ၄ ကျွန်း | | ၂၉ |
| ခေတ် ၃ ပါး | နိဂုံး၊ | ၂ |
| ဂတိ ၅ ပါး | | ၂၂ |
| ဂုဏ်တော်အက္ခရာ ၅၆ လုံး | နိဂုံး၊ | ၈ |
| ဂြိုဟ်ကြီး ၈ လုံး | | ၆၊ ၄၆ |
| စတုမဓု ၄ ပါး | | ၅၂ |
| စစ်သူကြီးအင်္ဂါ ၉ ပါး | | ၄၃ |
| စစ်အင်္ဂါ ၄ ပါး | | ၄ |
| စွန့်ခြင်းကြီး ၅ ပါး | | ၁၀၈ |
| တဏှာ ၁၀၈ ပါး | | ၄၄ |
| ဘိထီ ၅ ပါး | | ၁၀၁ |
| တော် ၄ ပါး | | ၄၂ |
| တောင်စဉ် ၇ ထပ် | | ၂၄ |
| တောင် ၄ လုံး (အမရပူရ) | နိဂုံး၊ | ၇ |
| တံခါး ၁၂ ရပ် (အမရပူရ) | နိဂုံး၊ | ၇ |
| တံခါးမှူးအင်္ဂါ ၆ ပါး | | ၄ |
| ထီး ၃ စင်း | | ၄၇ |
| ဒါန ၃ ပါး | | ၇၁ |
| ဒင်း (တမျိုး) | | ၇၄ |


www.kelasa.org

| | | |
|---|---|---|
| ဒေါသ ၂၃ ပါး (အလက်ာ) | နိဂုံး၊ | ၉ |
| ဒုလ္လဘတရား ၅ ပါး | | ၂၁ |
| နက္ခတ် ၂၇ လုံး | | ၆ |
| နတ်ကြီး ၁၅ ပါး | | ၁၆ |
| နတ်ပြည် ၆ ထပ် | | ၁၅ |
| ပဋိသန္ဓေ ၄ ပါး | | ၆၆ |
| ပဋိသမ္ဘိဒါ ၄ ပါး | နိဂုံး၊ | ၉ |
| ပါပဂြိုဟ် ၄ လုံး | | ၄၇ |
| ပါပီ ၅ ပါး | | ၅၆ |
| ပဉ္စဝဂ္ဂီ ၅ ပါး | | ၁၀၈ |
| ဖွားဖက်တော် ၇ ဦး | | ၁၀၄ |
| ဗောဓိပက္ခိယတရား ၃၇ ပါး | | ၁၀၃ |
| ဘီလူး ၄ ယောက် (အမရပူရ) | နိဂုံး၊ | ၇ |
| ဘုရား ၅ ဆူ | နိဂုံး၊ | ၃ |
| ဘုံ ၃ ပါး | | ၂၂ |
| မသင့်သောအလှူ ၅ မျိုး | | ၇၅ |
| မိဖဝတ် ၅ ပါး | | ၁၁ |
| မီး ၁၁ ပါး | | ၁၀၃ |
| မဂ္ဂင် ၈ ပါး | | ၁၀၇ |
| မိစ္ဆာဒိဋ္ဌိ ၆၂ ပါး | | ၁၀၄ |
| မာရ် ၅ ပါး | | ၁ |
| မျက်ကြွတ် ၉ ပါး | | ၄၆ |
| မြေလှုပ်ခြင်း ၄ ပါး | | ၈ |
| မြင်းမိုရ်တောင်အရောင် ၄ ပါး | | ၁၇ |
| ရတနာ ၇ ပါး | | ၉၅ |
| ရာဇမံ ၁၀ ပါး | | ၂ |





| | | |
|---|---|---|
| ရောင်ခြည်တော် ၆ ပါး | | ၁ |
| ရပ်ပြစ် ၈ ပါး | နိဂုံး၊ | ၉ |
| ရုံရွေ ၃ ပါး | | ၁၅ |
| ရှင်အာနန္ဒာ တေဇင် ၅ ပါး | | ၁၀၄ |
| လက္ခဏာရေး ၃ ပါး | | ၂ |
| ဝတ် ၃ ပါး | | ၅ |
| ဝိဇ္ဇာ ၃ ပါး | | ၁၀၈ |
| သမာပတ် ၈ ပါး | နိဂုံး၊ | ၉ |
| သိကြားအမည် ၆ ပါး | | ၂၀ |
| သုစရိုက် ၃ ပါး | | ၇၉၊ ၉၉ |
| ၎င်း (တမျိုး) | | ၉၂ |
| သူတော်ကောင်းဥစ္စာ ၇ ပါး | | ၅ |
| သေခြင်း ၄ မျိုး | | ၈၅ |
| သင်္ဂဟတရား ၄ ပါး | | ၅၅ |
| သစ်ကြီး ၇ ပင် | | ၃၀ |
| သစ္စာ ၄ ပါး | | ၁ |
| သတ္တဋ္ဌာန ၇ ပါး | | ၁၀၈ |
| သံယောဇဉ် ၁၀ ပါး | | ၂ |
| ဟိတ် ၆ ပါး | | ၃၂ |
| ၎င်း ၃ ပါး | | ၆၆ |
| အကုသိုလ် ၁၀ ပါး | | ၉၂ |
| အကြောင်းတရားကြီး ၄ ပါး | | ၁၀၇ |
| အနုသယတရား ၇ ပါး | | ၁၀၄ |
| အပရိဟာနိယတရား ၇ ပါး | | ၅၅ |
| အပြစ် ၆ ပါး | | ၁၀ |
| အဘိညာဉ် ၆ ပါး | နိဂုံး၊ | ၉ |


www.kelasa.org

| | |
|---|---|
| အမိုက်ကြီး ၄ ပါး | ၃၄ |
| အရပ် ၁၀ မျက်နှာ | နိဂုံး၊ ၈ |
| အလှူဝတ္ထု ၁၀ ပါး | ၃၄ |
| အသာဓာရဏဉာဏ်တော် ၆ ပါး | ၁၀၈ |
| အာဂန္တုကရက် ၃ မျိုး | ၄၈ |
| အာရုံ ၆ ပါး | ၁၉ |
| အာလိန် ၅ ဆင့် | ၂၄ |
| အာသဝေါတရား ၄ ပါး | ၁၉ |

[အချုပ်။ ။ ရာသီပေါင်း ၈၂၊ အပါးပေါင်း ၂၂၃၆။]


www.kelasa.org

# ကျမ်း ကိုး စာ ရင်း

[ပါဠိအဋ္ဌကထာ၊ ဋီကာဖွေထုတ်၊ ဓိပ္ပာယ်ဟုတ်အောင်၊ မယုတ်မလွန်၊ ပမာညွန်လျက်–ဟူ၍ ဤပျို့ နိဂုံးအပိုဒ် ၉ တွင်ရင်း၊ ဗေဒင်ဋီကာ၊ ဆေးစာခေတ်ကျမ်း၊ ဉာဏ်စွမ်းကုံလုံ–ဟူ၍ နိဂုံးအပိုဒ် ၁၂ တွင်ရင်း။ မဟာမင်းလှမင်းခေါင်ကျော်သည် ဝန်ခံထားသည်။ ခက်ဆစ်အဖြေကိုစီစဉ်ရာတွင် ထုတ်ဆောင်ကိုးကားရသော အောက်ပါဂန္ထန္တရစာရင်းကိုကြည့်လျှင် ပျို့ဆရာ၏ဝန်ခံချက်ကို ဆင်ခြင်နိုင်သည်။]

| စဉ်ရေ | စာ | ဆရာ | သက္ကရာဇ် | အဖြေပိုဒ် |
|---|---|---|---|---|
| ၁ | ကဗျာဗန္ဓသာရကျမ်း | ဦးတင် | 1929 နှိပ် | ၂၄ |
| ၂ | ကဝိလက္ခဏာဒီပနီကျမ်း | ဦးဖြိုး | ၁၂၂၇ ပြီး | နိဂုံး၊ ၇ |
| ၃ | ကုသပျို့ | မုံရွေးဆရာတော် | ၁၁၈၉ ပြီး | ၁၆၊ ၁၉၊ ၁၀၄ |
| ၄ | ကိုးခန်းပျို့ | သျှင်ရဋ္ဌသာရ | ၈၈၅ ပြီး | ၈၊ ၆၇ |
| ၅ | ကိုခန်းပျို့ဋီကာ | ဦးကျော်ထွန်း | ၁၂၆၆ ပြီး | ၄၇ |
| ၆ | ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ပတွဲ | နန်းတွင်းရာဇဝင်ဆရာများ | ၁၂၈၄ နှိပ် | နိဂုံး၊ ၇ |
| ၇ | ရင်း ၊တတွဲ | ရင်းနှင့် မောင်မောင်တင် | ၁၂၈၅ နှိပ် | နိဂုံး၊ ၁၁ |
| ၈ | ကမ္မာဗီဝါဒီဒီပကဗေဒင်ကျမ်း | ဦးပြည့်စုံ | ၁၂၉၄ ပြီး | ၄၇ |

| စဉ် | စာ | ဆရာ | သက္ကရာဇ် | အပြေ ပိုဒ် |
|---|---|---|---|---|
| ၉ | ခင်ကြီးဖျော်၏အတ္ထုပ္ပတ်စာတမ်း | ကန်တော်မင်းကျောင်းဆရာ | ၁၂၆၇ ပြီး | ၄၇ |
| ၁၀ | ဂန္ဓဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ် | လှသမိန် | ၁၃၂၃ နှိပ် | နိဂုံး၊ ၆ |
| ၁၁ | ဂူဠတ္ထဝိနိစ္ဆယ၊ပတ္တဲ့ | တောင်ခွင်သာသနာပိုင် | 1933 နှိပ် | ၂၄ |
| ၁၂ | ငါးရာ့ငါးဆယ်နိပါတ်၊ကုလာဝကဇာတ် | ညောင်ကန်ဆရာတော်ပြန် | ဘိုးတော်လက်ထက် | ၃၀ |
| ၁၃ | ၎င်း၊ ကက္ကဋဇာတ် | ၎င်း | ၎င်း | ၂၄ |
| ၁၄ | ၎င်း၊ ဂုတ္တိလဇာတ် | ၎င်း | ၎င်း | ၁၈ |
| ၁၅ | ၎င်း၊ စန္ဒကိန္နရဇာတ် | ၎င်း | ၎င်း | ၄၂ |
| ၁၆ | ၎င်း၊ နေမိဇာတ်တော်ကြီး | ဦးသြဘာသရေး | ၁၁၄၈ ပြီး | ၁၈ |
| ၁၇ | ၎င်း၊ ပဥ္စုပေါသထဇာတ် | ညောင်ကန်ဆရာတော်ပြန် | ဘိုးတော်လက်ထက် | ၈၀ |
| ၁၈ | ၎င်း၊ ပဏ္ဍကဇာတ် (ဒသဏ္ဍက) | ၎င်း | ၎င်း | ၈၉ |
| ၁၉ | ၎င်း၊ မဏိကဏ္ဍဇာတ် | ၎င်း | ၎င်း | ၈၀ |
| ၂၀ | ၎င်း၊ မယှဇာတ် | ၎င်း | ၎င်း | ၆၇ |
| ၂၁ | ၎င်း၊ မဟာကုဏာလဇာတ် | ၎င်း | ၎င်း | ၅၆ |
| ၂၂ | ၎င်း၊ မဟာဇနကဇာတ်တော်ကြီး | ဦးသြဘာသရေး | ၁၁၄၇ ပြီး | ၁၈ |
| ၂၃ | ၎င်း၊ မဟောသဓဇာတ်တော်ကြီး | ၎င်း | ၁၁၄၆ ပြီး | ၄၂၊၇၀ |
| ၂၄ | ငါးရာ့ငါးဆယ်နိပါတ်၊ မောရဇာတ် | ညောင်ကန်ဆရာတော်ပြန် | ဘိုးတော်လက်ထက် | ၁၄ |
| ၂၅ | ၎င်း၊ မန္ဒာတုဇာတ် | ၎င်း | ၎င်း | ၁၈ |
| ၂၆ | ၎င်း၊ သာဓိနဇာတ် | ၎င်း | ၎င်း | ၁၈ |
| ၂၇ | ၎င်း၊ သုဓာဘောဇနဇာတ် | ၎င်း | ၎င်း | ၃၁ |
| ၂၈ | ၎င်း၊ သုပတ္တဇာတ် | ၎င်း | ၎င်း | ၃၉၊၅၆ |
| ၂၉ | ၎င်း၊ သုလသာဇာတ် | ၎င်း | ၎င်း | ၄၁ |
| ၃၀ | ၎င်း၊ သုဝဏ္ဏကက္ကဋဇာတ် | ၎င်း | ၎င်း | ၅၉ |
| ၃၁ | ၎င်း၊ သမ္ဗုလာဇာတ် | ၎င်း | ၎င်း | ၄၂ |
| ၃၂ | ၎င်း၊ အာသင်္ကဇာတ် | ၎င်း | ၎င်း | ၁၈ |
| ၃၃ | ၎င်း၊ ဥဒယဘဒ္ဒဇာတ် | ၎င်း | ၎င်း | ၄၃ |
| ၃၄ | ၎င်း၊ ဥမ္မာဒန္တီဇာတ် | ၎င်း | ၎င်း | ၁၊၁၈ |
| ၃၅ | စာဆိုတော်များအတ္ထုပ္ပတ္တိ | ဗိုလ်ကြီးဘသောင်း | 1962 နှိပ် | နိဂုံး၊ ၇ |
| ၃၆ | စွယ်စုံကျော်ထင်ကျမ်း၊ ဒုတွဲ | ကျီးသဲဆရာတော် | ၁၂၂၇ ပြီး | ၄၆၊ ၆၄ |

| စဉ် အမှတ် | စာ | ဆရာ | သက္ကရာဇ် | အဖြေ ပိုဒ် |
|---|---|---|---|---|
| ၃၇ | ဇိနာသင်္ကြာရင့်ကာ | အသျှင်ဗုဒ္ဓရက္ခိတ | ၁၃၀၂ နှိပ် | နိဂုံး၊ ၁၁ |
| ၃၈ | တောင်ငူရတုအဖြေ (လက်ရေးမူ) | မဟာ မင်းလှမင်းခေါင်ကျော် | ၁၁၉၅ | ၁၆ |
| ၃၉ | တြိသမ္ဗဗေဒင်ဟောပုံကျမ်း | ဗေဒဝိဇ္ဇာဆရာကြီး | ၁၂၉၈ နှိပ် | ၄၇ |
| ၄၀ | ဒီဃနိကာယ် | ဘုရားဟော | .... | ၂၀ |
| ၄၁ | ဒွါဒသိမ်ကျမ်း အဓိပ္ပာယ် | ခင်ကြီးပျော်တပည့်များ | ၁၂၉၈ နှိပ် | ၄၈ |
| ၄၂ | နေမိမဂ္ဂဆိုးခက်းပျို | သျှင်အဂ္ဂသမာဓိ | ၈၉၇ ပြီး | ၁၀၄ |
| ၄၃ | နေမိတ္တကလင်္ကာ (ဣန္ဒာစရိယနေမိတ္တက ဝိဇ္ဇာကျမ်း) | ဣန္ဒာစရိယ (ခင်ကြီးဖြေ) | ၁၁၉၄ ပြီး | ၈၊၄၇ |
| ၄၄ | နေမိတ္တကဝိဇ္ဇာကျမ်း | မဟာဓမ္မသင်္ကြံ | ၁၁၈၆ ပြီး | ၆၊၈၊၄၇ |
| ၄၅ | ပရိဝါပါဠိတော် | ဘုရားဟော | .... | ၇၇ |

| | | | | |
|---|---|---|---|---|
| ၄၆ | ပါရာဇိကကဏ်အဋ္ဌကထာ (သမန္တပါသာဒိကာ) | သျှင်မဟာဗုဒ္ဓဃောသ | .... | ၁၀၈ |
| ၄၇ | ပိဋကတ်သမိုင်းစာတန်း | မိုင်းခိုင်းဝန် | ၁၂၅၀ ပြီး | ၄၈ |
| ၄၈ | ပဋ္ဌာဝရခပျို | မုံရွေးဆရာတော် | ၁၁၈၃ ပြီး | ၁၉ |
| ၄၉ | ပညာကထာနကျမ်း | ကံပုံဘုန်းတော်ကြီး | ၁၂၃၉ ပြီး | ၂၄၊ နိဂုံး ၈ |
| ၅၀ | ပုဏ္ဏောပကိဏ္ဏကကျမ်း | လုံးတော်ဆရာတော် | 1893 နှိပ် | ၇၇ |
| ၅၁ | ဗေဒဝိဇ္ဇာ ၉ စောင်တွဲ | ဦးနိဂြောဓ | ၁၃၁၂ နှိပ် | နိဂုံး၊ ၁၀၊၄၇ |
| ၅၂ | ဗေဒဝိဇ္ဇာလင်္ကာရကျမ်း | ဗေဒဝိဇ္ဇာဆရာကြီး | ၁၃၀၂ နှိပ် | ၄၇ |
| ၅၃ | ဗောဓိပက္ခိယဒီပနီ | လယ်တီဆရာတော် | ၁၂၆၆ ပြီး | ၁၀၃ |
| ၅၄ | ဘုမိစာလနိဒါန်းကျမ်း | အသျှင်သီရိကုမာရ | ၁၂၇၃ ပြီး | ၈ |
| ၅၅ | မဃဒေဝလင်္ကာသစ် | မန်လည်ဆရာတော် | ၁၂၆၆ ပြီး | နိဂုံး၊ ၆ |
| ၅၆ | မဟာဗုဒ္ဓဝင် | ဦးဝိစိတ္တသာရာဘိဝံသ | ၂၅၀၄ နှိပ် | ၄၇ |
| ၅၇ | မဟာရာဇဝင်ကြီး၊ ပတွဲ | ဦးကုလား | 1926 နှိပ် | ၄၇ |
| ၅၈ | မဟာသုတာတကကျမ်း | ရွှေပြည်ဝန် | ၁၂၄၃ ပြီး | ၄၇ |
| ၅၉ | မိလိန္ဒပဥှာဝတ္ထု | ဒန့်တိုင်ဆရာတော်ရေး | ၁၁၂၇ ပြီး | ၄၂ |

www.kelasa.org

| စဉ်ရေ | စာ | ဆရာ | သက္ကရာဇ် | အဖြေပိုဒ် |
|---|---|---|---|---|
| ၆၀ | မုဒုလက္ခဏပျို | သျှင်လင်္ကာသာရ | ၁၁၁၃ ပြီး | ၁၀၈ |
| ၆၁ | မောင်တာနေ ဝတ္ထု၊ ပတွဲ | မောင်ဘသင် | ၁၂၆၈ ပြီး | ၄၇ |
| ၆၂ | မြန်မာစာညွန့်ပေါင်းကျမ်း၊ တတွဲ | ဦးကျော်ထွန်း | 1929 နှိပ် | ၂၆ |
| ၆၃ | မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း | ဦးတင် | .... | ၄၇ |
| ၆၄ | ရာဇသေဝကဒီပနီကျမ်း | သျှင်ပညာသာမိ | ၁၂၁၈ ပြီး | ၄၃ |
| ၆၅ | ရာမရကန် ၁ | ဦးတိုး | ဘိုးတော်လက်ထက် | ၁၉၊၅၂ |
| ၆၆ | ရွှေနန်းသုံးဝေါဟာရအဘိဓာန် | မောင်မောင်တင် | ၁၃၀၃ နှိပ် | ၁၆ |
| ၆၇ | ရွှေဘုံနိဒါန်း | ဇေယသင်္ခယာ | ၁၁၄၅ ပြီး | ၄၅၊ နိဂုံး ၇ |
| ၆၈ | လောကီပညာမှတ်ပုံပေါင်းချုပ်ကျမ်း | .... | ၁၃၀၃ နှိပ် | ၄၇ |
| ၆၉ | ဝိနည်းမဟာဝါ | ဘုရားဟော | .... | ၁၄ |
| ၇၀ | ဝိမာနဝတ္ထုအဋ္ဌကထာ (ပရမတ္ထဒီပနီ) | သျှင်ဓမ္မပါလ | .... | ၆၆ |
| ၇၁ | ဝိသုဒ္ဓိမဂ်အဋ္ဌကထာ | သျှင်မဟာဗုဒ္ဓဃောသ | .... | ၈၃ |
| ၇၂ | ဝေါဟာရလိနတ္ထဒီပနီ | ဦးချိန် | ၁၁၉၂ ပြီး | ၆၊၁၄၊နိဂုံး ၁၀ |
| ၇၃ | သမန္တစက္ခုဒီပနီ | မုံရွေးဆရာတော် | ၁၁၇၃ ပြီး | ၆၊၂၁၊၂၄ |
| ၇၄ | သာရတ္ထဒီပနီဋီကာ | သျှင်သာရိပုတ္တရာ (သီဟိုဠ်) | .... | ၃၀ |
| ၇၅ | သုဝဏ္ဏသျှံသစ္စာခဏ်းပျို | သျှင်အဂ္ဂသမာဓိ | ၈၈၉ ပြီး | ၁၄ |
| ၇၆ | သုတ္တနိပါတ်အဋ္ဌကထာ (ပရမတ္ထဇောတိကာ) | သျှင်မဟာဗုဒ္ဓဃောသ | .... | ၂၁ |
| ၇၇ | သုတ်သီလက္ခန်အဋ္ဌကထာ(သုမင်္ဂလဝိလာသိနီ) | ၎င်း | .... | ၁၀၈ |
| ၇၈ | သံယုတ္တနိကာယ် | ဘုရားဟော | .... | ၂၀ |
| ၇၉ | အဘိဓာနပ္ပဒီပိကာ | သျှင်မောဂ္ဂလာန် (သီဟိုဠ်) | .... | ၂၀၊၇၄၊၉၅ |
| ၈၀ | အဘိဓာန်ဋီကာ | စတုရင်္ဂဗလ | ပင်းယခေတ် | ၂၀ |
| ၈၁ | အမေးတော်ဖြေ | မောင်းထောင်သာသနာပိုင် | ၁၃၂၃ နှိပ် | ၈၉ |
| ၈၂ | အလင်္ကာကျမ်း (သုဗောဓာလင်္ကာရ) | အသျှင်သဃ်ရက္ခိတ | .... | နိဂုံး ၉ |
| ၈၃ | အလောင်းဘုရားအရေးတော်ပုံ (ပေမူ) | လက်ဝဲနော်ရထာ | .... | ၄၇ |
| ၈၄ | အလွယ်ဆုံးဇာတာဖွဲ့နည်းကျမ်း | ဆရာမောက် | ၁၃၂၃ ပြီး | ၄၇ |
| ၈၅ | အာဒိကပ္ပကမ္ဘာဦးကျမ်း | ဦးရွှေနော် | ၁၂၆၃ ပြီး | ၂၄ |

www.kelasa.org

| စဉ် | စာ | ဆရာ | သက္ကရာဇ် | အမြဲ ပိုဒ် |
|---|---|---|---|---|
| ၁၆ | အာဖရိကပွဲဒါဆာသိနှင့်ထွတ်ကျမ်း | ခင်ကြီးဖျော် | ၁၃၀၂ နှိပ် | ၄၀ |
| ၁၇ | အာယုစိန္တာဒီပနီကျမ်း | ဘဒ္ဒန္တကောသလ္လထေရ် | ၁၂၉၄ ပြီး | ၄၇ |
| ၁၈ | ဦးပုညဝတ္ထုပေါင်းချုပ် | ဦးပုည | .... | ၅၂ |
| ၁၉ | အင်္ဂုတ္တရနိကာယ် | ဘုရားဟော | .... | ၂၀၊၁၀၄ |
| ၂၀ | အင်္ဂုတ္တရဋ္ဌကထာ (မနောရထပူရဏီ) | သျှင်မဟာဗုဒ္ဓဃောသ | .... | ၁၀၄ |

# ဆွေးနွေးခန်း

ကဗျာသည် အဓိကအားဖြင့် နားဖြင့်ရေးသော စာမျိုးဖြစ်ရာ၊ ဆိုမှသာ နားခံ့ဝင်ရနိုင်သည်။ နားခံ့ဝင်ရမှသာ ကဗျာ့အရသာကို အပြည့်အဝ ခံစားနိုင်သည်။ ထို့ကြောင့် မဆိုနိုင်စေကာမူ၊ အသံအနိမ့်အမြင့်ကို ဂရုပြု၍ရင်း၊ အနက်အဓိပ္ပာယ်အလိုက် အဖြတ် အတောက် အရပ်အဆိုင်း ပြု၍ရင်း ဖတ်သင့်သည်။

အတန်းထဲ၌ ပျို့ကိုမသင်သေးမီ အနည်းဆုံး အခန်းစုတစုကို ဆရာက တကြိမ်ဖတ်ပြ၍ အခန်းစုပါ ကြောင်းခြင်းရာတို့ကို အကျဉ်းချုပ်ပြောပြ သင့်သည်။ ထို့နောက်မှ ဆက်၍ သင်သွား သင့်သည်။ ကျန်အခန်းစု အသီးသီးကိုလည်း၊ ထိုနည်းအတိုင်း သင်သွားသင့်သည်။

## အခန်း ၁ မှ ၅ အထိ

(၁) ဥမ္မာဒန္တီဇာတ် ဟောခြင်း၏ အကြောင်းရင်းကို ရေးပါ။

(၂) သိဝိမင်းနှင့် အဘိပါရက စစ်သူကြီးတို့ကို မည်သို့ ဖွဲ့ထားသနည်း။

(၃) အရိဋ္ဌပုရမြို့၏ ခမ်းနားကြီးကျယ်ပုံကို ရေးပါ။

(၄) ဥမ္မာဒန္တီ၏ အလှကို မည်သို့ ဖွဲ့ထားသနည်း။

(၅) ပုဏ္ဏားတို့သည် ဥမ္မာဒန္တီကို အဘယ့်ကြောင့် အငြိုးထားကြသနည်း။

## အခန်း ၆ မှ ၈ အထိ

(၁) အရိဋ္ဌပုရမြို့၏ တန်ဆောင်မုန်းလသဘင်ကို မည်သို့ ဖွဲ့ထားသနည်း။

www.kelasa.org

(၂) ဥမ္မာဒန္တီကို မြင်သော သိဝိမင်းသည် "သတိပျက်၍၊ စုံမက်ခင်မွှေ၊ သုဝယ်ရသည်"ဟု ပျို့စာဆိုက ဆိုခဲ့သည်။ အဘယ့်ကြောင့်နည်း။ အကြောင်းနှစ်ရပ်ကို ရေးပါ။ (အပိုဒ် ၂၁ နှင့် ၂၂ တို့၌ ရှာရန်။)

(၃) နန်းတော်ပြာသာဒ်မြင့်၌ သိဝိမင်းသည် ဥမ္မာဒန္တီကို မည်သို့ တသ ယောင်ယမ်း မြည်တမ်းသနည်း၊ သေချာစွာရေးပါ။

## အခန်း ၉ မှ ၁၁ အထိ

(၁) သိဝိမင်း ယောင်ယမ်း မြည်တမ်းသည်ကို အဘိပါရက စစ်သူကြီး ရိပ်မိ၍ အိမ်တော်သို့ ပြန်လာပြီးလျှင် ဥမ္မာဒန္တီကို မေးသောအခါ ဥမ္မာဒန္တီက မည်သို့ အဖြေပေးသနည်း။ သင် သဘောကျပါ၏လော။

(၂) သိဝိမင်းအတွက် အဝိဒ္ဓပုရ ပြည်သူပြည်သားတို့ ပူပန်ကြပုံကို ရေးပါ။

(၃) သိဝိမင်း၏ ဆန္ဒကို ဖြည့်လိုသဖြင့် အဘိပါရကသည် မည်သို့ ကြံစည်ဆောင်ရွက်ပါသနည်း။

## အခန်း ၁၂ မှ ၂၀ အထိ

(၁) အဘိပါရကသည် သိဝိမင်းအား ဥမ္မာဒန္တီကို ဆက်လိုသဖြင့် လေးကြိမ်မျှ တင်လျှောက်ခဲ့ပုံကိုလည်း၊ သိဝိမင်းကလည်း လေးကြိမ်ပင် ဥမ္မာဒန္တီကို ပယ်ခဲ့ပုံကိုလည်း၊ လေ့လာမှတ်သား၍ မိမိ၏ စကားဖြင့် အကျဉ်းချုပ် ရေးကြည့်ပါ။

(၂) မင်းအမျက်ရှိလျှင် ဒုက္ခခံကြရတတ်ပုံကိုလည်း၊ မင်းချီးမြှောက်လျှင် သုခစံကြရတတ်ပုံကိုလည်း၊ မည်သို့ ဖွဲ့ထားသနည်း။

www.kelasa.org



(၃) အဘိပါရက စစ်သူကြီးက တရားတောင်းရာ သိဝိမင်းက မည်သို့ ဟောသနည်း။ အကျဉ်းချုပ် ရေးပါ။

(၄) မင်းတို့ကျင့်အပ်သော တရားတို့ကို သိဝိမင်း ကျင့်တော်မူရန် အဘိပါရကစစ်သူကြီးက တိုက်တွန်းလျှောက်ထားပုံကို အကျဉ်းချုပ် ရေးပါ။

## အထွေထွေ

(၁) ဥမ္မာဒန္တီပျို့တွင် **ဥပမာအလင်္ကာ** အများအပြား ပါသည်။ ပျို့ကို ဖတ်သွားရင်း တွေ့သမျှသော ဥပမာအလင်္ကာတို့ကို မှတ်သားထားပါ။ ထိုနောက် ကြိုက်ရာ သုံးလေးခုကို လေ့လာ၍ နှိုင်းခိုင်းရာ၌ အနက် ဆန်းကြယ်လာခြင်း ရှိမရှိကို စစ်ဆေးကြည့်ပါ။

(၂) ပဿဒဂုဏ်မြောက်သော အရေးအသားသည် မည်ကဲ့သို့သော အရေးအသားမျိုးနည်း။ သာဓက ထုတ်၍ရှင်းပါ။

(၃) သြဇာဂုဏ်မြောက်သည်ဟု ယူဆအပ်သော စကားတို့ကို မှတ်သားထားပါ။ ထို့နောက် စကားသုံးလေးမျိုးကို လေ့လာ၍ ထိုစကားတို့၏ ဂုဏ်အသီးသီးကို ရှင်းပါ။ (စကားချင်း အဆက် အစပ် ကောင်း၍ ဆိုကောင်းပုံကိုလည်း၊ အနက်အဓိပ္ပာယ် ကြွယ်ဝလာပုံကိုလည်း လေ့လာရန် ဖြစ်သည်။)

(၄) **မဓုရတာ**ဂုဏ်ဆိုသည်မှာ အဘယ်နည်း။ သာဓကထုတ်၍ ရှင်းပါ။

(၅) ဥမ္မာဒန္တီပျို့တွင် မူလဇာတ်ဝတ္ထု၌ ရှိပြီးဖြစ်သော အရာတို့ကို **အကျယ်ချဲ့၍** ဖွဲ့ခြင်းလည်း ရှိသည်၊ **အသစ်ထည့်၍** ဖွဲ့ခြင်းလည်း ရှိသည်။ ရှာကြည့်ပါ။ (အကျယ်ချဲ့၍ ဖွဲ့ခြင်းမျိုးကို အရိဋ္ဌပုရ မြို့အဖွဲ့၊ ဥမ္မာဒန္တီအဖွဲ့၊ တန်ဆောင်မုန်းလ သဘင်အဖွဲ့ စသည်တို့၌

တွေ့နိုင်သည်။ အသစ်ထည့်၍ ပွဲခြင်းမျိုးကို သိဒ်ိမင်းအတွက် မြည်သူပြည်သားတို့ ပယန်ကြုံရပွဲ၊ မင်းမျက်လျှင် ခံကြရတတ်ပုံ၊ မင်း ချီးမြှောက်လျှင် စံကြရတတ်ပုံ အပွဲ စသည်တို့၌ တွေ့နိုင်သည်။)

## သို့မဟုတ်

ဥမ္မာဒန္တီပျို့တွင် ဇာတ်လမ်း၌သော်၎င်း ဇာတ်လိုက်၌သော်၎င်း ကာလဒေသ၌သော်၎င်း ထည့်ထားသည်ဟု ယူဆအပ်သော မျှ်အပြောက်အမွမ်းကို ရှင်းပြပါ။

(၆) **ကရုဏာရသ** ပါနိုင်သည်ဟု ယူဆအပ်သော အပွဲတို့ကို ရှာ၍ (အပိုဒ် ၂၁ နှင့် ၂၂ တို့၌ ရှာနိုင်သည်။) **သနားဖွယ်** ဖြစ်လျှင် ဖြစ်ကြောင်း ရှင်းပြပါ။

(၇) **သိင်္ဂါရရသ** ပါနိုင်သည်ဟု ယူဆအပ်သော အပွဲတို့ကို ရှာ၍ (၂၉ မှ ၃၆ အထိ ဖြစ်သော အပိုဒ်များ၌ ရှာနိုင်သည်။) **ချစ်နှစ်သက်ဖွယ်ဖြစ်လျှင်** ဖြစ်ကြောင်း အကျဉ်းချုပ် ရေးပါ။

(၈) **ဝီရရသ** ပါနိုင်သည်ဟု ယူဆအပ်သော အပွဲတို့ကို ရှာ၍ (အပိုဒ် ၇၀၊ ၇၁၊ ၇၂ တို့၌သော်၎င်း၊ အပိုဒ် ၇၈ နှင့် ၇၉ တို့၌သော်၎င်း၊ အပိုဒ် ၈၅ နှင့် ၈၆ တို့၌သော်၎င်း ရှာနိုင်သည်။) **အားထက်ချီးကျူးဖွယ်ဖြစ်လျှင်** ဖြစ်ကြောင်း ရှင်းပြပါ။

(၉) **သန္တရသ** ပါနိုင်သည်ဟု ယူဆအပ်သော အပွဲတို့ကို ရှာ၍၊ (၆၄ မှ ၆၈ အထိဖြစ်သော အပိုဒ်တို့၌ သော်၎င်း၊ ၇၄ မှ ၇၇ အထိ ဖြစ်သော အပိုဒ်တို့၌သော်၎င်း ရှာနိုင်သည်။) **စိတ်ကျေနပ်ငြိမ်းအေးဖွယ်ဖြစ်လျှင်** ဖြစ်ကြောင်းရှင်းပြပါ။

ပြီး ပြီ ။

www.kelasa.org

# အမှားပြင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | ပြင်ချက် |
|---|---|---|---|
| ၁ | ၆ | ။အလယ်မတည်။ | အလယ်မတည်။ |
| ၁ | ၇ | ရှိုဦးညွှတ်သည်။ | ရှိုဦးညွှတ်သည်။ |
| ၁ | ၁၇ | ထပ်စီပ်ပြီသော်။ | ထပ်စီတ်ပြီသော်။ |
| ၄ | ၃ | ကပ်ဆည်းရှိညွှတ်။ | ကပ်ဆည်းရှိညွှတ်။ |
| ၄ | ၁၇ | ကျုံးမြောင်းနက်ကျယ်*၊ | ကျုံးမြောင်းနက်ကျယ်*။ |
| ၁၀ | ၉ | ရှိညွှတ်ကြည်ညို၊ | ရှိညွှတ်ကြည်ညို။ |
| ၁၈ | ၂၃ | ထိပ်လှသော့ခါ။ | ထိတ်လှသော့ခါ။ |
| ၂၀ | ၂၀ | ဤမှာအစရှေ့ဦးပြတည်း။ | ဤမှာအစရှေ့ဦးပြတည်း။ |
| ၄၀ | ၁၂ | မကာမသန်း။ | မကူးမသန်း။ |
| ၅၃ | ၁၈ | အမှုလျှိုဝက်၊ | အမှုလျှိုဝှက်။ |
| ၆၄ | ၁၈ | မလိုတ်ပဲ။ | မလိုတ်ပဲ။ |
| ၈၀ | ၁၅ | ပယ်ကြဉ်ခုတ်ဖြတ်။ | ပယ်ကြဉ်ခုတ်ဖြတ်*။ |
| ၉၀ | ၁၆ | မပြတ်ငါ့ထံ။ | မပြတ် * ငါ့ထံ၊ |
| ၁၁၈ | ၁ | လက္ခာဘာရေး ၃ ပါး | လက္ခဏာရေး ၃ ပါး |
| ၁၂၇ | ၃ | နက္ခတ်တ် ၃ လုံး | နက္ခတ် ၃ လုံး |
| ၁၂၈ | ၄ | အတုဘု၊ | အတုဘု။ |
| ၁၄၃ | ၁၄ | ကြွယ်ဖြိုးအနက်– | ကြွယ်ဖြိုးအနက်– |
| ၁၈၀ | ၁၀ | အမျတ်ထွက်ခြင်း။ | အမျက်ထွက်ခြင်း။ |
| ၂၀၉ | ၁၀ | နံ = မှု၊ | နံ = မှု။ |
| ၂၁၄ | ၃ | ၁ ပဟိုရ | ၁ ပဟိုရ် |
| ၂၁၈ | ၂၁ | ။ထန်းမြင့် | ဦးထွန်းမြင့် |